
www.burmeseclassic.com

# ချစ်ဝင်း
# ရှက်ဖြိုး



ဒုတိယအကြိမ်

www.burmeseclassic.com

ဖြန့်ချိရေး

ပန်းမျိုးတစ်ရာ

**ပန်းမျိုးတစ်ရာစာပေ**

တိုက် ၂၃၃၊ အခန်း ၁၄၊

၆ ရပ်ကွက်၊ တိုက်လေးလုံး

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com

ဆရာချစ်စံဝင်းသည် ၁၉၈၆ ခုနှစ်နှင့် ၁၉၉၀
ပြည့်နှစ်များတွင် ဗုဒ္ဓဘာသာ အခြေခံဖြင့်
ရေးသားသော ဤခရီးနီးသလား နှင့်
ဆန်ဖွပ်သည့်အဖိုးအို စာအုပ်တို့ဖြင့်
အမျိုးသား စာပေဆု နှစ်ကြိမ်ရရှိခဲ့ပါသည်။

www.burmeseclassic.com

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | အိတ်ဖွင့်ပေးစာ | |
| – | အိတ်ဖွင့်ပြန်ကြားစာ | |
| ၁။ | ရှက်ပြုံး | ၁၇ |
| ၂။ | မုတ်သုံမလေး ပတ္တယာ | ၂၇ |
| ၃။ | အရှက်နှင့် အသက် | ၃၇ |
| ၄။ | ရမ္မက်စုံတွေ့ သည်ကမ်းခြေ | ၄၅ |
| ၅။ | သူတော်စင်မလေး ကစ္စနိ | ၅၇ |
| ၆။ | ပန်ဒိတ်ခေါ် ပညာရှိကြီးတို့၏ဆရာ | ၆၉ |
| ၇။ | အရှက်မဲ့သောရဟန်း | ၇၉ |
| ၈။ | ဒေဝဓမ္မ | ၈၅ |
| ၉။ | ကမ္ဘာစောင့်တရား နှစ်ပါး | ၉၅ |
| ၁၀။ | ရှက်ကြောက်ခြင်းလျှင် တန်ဆာဆင်၏ | ၁၀၉ |
| ၁၁။ | မြတ်သူဇကေန် | ၁၁၉ |
| ၁၂။ | ဖြူစင်သော တရားနှစ်ပါး | ၁၂၇ |
| ၁၃။ | အကျင့်သီလ ပျက်မှုသည် ရှက်စရာဖြစ်၏ | ၁၃၅ |
| ၁၄။ | ဟိရိသြတ္တပ္ပအတုများ | ၁၄၅ |
| ၁၅။ | ရခိုင် ဘုရင်မင်းထိး | ၁၅၃ |
| ၁၆။ | လောကပါလတရားနှစ်ပါး | ၁၆၁ |
| ၁၇။ | ဒေဝဓမ္မကို ကိုယ်တိုင်ကျင့်သုံးခြင်း | ၁၇၃ |
| ၁၈။ | ထိုင်းအမျိုးသမီးလေး ဝင်ဒီ၏ အပြုံး | ၁၈၁ |

www.burmeseclassic.com



**မိခင်ကြီးနှင့် စာရေးဆရာ ချစ်စံဝင်း (၁၉၄၁ ခု)**

အမေသည် ၁၉၉၃ခု ဇွန်လ ၁၁ ရက်နေ့က ကွယ်လွန်ခဲ့ပါပြီ။
အမေကောင်းရာ သုဂတိလားပါစေ။

ချစ်စံဝင်း

www.burmeseclassic.com


| | |
|---|---|
| စာမူကြိုတင်ခွင့်ပြုချက်အမှတ် | (၈၀၁/၉၅) (၁) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | (၇၄၈/၉၅) (၁၂) |
| မျက်နှာဖုံးပန်းချီ | ကျော်စွာ |
| ပုံနှိပ်မှတ်တမ်း | ဒုတိယအကြိမ်၊ အုပ်ရေ(၁၀၀)<br>၁၉၉၅ခုနှစ်၊ ဒီဇင်ဘာလ။ |
| တန်ဖိုး | ၄၀၀ ကျပ် |
| စာအုပ်ချုပ် | ကိုမြင့်၊ ၃၄ လမ်း |
| အတွင်းသားပုံနှိပ်သူ | ဦးကျော်စိုး(၀၄၂၅၀)<br>စိုးအော့(ဖ်)ဆက်၊ ၇၈–ဘီ<br>အထက်ပန်းဆိုးတန်းလမ်း<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ်သူ | ဦးကျော်စိုန် (၀၂၉၀၉)<br>ကျောက်စိမ်းအော့(ဖ်)ဆက်။<br>၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်မော်မော် (၀၂၀၃၇)<br>ပန်းမျိုးတစ်ရာစာပေ<br>တိုက်–၂၃၃၊ အခန်း–၁၄<br>၆–ရပ်ကွက်၊ တိုက်လေးလုံး၊<br>ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |

www.burmeseclassic.com


စာရေးဆရာ ချစ်စံဝင်း၏ ၃၆ အုပ်မြောက် စာအုပ်

# ရက်ပြုံး

## ချစ်စံဝင်း

ဒုတိယအကြိမ်


www.burmeseclassic.com



မြန်မာအမျိုးသမီးလေးအား လက်ထပ်ယူပြီးနောက် အလှူရေစက်
လက်နှင့်မကွာ ရှိနေသော မစ္စတာ ပက်ကျိန်း

BURMESE CLASSIC .com

www.burmeseclassic.com



မစ္စတာပက်ဂျိန်းနှင့် မတင်တင်လှိုင်တို့ သံဃာတော်များအား သင်္ကန်း
ဆက်ကပ် လှူဒါန်းနေကြစဉ်


www.burmeseclassic.com



သံသရာအဆက်ဆက် မပျက်သောမေတ္တာနှင့် ပေါင်းရပါစေသားဟု
မြတ်စွာဘုရားထံတွင် ဆွမ်း သစ်သီး ကပ်လှူပူဇော်၍
မတင်တင်လှိုင်တို့ ဇနီးမောင်နှံ ဆုတောင်းနေကြစဉ်

BURMESE CLASSIC .com

www.burmeseclassic.com



အသက် ကိုးဆယ်ကျော်အရွယ် ထိုင်းအဘွားက မြန်မာဘုန်းတော်ကြီး
ဦးသာဂရနှင့် ထိုင်းရဟန်းတော်တစ်ပါးအား အရက်ဆွမ်း လောင်းလှူစဉ်

BURMESE CLASSIC .com

www.burmeseclassic.com

**ဆရာချစ်စံဝင်း . . . .**

"ရက်ပြုံးစာအုပ်" တစ်ထိုင်တည်းနှင့် ဖတ်ပြီး ဆရာ့အား မချီးကျူးဘဲ မနေနိုင်၍ ချီးကျူးစာ ရေးလိုက်ရပါသည်။ အစ်မကြီး ရေးလိုသော အကြောင်းအရာများ ဆရာရေးလိုက်၍ ဖတ်ရှုရင်း ရင်ပေါ့ သွားပြီး ပီတိဖြစ်ရပါသည်။ တစ်နိုင်ငံလုံးရှိ ပြည်သူများလည်း ဆရာနှင့် အစ်မကြီးတို့ ဖြစ်စေလိုသော ပြည်သူကောင်းများ ဖြစ်လာပါစေဟု ဆန္ဒပြုပါသည်။

စာကောင်းပေကောင်းများ ဆက်ကာ ဆက်ကာ ရေးသား နိုင်အောင် မိသားစုတစ်လုံး ကျန်းမာ၍ ချမ်းသာသုခ ပြည့်စုံကြပါစေ။

**အစ်မကြီး**
**ရိတ်ြိုန်**
**၂၃-၇-၉၄**

www.burmeseclassic.com



အမေရိကန်အမျိုးသား  မစ္စတာပက်ကျိန်းနှင့် မတင်တင်လှိုင်တို့အား
တွေ့ရစဉ်

www.burmeseclassic.com

**ချစ်စံဝင်းခင်ဗျား . . . .**

ဒီနေ့ "ရုက်ပြုံး" ကို ဖတ်ပါတယ်။ စာကုပ်ကလည်း ဆွဲဆောင်မှု ရှိတယ်။ သိပ်လည်းမထူတော့၊ တစ်ထိုင်တည်း အပြီးဖတ်လိုက်ပါတယ်။

စာအုပ်ဖတ်ပြီးတော့ တင်တင်လှိုင်ရဲ့ ရုက်ပြုံးနဲ့ ဝင်ဒီရဲ့ ရုက်ပြုံးကို မြင်ယောင်နေပါတယ်။ ချစ်စံဝင်းပေးချင်တဲ့ သဘောတရား၊ ပြောချင်တဲ့ စကား၊ ထားရှိတဲ့ စေတနာတွေကို "ရုက်ပြုံး" မှာ ကောင်းစွာ တွေ့ရပါတယ်။ချစ်စံဝင်းရဲ့ ကြိုးပမ်းအားထုတ်မှုကိုလည်း ချီးကျူး ပါတယ်။

လူတွေဟာ မကောင်းမှုမှ ရုက်ခြင်း သဘောတရားကို ကောင်းစွာ နားလည်ကြရင် ကျွန်တော်တို့ နိုင်ငံတော်ကြီး များစွာ တိုးတက်လာနိုင်မှာပါဗျာ-

**ခင်မင်စွာ**

**တက္ကသိုလ်ဖိနိုးတင်**

**၂၇-၃-၉၄**

www.burmeseclassic.com

# ချစ်စံဝင်းသို့ အိတ်ဖွင့်ပေးစာ

သို့

ဒကာကြီး ချစ်စံဝင်း
တစ်ဆင့်/ပန်းမျိုးတစ်ရာစာပေ
ရန်ကင်းမြို့နယ်။
ရက်စွဲ (၂၀-၈-၉၄)

မှ
အရှင်ဇေဝိတ

သာမန်အားဖြင့် စာရေးဆရာတစ်ဦးထံ စာရေးတဲ့ အလေ့အထ မရှိခဲ့ပါဘူး။ ဒါပေမယ့် ဒီတစ်ခါတော့ ဒကာကြီး ဦးချစ်စံဝင်းထံ မဖြစ်မနေကို ရေးလိုက်မိပြီ။ ဦးချစ်စံဝင်းကို သိနေတာကြာပါပြီ။ ဟိုခေတ်ကတည်းက မောင်စင်ကြယ်၊ သတင်းထောက် ဈာန်ရတို့နဲ့ ခေတ်ပြိုင်သတင်းစာ ဆောင်းပါးရှင်တွေဖြစ်ကြောင်း နားလည်ခဲ့ပြီးသားပါ။ ဒါပေမယ့် ဒကာကြီး ဦးချစ်စံဝင်းကတော့ စာရေးဆရာ အလုပ်ကို ဆက်တိုက်လုပ်ခဲ့တော့ ပိုပြီးသိတာပေါ့။ ဒီဘက် ခေတ်ပိုင်းမှာဆိုရင်

www.burmeseclassic.com

စာပေဆုတွေတောင် ရလာသူဆိုတော့ ပိုပြီး လေးစားစရာကောင်းတဲ့အဆင့် ရောက်လာသူလို့ ပြောနိုင်ပါတယ်။ တခြား စာအုပ်တွေအကြောင်း သိပ်မပြောလို ပေမယ့် ရက်ပြုံးစာအုပ် အကြောင်းကတော့ဖြင့် အတော်ပြောစရာဖြစ်နေတယ်။ ဒကာကြီး ဦးချစ်စံဝင်းရဲ့ အားထုတ်ချက်က မြန်မာဆိုတာ ဒါပဲဟေ့ဆိုပြီး ရက်ပြုံးစာအုပ်နဲ့ ကိုင်တွယ်ပြလိုက်တာထင်ပါတယ်။

ဒါပေမယ့် ထင်သလောက် မအောင်မြင်ရှာဘူးဗျာ။ ဒီစာအုပ်ကို မဖတ်ခင်ကတည်းက စမ်းဝါးမိနေတယ်။ **August** ကြီးပွားရေးမှာ ကြော်ငြာလည်းတွေ့တယ်။ ဆောင်းပါးလည်း ဖတ်လိုက်မိတယ်။ ဆောင်းပါးမှာ အမေရိကန် အသက်ကြီးကြီးတစ်ယောက်ကို မတင်တင်လှိုင်ဆိုသူ မြန်မာမတစ်ဦးက ရက်လွန်းလို့ ပြုံးပြပြီး အခန်းထဲ ဝင်သွားကြောင်း၊ အမေရိကန်ကြီးက မရမနေပိုးကြောင်း။ နောင် ပတ်သက်သူ မြန်မာတွေကို ဝိုင်းဝန်းအောင်သွယ်စေပြီး အမေရိကန်ကြီးရဲ့ ဇနီးမယားအဖြစ် ရောက်ရှိသွားကြောင်း ရေးပြသွားတယ်၊ စာအုပ်မှာဆိုရင် ဓာတ်ပုံ နဲ့ ဝေဝေဆာဆာ ထည့်သွင်းပြီး အစိမ်းသက်သက် နိုင်ငံခြားသားကို ခင်ပွန်းလုပ်သွားသူ မတင်တင်လှိုင်ဖေဒကို ဝဲချီးသွားပါတယ်။ စာအုပ်ရဲ့ တခြားအခန်းတွေ သိပ်ကောင်းသလောက် နိုင်ငံခြားသားကို တမင် ရွေးချယ်ပြီး ခင်ပွန်းလုပ်သွားသူ မြန်မာမတစ်ဦးအကြောင်း အကောင်းမြင်နဲ့ မှတ်တမ်းတင်ရေးသားသွားတာဟာ အဆိပ်အတောက်တွေ ဖြန့်ကြဲချလိုက်သလို ခံစားရပါတယ်။ ဆက်ရှင်းခွင့်ပေးဗျာ။

မိန်းမ(သို့)ယောကျ်ားတစ်ယောက်ဟာ (အပျို–လူပျို) ဖြစ်ရင် ရက်သွားတတ်တဲ့ အမူအရာမျိုး ပြတတ်ပါတယ်။ ကြိုက်စိတ်ဝင်သွားတဲ့အခါ ပိုသိသာပါတယ်။ ရက်ရွံ့သလို လုပ်ပြပြီး ဆန့်ကျင်ဘက်ရဲ့ ထပ်မံ အသိအမှတ်ပြုစေဖို့ နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြလိုက်ရပါတယ်။ ဒါမျိုးကို ယောကျာ်းလုပ်သူက ကောင်းကောင်းသိပါတယ်။ ဒီတင် သူရဲ့ ပိုးပန်းမှုကို အမျိုးသမီးလုပ်သူ သဘောတူပြီဖြစ်ကြောင်း တွေ့လိုက်တာနဲ့ ရှိသမျှ အင်အားတွေသုံးပြီး ပိုးပန်းတဲ့အခါ စိတ်တူမေတ္တာဖက်အဖြစ် ရွေးချယ်လိုက်တော့တာပေါ့ဗျာ။တကယ် ရက်စိတ်ရှိရင်

BURMESE CLASSIC .com

www.burmeseclassic.com

ဘယ်သူ့ အားနာစရာရှိသလဲ။ ဘယ်လို ရာထူးအာဏာတွေရှိသူတွေရဲ့ **Pressure** ကိုမှ ငဲ့ကွက်စရာမရှိပါဘူး။ ယတိပြတ် ပြောခွင့်ရှိသားပဲ။ တိုက်တိုက်တွန်းတွန်း လုပ်လာရင်လည်း ရှင်တို့ သမီးတွေနဲ့ ပေးစားလိုက်ပေါ့လို့ ပြောရုံပေါ့။ အခု မတင်တင်လှိုင် မပြောခဲ့ရှာဘူးနော်။

**ဒကာကြီးချစ်စံဝင်း–**

စကားလုံးတွေ ရိုင်းတယ်ထင်ရင် ခွင့်လွှတ်ပါ။ ဒီ နိုင်ငံခြားသားတွေကို ရွေးချယ်ပြီး လင်လုပ်တဲ့ အလေ့အထကို ဣဋ္ဌာရုံလို့ မြင်နေတဲ့ မြန်မာတွေကို လှုပ်နိုးချင်တဲ့အတွက် သုံးနှုန်းရာမှာ ကြမ်းသွားတာမျိုးတွေ့ရင် တောင်းပန်းပါတယ်။ (တစ်ချို့ ဆေးစာအုပ်အမည်ခံတွေထက် ယဉ်ကျေးစေရပါမယ်)။

လူမှာ မိမိအားနည်းချက်ရှိရင် တခြားသူမှာရှိတဲ့ အားသာချက်နဲ့ အစားထိုးခံတတ်ပါတယ်။ ဥပမာ – မိမိက သူရဲဘောကြောင်ရင် သတ္တိရှိသူတွေကို အထင်ကြီးတတ်ပါတယ်။ ပိန်သူက ဝသူကို၊ အရပ်နိမ့်သူက မြင့်သူကို၊ ရုပ်ချောသူက အကျည်းတန်သူကို (အကျည်းတန်သူက လည်း ချောသူကို)အားကျ အထင်ကြီးတတ်ပါတယ်။ ဒါကြောင့် အဲ့ဒီလို ဒွန်သဘောရှိသူ အမျိုးသားနဲ့ အမျိုးသမီး တွေ့ဆုံကြတဲ့အခါ အပြန်အလှန် ခံစားမှုတွေ ဖြစ်ထွန်းလာတယ်။ ဖြောင်ကျကျ ပြောလာတဲ့ ယောကျ်ားရဲ့စကားကို မိန်းကလေးလုပ်သူက မာယာလေးနဲ့ စတေးပေးလိုက်တယ်။ နောက်တစ်ကြိမ် ယောကျ်ားက ဆက်ကြိုးစားချင်လာအောင် ဝှံဝှံစားစား ကြည့်ပြခြင်း၊ မချိုမချဉ် ပြုံးပြခြင်း၊ ရှက်ဟန်ဆောင်ခြင်း ဆိုတဲ့ တံလျှပ်လှိုင်းလေးတွေပါ ဂယက်ငယ်အဖြစ် ထင်ကျန်စေတယ်။

ဒီနည်းနဲ့ အမျိုးသားနှင့် အမျိုးသမီးတို့ လောကသဘာဝ ငြိကြ၊ စွန်းကြဖြစ်ကုန်ကြတယ်။ ဒါဟာ စိတ်ပညာရှုထောင့်က ကြည့်တဲ့ အမြင်ပါ။ အမျိုးသမီး၊ အမျိုးသား ဆက်ဆံမှုဆိုင်ရာ စိတ်ပိုင်း အခြေအနေတွေနဲ့ ဆက်စပ်ကြည့်ရင် နိုင်ငံခြားသားကို မငြင်းပယ်ချင်တဲ့ အမျိုးသမီးတွေရဲ့ အတွင်းသဘောကို မှန်းဆလို့

BURMESE CLASSIC .com

www.burmeseclassic.com

ရပါတယ်။ ထွားကျိုင်းတဲ့ နိုင်ငံခြားသားကြီးက သေးကွေးတဲ့ မြန်မာမကို ဘာကြောင့် တပ်မက်သလဲ။ သေးကွေးတဲ့ မြန်မာမကလည်း ထွားကျိုင်းလွန်းတဲ့ ဘာသာခြား၊ လူမျိုးခြား ယဉ်ကျေးမှုအတွေးအခေါ် အနေအထိုင် ဆက်စပ်လို့ မရအောင် ခြားနားသူ၊ ခုမှ မြင်လိုက်ရတဲ့ နိုင်ငံခြားသားကို ဘာကြောင့် တုံ့ပြန်မှုပေးတာလဲ။ နောက် အသက်ကလည်း ကြီးကြီး၊ လူပျိုလည်း မဟုတ်ခဲ့သူ အပေါ် အသက်ငယ်ငယ် အပျိုစင် မိန်းကလေးတစ်ဦးက နိုင်ငံခြားသားကိုင်တဲ့ ဒေါ်လာအောက်မှာ ဘာကြောင့် ပြားပြားမှောက် သွားရသလဲ။ နိုင်ငံခြားသားကို ခင်ပွန်းလုပ်မိတဲ့အတွက် တိုင်းပြည်နဲ့ လူမျိုးမှာ ပိုင်းခြားလို့မရတဲ့ ဆိုးကျိုးတွေ တသီကြီး ဖြစ်ပေါ်လာမယ် ဆိုတာ တွေးလို့ ရပါတယ်နော်။

**ဒကာကြီး ဦးချစ်စံဝင်း–**

အဲ့ဒီ ဆိုးကျိုးတွေကို ရယူပိုက်ထွေးသင့်ပါသလား။ အရှက်အကြောက် လုံးဝမရှိတဲ့ အကျင့်စာရိတ္တ ယိုင်နေတဲ့ မိန်းမတွေ၊ ကိုယ်ကျိုးရှာပြီး အသိဉာဏ်မဲ့တဲ့ မိန်းမတွေသာ လူမျိုးခြား၊ နိုင်ငံခြားသားတွေကို ခင်ပွန်း၊ ယောကျ်ားလုပ်ကြတာပါ။ နိုင်ငံခြားသားရွေးယူသူ အမျိုးသမီးတွေဟာ အကျင့်စာရိတ္တ ပျက်ပြားမှုနဲ့ တိုက်ရိုက် ဆက်စပ်နေပါတယ်။ ဟိရီ ဩတ္တပ္ပကင်းမဲ့မှုဟာ မြန်မာမှုအရ အကျင့်စာရိတ္တ ပျက်ပြားမှုပဲလေ။ ဒီလို အမျိုးသမီးတွေကို အများစုကြီးက နှာခေါင်းရှုံ့ပြကြတာ သတိရစရာပဲပေါ့။

အင်္ဂလိပ်ခေတ်က အချုပ်အခြာ မရှိလို့ လူကိုပါ အယူခံခဲ့ရတဲ့ မြန်မာ အမျိုးသမီးတွေဟာ ဒီခေတ်မှာလည်း နိုင်ငံခြားသားတွေ (ဒေါ်လာတွေ) ကို အထင်ကြီးစိတ်ကြောင့် ဈေးပေါပေါနဲ့ နိုင်ငံခြားသား ဇနီးမယားအဖြစ် စေတနာ ပါပါ ဘဝကို အစတေးခံနေကြပါတယ်။ ဒါဟာ အိမ်ထောင်ပြုတဲ့ မင်္ဂလာမဟုတ် ပါဘူး။ လူအမျိုးခံလိုက်ရတာပါ။ လူမျိုးပျောက်ကွယ်သွားဖို့ သုန်းစပြုနေတာပါ။ ဈေးကွက်စီးပွားရေး ဆိုလိုက်တာနဲ့ နိုင်ငံတကာမှာရှိတဲ့ အဆင့်မြင့် အတတ် ပညာတွေကို ဆည်းပူးရမယ့်အစား ဒေါ်လာရရင်ပြီးရော လုပ်လာချိန်မှာ

BURMESE CLASSIC .com

www.burmeseclassic.com

မျိုးချစ်စိတ်၊ ဘာသာရေးနဲ့ ယဉ်ကျေးမှုစိတ်ဓာတ်တွေကို ဘယ်လိုရှိစေ ဥပေက္ခာပြုပြီး စီးပွားရှာလာကြတာ အောက်လမ်းနည်းနဲ့ (တကယ့် အောက်လမ်းနည်းစစ်စစ်ပါ) ဖြတ်လမ်းလိုက်ပစ်ကြတယ်။ နိုင်ငံခြားသားရောက်တာနဲ့ ရောက်တဲ့နိုင်ငံက တွေ့တဲ့ ယောကျာ်းကို အတင်းရော အဓမ္မရော ယူပစ်လိုက်ကြတာ။ ပြည်တွင်းမှာရှိတဲ့ အမျိုးသမီးတွေကလည်း ဘယ် နိုင်ငံခြားသားနဲ့ ဘယ်ရုံး ဘယ်နေရာ ဘယ် အလုပ်မှာ ဆုံစည်းခွင့် ရမလဲဆိုရာ အလုအယက် ဖြစ်နေကြတယ်။ ဟိရီနဲ့ ဩတ္တပ္ပ မရှိတဲ့ အတွက် စိတ်ဓာတ်ပညာတည်ဒဆောက်မှု ပျက်စီးတယ်။ စိတ်ဓာတ်ပျက်စီး တဲ့အတွက် လူမျိုးအပေါ် သစ္စာမဲ့လာတယ်။ ယဉ်ကျေးမှုနဲ့ ဘာသာ၊ သာသနာကို နင်းခြေပစ်ကြတယ်။ နိုင်ငံခြားသားကိုယူရင် ဒီသံသရာဆိုးဟာ မပြတ် လည်နေ မှာပဲလေ။

ခုလို စည်းမရှိ၊ ကမ်းမရှိ အမျိုးဂုဏ်သိက္ခာကို မစောင့်ဘဲ နိုင်ငံခြားသား ပေါင်းစုံကို လက်ခံလာတဲ့ မြန်မာအမျိုးသမီးတွေ များသထက် များလာရင် နောက်ထပ် အနှစ်(၅၀) အတွင်းလောက်မှာ အမေရိကတိုက်ရဲ့ အရှင်သခင် ဖြစ်ခဲ့ဖူးကြတဲ့ မာယာတွေ၊ အက်ဇတက်တွေရဲ့ ဇာတ်သိမ်းပုံမျိုးကို မြန်မာပြည်မှာ မုချ တွေ့ရလိမ့်မယ်။ ဂီတ၊ စာပေ၊ ဝတ်ဆင်မှုမှအစ လင်ယူတာအထိ နိုင်ငံခြား ဆိုမှ နိုင်ငံခြားဖြစ်နေတယ်။ မိန်းမဖျက်လို့ ပြည်ပျက်ကိန်းဆိုရတော့မယ်။ အမျိုးသားတွေထက် အမျိုးသမီးတွေက ပိုပြီး သရုပ်ပျက် ဖောက်ပြန်လာတာ ဦးချစ်စံဝင်း သတိပြုပြီးသား ဖြစ်ပါလိမ့်မယ်။

**ဒကာကြီး ဦးချစ်စံဝင်း—**

ရက်ပြိုးစာအုပ်ဟာ ရည်ရွယ်ချက်ကောင်းပေမယ့် နတ်သုဒ္ဓါအိုးကြီးထဲ မစင်တစ်စက်ကျသွားသလို ဖြစ်သွားလို့ သိပ်ကို နမြောတယ်ဗျာ။ တစ်ဖက်က မြန်မာမှုအကြောင်း အသေးစိတ် ပီပီပြင်ပြင် တင်ပြနိုင်ပါလျက်နဲ့ အခြားတစ်ဖက် မှာတော့ လူအမျိုခံလိုက်ရတဲ့ နိုင်ငံခြားသား ယူသွားသူ၊ လူတင်ပါလို့ နွားကျား ကိုက်သွားသူ၊ ကိုယ်မကောင်းလို့ ခေါင်းရွှေ့သွားသူ မြန်မာအမျိုးသမီး တစ်ဦး

BURMESE CLASSIC .com

www.burmeseclassic.com

အကြောင်းကို တင်ပြသွားတော မြန်မာအမျိုးသမီးတွေအနေနဲ့ နိုင်ငံခြားသားကို ယူတာဟာ ခေတ်မီတာသဘောလို့ အဓိပ္ပာယ်သက်ရောက်သွားတဲ့အတွက် နိုင်ငံခြားသား အမျိုးမျိုးကို ယူပြီးဖြစ်တဲ့၊ ယူရန် တာစူနေတဲ့ မြန်မာအမျိုးသမီးတွေကို တွန်းအားပေးသလို ဖြစ်သွားပါတယ်။ ဒါကြောင့် စာအုပ် အကျည်းတန်သွားခဲ့တယ်။

နိုင်ငံခြားသားကိုယူရင် အမျိုးအနွယ် ပျက်စီးတယ်။ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေ တိမ်ကောတယ်။ ဒါကြောင့် နိုင်ငံခြားသားတွေကို ဝေးဝေးက ရှောင်သင့်တယ်ဆိုတဲ့ အမြင်မျိုးနဲ့ ပေါင်းစပ်ရေးရင် ရှက်ပြုံးစာအုပ်ဟာ အများကြီး တောက်ပြောင်သွားနိုင် ပါတယ်။ ကြီးပွားရေးဆောင်းပါးထဲမှာဆိုရင် တရုတ်၊ ကုလားတွေတောင် ယူနေကြသေးတာပဲ။ သူတို့ထက်တိုးတက်တဲ့(သာတဲ့) နိုင်ငံခြားသားတွေ မြန်မာမတွေ ယူကြတာ တရားပါတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး သက်ရောက်သွားတာလည်း သတိပြုမိပါတယ်။ နိုင်ငံခြားသား ယူတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာလို လက်ထပ်သွားတာပါလို့တော့ ဆင်ခြေပေးနိုင်တာပေါ့ဗျာ။ တကယ့် အကျိုးဆက်က အဲဒါမဟုတ်ဘူး။ နိုင်ငံခြားသားယူတဲ့ အလေ့အထတွေဖြစ်လာပြီး လူမျိုးရဲ့ ရုပ်သွင်သဏ္ဍာန်ကို ပြောင်းလဲသွားတဲ့ ကပြားပြဿနာတွေ၊ လူအမျိုးခံရတဲ့ ပြဿနာတွေ၊ နိုင်ငံခြားသားဖြစ်လို့မှ ပြုမှုပြဿနာတွေ တသီကြီး ဖြစ်ပေါ်လာပါမယ်။ (ဖြစ်လည်း ဖြစ်နေတယ်)

အမျိုးသားဗီဇနဲ့ အမျိုးသမီးဗီဇ ဘယ်ဗီဇက ပြဋ္ဌာန်းသလဲ။ ဒကာကြီး ဦးချစ်စံဝင်းတို့ သိပါတယ်။ ယောကျ်ားဗီဇက အတိအကျ ပြဋ္ဌာန်ပါတယ်။ ကုလားယူရင် ကုလားရုပ်၊ လူဖြူတွေကို ယူရင် လူဖြူရုပ်သွင်၊ ဂျပန်ယူရင် ဂျပန်ပုံအတိုင်း မြန်မာအမျိုးသမီးက မွေးပေးရပါတယ်။ မြန်မာအမျိုးသမီးကို ယူလို့ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ နိုင်ငံခြားသားဟာ တစ်ရာ တစ်ယောက် ရှိနိုင်ပါ့မလား။ ဒါကလည်းမြန်မာတွေ သဘောကျအောင်လုပ်တဲ့ ရာဇပရိယာယ်လို့ ယူဆနိုင်သေးတယ်ဗျာ။ သူတို့နိုင်ငံ ရောက်သွားရင် သူတို့ အလေ့အထတွေအတိုင်း နေစေတော့မှာပေါ့။ ပတ်ဝန်းကျင်ကလည်း ရတနာသုံးပါးမှ မရှိဘဲ။ မိမိဘာသာရေးကို စွဲစွဲမြဲမြဲ ယုံကြည်

www.burmeseclassic.com

ရင် ခုမြင်ခုကြိုက်လုပ်ကြမှာလည်း မဟုတ်ပါဘူးလေ။ မြန်မာအမျိုးသမီးတွေဘက်က ဘယ်လောက် ဈေးပေါသလဲ ဆိုရင် သူတို့ယူလိုက်တဲ့ နိုင်ငံခြားသားတွေအကြောင်း ဘာတစ်ခုမှ သိခွင့်မရတာဘဲ။ အသက်၊ အိမ်ထောင်ရှိ/ပျက်၊ စာရိတ္တ၊ ဝါသနာ၊ အရည်အချင်း၊ မိဘနဲ့ မျိုးရိုး စတာတွေသိပြီး ယူလိုက်ကြတာမဟုတ် ဦးချစ်စံဝင်းရေ။

နောက် သူတို့နိုင်ငံ ရောက်သွားရင် သူတို့အချင်းချင်း 'မင်းမြန်မာကို ဘယ်လိုရခဲ့သလဲ' မေးကြမယ်။ ဒီတော့ နိုင်ငံခြားသားက 'ဟာ–လွယ်လွယ် လေးပဲ။ တစ်ခါလောက် တွေ့ပြီးရင် ကြိုက်တာပဲ။ သူတို့က နိုင်ငံခြားသားဆိုရင် သိပ်အထင်ကြီးတာ။ ဒေါ်လာ သိပ်မက်တာပဲကွ။ မြန်မာအမျိုးသမီးတွေက ခင်ပွန်းသည် လင်ယောကျ်ားကို သိပ် ရိုသေတာ။ ယောကျ်ားတွေနဲ့လဲ ဘရုတ်သုက္ခမနေဘူး။ ဣန္ဒြေလဲရှိတယ်။ သန့်လဲ သန့်စင်တယ်။ ဒါကြောင့် မြန်မာပြည်ရောက်အောင် သွားပြီး မြန်မာအမျိုးသမီးကို ယူကွာ။ မရမရှိစေရဘူး' အဲဒီလို ပြောဆိုနေမှာတွေ တွေးလို့ရတယ်နော ဦးချစ်စံဝင်း။

ကဲဗျာ– ဘယ်လောက်တိုင်းပြည်သိက္ခာကျသလဲဆိုရင် အမျိုးဂုဏ်မစောင့်စည်းချင်တဲ့ ဉာဉ်ဆိုးကြောင့် ဘက်ပေါင်းစုံက ဆုံးရှုံးလှပါတယ်။ ဒါကြောင့် မြန်မာပြည်ရောက်တာနဲ့ မြန်မာမ ယူဖို့ ဦးချစ်စံဝင်းကို **Taiwan** တစ်ယောက်က အားမနာတမ်း ပြောချလိုက်တာ မဟုတ်လား။ ဒါက ဦးချစ်စံဝင်းတို့ကို (မြန်မာတွေကို)အထင်သေးလို့ မျက်နှာ ပြောင်တိုက်ပြောရဲတာပေါ့ဗျာ။ ကျုပ်တို့ဘက်က အမျိုးဂုဏ် စောင့်စည်းတာရှိရင် ဒီကောင်တွေ ဘယ်မော့ကြည့်ရဲပါ့မလဲ။

**ဒကာကြီး ဦးချစ်စံဝင်း–**

ဒီလို မျိုးနွယ်ကို ဖျက်ဆီးနေတဲ့အကြောင်းကို ဘယ်စာနယ်ဇင်းက ထောက်ပြဝေဖန်တာမှ မရှိဘူးနော်။ ဒီနေ့ စာနယ်ဇင်းတွေရဲ့ အထင်ရှားဆုံးလုပ်ရပ်ကတော့ နိုင်ငံခြားယဉ်ကျေးမှုကို အကြီးအကျယ် တင်သွင်းနေမှုပဲ။ သံချေး

တက်နေတဲ့ ဦးနောက်နဲ့ မြန်မာစာနယ်ဇင်းတွေရဲ့ အရည်အချင်းမဲ့မှုဟာ အနာဂတ် မြန်မာနိုင်ငံတော်အတွက် နိမိတ်မကောင်းတော့ပါဘူး။ မြန်မာတွေဟာ သည်းခံ တတ်၊ အားနာတတ်တယ်လို့ ဂုဏ်ယူပြောနေကြတယ်။ ခုလည်း အားနာလို့ နိုင်ငံခြား သားကိုယူတာ မကန့်ကွက်နိုင်ကြဘူးလားပဲ။ အမျိုးသမီးတွေကလည်း နိုင်ငံခြား သားရရင် ဂုဏ်ရှိတယ်လို့ ထင်နေကြပြီလား။ ဘယ်မှာဂုဏ်ရှိလို့လဲဗျာ၊ သမီးရှင် တွေကတော့ သမီးကို နိုင်ငံခြားသားနဲ့ ပေးစားနိုင်ရင် မြန်မာပြည်မှာ မရှိတာတွေ သမီးက ပို့ပေး။ ကား၊ လျှပ်စစ်ဓိမ်ခံပစ္စည်း၊ လိုအပ်သော အဖိုးတန်ဆေးဝါး၊ အဝတ်အထည်နဲ့ သူတို့လည်း နိုင်ငံခြား အလည်သွားခွင့်ရဆိုတဲ့ အကျိုးဆက်တွေ မျှော်မှန်းကြပုံ ရပါတယ်။ တစ်နည်းပြောရရင် သမီးပေးပြီး 'ထောင်'စားတဲ့ဘဝ ရောက်နေတာ သိပ်အံ့ဩဖို့ ကောင်းပါတယ်။

ဒီ စိတ်ဓာတ်အောက်တန်းကျမှုတွေကြောင့် ရေရှည်တွေးကြည့်ရင် သိပ် ဝမ်းနည်းစရာပါပဲ။ ဦးချစ်စံဝင်းရဲ့ အမှုထမ်း အမျိုးသမီးလို နိုင်ငံခြားသားတွေရဲ့ တောင်းဆိုမှုကို ပြတ်ပြတ်သားသား ပယ်ချရဲတဲ့ မြန်မာ အမျိုးသမီး အများကြီး ပေါ်ထွက်လာမှ မြန်မာ့အချုပ်အခြာ ခိုင်ခံ့ပါလိမ့်မယ်။ နိုင်ငံခြားတွေကို ယူတာ ဟာ အချုပ်အခြာ ထိပါးမှုလို့ ဘယ်သူမှ မတွေးခေါ်ကြဘူးနော်။ အဲဒါ ဟုတ် မဟုတ် ဒကာကြီး ဦးချစ်စံဝင်း ဆက်ပြီး တွေးခေါ်ကြည့်ပါ။ အဲ့ဒီမှာ စိုးရိမ်စရာ ကောင်းတာက နိုင်ငံခြားသားကို ယူသွားတာ မြန်မာအမျိုးသမီးတွေဟာ နိုင်ငံ သားအဖြစ် စွန့်လွှတ်ခြင်း ရှိမရှိ ဆိုဒါပါပဲ။ မစွန့်လွှတ်ကြရင်တော့ မျက်နှာဖြူ ခေါ်လာ၊ မျက်နှာဝါခေါ်လာ၊ မျက်နှာမည်းခေါ်လာနဲ့ ကျုပ်တို့တိုင်းပြည်ဟာ နိုင်ငံခြားသားပေါင်းစုံရဲ့ သားဖောက်သွေးနှော စခန်းကြီးဖြစ်လာမှာပဲ။ ဒါမျိုးတွေ အရေအတွက် များလာပြီး နှစ်တွေ ကြာလာရင် ပြည်ထောင်စုမြန်မာနိုင်ငံ အမည် ပျောက်ပြီး ဘာသာစကားလည်း တိမ်မြုပ်သွားမယ်၊ ထေရဝါဒသာသနာအစား မြန်မာအမျိုးသမီးတွေယူတဲ့ ယောကျ်ားတွေရဲ့ ဘာသာစုံ၊ သာသနာစုံက အလုံးစုံ လွှမ်းမိုးသွားတော့မှာပေါ့။ ဒါတွေကို ကြည့်ပြီး ကျုပ်က နိုင်ငံခြားသားကို ယူတာ ဟာ အချုပ်အခြာထိပါးတာလို့ ပြောတာပါ။

www.burmeseclassic.com

ခုပဲ ကြည့်လေ။ မြန်မာအမျိုးသမီးက နိုင်ငံခြားသားကို ယူလိုက်တာနဲ့ အဲဒီနိုင်ငံခြားသားအတွက် လိုက်နာရမည့် စည်းကမ်းချက်တွေကို မြန်မာနိုင်ငံက လျှော့ပေါ့ပေးရတယ်ဆိုဗျ (ရှက်ပြုံးစာအုပ်ထဲမှာ ဒကာကြီးရေးပြလို့ သိရတာ) ဒါကလည်း အချုပ်အခြာကို သွေးတိုးအစမ်းခံရလို့ လျှော့ပေးလိုက်ရတာ မဟုတ်လားဗျာ။ ဒါကြောင့် မြန်မာအမျိုး သမီးတွေ တွေ့ရာနိုင်ငံခြားသားကို မယူဖို့ ဒကာကြီးတို့လို တိုင်းပြည်အပေါ် သြဇာရှိသူတွေက မျက်စိဖွင့်ပေးသင့်ပါတယ်။ ဒီကိစ္စဟာ သာမန် ကိုယ်ရေးကိုယ်တာ မဟုတ်ပါဘူး။ ဥပမာဗျာ– မြန်မာအမျိုး သမီး တစ်သန်းနဲ့ နိုင်ငံခြားသား တစ်သန်း ဒီနေ့လက်ထပ်ကြတယ် ဆိုပါတော့။ နောက် နှစ်နှစ်အကြာ ကလေးတစ်ဦးစီ မွေးဖွားတယ် ဆိုပါစို့။ အဲ့ဒီကလေးတွေ ဟာ မြန်မာရပ်သွင်ရှိတဲ့ မြန်မာတွေမဟုတ်လို့ လူဦးရေ အချိုးအစားအရ မြန်မာ တစ်သန်း လျော့သွားခြင်းနဲ့ အဲ့ဒီ မြန်မာအမျိုးသမီး လက်ထပ်ခဲ့တဲ့ ယောကျာ်း တစ်သန်း ပေါင်းထည့်ပါက နှစ်သန်းဖြစ်သွားခြင်း၊ နောက်ထပ်(၄) နှစ်အကြာမှ တစ်ယောက်စီ ထပ်မွေးလျှင် အဝါးမျိုခံ ရပ်သွင်ဦးရေ တစ်သန်းထပ်တိုးလာခြင်း စတာ စတာတွေ တွေးကြည့်ပေါ့ဗျာ။ အင်မတန် ကြောက်စရာကောင်းတဲ့ကိစ္စမို့ တားကြ၊ ဆီးကြပါ။ မိန်းမသား တစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာထက် လေးနက်ကြပါ။ ဂုဏ်ယူစရာ မဟုတ်ပါ။ အားပေး/အားကျစရာ မဟုတ်ပါ။

**ဒကာကြီး ဦးချစ်စံဝင်း–**

အဲဒါ တွေးတွေးမိတိုင်း 'ငါတို့ကတော့ မြန်မာနိုင်ငံ၊ မြန်မာ့ယဉ်ကျေးမှုနဲ့ ထေရဝါဒသာသနာတော်ကို တိုးတက်ဖို့ စာသင်စာချ လုပ်ငန်းကို အပတ်တကုတ် နေ့စဉ် လုပ်နေစဉ်မှာပဲ တို့ရဲ့ မြန်မာ အမျိုးသမီးနဲ့ မိဘမောင်ဖွားတွေက နိုင်ငံခြားသား တစ်ဦးဦးကိုများ ရလေမလားနဲ့ (သမက်)တော်ဖို့၊ ယောက်ဖတော်ဖို့ သစ္စာခံနေကြတယ်။ ဒီပုံစံအတိုင်းဆိုရင် မကြာမီ သာသနာပျက် လူမျိုးပျောက်တော့မှာ။ သာသနာ၊ လူမျိုးစိတ်ဓာတ်ထားနေလည်း အပိုပါပဲကွာ။ မိုးပြို အများခံပေါ့ဆိုတဲ့ စိတ်ဓာတ်တွေ ကျုပ်တို့မှာ ဝင်နေတယ်ဗျာ။ မြန်မာတွေဟာ အဲဒီလို စူးစူးရှရှ

www.burmeseclassic.com

ဘယ်သူမှ မတွေးခေါ်နိုင်ကြဘူးဗျာ။ အထူးသဖြင့် ဘာသာသွေး စိတ်ဓာတ် ခေါင်းပါးကြတယ်။ နိုင်ငံခြားသားက ‘မင်းကို လက်ထပ်ချင်တယ်’ လို့ ပြောကတည်းက အို–သူကခရစ်ယာန်၊ လူမျိုးခြား ငါ့ဘာသာလူမျိုး အထိခိုက် မခံနိုင်ပေါင်လို့ မြန်မာမိန်းကလေးတွေ တွေးဖို့ ကောင်းတယ်။ တလောက ဂျာမန်တစ်ယောက်နဲ့ လက်ထပ်သွားသူ သမီးအတွက် မြန်မာမိဘနဲ့ မွေးချင်းများက သတင်းစာထဲမှာ ကြော်ငြာထည့်တယ်။ ကြော်ငြာမှာ မစ္စတာဘယ်သူနှင့် ဘယ်ဝါတို့၏ ဘဝခရီး နှစ်တစ်ရာတိုင်ပြီး ဗုဒ္ဓဘာသာ/သာသနာအကျိုး ထမ်းရွက်နိုင်ပါစေ ဆိုတဲ့ ကြော်ငြာပါ။

အဓိပ္ပာယ်က သူတို့သမီး ဘာသာခြားဝင် ဂျာမန်တစ်ယောက်ကို လက်ထပ်လိုက်ပေမယ့် ဗုဒ္ဓဘာသာကို စွန့်ပယ်သွားသူမဟုတ်ပါဘူးလို့ ကြော်ငြာတဲ့ သဘောပေါ့ဗျာ။

ဒကာ ဦးချစ်စံဝင်းပဲ စဉ်းစားကြည့်လေ။ အမေရိကန်နဲ့ ဥရောပအနောက်နိုင်ငံတွေမှာက ရတနာသုံးပါးနဲ့ ဗုဒ္ဓဘာသာ အလေ့အထတွေမှ မရှိဘဲ ဘယ်လိုလုပ် သာသနာကျိုးထမ်းရွက်မှာမှာလဲ။ တစ်ချို့နိုင်ငံခြားသားတွေက မြန်မာအမျိုးသမီးကို လက်ထပ်ဖို့ မြန်မာ အလေ့အထတွေ လုပ်ပြတယ်။ မစ္စတာပက်လိုလူမျိုးပေါ့ (မြန်မာယောက္ခမများ အကြိုက် လိုက်ပြတယ်ပေါ့ဗျာ)။ ဒါကိုပဲ ကျွန်မတို့က ဘာသာခြား၊ လူမျိုးခြား လင်တော်တာ သာသနာပြုချင်လို့ပါလို့များ ပြောလာကြဦး မလားဘဲ။ လူဖြူရုပ်သွင်ရှိတဲ့ ကပြားကလေးတွေမွေးပြီး မြန်မာနိုင်ငံ ဆက်လက်ရှင်သန်ဖို့ မြန်မာယောကျ်ားတစ်ယောက်နဲ့ သွေးနှောရတဲ့ မြန်စစ်စစ် လူတွေကသာ မြန်မာနိုင်ငံအကျိုး (ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ . . . စသည်များ) ကို အသက်ပေး ထမ်းရွက်ကြမှာပါဗျာ။

ဥပမာတစ်ခု ပေးပါရစေ။ မမျှော်လင့်တဲ့ ကိစ္စတစ်ခုကြောင့် အမေရိကန်နဲ့ မြန်မာအစိုးရခြင်း ထိပ်တိုက်ရင်ဆိုင်မှု တွေ့ကြတယ် ဆိုပါစို့။ နောက်ဆုံးအဆင့်အနေနဲ့ စစ်ရေးအဆင့်အထိ ရောက်လာတယ် ဆိုပါစို့၊ အဲဒီ

www.burmeseclassic.com

အခါမှာ အမေရိကန်ယူမိတဲ့ မြန်မာအမျိုးသမီး တစ်ဦးဟာ ဘယ်သူ့ဘက်က ရပ်တည်ကြမလဲ။ ခင်ပွန်းသည်မျက်နှာ မလွှန်ဆန်နိုင်လို့ အမေရိကန်ဘက်က ရပ်တည်ရင် မြန်မာတွေ များများ အသတ်ခံရတာ ဩဘာ လက်ခုပ်ပေးပြီး အမေရိကန်စစ်သားတွေကို သပြေပန်းနဲ့ ကြိုရမှာပေါ့။ လိုအပ်လို့ အမေရိကန်က မြန်မာပြည်ကို နျူကလီးယားဗုံးနဲ့ ကြဲချင်ရင်လည်း ဝမ်းမြောက်စွာ ထောက်ခံရမှာ ပဲလေ။ ဒါမှလည်း သူ့ခင်ပွန်းတော်သူ အမေရိကန်သားရဲ့ ပါရမီဖြည့်ဖက် ပီသ မှာပေါ့။ အဲ့ဒီလို မဟုတ်ဘဲ မြန်မာဟာ ငါ့လူမျိုး၊ ငါ့မိဘ ဘိုးဘွားဘီဘင်တွေ နေထိုင်ကြတဲ့ တိုင်းပြည်ပဲ။ ငါ့သွေး၊ ငါ့သားတွေ အသတ်ခံ (စစ်ရှုံး) ရတာ ငါ သဘောမတွေ့နိုင်ဘူး။ ဒါ့ကြောင့် မြန်မာဘက်က ရပ်တည်ရမယ်ဆိုရင်လည်း သူရဲ့ကာမပိုင်ရှင် အမေရိကန် ခင်ပွန်းသည် လင်တော်ကို ဓားနဲ့ထိုးလိုက်သလို ဖြစ်သွားမှာပေါ့ဗျာ။ ဒါကြောင့် နိုင်ငံခြားသားပေါင်းစုံကို လက်ထပ်ကြတဲ့ မြန်မာ အမျိုးသမီးတွေကို ဒီမေးခွန်းမေးရင် ဘာဖြေကြမလဲ။

အမြင့်ဆုံးကို ချမေးလိုက်တာပါ။ အမေရိကန်ဘောလုံးအသင်းနဲ့ မြန်မာ ဘောလုံးအသင်း ယှဉ်ပြိုင်ကစားရင် အမေရိကန်၊ ဂျာမန်၊ ပြင်သစ်၊ အင်္ဂလိပ်၊ ဂျပန်တို့ရဲ့ ဇနီးမယားဖြစ်ကြတဲ့ မြန်မာ အမျိုးသမီးတွေ ဘယ်အသင်းကို အားပေး ကြမလဲဆိုတဲ့ မေးခွန်းလောက်ပဲ မေးကြည့်ပါ။ ဒါကြောင့် နိုင်ငံခြားသားကို ခင်ပွန်း ပြုကြတဲ့ မြန်မာအမျိုးသမီးတွေအနေနဲ့ မိမိတို့ အသိဉာဏ်မဲ့တဲ့ လုပ်ဆောင်မှု ကို မြန်မာတို့ ကြပ်ကြပ် ပြန်လှန်သုံးသပ်ဖို့ လိုပါတယ်။

နိုင်ငံခြားသားကို လက်ထပ်တဲ့ မြန်မာအမျိုးသမီးတွေအနေနဲ့ မြန်မာ နိုင်ငံ တိုင်းရင်းသားအဖြစ်မှ လုံးဝစွန့်ပယ်သင့်တယ်။ မြန်မာပြည်နဲ့ ဘယ်လိုမှ မပတ်သက်ရင် အကောင်းဆုံးပဲထင်တယ်။ ပတ်သက်ခွင့် ပေးထားရင် မြန်မာနိုင်ငံ ရဲ့ ဥပဒေတွေ ကပြောင်းကပြန် လုပ်ပေးရတော့မယ်။ မြန်မာအမျိုးသမီးတွေ နိုင်ငံခြားသားယူဖို့ လမ်းဖွင့်ပေးသလို ဖြစ်သွားပြီး ကပြားပြဿနာဟာ ဒီနေ့ ရင်ဆိုင်နေရတဲ့ ခေါ်တော ကုလား (ဘူးသီးတောင်၊ မောင်တော) ပြဿနာထက် ကြီးထွားလာမယ်ဗျာ။ အင်္ဂလိပ်ခေတ်က အမတ်ရွေးရာမှာ ကပြားတွေဟာ မြန်မာ

BURMESE CLASSIC .com

www.burmeseclassic.com

တွေလိုပဲ အတန်းစားတစ်ခုအဖြစ် သတ်မှတ်ပေးပြီး ခွဲတမ်းရခဲ့ကာ ဒကာကြီးတို့ သိပြီးသားပါ။

ပုဂ္ဂိုလ်ခင်တာနဲ့ မိမိတို့ရဲ့ သမီးတွေ ထိုးအပ်သဘောတူနေတဲ့ မြန်မာမိဘ၊ ညီအစ်ကို မောင်နှမတွေရဲ့ အတွေးအခေါ်ဟာ သိပ်ဖျင်းလွန်းပါတယ်ဗျာ။ ကျုပ်တို့က ရောမရောက်တော့ ရောမလို့ကျင့်ပေမယ့် နိုင်ငံခြားသားတွေ မြန်မာပြည်ရောက်တော့ မြန်မာလို မကျင့်ကြဘူးနော်။ ဒူးပေါ်ပေါင်ပေါ်၊ ဟိုဟာပေါ် ဒီဟာဖော်နဲ့ ဝတ်ဆင်သွားလာနေကြတာ မြန်မာတွေကို အရေးမစိုက်ဘဲ စော်ကားနေသလို ခံစားရတယ်။ တချို့ ဟိုအဖွဲ့ ဒီအဖွဲ့တွေ မြန်မာပြည်လာပြီး သက်ဆိုင်ရာလူကြီးတွေဆီ သွားရောက်တွေ့ဆုံနှုတ်ဆက်တဲ့အခါမှာ သူတို့ အမျိုးသမီးတွေဟာ အဝတ်အစား တိုနန့်နန့်လေးတွေနဲ့ သိက္ခာမဲ့စွာ ဝတ်ကြတယ်။ တကယ်ဆို ဒီလို မင်းခမ်းမင်းနားမှာ သိက္ခာရှိရှိ ဝတ်ဆင်သင့်ပါတယ်။ ဒါဟာ စိတ္တဇဗေဒသဘောအရ မြန်မာမတွေ သူတို့ဝတ်ဆင်တာ အားကျ အတုယူသွားတတ်ပြီး မြန်မာ့ဝတ်စားဆင်ယင်မှု ပပျောက်သွားအောင် လုပ်ပြတဲ့ သဘောလို့တောင် တွေးလို့ရတယ်။ ဒါပေမယ့် ဘယ်သူမှ မတွေးခေါ်ကြဘူးနော်။

ဖိနပ်စီးရှေ့တော်ဝင်ခွင့်ကို မင်းတုန်းမင်းတရားကြီး ခါးခါးသီးသီး ငြင်းပယ်ခဲ့တာ အခုထိ သတိပြုစရာ ဖြစ်ပါတယ်။ အဓိပ္ပာယ်က မြန်မာ့ယဉ်ကျေးမှု ချိုးနှိမ်ပြီး လူဖြူယဉ်ကျေးမှု မြန်မာ့နန်းတွင်းထဲ ရိုက်သွင်းခဲ့တာကို မင်းတုန်းက ပြတ်သားစွာ ဟန့်တားတဲ့သဘောပဲ မဟုတ်လား။ ဒီနေ့မှာတော့ မင်းတုန်းနဲ့ ဆန့်ကျင်စွာပဲ ကျုပ်တို့ခေတ်က ယောကျ်ား မိန်းမတွေ ပြုမူနေကြတတယ်။ အကုန်လုံး နိုင်ငံခြားပုံစံအတိုင်း ဝတ်ဆင်၊ နေထိုင်၊ ပြောဆို၊ တီးမှုတ်၊ ဆက်ဆံဖို့ ဘယ်မျက်နှာမှ မထောက်ဘဲ လုပ်ကုန်ကြပြီလေ။ အမျိုးသမီးတွေက ပိုတောင် ကဲလာကြတာ အကြမ်းဖျင်း ရေးပြခဲ့ပါပြီ။

**ဒကာကြီး ဦးချစ်စံဝင်း–**

ရှေ့လျှောက် ဒီထက်ဆိုးလာပါတော့မယ်။ နိုင်ငံတကာနဲ့ ဆက်ဆံရေးကျယ်ပြန့်လာတာနဲ့အမျှ နိုင်ငံခြားသားပေါင်းစုံ မြန်မာပြည်မှာ လာရောက်

BURMESE CLASSIC .com

www.burmeseclassic.com

အခြေစိုက်ကြတော့မယ်။ မြန်မာအမျိုးသမီးတွေနဲ့ တွေ့ထိလာကြတော့မယ်။ နိုင်ငံခြားဆိုရင် အညာလွယ်လွန်းပြီး အမျှော်လင့်ကြီး မျှော်လင့်နေကြတဲ့ မြန်မာအမျိုးသမီးတွေ နိုင်ငံခြားသားယူဖို့ အပြိုင်ကြဲကြတော့မယ်။ မြန်မာမှုရဲ့ ကြန်အင်လက္ခဏာတွေ ဆယ်စုနှစ်တစ်ချို့အတွင်း တိမ်ကောသွားပြီး ဘက်ပေါင်းစုံ ရေစုန်မျောကိန်း ဆိုက်တော့မှာပါ။ အာရုံငါးပါးနဲ့ ပတ်သက်ရင် မချုပ်တည်းနိုင်ကြတာ ခေတ်အဆက်ဆက်ပဲနော်။ အထူးသဖြင့် မြန်မာအမျိုးသမီးတွေလည်း မြန်မာယောကျ်ားတစ်ယောက်ရဲ့ ဖသဿထက် လူမျိုးခြား တစ်ယောက်ရဲ့ ဖသဿက ပိုပြီး အာရုံညွှတ်ကြတယ်လို့ ထင်ပါတယ်။ ဒါကြောင့် နိုင်ငံခြားသားကို တွေ့လိုက်တာနဲ့ (အသက် ကြီးရင့်တာ၊ ပညာအရည်အချင်း၊ မျိုးရိုး၊ ကိုးကွယ်မှု၊ မိန်းမရှိမရှိ၊ ဘယ်နှစ်ယောက်နဲ့ ကွာရှင်းပြီးကြောင်း) ဘာသိက္ခာမှ ထားမနေတော့ဘဲ နိုင်ငံခြားသားနောက် ကောက်ကောက်ပါလိုက်ကြပြီး မိမိတို့ရဲ့ မြန်မာဟူတဲ့ ဘဝကို လွယ်ကူစွာ စတေးပစ်ကြတာဟာ ဆိုးဝါးလှပါတယ်လေ။

**ဒကာကြီး ဦးချစ်စံဝင်း–**

နောင်ဆိုရင် ထိုင်း၊ ဖိလစ်ပိုင်အမျိုးသမီးတွေလို မြန်မာ အမျိုးသမီးတွေ ဖြစ်လာကြတော့မယ်။ အဲဒီနိုင်ငံတွေမှာ နိုင်ငံခြားသားတွေနဲ့ ယူချင်ရင် ဆက်သွယ်ပေးတဲ့ အောင်သွယ်ဌာနတွေ ရှိသတဲ့။ ဒါကြောင့် အနောက်နိုင်ငံက အသက်ကြီးကြီး ယောကျ်ားတွေက နုနုငယ်ငယ် အရှေ့တိုင်းသူတွေကို ဒေါ်လာပေးပြီး လိင်ကျွန်တွေအဖြစ် ဝယ်ယူပြီး လင်မယားလုပ်ကြတယ်လို့ ကြားဖူးတယ်။ အသားရောင် အဖြူကို တွေ့နေကျမို့ စိတ်ကုန်လာပြီး ညိုနေတဲ့ အသားအရေကို စွဲမက်လာတဲ့ လူဖြူတွေရဲ့ ဗျူဟာကို မြန်မာအမျိုးသမီးဒကာမပိုင်းက ကြိုဆိုနှစ်သက်လာကြတာ ဒကာကြီးရဲ့ ရက်ပြူးစာအုပ်အရ သိရတာတယ်မဟုတ်လား။

**ဒကားကြီး ဦးချစ်စံဝင်း–**

ရက်ပြူးစာအုပ်မှာ ဟိရီ ဩတ္တပ္ပကို ငိုကာချဲ့ပြနိုင်လျက်နဲ့ မြန်မာအမျိုးသမီးတွေ အမျိုးအနွယ် မစောင့်စည်းလို့ တိုင်းပြည်ပျက်နိုင်ကြောင်း ရေးပြရမည့်အစား အဲ့ဒါကို ရှောင်ကွင်းပြီး အသက်ကြီးကြီး လူဖြူတစ်ယောက်ကို

www.burmeseclassic.com

ယူသွားတဲ့ မြန်မာအမျိုးသမီး ဒကာမတစ်ဦး အကြောင်း အကောင်းမြင်နဲ့ ရေးပြသွားတာ အတော် ဝမ်းနည်းစရာ ကောင်းတယ်ဗျာ။ အမျိုးဂုဏ်သိက္ခာ မစောင့်စည်းနိုင်တဲ့ ပထမ အကြောင်းဟာ ဟိရီ ဩတ္တပ္ပမရှိလို့ မဟုတ်လား။ အရှက်အကြောက်ရှိရင် ခုမှ မြန်မာပြည်ရောက်လာတဲ့ သူစိမ်းပြင်ပြင် နိုင်ငံခြားတွေကို ဘယ်ယူရဲပါ့မလဲ။

**ဒကာကြီး ဦးချစ်စံဝင်း–**

အဲဒီကိစ္စတွေ သတ္တုချကြည့်ရင် အချက်နှစ်ချက်ကို ထင်ရှားစွာ တွေ့ရပါတယ်။

(၁) နိုင်ငံခြားသားတွေဟာ မြန်မာတွေထက် ထွားကျိုင်းကြတယ်။ ဒီလူဖြူတွေရဲ့ ဟန်ပန်အမျိုးမျိုးကို တီဗွီမှာ၊ ရုပ်ရှင်မှာ၊ ဗီဒီယိုမှာ အနီးကပ်တွေ့မြင်ထားပြီးဖြစ်တယ်။ ဒါကြောင့် ဒီအဖြူကောင်နဲ့ တွေ့ဆုံခွင့်ရတဲ့ မိန်းမတစ်ဦးအတွက် ရရှိနိုင်မည့် ဖောဋ္ဌဗ္ဗအာရုံ မြန်မာအမျိုးသမီးတွေဟာ စွဲလမ်းမှုများရှိတာလားလို့လည်း ကျုပ်တွေးမိပါတယ်။

(၂) ကတော့ အကယ်၍ နိုင်ငံခြားသားရရင် နိုင်ငံခြားနေရမယ်။ (သူတို့နိုင်ငံတွေက တိုးတက်ချမ်းသာမှုရှိတယ်) ခေတ်မီမီ စားသောက်နေထိုင်သွားလာရမယ်။ အခြေအနေပေးရင် မိဘဆီ ဒေါ်လာငွေ အနည်းငယ်လောက်ပို့နိုင်ရုံမျှဖြင့် ကျပ်ငွေတွေ အများကြီး မိဘမောင်ဖွားတွေ သုံးစွဲခွင့်ရမယ် (ချမ်းသာမယ်)၊ မော်တော်ကား၊ ဇိမ်ခံပစ္စည်းမျိုးစုံ၊ ဆေးဝါးအဝတ်အထည်၊ စားသောက်စရာ စတာတွေ ပို့ပေးရင် သူများထက် အဆင့်မြင့်မြင့် နေထိုင်ရမယ်ပေါ့ဗျာ။ ဒီ မျှော်လင့်ချက်ကြောင့် လူမျိုးခြား ဘာသာကွဲတွေနဲ့ မိမိတို့ သမီးတွေကို သဘောတူပေးကြတယ်။ သမီးလုပ်သူကတော့ စိတ်အလိုလိုက်မိတဲ့ စိတ်နဲ့ ဘာပဲစွန့်လွှတ်ရ၊ စွန့်လွှတ်ရ နိုင်ငံခြားသားကို ယူပစ်ရခြင်း ဖြစ်ပေမယ့် အဲဒီနှစ်ချက်ရဲ့ တွန်းအားကြောင့် မြန်မာအမျိုးသမီးတွေ နိုင်ငံခြားသားတွေကို (တိုင်းပြည် မျက်နှာပြောင်တိုက်ပြီး)ယူနေကြတယ်။ မေတ္တာစစ်၊ မေတ္တာမှန်ကြောင့်လို့တော့ ဆင်ခြေ

BURMESE CLASSIC .com

www.burmeseclassic.com

ပေးစရာ မလိုပါဘူး။ ဘာကြောင့်ဆိုတာ နားလည်သင့်တယ်။ ဘာကြောင့်လဲဆိုရင် သူတို့ လက်ထပ်ယူလိုက်ကြတဲ့ နိုင်ငံခြားသားတွေမှာကိုက မေတ္တာစစ် မေတ္တာမှန် ဆိုတာကို ယုံကြည်သူတွေမှ မဟုတ်ဘဲကိုးဗျ။ သူတို့ဆီမှာ လင်မယား ကွာရှင်းမှု၊ အိမ်ထောင်ဆက်များလွန်းမှုတွေဟာ မေတ္တာစစ်ကို အသိအမှတ်မပြုကြလို့ဘဲ မဟုတ်လားဗျာ။

အဲဒီ လင်မယား ကွဲကွာမှုများလွန်းခြင်း၊ အိမ်ထောင်ဆက် များလွန်းခြင်းဆိုတာတွေ မြန်မာအမျိုးသမီးတွေ ထည့်မတွက်ကြပါဘူး။ ဘယ်နှစ်ရက်ပဲ ပေါင်းရ ပေါင်းရ လူမျိုးခြားရရင်ကိုပဲ သူတို့မျှော်လင့်ချက်တွေကို ပြည့်စုံပြီလို့ ထင်မှတ်နေပုံရပါတယ်။ တစ်လင်တစ်မယားစနစ် မဖြစ်လို့ သူတို့ယောကျ်ားက ပွေရှုပ်နေလည်း သူတို့ကပါ (လူဖြူမများနည်းတူ) တွေ့ရာယောကျ်ားနဲ့ ပွေရှုပ်ရုံပဲ ပေါ့လို့ စဉ်းစားကြပုံရပါတယ်။

**ဒကာကြီး ဦးချစ်စံဝင်း–**

ဒကာကြီးမှာ အမျိုးသားဇာတိ စိတ်ဓာတ်နဲ့ ထေရဝါဒ သာသနာ စိတ်ဓာတ်တွေ အပြည့်အဝရှိကြောင်း ကျုပ်တို့ ယုံကြည်ပါတယ်။ ဒီစိတ်ဓာတ်တွေ ထာဝစဉ် ရှင်သန်နေမှသာ မြန်မာနိုင်ငံရဲ့ ရေရှည် ရပ်တည်ခွင့် ပိုမို စိတ်ချရမှာပါ။ အထူးသဖြင့် ထေရဝါဒသာသနာ တိုးတက်ရေးမှာ မြန်မာတွေအတွက် ပို အရေးကြီးမယ် ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် မြန်မာ့ယဉ်ကျေးမှုရဲ့ နှလုံး သွေးကြောဟာ ဗုဒ္ဓသာသနာရဲ့ ဓမ္မထဲမှာ မြစ်ဖျားခံခဲ့လို့ ဖြစ်ပါတယ်။ ဗုဒ္ဓဓမ္မ မရှိရင် မြန်မာ့ ယဉ်ကျေးမှု မရှိနိုင်ပါဘူး။ မြန်မာ့ယဉ်ကျေးမှု ပျောက်ကွယ်သွားရင် မြန်မာရပ်သွင်စစ်တွေလည်း ပျက်သုဉ်းကုန်မှာပါ။ မြန်မာအမျိုးသမီးစုကြီးဟာ နိုင်ငံခြားသား ယူလိုက်မိတာနဲ့ ဘာသာရေး၊ ယဉ်ကျေးမှု စတာတွေ အကုန်စွန့်ပယ် ပြီး သူတို့ခင်ပွန်းယောကျ်ားများရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံအတိုင်း နေထိုင်သွားကြ တဲ့အတွက် ဘာသာရေး ယိုဖိတ်မှု တွေ၊ မြန်မာမျိုးဆက်သစ် ပျက်သုဉ်းမှုတွေကို ကျူးလွန်နေသူတွေ ဖြစ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

ဒီအဖြစ်ဆိုးတွေ အဖြစ်နည်းအောင် မြန်မာဗုဒ္ဓဘာသာတွေ အနေနဲ့ ဝိုင်းဝန်းထိန်းသိမ်းဖို့ အထူးသဖြင့် လိုအပ်ပါတယ်။ ဒကာကြီးတို့လို စာပေသမားတွေက ဒီတာဝန်ကို ပိုပြီး ထမ်းရွက်နိုင်ကြမှာပါ။ ဒီနေ့မှာတော့ မြန်မာအမျိုးသမီးတွေ မယူမိတဲ့ လူမျိုးဆိုလို့ အက်စကီးမိုးတွေလောက်ပဲ ကျန်တော့တယ် ထင်တယ်။ (နီဂရိုးယူတဲ့ မြန်မာမတွေ ရှိတယ်)။

**ဒကာကြီး ဦးချစ်စံဝင်း–**

ဦးပဥ္စင်းစာ သိပ်ရှည်သွားပြီ။ ခွင့်လွှတ်ပါ။ တိုင်းပြည်နဲ့ သာသနာရေး အတွက် စိတ်ပူလွန်းလို့ မြန်မာအမျိုးသမီးတွေ နိုင်ငံခြားသား ယူတဲ့ကိစ္စကို အန္တရာယ်တစ်ရပ်အနေနဲ့ ဒကာကြီးတို့ သတိမူမိ အောင် သတိပေး ရေးမိတာပါ။ ဦးဇင်းလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး စာတမ်းတစ်စောင် ရေးသားပြီးပါပြီ။ မိမိဟာမိမိ ထုတ်ဝေနိုင်အောင် ကြိုးစားသွားမှာပါ။ သမီးလေးမွေးပြီး နိုင်ငံခြားသားယူခိုင်းကာ ‘ထောင်’စားနေတဲ့ မြန်မာမိဘတွေ သတိသံဝေဂရအောင် မျက်စိဖွင့် နားဖွင့်ပေး နိုင်တဲ့ စာမျိုးတွေ ဆက်လက်ရေးသားသွားလိမ့်မယ်လို့ မျှော်လင့်ပါရစေ။ စာကို အချောမကူးပေးနိုင်တာ ခွင့်လွှတ်ပါ။ မအားတဲ့ကြားထဲက ကြိုးစားပြီး ဒကာကြီးထံ ဒီစာကို ရေးပို့လိုက်ရပါကြောင်း အသိပေးပါတယ်။

**မေတ္တာဖြင့်**
**(အရှင်ဇမိတ)**
**(တိုက်အုပ်နှင့် စာချ)**

www.burmeseclassic.com

# အိတ်ဖွင့်ပြန်ကြားစာ

ကျွန်တော်သည် ရှက်ပြုံးဟူသော စာအုပ်ကို ၁၉၉၄ ခုနှစ်က ထုတ်ဝေခဲ့ရာ ကျွန်တော့်ထံ ပေးစာအများအပြား ရေးသားပေးပို့ခဲ့ပါ၏။ စာအများစုမှာ ဆရာတက္ကသိုလ် စိန်တင်နှင့် အစ်မကြီး ဒေါ်ရီကြိန်တို့ ပေးပို့သော စာများကဲ့သို့ စာများလည်းပါ၏။ စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)တို့ကဲ့သို့ ဖြောင်းဖြရေးသားမှုများလည်းပါ၏။ ယခုဖော်ပြထားသော အိတ်ဖွင့်ပေး စာကဲ့သို့ ရေးသာစာကားဤတစ်စောင်သာ ဖြစ်ပါသည်။ ကျွန်တော်သည် ယင်း အိတ်ဖွင့်ပေးစာကို ကြီးပွားရေးမဂ္ဂဇင် ဦးမြတ်ခိုင်အား မေတ္တာရပ်ခံကာ ထိုပေးစာ၏ အယူအဆကို အများသိစေရန် မဂ္ဂဇင်း၌ ကျွန်တော်ကိုယ်တိုင် ထည့်သွင်းဖော်ပြပေးခဲ့ပါ၏။

ထိုအိတ်ဖွင့်ပေးစာကိုလည်း ကျွန်တော်သည် အချက်အလက် အများအပြား၌ သဘောတူညီမှုမရှိပါ။ ထို့ကြောင့် ယခုရှက်ပြုံးကို ဒုတိယအကြိမ် ထုတ်

BURMESE CLASSIC .com

www.burmeseclassic.com

ဝေရာတွင် ကျွန်တော် သဘောမတူသည့် အချက်များကို ရှင်းလင်းလိုပါ၏။ ထို့ပြင် ယင်း အိတ်ဖွင့်ပေးစာကိုလည်း ထပ်မံဖော်ပြအပ်ပါ၏။

ကျွန်တော်ရေးသားသော ရှက်ပြုံးဟူသော စာအုပ်၏ အဓိက ရည်ရွယ်ချက်သည် မြန်မာမိန်းကလေးတစ်ဦး အမေရိကန် သို့မဟုတ် နိုင်ငံခြားသားတစ်ဦး အား လက်ထပ်ခြင်းသည် မှန်သည်။ မမှန်ဘူး၊ ယူသင့် မယူသင့်ဟူသော အချက်နှင့် ပတ်သက်၍ ရေးသားထားသော စာအုပ်မဟုတ်။

ကျွန်တော်သည် ဤစာအုပ်၌ တင်ပြထားသော အချက်မှာ ဟိရီနှင့် သြတ္တပ္ပတစ်ရားနှစ်ပါး၊ အရှက်တရားနှင့် အကြောက်တရားနှစ်ပါးကို တင်ပြခြင်း သာလျှင် ဖြစ်ပါ၏။ အရှက်တရားကို တင်ပြရာတွင် မြန်မာမလေးတစ်ဦး၏ ရှက်တတ်သော ချစ်စရာ မြင်ကွင်းလေးတစ်ခုဖြင့် စာအုပ်ကို ဖွင့်ခြင်းဖြစ်ပါသည်။ မြန်မာမလေးများသည် အခြား အနောက်တိုင်းမှ မိန်းကလေးများလို ရဲတင်းခြင်း၊ လွန်ကဲသွက်လက်ခြင်းမျိုးလေးမရှိဘဲ မြန်မာမလေးများ ရှက်တတ်သည့် သဘာဝ ကို ဖော်ပြခြင်း ဖြစ်ပါ၏။

သို့သော် ယင်းအိတ်ဖွင့်ပေးစာတွင် မြန်မာမလေးတစ်ဦး နိုင်ငံခြားသား အား လက်ထပ်ခြင်းကို အလွန်အမင်း အဆိုးမြင် ဝါဒပေါ်မှ ရှုမြင်၍ လိုအပ်သည် ထက် ပိုမိုစွာ ပြစ်တင်ရှုံ့ချထားသည်ကို တွေ့ရပါ၏။

ပထမအချက်အနေနှင့် တင်ပြရပါက ဤကမ္ဘာမြေပေါ်တွင် လူသားတို့ သည် ဘယ်လူမျိုးနှင့် ဘယ်လူမျိုး လက်မထပ်ရဟူသော စည်းကမ်းသတ်မှတ်ချက် သည် ဘယ်အစိုးရ ဘယ်ကမ္ဘာ့ အဖွဲ့အစည်းကမှ ကန့်သတ်ထားချက်မရှိပါ။

လူမျိုးတစ်မျိုးနှင့် တစ်မျိုး မေတ္တာသက်ဝင် ချစ်ခင်ခွင့်သည် လူသား အားလုံးအတွက် ဖြန့်ဝေပေးနင်းထားသော အခွင့်အရေး ဖြစ်ပါ၏။ ထို အခွင့် အရေးကို လူများသည် အသုံးမပြုချင်လည်း ရသည်။ သုံးလိုကလည်း သုံးနိုင်သည်။

တဖန် အချို့သော ကျွန်တော်တို့ဖတ်ဖူးသည့် ဇာတ်ဝတ္ထုများ၌ပင် လူလူချင်း ထိမ်းမြားလက်ထပ်ခြင်းကို မဆိုထားနှင့် လူအမျိုးသမီးနှင့် တိရစ္ဆာန်တို့ ပေါင်းသင်းနေထိုင်မှုများပင် ရှိပါ၏။ ဥပမာ သိဟဗာဟု မိခင်သည် တိရစ္ဆာန်

www.burmeseclassic.com

မျိုးနွယ် ခြသေ့်ဖြင့် ပေါင်းသင်းနေထိုင်၏။ တဖန် သုခုမင်းသားသည် ငှက်မျိုးနွယ်ဝင် ကိန္နရီမနှင့် ပေါင်းသင်းနေထိုင်သည့် ဝတ္ထုဇာတ်များ ရှိပါ၏။

ထို့ပြင် ဖူးစာဟူသော စကားလုံး၊ ကံ–ကံ၏အကျိုးတရားဟူသော စကားတို့ကလည်း ရှိနေပြန်ပေရာ ကျွန်တော်တို့သည် မတင်တင်လှိုင် အမေရိကန်ယောကျ်ားယူခြင်းကို ဘာမှ ခွင့်မလွှတ် သည်းမခံနိုင်စရာအကြောင်း မရှိပါ။ ချစ်လို့ယူသည် ဖြစ်စေ၊ ဒေါ်လာမက်လို့ ယူသည်ဖြစ်စေ ဤကမ္ဘာပေါ်တွင် ကမ္ဘာသူ ကမ္ဘာသားအချင်းချင်း လက်ထပ်ပိုင်ခွင့်၊ ယူပိုင်ခွင့်ရှိသည်ဟု မှတ်ယူစေလိုပါ၏။

ယနေ့ကမ္ဘာသည် တစ်စ တစ်စ၊ တစ်နေ့ထက်တစ်နေ့ ကျဉ်းမြောင်းလာပြီဖြစ်၏။ တစ်ကမ္ဘာလုံး အရှေ့နှင့်အနောက်သည် တစ်ရက်သွားစရာ ခရီးလောက်သာရှိ၍ ဂြိုဟ်တုဆက်သွယ်ရေး၊ အခြား ခေတ်မီဆက်သွယ်ရေး ကိရိယာများသည် နတ်မျက်စိရသကဲ့သို့ ဆက်သွယ်သွားလာနိုင်သောခေတ်တွင် တစ်ကိုယ်တော် ရသေ့နိုင်ငံကို သီးခြားခွဲထွက်၍ ဘယ်နိုင်ငံမှ မရနိုင်တော့ပါ။ နေလျှင်လည်း ဆိုးကျိုးများသာ တန်းစီ၍ တွေ့မည်ဖြစ်ပါ၏။

ယနေ့ကမ္ဘာသည် တစ်စိမ်းတစ်ရံဆံများ မဟုတ်ကြပါ။ လူသားအားလုံးသည် ကမ္ဘာကြီးအတွင်း သဘာဝပတ်ဝန်းကျင် ညစ်ညမ်းလာမှု၊ ထူးခြားသော ကူးစက်ရောဂါများ ဖြစ်ပေါ်လာမှု၊ စာနပ်ရိက္ခာများ ရှားပါးလာမှု စသော ကိစ္စများကို အတူတကွ ဖြေရှင်းနေရချိန်ဖြစ်ပါ၏။ ယနေ့ မြန်မာဆိုသော လူမျိုးများသည် တစ်ချိန်က အာရှတိုက်အလယ်ပိုင်းတွင် နေထိုင်ကာ ဧရာဝတီ မြစ်ရိုးအတိုင်း ရေကြည်ရာ မြက်နုရာ ဆင်းသက်လာကြပြီး ရောက်ရာအရပ်မှ ပျူ၊ ကမ်းယံ၊ သက်အစရှိသောသူများနှင့် သွေးနှော၍ မြန်မာဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်ပါ၏။ အဘယ်မှာ သွေးမနှောသော လူမျိုး၊ အဘယ်မှာ အခြားတစ်ပါးနှင့် ပေါင်းစပ်မှုကင်းသော ယဉ်ကျေးမှုဆိုသည်မှာ ရှိနိုင်ပါမည်နည်း။

နိုင်ငံခြားသားဟူသမျှသည် မေတ္တာစစ်၊ မေတ္တာမှန်မရှိ ထိုသို့ စွပ်စွဲ၍ မရပါ။ ကမ္ဘာပေါ်တွင် လူမျိုးတိုင်းတွင် မေတ္တာစစ်၊ မေတ္တာမှန် ပေါ်ထွန်းခဲ့သော ဖြစ်ရပ်များ ရှိပါ၏။

www.burmeseclassic.com

ကျွန်တော် ရေးသားနေမှုသည် မြန်မာမများ နိုင်ငံခြားသားယူရန် သွေးဆောင်နေခြင်းမဟုတ်ပါ။ ဤကမ္ဘာကြီးတွင် အတူတကွ ကူးလူးဆက်ဆံသွားလာမှုများရှိရာ တစ်မိသားနှင့် တစ်မိသား၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး ထိမ်းမြားလက်ထပ်မှုများ အနည်းနှင့်အများ မလွဲမရှောင်သာ ရှိကြမည်ကို တင်ပြနေခြင်းဖြစ်ပါ၏။ လူမျိုးတစ်မျိုးနှင့် လက်ထပ်မှုကိစ္စကို ရန်လိုမှု မပြုသင့်ပါ။

ရာဇဝင်၌ –

အက်ဒွပ်မင်းသားသည် ထီးနန်းစွန့်၍ တစ်ခုလပ် တစ်လင်ကွာ မှဆိုးမကို ယူခဲ့သည်။

ကော်မစ်တွခ်ဘုရင်ကြီးသည် သူတောင်းစားမလေးကို ယူခဲ့၏။

ရောမဗိုလ်ချုပ်ကြီး အန်တိုနီသည် အီဂျစ်ဘုရင်မ ကလီယိုပါထရာကို ယူခဲ့သည်။

မွန်မင်းသမီး ရှင်စောပုသည် မြန်မာဘုရင် သီဟသူကို လက်ထပ်ခဲ့သည်။

ယင်းတို့သည် ပေးစာတွင် ရေးသားထားသည့်အတိုင်း ဒေါ်လာမက်၍ နှုတ်ခမ်းမွှေးများကို သဘောကျ၍ မဟုတ်ပါ။ မေတ္တာ၏ စေ့ဆော်မှု၊ နှလုံးသား၏ ရိုက်ခတ်မှုနှင့် သမိုင်းရေးရာ အရ ပေးဆပ်ရမှု၊ ကံ–ကံ၏ အကျိုးတရားဟူသော အခြေခံ အကြောင်းများပေါ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။

မေတ္တာတရား၏ စေစားချက်အတိုင်း ချစ်မေတ္တာ အခြေခံဖြင့် လက်ထပ်ကြရာတွင် ဘယ်လူမျိုးနှင့် ဘယ်လူမျိုး၊ မြန်မာအမျိုးသမီးနှင့် နိုင်ငံခြားသား လက်မထပ်ရဟု တားမြစ်ချက် ဥပဒေသ မရှိပါ။ တားမြစ်လို့လည်း မရတော့ပါ။ တားမြစ်ပါက အရူးသာလျှင် ဖြစ်၏။

သို့သော် အဓိကပြောရမည့်အချက်မှာ–

– ချစ်မေတ္တာစစ်စစ်ဖြင့် လက်ထပ်ယူပါ။

သို့သော် လူမျိုးတစ်မျိုးနှင့် တစ်မျိုး လက်ထပ်ရာတွင်–

– နိုင်ငံရေးအမြတ်ယူလို၍

BURMESE CLASSIC .com

www.burmeseclassic.com

– လူမှုရေးဖိနှိပ်လိုသောကိစ္စ
– ဘာသာရေးသိမ်းသွင်းလိုမှုတို့ကြောင့်

လက်ထပ်ကြသည်ဟု ဆိုပါက ထိုသို့သော ဆောင်ရွက်မှုများကိုကား ဆန့်ကျင်ကြ၊ တားဆီးကြရမည်ဖြစ်ပါ၏။

ပက်ဂျိန်းသည် မတင်တင်လှိုင်ကို စီးပွားရေး အကာအကွယ် ယူလို၍ လက်ထပ်တာလား။

သီဟသူသည် ရှင်စောပုကို စစ်ရေးအရာ ယူတာလား။

ကလီယိုပတ်တရာသည် ရောမကို ဩဇာလွှမ်းမိုးလို၍ ဂျူးလီယက်ဆီဆာကို ယူတာလား။ ထိုသို့အကြံများရှိလျှင် ယင်းအရာများကို ကျွန်တော်တို့ ကန့်သတ်ကြရမည်။ ရှုံ့ချကြရမည် ဖြစ်ပါ၏။ ထိုသို့မဟုတ်က ချစ်မေတ္တာ သက်သက်နှင့် လက်ထပ်ကြခြင်းကို ဘာနှင့် ပိုင်းခြား ကန့်ကွက်မည်နည်း။ ကန့်ကွက်လို့ရော ရမှာလား၊ ကန့်သတ်လို့ရော တရားလား။

ယခုအခါ မစ္စတာပက်ဂျိန်းနှင့် မတင်တင်လှိုင်တို့သည် ချစ်ချစ်ခင်ခင် ပင် ရှိသည်။ ဒုတိယသားကိုပင် မွေးဖွား၍ မစ္စတာ ပက်ဂျိန်းသည် မြန်မာပြည်ကို ချစ်နေပါသည်။ သို့သော် မစ္စတာ ပက်ဂျိန်းသည် မတင်တင်လှိုင်ကို အကာအကွယ် ယူ၍ စီးပွားရှာမည်။ အမြတ်ထုတ်မည်ဆိုပါက လူအဖွဲ့စည်းကလည်းကောင်း၊ ဥပဒေကလည်းကောင်း တားမြစ်ပါမည်။

ဤကိစ္စမှာ ကျွန်တော့်အယူအဆဖြစ်ပါသည်။

ကျွန်တော်သည် မကျဉ်းမြောင်းလိုပါ။

မတင်တင်လှိုင်သည် ပတ်ဂျိန်းအား ဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ်စေ၍ လက်ထပ်ပါ၏။ မတင်တင်လှိုင် မွေးသော ကလေးများသည် မြန်မာပြည်တွင်မွေး၍ မြန်မာကျောင်းတွင်နေကာ ဗုဒ္ဓဘာသာတွင် တည်ရှိနေပါမည်။ ထိုကလေးများက အင်္ဂလိပ်စာတတ်လေးများ၊ ဗုဒ္ဓဘာသာကို ငယ်စဉ်မှစ၍ ဆည်းကပ်ကိုးကွယ်သူများဖြစ်ပေရာ အနာဂတ် သာသနာတော် အမေရိကန်နိုင်ငံတွင် ပြန့်ပွားတည်ရှိရေးအတွက် ထိုကလေး နှစ်ယောက်သည် အရေးပါသော ပုဂ္ဂိုလ်များ ဖြစ်မလာနိုင်ဟု မည်သူပြောမည်နည်း။ လောကတွင် အဆိုးဘက်က

BURMESE CLASSIC .com

www.burmeseclassic.com

ချည်း တွက်၍မရ။ အကောင်းဘက်လည်း တွက်ကြရမည်ဖြစ်သည်။ လောက တွင် ကိုယ့်အယူအဆနှင့် ကိုယ် ဖြစ်ပါ၏။ ကိုယ့်အယူအဆမှ ကိုယ် မှန်သည်ဟု ပြော၍မရပါ။ အကြောင်းအရာတစ်ခုကို လက်ခံနိုင်သောသူများ လက်ခံ၍ လက် မခံနိုင်ကလည်း လက်မခံရုံသာ ရှိပါသည်။ ကျွန်တော်၏ ရှက်ပြုံးစာအုပ်သည် မြန်မာနှင့် နိုင်ငံခြားသား ယူသည့်ကိစ္စကို အခြေအတင် ဆွေးနွေးသော စာအုပ် မဟုတ်ပါ။

တဖန် ဥပမာ ပေးရာတွင် ဘယ်တော့မှ မဖြစ်သည့် ကိစ္စကို ဥပမာ မပေးသင့်ပါ။ မြန်အမျိုးသမီး တစ်သန်းနှင့် အမေရိကန် တစ်သန်းသည် ကမ္ဘာကြီးပျက်သွားသည့်တိုင် တစ်ပြိုင်နက် လက်ထပ်သည့် အဖြစ်မျိုး ဤကမ္ဘာ တွင် ဘယ်တော့မှ ကြုံမည်မဟုတ်ပါ။ ဒါမျိုးကို ဥပမာ မပေးသင့်ပါ။

မကောင်းမြင်ဝါဒ၊ အဆိုးဝင် ဝါဒ တစ်ဘက်သတ်စဉ်းစားမှုသည် မကောင်းပါ။ အမေရိကန်နှင့် မြန်မာ စစ်ဖြစ်တော့မည်ဟု ဆိုပါက အမေရိကန်နှင့် မြန်မာလက်ထပ်ကြသော ဆွေမျိုးအုပ်စုများကြောင့် စစ်ပြေငြိမ်းမှုရော မဖြစ်လာဘူးဟု မည်သူက ငြင်းပါမည်နည်း။ ဘောလုံးပွဲတိုင်းကို မိမိ အားပေး ချင်သည့်ဘက်က အားပေးပါ။ အားကစားတွင် အရှုံးအနိုင် ပဓာနမဟုတ်ပါ။ အားကစားစိတ်ဓာတ်က ပိုအရေးကြီးပါသည်။ ရန်ဖြစ်စေရန် အားကစားခြင်း မဟုတ်ပါ။ အမေရိကန်နှင့် မြန်မာဘောလုံးကစားကြရာတွင် ကစားကြသူများက အားကစား စိတ်ဓာတ်၊ ချစ်ကြည်ရေး စိတ်ဓာတ်နှင့် ကစားကြပါလျက် ကြည့်သူများက ဘာကြောင့် သွေးခွဲသောအမြင်နှင့် ကြည့်ကြမည်နည်း။ ဘောလုံး ပွဲ ကန်ချိန်တွင် ပက်ဂျိန်းက မြန်မာအဖွဲ့ကိုအားပေး၍ မတင်တင်လှိုင်က အဝတ် လျှော်လျှင်လည်း လျှော်နေမည်ဖြစ်၏။

ဤကိစ္စသည် ချိုးချိုးဖွဲ့ဖွဲ့ ပြစ်တင်ပြောဆို၍ ရကောင်းသောအရာ မဟုတ်ပါ။ ကိုယ့်သမီး၊ ကိုယ့်ညီမသည်ပင် ကိုယ် သဘောတူသောသူနှင့် ယူချင်မှ ယူမည်။ သူကြိုက်ရာလူနှင့် ယူတတ်ကြပေရာ မတင်တင်လှိုင် သူ့ဟာသူ ပက်ဂျိန်း ယူမှုနှင့် အနာဂတ်ဆိုးကျိုး၊ ကောင်းကျိုးကို ဘယ်သူက ကြိုတင်၍ ဟောကိန်း ထုတ်နိုင်မည်နည်း။

www.burmeseclassic.com

ယနေ့ကမ္ဘာတွင် **Globalization** တစ်ကမ္ဘာလုံး ညီရင်းအစ်ကို၊ ဆွေမျိုးသားခြင်း၊ မောင်ရင်းနှမကဲ့သို့ ကူးလူးဆက်ဆံရေး **Hermony** လူသားများ သဟဇာတဖြစ်စွာ နေနိုင်ရေးအတွက် နိုင်ငံများစွာက ကြိုးစား၍ ကုလသမဂ္ဂ အဖွဲ့ကြီးကပင် လက်ခံထားသော အချိန်တွင် ကျွန်တော်တို့သည် အလွန်အမင်း ကျဉ်းမြောင်းသော အမြင်များ မရှိသင့်ပါဟုသာ တင်ပြလိုပါ၏။

ရှက်ပြုံးကိုတော့ ဆက်ဖတ်စေလိုပါသည်။

**ချစ်စံဝင်း**

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၁)

# ရှက်ပြုံး

ကျွန်တော့်တွင် ပတ်ဂျိန်းဆိုသော အမေရိကန် မိတ်ဆွေ တစ်ဦး ရှိ၏။ သူက သဘောကောင်း၍ ပျော်ရွှင်စွာ နေတတ်၏။ သူသည် မြန်မာနိုင်ငံသို့ ရေနံတူးအဖွဲ့များနှင့် ရောက်ရှိလာပြီး သူ့အလုပ်က ရဟတ်ယာဉ် မောင်းသော အလုပ်ဖြစ်၏။

သူသည် စစ်ကိုင်းတိုင်း ပုလဲမြို့တွင် မြန်မာအမျိုးသမီးလေး မတင်တင်လှိုင်နှင့် တွေ့၍ မေတ္တာသက်ဝင် ချစ်ခင်ကြပြီး နှစ်ဦး သဘောတူ ထိမ်းမြား လက်ထပ်ခဲ့ကြ၏။ တင်တင်လှိုင်ကတော့ မစ္စတာပက်ကို မည်မျှလောက် ချစ်သည် မချစ်သည်ကိုကား

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်မသိ။ သို့သော် ပက်ဂျိန်းကတော့ မတင်တင်လှိုင်ကို တာနောယကွာကဲ့သို့ ဆီးဖြူ ဖန်ခါးလို ငုံထားမတတ် ချစ်ပါသည်ဟု ဆို၏။ ပက်က ထောင်ထောင်မောင်းမောင်း အရပ်က ခြောက်ပေလောက်ရှိ၍ မတင်တင်လှိုင်က သေးသေးလှပ်လှပ် အရပ်က ငါးပေလောက်သာ ရှိမည်။ ပက်သည် တင်တင်လှိုင်ထက် ခေါင်းတစ်လုံး ပိုနေ၏။

မတင်တင်လှိုင်က သေးရကွေးရသည့်အထဲ ချူချူချာချာ လည်းရှိ၏။ သူက ကျောက်ကပ်ရောဂါလည်း ရှိသည်။ သို့သော် မတင်တင်လှိုင်သည် ချစ်စရာ မျက်နှာလေးရှိသော အညာသူမလေးဖြစ်သည်။

မစ္စတာ ပက်ဂျိန်းကို ကျွန်တော်သည် မတင်တင်လှိုင်နှင့် လက်ထပ်ပြီးမှ သိခဲ့၏။ သူတို့ ဘယ်ပုံ ဘယ်နည်း တွေ့ခဲ့သည်။ ဘယ်ပုံ ဘယ်နည်း မေတ္တာမျှခဲ့ကြသည်ကို ကျွန်တော် လုံးစေ့ပတ်စေ့ မမေးမိ။ မစ္စတာ ပက်က ထိုင်းနိုင်ငံ ပတ္တရာ မြို့လေးတွင် အခြေချကာ မတင်တင်တင်လှိုင်အား ပတ္တယာသို့ ခေါ်သွား၏။ ပက်က ပတ္တယာမှ မြန်မာနိုင်ငံသို ပြန်လာလျှင် သူနှင့်အတူ မြန်မာပြည်သို့ မရောက်ဖူးသော နိုင်ငံခြား ဧည့်သည် သုံးလေးယောက်ကို စုစည်း၍ ခေါ်လာတတ်၏။ ထို့နောက် ဧည့်သည် များအား မြန်မာနိုင်ငံသည် မည်မျှ သာယာကြောင်း၊ မည်မျှ အေးချမ်းကြောင်းကို သူက ပြသ ပြောဆိုတတ်၏။ ခေါ်လာသော ဧည့်သည်များကို ကျွန်တော်တို့ စုပေါင်းဖွင့်လှစ်ထားသော ၅၅၊ အင်းယားမြိုင်ရှိ *ASIA VillA* ဟိုတယ်လေးတွင်

www.burmeseclassic.com



လာထား၏။ မတင်တင်လှိုင် ကိုယ်တိုင်လည်း အေရှ ဗီလာ တွင် အစုရှယ်ယာ ဝင်သည်။

တလောကတော့ သူတို့ဇနီးမောင်နှံက သားဦးလေးကို ဖွားမြင်သည်။ သားဦးလေး ဖွားတော့ အပျော်ဆုံးသော သူမှာ မစ္စတာပက် ဖြစ်သည်။ သူသည် သားဦးလေးရသည်ကို ပျော် တပြုံးပြုံး ရှိ၏။ သားလေးက မြန်မာလေးနှင့် မတူဘဲ အမေ ရိကန်လေးနှင့် တူ၏။ မင်းကျော်မင်းလို ဗိုလ်ပုံနှင့် မြန်မာ့သွေး မြန်မာ့စိတ် ဖြစ်လာမည့် ကလေးတစ်ယောက် မင်းကျော်မင်း လောင်းလေးဟု ထင်ရ၏။ သူ့သားလေးကို **ရဲဟိန်းဌေး**ဟု နေ့သင့်နံသင့် အမည်ပေး၏။ သားလေးကို ၁၉၉၃ ခု ဧပြီလ ၁၄ ရက်နေ့ ဗုဒ္ဓဟူးနေ့က မွေးဖွား၏။ သားလေးဖွားတော့ မစ္စတာ ပက်က မြန်မာမှုအတိုင်း ဗေဒင်မေး၊ ယတြာချေ၊ ဘုရားတွင် ဆွမ်း၊ ပန်း၊ ဆီမီးကပ်၏။ မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာနှင့်အညီ နာမည်ပေး ကင်ပွန်းတပ် မင်္ဂလာ ကျင်းပသည်။ ထို နာမည်ပေး ကင်ပွန်းတပ် မင်္ဂလာပွဲကို ကျွန်တော်က ကူညီစီမံပေး၏။

**ရဲဟိန်းဌေး** နာမည်ပေး ကင်ပွန်းတပ်ပွဲတွင် ကျွန်တော်က ရွှေစက်တော် ဆရာတော် အရှင် တေဇာဘာသ နှင့် သံဃာ တော် ခုနစ်ပါးတို့အား လှူဖွယ် ဝတ္ထု အစုစုတို့ဖြင့် ဆွမ်းကပ် ပရိတ်တရားနာနိုင်အောင် စီစဉ်ပေးရာ ထိုနေ့က ပက်ကိုယ်တိုင် တရားနာ ရေစက်ချ၏။ ဆွမ်းကပ်သည့် အခမ်းအနားတွင် သူ့ အရပ်ကြီးက ရှည်လွန်းသော်လည်း အနံကြီး ကွင်းကျယ်၊ မျိုးမျိုး ပလေကပ် လုံချည်ကြီးနှင့် ပို၍ လိုက်ဖက်နေ၏။ လုံချည်ကို

BURMESE CLASSIC .com

www.burmeseclassic.com



ပက်က ကျွတ်မကျအောင်လည်း မနည်းကြီး စည်းထားရ၏။ သီလယူတော့ မနည်းကြီး ပီသအောင် ရွတ်ဆိုရသည်။ အမျှဝေတာကို တစ်ရက်ကြို၍ ဦးအောင်ရွှေဦးက နှုတ်တိုက်ချသင်ပေးရ၏။

ထိုနေ့က မြန်မာမိတ်ဆွေများအား ဖိတ်၍ ဒံပေါက်ထမင်း ရွှေချီ၊ ကျောက်ကျော၊ အချိုရည် စသည်တို့ဖြင့် ညှော့်ခံကျွေးမွေးသည်၊ နာမည်ပေး ကင်ပွန်းတပ်သည့်နေ့က သူတို့အိမ်ရှေ့က မနက်စောစော ဆင်ကြီးတစ်ကောင် ဖြတ်သွား၏။ ဗုဒ္ဓဟူးသား နာမည်ပေးမည့်ရက်တွင် ဗုဒ္ဓဟူး ဆင် ဖြတ်သွားရာ သားအတွက် အတိတ်ကောင်း နိမိတ်ကောင်း ဟုဆိုကာ ထိုဆင်ကြီးကို ပိုက်ဆံပေး၍ သူ့အိမ်ရှေ့တွင် တစ်မနက်လုံး အစာကျွေးထား၏။ မစ္စတာ ပက်ဂျိန်းသည် အမေရိကန်လူမျိုး ဖြစ်သော်လည်း မြန်မာမှုအားလုံးကို လေးလေးစားစား လိုက်နာ၏။

တလောက ကျွန်တော် ဗန်ကောက်ရောက်တော့ သူက ပတ္တယာတွင် ရှိနေ၏။ ကျွန်တော်တို့လည်း ဗန်ကောက်တွင် ကားကကျပ်၊ အသွားအလာကခက်၊ လူတွေနှင့် မွန်းပိတ်နေ၍ ပတ္တယာသို့ ထွက်လာမိ၏။ ရောက်သည့်ညကတော့ ဘယ်သူနှင့်မှမတွေ့။ ဘယ်မှလည်း မသွားဖြစ်။ ဦးရောဘတ် စီစဉ်ပေးသဖြင့် ပတ္တယာ ဘိုင်းရော့ ဟိုတယ်၌ပင် တည်း၏။

နောက်တစ်နေ့ မနက်ပိုင်းတွင် ပတ္တရာနှင့် မဝေးလှသော ဂျွန်တီယမ် ကမ်းခြေသို့ သွားလည်၏။ ဂျွမ်တီယမ် ကမ်းခြေသည်

www.burmeseclassic.com



အတော်ရှည်လျားသော ကမ်းခြေ တစ်ခု ဖြစ်၏။ လူများလည်း စည်ကား၏။ ကမ်းခြေတွင် ပက်လက်ကုလားထိုင်လေးများငှား၍ နားလိုကနား ရေချိုးလိုက ချိုးနိုင်သည်။ လူတွေကတော့ မျက်နှာဖြူများရော၊ အရှေ့တိုင်းသားများပါ ကမ်းခြေအပြည့် ဖြစ်သည်။

ကမ်းခြေတစ်လျှောက်တွင် မျက်နှာဖြူ အမျိုးသမီးများနှင့် ထိုင်း အမျိုးသမီးများသည် ရေကူး ဝတ်စုံ၊ ဘီကီနီ ဝတ်စုံများနှင့် မလုံမလဲ သွားလာနေကြသည် ၊အချို့ဆိုလျှင် ရေကူးဝတ်စုံမျှပင် မပါဘဲ ရေထဲ၌ ကိုယ်တုံးလုံး ရေချိုးနေကြ၏။ ပက်လက်ကုလား ထိုင်ပေါ် ဝိုင်းဖွဲ့ထိုင်နေကြသူတို့ကလည်း ပေါင်ပေါ် ချက်ပေါ် နှင့် ဖြစ်သည်။ ကမ်းခြေတစ်လျှောက်လုံးတွင် ဘယ်သူမှ လုံအောင် ဝတ်မထားကြ။ ကျွန်တော်တို့က အင်္ကျီက လက်ရှည် အဖြူ၊ ဘောင်းဘီနှင့် ရှူးဖိနပ်နှင့် ဆိုတော့ တောဘဲတွေပဲ ဘယ်က လာကြတာပါလိမ့်ဟုဆိုကာ မကြာခဏ မျက်စောင်းထိုး အကြည့်ခံကြရ၏။

ကမ်းခြေတစ်လျှောက်လုံး ဖော်ရဲသူ ဖော်ဝံ့သူတို့က ဖော် ထားကြသော်လည်း ကျွန်တော်တို့က ကြာကြာ မကြည့်ရဲဘဲ မျက်စိ ရှက်နေကြ၏။ ထို့ကြောင့်လည်း ကျွန်တော်တို့သည် ကမ်းဆုံးအောင်ပင် မကြည့်တော့ဘဲ ဂျွန်တီယမ်မှ ပြန်ခဲ့၏။

အပြန်တွင် ကျွန်တော်တို့ မစ္စတာ ပက်ဂျိန်း တည်းခိုသော ခရစ် တည်းခိုရိပ်သာသို့ ဝင်ခဲ့ကြ၏။ မစ္စတာ ပက်

www.burmeseclassic.com



က လှိုက်လှဲပျူငှာစွာ ကြိုဆို၏။ ကျွန်တော်တို့က ဂွန်တီယမ် ကမ်းခြေ အတွေ့အကြုံပြောတော့ သူက မျက်နှာကို လက်ဝါး တစ်ဖက်နှင့် အုပ်ကာ သူလည်း မကြည့်ရဲသလို လုပ်ပြကာ ရယ်သည်။ သူနှင့်အတူ ကျွန်တော်တို့သည် ဟိုတယ်လေး တစ် ခုတွင် နေ့လယ်စာ စားကြပြီး ညကျရင် ဂွန်တီယမ်နှင့် မတူ သော တကယ့်ယဉ်ကျေးသည့် ထိုင်းမလေးများ ကပြ ဖျော်ဖြေ သော စားသောက်ဆိုင်တွင် သူက ညစာကျွေးမည်ဟု ဆိုပါ၏။ ညနေ ခုနစ်နာရီခွဲတွင် **Ruen Thai** စားသောက်ဆိုင်သို့ လာရန် ချိန်းဆိုပြီး လူစုခွဲခဲ့ကြသည်။

ကျွန်တော်တို့သည် ဘိုင်ရော့ဟိုတယ်သို့ ပြန်၍ အနားယူ ကြ၏။ ညနေကျမှပင် ရေမိုးချိုး အဝတ်အစားလဲကာ ထိုဆိုင်သို့ သွားခဲ့ကြ၏။ ဆိုင်တွင် ပက်ဂျိန်းက အသင့်စောင့်နေ၏။ ထိုဆိုင် လေးကတော့ တကယ့် ထိုင်းရိုးရာ စားသောက်ဆိုင်လေး ဖြစ် သည်။ ဆိုင်အဝင်တွင် ထိုင်းရိုးရာဝတ်စုံနှင့် အမျိုးသမီးလလေး တစ်ဦးက နှင်းဆီပွင့်လေး တစ်ပွင့်ကို အင်္ကျီတွင် လာထိုးပေးရင်း ဒူးလေးညွတ်ကာ၊ လက်အုပ်ချီကာ သူတို့ဆိုင်အကြောင်း စာရွက် လေးကမ်း၍ ကြိုဆို၏။ ကျွန်တော်တို့သည် ထောင့်ကျကျ စာပွဲ ဝိုင်းတစ်နေရာတွင် နေရာယူကြ၏။ ကျွန်တော်တို့နေရာမှ စင့်မြင့်ပေါ်ကို ကောင်းကောင်းမြင်ရ၏။ စင့်မြင့်ပေါ်တွင် ထိုင်း ရိုးရာဂီတ ထိုင်းရိုးရာအကများဖြင့် ဖျော်ဖြေနေ၏။ ထိုင်း ကချေ သည် အမျိုးသမီးလေး ငါးယောက်က ခေတ်အဆက်ဆက် ထိုင်ရိုးရာ ဝတ်စုံများကို ဝတ်ကာ သိမ်သိမ်မွေ့မွေ့ ကပြ ဖျော်ဖြေ၏။

www.burmeseclassic.com



ထိုင်းအဝတ်အစားများကို ရွှေချည်ထိုးများနှင့် ပြိုးပြိုး ပြက်ပြက် ချုပ်ထားရာ မြန်မာ မျက်စိနှင့် မရိုင်းဘဲ လှနေ၏။ ထိုင်းအကသည်လည်း ကျွန်တော်တို့မျက်စိနှင့် ကြည့်၍ ကောင်းသည်။ ယိုးဒယားအကဆိုတာဒါပဲ ဖြစ်မည်ဟု ကျွန်တော်က စဉ်းစား၏။

မစ္စတာ ပက်ဂျိန်းက စားသောက်စရာများကို မှာသည်။ ကျွန်တို့ မစားဖူးတာတွေကို ရွေး၍ မှာ၏။ ကျွန်တော်က စားစရာများကို စားရင်း ကလေးမလေးများ ကတာ လက်ချိုးတာ ခြေသိမ်းတာကို ကြည့်သည်။ သူတို့အကသည် မြန်မာအကနှင့်လည်း ဆင်သည်။ သို့သော် မြန်မာအက က ၍၍သွက်သည်။ သူတို့ကတာက ခြေသိမ်း လက်ရပ် နှေးသည်။ ထိုင်းအမျိုးသမီးများ ကသည်ကို ကျွန်တော်က ဓာတ်ပုံရိုက်သည်။

စားစရာများ စားပြီးတော့ မစ္စတာပက်က အိုင်ရစ် ကော်ဖီသောက်မယ်ဟု ဆို၏။ အိုင်ရင် ကော်ဖီမှာ **Jam son** ဝှစ်စကီ၊ ကလူးဝါ၊ ဟင်နရီ အစရှိသော အရက်ကောင်းများနှင့် ကော်ဖီတူးတူးခါးခါးကို ရောစပ်၍ ဖော်ပေးရာ ကော်ဖီတစ်ခွက်ကို မြန်မာငွေ ၅၀၀ိ/ လောက် ကျ၏။ ကျွန်တော်တို့လည်း ကော်ဖီသောက်ရင်း စကားလက်ဆုံကျပြန်၏။ ကျွန်တော်က ထိုင်းမလေးများ လှကြောင်းပြောတော့ မစ္စတာ ပက်က မြန်မာမလေးများက ပို၍ချောသည်။ ပို၍လှသည် ဟု ဆိုပါ၏။ ကျွန်တော်က ထိုင်းမလေးများ လှကြောင်းပြောဒတော့ မစ္စတာပက်က မြန်မာမလေးများက ပို၍ချောသည်း။ ပို၍လှသည် ဟု ဆိုပါ၏။ ကျွန်တော်က မြန်မာမလေးတွေ ပိုချောပိုလှ၍ မတင်တင်လှိုင်ကို ယူတာလားဟုဆိုတော့ မဟုတ်ပါဘူး။ မြန်မာမလေးများထဲတွင် မတင်တင်

BURMESE CLASSIC .com

www.burmeseclassic.com



လှိုင်ထက် ချောတဲ့ မိန်းကလေးများကို တွေ့ဖူးသည်။ သို့သော် မတင်တင်လှိုင်ကိုတော့ သူက ရှက်လို့ပြုံးတဲ့ အပြုံးလေးကို ချစ်လို့ယူခဲ့တာပါဟု ဆို၏။

သည်တော့မှ ကျွန်တော်က မြန်မာမလေး မတင်တင်လှိုင်ရဲ့ ရှက်လို့ ပြုံးတဲ့ အပြုံးဆိုတာက ဘာလဲ၊ ဘယ်လိုပြုံးတာလဲ သိပါရစေဟု မေး၏။ ဒီတော့မှ သူက နှုတ်ခမ်းမွေးများနှင့် လေးလံလှသော သူ့အပေါ် နှုတ်ခမ်းကြီးကို အားရပါးရ ပင့်တင်ကာ ပါးစပ်ထဲမှ သွားများအကုန်ပေါ်အောင် ပြုံး၍ "ကျွန်တော်က လက်စလီကို မနည်းပိုးခဲ့တာ" ဟု ဆိုပါ၏။

ပက်နှင့် လက်ထပ်ပြီးတော့ အမေရိကန် မိတ်ဆွေများက မတင်တင်လှိုင်အမည်ကို ခေါ်ရအခက်၍ လက်စလီဂျိန်းဟု အမည် အပေးထား၏။

ပက်သည် စစ်ကိုင်းတိုင်း ပုလဲမြို့နယ်အတွင်း၌ ရေနံရှာဖွေရေးလုပ်ငန်းအပြီး ပုလဲမြို့နယ် အတွင်းသို့ သွားလာရာ မတင်တင်လှိုင်ကို တွေ့၏။ မတင်တင်လှိုင်က ရန်ကုန်မှ ပုလဲသို့ သူ၏ ဘကြီးတော်သူအိမ်သို့ လာလည်နေခြင်း ဖြစ်သည်။ မတင်တင်လှိုင်က နိုင်ငံခြားသား တစ်ဦးကိုတွေ့တော့ အတွေ့မခံဘဲ ရှက်ရှက်ဖြင့် အိမ်ထဲသို့ ဝင်ပြေး၏။ သို့သော်လည်း ရိုင်းသည် ထင်မှာစိုး၍ ရှက်နေသည့်ကြားမှာပင် ပက်ဂျိန်းအား ပြုံးပြ၍ နှုတ်ဆက်ခဲ့၏။ ရှက်ရှက်နှင့် ခေါင်းလေး ငုံ့ကာ ပြုံး၍ နှုတ်ဆက်သော အညာသူမလေး တစ်ယောက်၏ အပြုံးကို

BURMESE CLASSIC .com

www.burmeseclassic.com



မစ္စတာ ပက်ဂျိန်းက တမ်းတမ်းစွဲ ဖြစ်သွား၏။ နောက်တစ်နေ့တွင် မတင်တင်လှိုင်နေသော မတင်တင်လှိုင်၏ ဘကြီးတော်သူ အိမ်သို့ သွားလည်ပြန်၏။ မတင်တင်လှိုင်၏ ရှက်ပြုံးက လေးပြုံးတာကို ထပ်တွေ့ရာမှ မတင်တင်လှိုင် ရန်ကုန်အပြန်တွင် ပက်ဂျိန်းလည်း ရန်ကုန်အထိလိုက်လာပြီး လေးငါးလ ကြာတော့ မတင်တင်လှိုင်၏ မိခင်ကြီး ထံတွင် လက်ထပ်ခွင့်တောင်း၏။

မိခင်ကြီးနှင့် ညီအစ်ကိုမောင်နှမတို့က နိုင်ငံခြားသား ဖြစ်၍ မပေးစားနိုင်ဟု အတိအလင်းငြင်းဆိုရာ မစ္စတာပက်က မင်းကုသထုံး နှလုံးမူကာ ဆက်ကြိုးစား၏။ မြန်မာမိတ်ဆွေများ၊ လုပ်ငန်းမှ တာဝန်ရှိသူများမှတစ်ဆင့် မတင်တင်လှိုင်၏ မိခင်ကြီးအား တကယ့် မေတ္တာစစ် မေတ္တာမှန်နှင့် မေတ္တာထားတာ ဖြစ်ကြောင်း ရှင်းပြရ၏။ မတင်တင်လှိုင်အားလည်း မိမိမေတ္တာကို ရှင်းပြရာမှ နောက်ဆုံး မစ္စတာ ပက်ဂျိန်း၏ မေတ္တာကို လက်ခံကာ လက်ထပ်ဖြစ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပါ၏။

ကျွန်တော်သည် မစ္စတာ ပက်ဂျိန်းရှင်းပြသည်ကို စိတ်ဝင်စားစွာ နားထောင်မိ၏။ သူ၏ မေတ္တာဇာတ်လမ်းတွင် စိတ်ဝင်စားစရာတွေ ပါနေ၏။ မစ္စတာ ပက်ဂျိန်းသည် တစ်ကမ္ဘာလုံးသို့ လှည့်လည်လာခဲ့ရာ သူသည် ပတ္တရာကမ်းခြေ၊ ဂျွန်တီယမ်ကမ်းခြေ၊ ဩစတြေးလျနှင့် အမေရိကန် ဖလော်ရီယာ ကမ်းခြေတို့တွင် မိန်းကလေးများစွာကို တွေ့ခဲ့ရသော်လည်း သူ၏ နှလုံးသားမေတ္တာသည် နိုးကြားခြင်းမရှိခဲ့။ မြန်မာအမျိုးသမီးလေး မတင်

www.burmeseclassic.com



တင်လှိုင်၏ ရှက်သွေးဖြာနေသော အပြုံး– ရှက်ပြုံးကိုတွေ့ရသောအခါမှ သူ၏ မေတ္တာစစ်သည် လူးလွန့် ရှင်သန်လာခဲ့သည်ဆို၏။

ကျွန်တော့် စိတ်ထဲတွင် မနက်က ဂျွန်တီယံကမ်းခြေတွင် သူတို့၏ ကိုယ်မှာတွေ့ရသော အရှက်လုံရုံလေးသာ ရှိနေသည့် မျက်နှာဖြူမလေးများ၊ ထိုင်းမလေးများကို ပြန်၍ မြင်ယောင်လာ၏။ အရှက်လုံရုံဟု ပြောရိုးပြောစဉ် စကားအရ ပြောလိုက်ရသော်လည်း တကယ်အားဖြင့် ဤမျှလောက် ဖုံးထားရုံဖြင့် အရှက်အတွက် မလုံလောက်နိုင်ပါ။ အရှက်အတွက်လုံခြုံမှုမရနိုင်ပါ။ ထို့ပြင် ယခု ကျွန်တော့်ရှေ့တွင် လှပသော ထိုင်းဝတ်စုံများနှင့် ငြိမ်သြောင်းသာယာစွာ ကနေသော ထိုင်းမလေးများကိုလည်း စူးစိုက်ကြည့်နေမိ၏။ ပက်ဂျိန်းကဲ့သို့သော ထောင်ထောင်မောင်းမောင်း အမေရိကန်ကြီး တစ်ဦးအား ပုလဲကဲ့သို့သော မြို့လေးတွင် မြန်မာအမျိုးသမီးလေးတစ်ဦးက တွေ့လိုက်ရသော အခါ ရှက်သွေးဖြာ၍ ခေါင်းကလေး ငုံ့သွားသော အမူအရာလေးကို ကျွန်တော့် မျက်စိတွင် မြင်လာမိပါ၏။ မစ္စတာ ပက်သည် အရှေ့တိုင်း၏ တကယ့်အလှကို မတင်တင်လှိုင်ထံတွင် ရှာဖွေတွေ့ရှိခဲ့သူဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၂)

# မုတ်သုံမလေး ပတ္တယာ

ကျွန်တော်တို့သည် **Ruen Thai** စာသောက်ဆိုင်မှ ပြန်လာကြပြီး မစ္စတာ ပက်နှင့် လူချင်းခွဲကာ ပတ္တယာ ကမ်းခြေ ညဈေးတန်းသို့ ထွက်လာခဲ့ကြ၏။ ကျွန်တော်သည် မစ္စတာ ပက်ဂျိန်းကို အားကျကာ ပတ္တယာ ကမ်းခြေတွင် ရက်သွေးဖြာနေသော ထိုင်းမလေးတစ်ယောက်ကို တွေ့လိုတွေ့ငြား လိုက်ရှာကြည့်မိ၏။ ရက်သွေးဖြာနေသော ထိုင်းမလေးတစ်ဦးကို ကြည့်၍ ကျွန်တော်သည် မစ္စတာ ပက်လို ရင်ဖိုချင်လာ၏။

ပတ္တယာကမ်းခြေကို ထိုင်းတို့ **Queen of Asia** ဟု တင်စားထား၏။ ပတ္တယာ ကမ်းခြေသည် အာရှတိုက်တွင်သာမက

BURMESE CLASSIC .com

www.burmeseclassic.com



ကမ္ဘာပေါ်တွင် ကျော်ကြားသော ကမ်းခြေတစ်ခု ဖြစ်၏။ ပတ္တယာ ဟူသော အမည်မှာ မိုးဦးကာလ အနောက်တောင်ဘက်မှ အရှေ့မြောက်သို့ တိုက်သောလေဟု အဓိပ္ပာယ်ရ၏။ ထိုလေသည် မုတ်သုံလေပင် ဖြစ်၏။ ပတ္တယာ၏ အမည်သည် မွန်ဆွန်းသို့မဟုတ် မုတ်သုန်မလေးဖြစ်၏။

ပတ္တယာသည် တံငါရွာလေးအဖြစ် နှစ်ပေါင်းများစွာ လူမသိ သူမသိ အေးချမ်းစွာတည်ရှိခဲ့၏။ ထိုအခါကတော့ ပတ္တယာကမ်းခြေ တံငါရွာလေးတွင် ရှာဖွေပါက အရက်တရားကို ကျိန်းသေ ရှာဖွေတွေ့ရှိနိုင်မည် ဖြစ်သည်။ သို့သော် ကျွန်တော်သည် ရက်သွေးဖြာနေသော ထိုင်းမလေးတစ်ဦးကို ပတ္တယာ ကမ်းခြေတွင် ရှာဖွေ တွေ့ရှိရန် အနှစ် ၂၀ နောက်ကျနေခဲ့ပြီ ဖြစ်သည်။

လွန်ခဲ့သော အနှစ် ၂၀ လောက်က ထိုင်းနိုင်ငံသို့ လာရောက်ခဲ့ကြသော အမေရိကန် ရေတပ်သား တစ်စုသည် ပတ္တယာ ကမ်းခြေကို တွေ့ရှိခဲ့၏။ သူတို့သည် ပက်ဂျိန်းက မတင်တင်လှိုင်၏ အလှကို တွေ့ရှိခံစားရသကဲ့သို့ ပတ္တယာ၏ အလှကို ထိုရေတပ်သားများ ထိုးဖောက်၍ မြင်ခဲ့ကြ၏။ ထိုအချိန်မှ စ၍ ပတ္တယာသည် ရိုးသားအေးချမ်းသော တံငါရွာလေးဘဝမှ အပန်းဖြေအနားယူရာ ခေတ်မီ ကမ်းခြေတစ်ခုအဖြစ်သို့ ရောက်လာခဲ့သည်။ ပတ္တယာသည် ယခုတော့ ခေတ်မီ ပင်လယ်ကမ်းခြေတစ်ခုမှသည် ခေတ်လွန် ပင်လယ်ကမ်းခြေ အပန်းဖြေအနားယူစခန်းအဖြစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ယခုတော့ အာရှသို့ ရောက်သူတိုင်း ဗန်ကောက်သို့ မရောက်ပါက ခေတ်မမီသကဲ့သို့ ဗန်ကောက်သို့ရောက်ပါလျက် ပတ္တယာသို့ မသွားလျှင် မပြည့်စုံရာ ကျနေပြီ ဖြစ်ပါ၏။

ပတ္တယာသည် အနှစ် ၂၀ အတွင်း လုံးလုံးလျားလျားကြီး ပြောင်းလဲခဲ့ပြီ ဖြစ်၏။ ယခင်က တံငါသည်မလေး ပတ္တယာသည် ယခုတော့ မိုးထိုးတိုက်ကြီး၊ ရောမ ဇိမ်ခံဟိုတယ်ကြီးများ၊ ဖျော်ဖြေစရာ ပျော်ရွှင်စရာ ကပွဲရုံကြီးများ၊ စတိုးဆိုင်ကြီးများ၊ ရောမ ကုန်စုံဆိုင်ကြီးများဖြင့် ရမ္မက်မျိုးစုံကို ရှာဖွေ ရယူနိုင်သော အပန်းဖြေအနားယူရာ ပင်လယ်ကမ်းခြေ တစ်နေရာ အဖြစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါ၏။

ပတ္တယာကမ်းခြေ ညဈေးက စည်ကား၏။ ကမ်းခြေတစ်လျှောက် အရောင်းဆိုင်ပေါင်း များစွာရှိ၏။ စားသောက်ဆိုင်ပေါင်း များစွာလည်း ရှိသည်။ ပင်လယ်စာ အရောင်းဆိုင်များလည်းပေါ၏။ ပုံတူရေးဆွဲသည့် ပန်းချီခန်းများ၊ ထီး ဖိနပ် လက်ဆွဲ အိတ်နှင့် လက်ဆောင်ပစ္စည်း အရောင်းဆိုင်၊ နာရီ၊ ရေဒီယို၊ ကက်ဆက်နှင့် အဝတ်အထည်မျိုးစုံ ဆိုင်များအပြင် ဘီယာဆိုင်၊ ဘီယာခန်း၊ ကော်ဖီဆိုင်၊ ကော်ဖီခန်းတွေကလည်း များလှသည်။ ကော်ဖီဆိုင်၊ ဘီယာဆိုင်များတွင် ထိုင်းမလေးများကို များစွာ ရ၏။ သူတို့သည် အရှက်လုံရုံမျှသော အဝတ်အစားလေးများဖြင့် လူမြင်ကွင်းတွင် ဖောက်သည်ရှာနေကြ၏။ အချို့က အတွင်းခံ ပိုးဘောင်းဘီလေးနှင့် ဘရာစီယာ အပါးလေး တစ်ခုကိုသာ ဝတ်ပြီး အားလုံး တိုးလျှိုပေါက် မြင်နေရ၏။ ဝတ်သူတို့က ဝတ်ရဲ၍ ဝတ်ထားကြသော်လည်း မြင်ရသူက ရဲရဲ မကြည့်ဝံ့ကြ။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုဘီယာဆိုင်များ ကော်ဖီဆိုင်များတွင် ဘီယာ ဝင်သောက်မည်၊ ကော်ဖီဝင်သောက်မည်ဟု ဆိုပါက ထိုကောင်မလေးများနှင့် ခေါင်းချင်းဆိုင်၍ အရက်သောက်၍ ရသည်။ ထို့နောက်တော့ သူလေးတို့ တစ်တွေအား ညီမလေးတစ်ယောက်လို ဖက်ထား၍လည်း ရသည်။ ထိုကလေးမလေးများ၏ နှုတ်ခမ်းလေးများကို နမ်းလို့လည်းရသည်။ ထို့ထက်ပို၍ ဆန္ဒရှိလာပါကလည်း ထိုင်း ကောင်မလေးများက စိတ်မဆိုးတတ်။ သူတို့က ကျေနပ်အောင် လိုက်လျောဖို့ အသင့်ရှိပါ၏။

ကော်ဖီဆိုင်လေးတစ်ဆိုင်တွင် တိုင်းမလေး တစ်ဦးနှင့် မျက်နှာဖြူ အမျိုးသားတစ်ယောက် ရပ်ရှင်ထဲမှာလို နမ်းနေကြ၏။ ကောင်မလေးအရပ်က နိမ့်နေ၍ သူ၏ ခုံမြင့် ဖိနပ်ပေါ်တွင် ထပ်၍ ခြေဖျားထောက်ရင်း ခါးလေးကိုကော့ကာ သူ့နှုတ်ခမ်းလေးများကို မျက်နှာဖြူကြီးအား ထိုးပေးနေ၏။ မျက်နှာဖြူကြီးကလည်း သူ၏ ခါးကို လေးကိုင်းလောက်နီးနီး ကွေးကာ တစ်စုံတစ်ခုသော ခံစားရမှု ရမွှက်အတွက် မအားဘဲဖြစ်နေ၏။

ပတ္တာယာ ကမ်းခြေတွင် ထိုကဲ့သို့ နှစ်ဦး ဖက်၍ နမ်းရှုပ်နေကြသည်ကို မည်သူကမှ ရှက်ရမည်အရာဟု မသတ်မှတ်ကြ။ ဘယ်သူကမှလည်း မဟန့်တားကြ။ ဟန့်တားမည့်သူလည်း မရှိ။ ကိုယ်လုံးတီးနီးပါး အဝတ်အစားများနှင့် သွားနေသည်ကိုလည်း မည်သူကမှ ရှက်ရကောင်းမှန်း မသိပါ။ ကော်ဖီဆိုင်တိုင်းတွင်

BURMESE CLASSIC .com

www.burmeseclassic.com



ဖွင့်လှစ်နေသော တေးသွားတို့က နှလုံးသား အာရုံကို နှိုးကြွစေကာ ဆိုင်တစ်ဆိုင်တွင်တော့ ကပ္ပလီ အမျိုးသားကြီး လေးငါးယောက်နှင့် ထိုင်းမလေး ဆယ်ယောက်သည် ဘီယာများနှင့် ပက်လိုက် ဝါးလုံးကွဲ ရယ်လိုက်ဖြင့် သူတို့သည် တီထွေးကြီးလိုလုံးနေကြပါ၏။ တစ်ခါတစ်ရံ ကပ္ပလီကြီးက လိုက်သည်ကို ထိုင်းမလေးများက တိုင်ပတ်၍ ပြေးနေကြ၏။

ကျွန်တော်တို့သည် ပတ္တယာ၏ကမ်းခြေ ညချမ်းတွင် ဆက်၍ လမ်းလျှောက်လာခဲ့ကြ၏။ ထိုကဲ့သို့သော ကော်ဖီဆိုင်များကား ပတ္တယာ ကမ်းခြေသို့ ရာနှင့်ချီ၍ ရှိနေ၏။ ပတ္တယာ ကမ်းခြေသို့ လာရောက်သော နိုင်ငံခြားသား ဧည့်သည်များထက် ထိုဆိုင်များတွင် ဧည့်ခံဖျော်ဖြေသော ထိုင်းမလေးများ၏ အရေအတွက်က ပိုများ၏။ သူတို့သည် အသက်အရွယ်မျိုးစုံဖြစ်သည်။ အသက် ၁၅ နှစ် ဝန်းကျင် မိန်းကလေးများပင် တွေ့ရပြီး လှပသော ကောင်မလေးများ၊ ဖြူဖြူချောချော မိန်းကလေးများနှင့် အတော့်ကို အကျည်းတန်အရုပ်ဆိုးလှသော မိန်းကလေးများကိုလည်း တွေ့ရ၏။ မျက်နှာဖြူများသည် အသားမည်းမည်း အရုပ်ပုပု အတော်အတန် မပြေမပြစ်ရှိသော မိန်းကလေးများကို ပိုမို နှစ်သက်မက်မောစွာ တွဲတတ်၏။ ကျွန်တော်တို့ မျက်စိတွင် လှလှပပရှိသည်ဟု ထင်သူများကို သူတို့က မရှိသုံးသဘောထားကာ အရုပ်ပုပု အချိုးအဆစ် မပြေမပြစ်ရှိလျှင် သူတို့က တွဲခုတ်၏။ ဥရောပသူတို့သည် အသားဖြူ အရုပ်ရှည်သူများဖြစ်ကြ၍ သူတို့ဆီ၌မရှိသော အရုပ်ပုပု အသားမည်းမည်း အကျည်းတန်တန် မိန်းကလေးများကို အသစ်အဆန်းသဖွယ် သူတို့

www.burmeseclassic.com



စွဲလမ်းနေကြတာလားဟု ကျွန်တော်ထင်မိ၏။ ထို့ကြောင့်လည်း အရပ်ဆိုးနေမှုသည် ရမ္မက်တစ်ပါးဖြစ်ကာ ပတ္တယာ ကမ်းခြေတွင် အရပ်ဆိုးရုံမျှနှင့် လူရာမဝင်မဖြစ်။ ပတ္တယာတွင် အရပ်ဆိုး အသားမည်းမည်း မိန်းကလေးဟူက သူ့ညှော်နှင့် သူ့ဖောက်သည် ရှိကြသည်သာ ဖြစ်၏။ ပတ္တယာကမ်းခြေ၏ ညချမ်းတွင် ကပွဲများ ဆိုသည်ကလည်းအားလုံးသော ထိုင်းမလေးများက ကိုယ်လုံးတီး ချွတ်၍ က၍ ကပွဲများက များ၏။ **Ruen Thai** လို ရိုးရာကပွဲ ဆိုင်ကြီးများက ကမ်းခြေဘက်တွင် မရှိ။ တကယ်တော့ ပတ္တယာ ကမ်းခြေတွင် အရက်တရားမှလွဲ၍ အကုန် ရှာ၍ ရရှိ၏။ အရက်ကိုကား ပတ္တယာတွင် ရှာ၍မရ။ ပတ္တယာတွင် အစုံရနိုင်သည့်၊ လိုတာကို ခံစား၍ ရနိုင်သည့် ဇိမ်ခံ၊ ဟိုတယ်ကြီးများ၊ ဧရာမ စားသောက်ဆိုင်ကြီးများ ရှိ၍ ငွေ ရှိလျှင် ဘာမဆို ရနိုင်သည်ဟု ဆိုသော်လည်း ပတ္တယာတွင် ရမ္မက်အမျိုးစုံကို ရရှိခြင်းသာ ဖြစ်၍ ဤနေရာ ဤဒေသတွင် အရက်တရား ကိုကား လုံးဝ ရှာဖွေတွေ့ရှိနိုင်ခြင်းမရှိ။

ပတ္တယာကမ်းခြေတွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် များလည်း အလွန်များ၏။ သို့သော် ညှော်ခံသော ထိုင်းမလေးများ အရေအတွက်က နိုင်ငံခြားသား အရေအတွက်ထက် ပို၍ များသည်။ အရွယ်မျိုးစုံ၊ အလှအပမျိုးစုံ၊ အရပ်ဆိုး အကျည်းတန်တန်၊ ပိန်ပိန်၊ ဝဝ၊ သေးသေး ကွေးကွေး၊ ကြီးကြီးမားမား၊ အမျိုးသမီး များ အစုံရှိသည်။ ဤလုပ်ငန်းသည် ထိုင်းနိုင်ငံတွင် မည်သို့ မည်ပုံ စခဲ့သည်မသိ။ နိုင်ငံအား အရပ်ဆိုးစေသော ကိစ္စဖြစ်၍ ဟန့်တား ရန်ပင် အခက်ရှိနေပြီဖြစ်၏။ ပတ္တယာကမ်းခြေတွင် ညလုံးပေါက်

www.burmeseclassic.com



သောင်းကျန်းကြ၏။ ကျွန်တော်တို့လည်း မမြင်ဖူး မတွေ့ဖူး တာများကိုကြည့်ရင်း သန်းခေါင်ကျော်မှ ဟိုတယ်သို့ ပြန်ခဲ့ကြ၏။

ဟိုတယ်သို့ ပြန်ရောက်တော့ ကျွန်တော်သည် အရှက်တရား ကိစ္စကို ဆက်၍ စဉ်းစားမိ၏။ မနက်က ကျွန်တော်တို့ သွားခဲ့ သော ဂျွန်တီယမ် ကမ်းခြေသည် ရေကူး လှေစီးရန် ပတ္တယာ ကမ်းခြေထက် ပိုမိုကောင်းမွန်၏။ ဂျွန်တီယမ်တွင် လာရောက် အနားယူသူ နိုင်ငံခြားသားများနှင့် ဒေသခံ ထိုင်းအမျိုးသားတို့ မှာလည်း ထောင်နှင့် သောင်းနှင့် ချီရှိ၏။ ထန်းလက်တဲလေး များ ပက်လက်ကုလားထိုင်များကို ငှား၍ တစ်နေကုန် အပန်းဖြေ အနားယူနိုင်၏။

ထိုကမ်းခြေ၏ သောင်ပြင်ပေါ်၌ တစ်ဦးနှင့် တစ်ဦး ဖက်၍ နမ်းနေသည်ကို ဘယ်သူကမှ ရှက်စရာဟု မထင် မှတ်ကြ။ ရေကူးဝတ်စုံ ဝတ်၍ ရေချိုးသော အမျိုးသမီးသည် ဤ ကမ်းခြေတွင် အတော်ကြီး ထူအသော၊ အတော်ကြီး အရှက်ကြီး သော အမျိုးသမီး ဖြစ်၍ အားလုံးသည် ရွှေရင်အစုံကို လုံရုံလေး ဖုံးကာ ဘီကီနီလို အဝတ်လေးများနှင့်သာ ဖြစ်သည်။

ကျွန်တော်သည် မစ္စတာ ပက်ဂျိန်း၏ ချစ်မေတ္တာ ရှင်သန် လာပုံကို ပြန်၍ စဉ်းစားမိ၏။ ပက်သည် အမေရိကန်လူမျိုး ဖြစ်သည်။

www.burmeseclassic.com



ကမ္ဘာ့နေရာအနှံ့သို့ ရောက်ခဲ့၍ ပတ္တယာကဲ့သို့သော နေရာသည် သူ၏ စားအိမ်သောက်အိမ် ဖြစ်သည်။ ရဟတ်ယာဉ် မောင်းသမား မစ္စတာ ပက်ဂျိန်းသည် ကမ္ဘာကြီးအား မိုးပေါ်မှ ကြည့်နိုင်ခဲ့သူ ဖြစ်၏။ ပက်ကမြန်မာပြည်မှာ ဟယ်လီကော်ပတာ လျှောက်စီးရအောင် သူယူလာခဲ့မည်။ အဲဒီမှာ မောင်းခွင့်ရအောင် တောင်းထားပါဟုဆိုကာ ကျွန်တော်တို့ထံသို့ တဲလက်စ် ရိုက်ဖူး၏။ သူက ကမ္ဘာလှည့် ခရီးသည်များ၊ ပြည်တွင်းခရီးသည်များကို ဟယ်လီကော်ပတာနှင့် ကောင်းကင်မှ လိုက်ပို့ကာ ငွေရှာရေး အစီအစဉ်ကိုလည်း ဆွေးနွေးခဲ့ဖူး၏။ ကျွန်တော်က ထိုကိစ္စကို ဘယ်သူ့ထံတွင် ဘယ်လိုအခွင့်တောင်းရမည်ကို မသိသဖြင့် သူ့ထံလည်း ဘာစကားမှ မပြန်ခဲ့တော့။ တစ်ကမ္ဘာလုံး သူမရောက် ဖူးသည့်အရပ် သူမသိဖူး မမြင်ဖူးသော အရာဟူ၍ မရှိသော ပက်ဂျိန်းသည် အရှက်တရားနှင့် အကြောက်တရားကိုကား သူမတွေ့ဖူး မမြင်ဖူးဘဲ ရှိနေ၏။

အရှေ့တိုင်းသားတို့သည် အရှက်အကြောက်ကြီးကြသည်။ မြန်မာအမျိုးသမီးလေးများသည် ယခင်ကဆိုလျှင် ရင်သားရှိ သည်ကိုပင် ရှက်စရာဟု ဆိုကာ အပျိုဖော်ဝင်စ မိန်းကလေးများ သည် ရင်သားကို အဝတ်စများနှင့် စည်းကာ ချိတ်ကြီးများနှင့် တွယ်ထားကြ၏။

မြန်မာမိန်းကလေးများသည် သူစိမ်းတစ်ရံဆံ မဆိုထားဘိ။ အစ်ကို၊ မောင်တို့ရှေ့တွင်ပင် အရှက်အကြောက်ကြီးကြ၏။ မိန်း ကလေးတစ်ဦး၏ မမြင်သင့် မမြင်အပ်သော အရာကို မမြင်ရ

BURMESE CLASSIC .com

www.burmeseclassic.com



အောင် စောင့်ထိန်းကြ၏။ အရွယ်ရောက်၍ ချစ်သူနှင့် မေတ္တာမျှကြလျှင်ပင် တစ်ဦးနှင့်တစ်ဦး ပဝါတစ်ကမ်းမှ လက်တစ်လှမ်းနေ၍ စကားပြောကာ သုံးနှစ်သုံးမိုး လေ့လာပြီးမှ လက်ထပ်ကြ၏။

မြန်မာအမျိုးသမီးတို့သည် လက်ထပ်ပြီး၊ သားဖွားပြီးသည့်တိုင် အရှက်တရား၊ အကြောက်တရားတို့ကို စောင့်ထိန်းတတ်ကြ၏။ မြန်မာအမျိုးသမီးတို့သည် အရှက်ကို အသက်နှင့် လဲ၍ ကာကွယ်တတ်ကြ၏။

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၃)

# အရှက် နှင့် အသက်

ကျွန်တော်သည် မြန်မာတို့၏ အရှက်တရား အကြောက်တရား ရှိပုံကို ဆက်၍ စဉ်းစားနေမိ၏။ ကျွန်တော်တိုလူမျိုးသည် အရှက်အကြောက်ကြီးသော လူမျိုး ဖြစ်သည်။ မြန်မာစာပေတွင် အရှက်အကြောက်နှင့် ပတ်သက်၍ ဆုံးမစာများ၊ ဩဝါဒစသည်များ သာမက ကဗျာ လင်္ကာနှင့် ဝတ္ထုဆောင်းပါးတို့နှင့် ရေးဖွဲ့ဆိုမှုအများအပြားရှိ၏။

ကျွန်တော်သည် အရှက်နှင့် အသက်ကို တင်စားထားသော မြန်မာဝတ္ထုတို တစ်ပုဒ်ကို ဖတ်ဖူးပါ၏။ ထိုဝတ္ထုကို မည်သူရေးသည်။ ဘယ်စာအုပ်တွင် ဖတ်ဖူးသည်ကိုကား မမှတ်မိတော့ပါ။ စာရေးသူသည် ဆရာ ရန်ကုန် ဘဆွေ ဟူ၍တော့ ထင်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ဝတ္ထုက နိုင်ငံရေးသမား တစ်ဖွတ်ထိုးသမား လူဆိုးကြီး တစ်ဦးအကြောင်း ဖြစ်၏။ သူသည် အစိုးရဆန့်ကျင်ရေးလုပ်ငန်းများကို လုပ်ဆောင်သောကြောင့် အစိုးရဘက်မှ သူ့ကို အလိုရှိနေ၏။ ထိုလူဆိုးကြီးတွင် သမီးလေးတစ်ယောက်ရှိသည်။ ရဲများကလည်း သူတို့အိမ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။ တစ်နေ့တွင်တော ရဲများနှင့် အရပ်လူကြီးများသည် လူဆိုးကြီး၏ အိမ်ကို တိတ်တဆိတ် ဝိုင်းထားလိုက်ကာ အိမ်ပေါ်မှ အရိပ်အခြည်ကို စောင့်ကြည့်နေကြ၏။

သို့သော် အချိန်အတော်ကြာသည့်တိုင် အိမ်ပေါ်မှ ဘာသံကိုမျှ မကြားရ။ သို့သော် အိမ်ထဲတွင် တစ်စုံတစ်ယောက်ရှိသောလက္ခဏာကိုတော့ တွေ့ရသည်။ ထို့ကြောင့်ပင် ရဲတပ်ဖွဲ့ဝင်များသည် အပြင်မှနေ၍ လူဆိုးကြီးအား အေးဆေးစွာ အဖမ်းခံရန် အသံပေး၍ ပြောလိုက်သည်။

"ဦးယက္ခ ခင်ဗျားအိမ်ကို အားလုံးဝိုင်းထားပြီ။ ပြေးလို့မလွတ်နိုင်တော့ဘူး။ အဖမ်းခံပါ"ဟု အော်ပြော၏။ ထိုသို့ အော်၍ ပြောသော်လည်း အတွင်းမှ တစ်စုံတစ်ရာ မထူးခြားဘဲ ပထမလှုပ်ရှားမှုလေးများပင် ပျောက်သွား၏။ ထို့ကြောင့် အပြင်မှ ဝိုင်းထားကြသူများသည် ထပ်မံ၍ အော်ပြန်၏။ ထပ်၍ အော်ပြောသော အခါတွင် အိမ်အတွင်း၌ တစ်စုံတစ်ယောက် ရှိနေသည့် လက္ခဏာကို တွေ့ရပြန်၏။ ထို့ကြောင့် ထပ်မံ ဟစ်အော် သတိပေးသော်လည်း တစ်စုံတစ်ရာ ဘာမျှ မတုံ့ပြန်သောကြောင့် ဝိုင်းထားသူတို့သည် အိမ်အတွင်းသို့ဝင်ရန် ဆုံးဖြတ်လိုက်ကြ၏။

www.burmeseclassic.com



"ဦးယက္ခ–လက်နက်ချပါ။ ကျုပ်တို့ ခင်ဗျားအိမ်အတွင်းသို့ ဝင်ရောက် ဖမ်းရပါမည်"ဟု ဆိုလိုက်သောအခါမှပင် အထဲမှ မိန်းကလေးတစ်ဦးက "ဘယ်သူမှ အထဲကို ဝင်မလာပါနှင့်" အိမ်ထဲမှာ အဖေမရှိဘူး။ အိမ်ထဲကို ဘယ်သူမှ ဝင်မလာပါနှင့်စ့" ဟု အော်၍ ပြောပါ၏။ ထိုအခါ အပြင်မှနေ၍ "ဒီလိုဆို မိန်းကလေး ထွက်ခဲ့ပါ"ဟု ဆိုသောအခါ အိမ်ထဲမှ မိန်းကလေးက "မထွက်နိုင်ဘူး၊ ဘယ်သူမှ အိမ်ထဲမဝင်ခဲ့ပါနှင့်"ဟု ဆို၏။ ထိုအခါ ရဲအဖွဲ့ဝင်များနှင့် ရပ်ကွက်လူကြီးများက အိမ်တွင်း၌ ဦးယက္ခရှိနေသည်မှာ အမှန်ဖြစ်သည်။ သမီးက ဖခင်ကြီးအား ကာကွယ်လို၍ ထိုသို့ ပြောနေခြင်းဖြစ်မည်ဟု ဆုံးဖြတ်ကာ အိမ်အတွင်းသို့ ဝင်ရောက် ဖမ်းဆီးရန် ဆုံးဖြတ်ခဲ့၏။ ထိုသို့ ဆုံးဖြတ်ပြီး မိမိတို့သည် အိမ်အတွင်းသို့ ဝင်ရောက်ရတော့မည်ဖြစ်ကြောင်း သတိပေးပြောဆိုကာ အိမ်အတွင်းသို့ ဝင်ရောက်ရန်လည်း ပြင်ဆင်ကြတော့၏။ အိမ်ထဲသို့ဝင်ရန် ပြင်ဆင်ချိန်တွင် ဗိုးခနဲ မြည်ကာ အိမ်အတွင်းမှ လုံတစ်ချောင်း ထွက်လာပြီး မြေတွင်လာ၍ စိုက်၏။ ထိုလုံသည်ကား ဦးယက္ခကိုယ်တိုင် ကိုင်ဆောင်သော လုံဖြစ်၏။

အတွင်း၌ ဦးယက္ခရှိနေသည်မှာ သေချာပြီ ဖြစ်သည်။ သမီးဖြစ်သူက ကြံရာမရ၍ ဖခင်အား ကာကွယ်ရန်၊ မည်သူမျှ အိမ်တွင်းသို့ မဝင်ရောက်ရန် ပြောဆိုခြင်းမှာ ပို၍ သေချာလာ၏။ ထို့ကြောင့် ဝိုင်းထားသူများသည် အသင့်နေရာယူကြ၏ အိမ်အတွင်းသို့ စတင်ဝင်ရောက်ကြ၏။ ဝင်ရောက်သူများသည် အတော်ကြီး သတိထား၍ ဝင်ကြ၏။ သို့သော် အိမ်အတွင်းသို့ ရောက်သောအခါ အိမ်ရှေ့ခန်းတွင် မည်သူ့ကိုမျှ မတွေ့ရ။ ဖိနပ်

BURMESE CLASSIC .com

www.burmeseclassic.com



ချွတ်ကို သတိထားကြည့်သော်လည်း ဖိနပ် တစ်ရန်မျှပင် မရှိ။ အိမ်ရှေ့ခန်းက ရှင်းနေသည်။ ဘာပစ္စည်း တစ်ခုမှမရှိ။ သင်ဖြူး တစ်ချပ်ပင် ခင်းထားခြင်းမရှိပါ။ သို့သော် အိမ်ထရံတွင် ဗိုလ်ချုပ် အောင်ဆန်း ဓာတ်ပုံ တစ်ခုကို ညှပ်ထားသည်ကို တွေ့ရ၏။ လူကြီးများသည် အခန်းတွင်းသို့ ဝင်ရောက်ရှာဖွေခြင်းမပြုသေးမီ အသံပေး၍ "ဦးယက္ခ ကျွန်တော်တို့ အားလုံး အိမ်ကိုလည်းဝိုင်း ထားပြီးပြီ။ အိမ်ပေါ်လည်း ရောက်နေပြီ။ အေးဆေးစွာ အဖမ်း ခံပါ" ဟု ပြော၏။ အိမ်အတွင်းမှ ဘာသံမှ ထွက်၍ မလာတော့။

မိမိတို့အိမ်အောက်တွင်ရှိစဉ်က ကြားရသော ဦးယက္ခသမီး ငယ်၏ အသံပါပျောက်သွား၏။ အခန်းတွင်း၌ လူတစ်ယောက်ရှိ နေသည့် အသံမျှပင် မကြားရတော့ဘဲ တိတ်ဆိတ်သွား၍ လူကြီးများသည် တစ်ဆင့်တက်ကာ အိမ်ခန်းတွင်းသို့ ဝင် ရောက် ရှာဖွေ၏။ အိမ်ခန်းတွင်း၌လည်း ဘာပစ္စည်းမှ မရှိ။ နိုင်ငံရေးစိတ် ထက်သန်သော ဦးယက္ခသည် တော်လှန်ရေးတွင် ပါဝင်ခဲ့သော်လည်း လွတ်လပ်ရေးရပြီးခါစ အစိုးရကို ဆက် လက် ဆန့်ကျင်ကာ သူ့ဘဝလည်း ဘာမျှရေရေရာရာမရှိသည် မှာ အမြင်အတိုင်း ဖြစ်၏။

ရဲအဖွဲ့ဝင်များက ဦးယက္ခအား ထွက်လာရန်၊ အေးအေးစွာ အဖမ်းခံရန် မေတ္တာရပ်ခံ၏။ သို့သော် တစ်အိမ်လုံး ဘာသံမျှ မကြားရတော့။ ယခင်က အသံကြားနေရသော အမျိုးသမီးငယ် သည်ပင် ပျောက်ခြင်းမလှ ပျောက်သွား၍ အတွေးရ အတော် ခက်သွား၏။

www.burmeseclassic.com



တစ်အိမ်လုံး မွှေနှောက်ရှာဖွေသော်လည်း ဘာမှ မတွေ့ရ။ မီးဖိုချောင်တွင် ထင်းစတစ်ချောင်းပင် ရှာ၍မရ။ မျက်နှာကျက် ထုတ်တန်း စသည်တို့တွင်လည်း ဘာမှ မရှိ။ အိမ်တွင်းပစ္စည်း ဟူ၍လည်း ဘာမျှမရှိ၍ အထူးရှာဖွေရန်ပင်မလိုဘဲ ရှင်းနေ၏။ သို့သော် အခန်းထောင့် တစ်နေရာတွင် စပါးဆယ်တင်းခန့်ဝင် သော ပုတ်တစ်ခုကို မှောက်လျက်သား တွေ့နေရ၏။ ဦးယက္ခ နှင့် သမီး ဖြစ်သူတို့သည် ဤ ပုတ်ကြီးအောက်တွင် ပုန်းနေမည် မှာ သေချာလှ၏။ ထို့ကြောင့် ရဲအဖွဲ့ဝင်များနှင့် လူကြီးများသည် ဤပုတ်ကြီးအား ဖွင့်၍ ရှာရုံမှတစ်ပါး အခြားလုပ်စရာမရှိတော့။

သို့သော် ဦးယက္ခသည် တစ်စုံတစ်ရာဖြင့် အထဲမှ ခုခံသော် ဟန့်တားနိုင်ရန်အတွက်လည်း အသင့်ပြင်ဆင် ထားလိုက်ကြရ ၏။ အရပ်လူကြီး နှစ်ဦးက မှောက်ထားသော ပုတ်ကြီးကို လှန်ချ လိုက်ပါ၏။ အထဲ့တွင် အပေါ်ပိုင်း အဝတ်အစားမရှိဘဲ စုတ်ပြဲနေ သော ထဘီလေးဖြင့် အောက်ပိုင်းအရှက်လုံရုံ ဝတ်ထားသော မိန်းကလေး တစ်ဦးကိုသော မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။ မိန်းကလေးသည် ခေါင်းကိုငုံ့ကာ မိမိလက်နှစ်ဖက်ဖြင့် အရှက် ကို တတ်နိုင်သမျှ ဖုံးကွယ်လျှက် ဖြုန်းခနဲ ဝိုင်းကြည့်လိုက် ကြသော မျက်လုံးများ၏ ဒဏ်ကို ကြံ့ကြံ့ခံကာ ကာကွယ်ရင်း မိမိအရှက်ကို လုံအောင် ဖုံးကွယ်ထားသည်ကို တွေ့ရ၏။

လူကြီးများလည်း မမျှော်လင့်သည်ကို ဖြုန်းခနဲ တွေ့ရ၍ အံ့အားသင့်နေရာ ပုတ်ကြီးအား ပြန်၍ မှောက်ချလိုက်၏။ ရပ်ရွာ လူကြီးများသည် မိန်းကလေးက ဘာကြောင့် အိမ်ပေါ်သို့

www.burmeseclassic.com



မတက်ရန် ဟစ်အော်ပြောဆိုသည်ကို သဘောပေါက်သွားကြ၏။ ထို့နောက် လူကြီးများ အိမ်ပေါ်သို့ တက်လာတော့မည်ကို သိသောအခါ မတတ်သာတော့သည့်အဆုံး ဖခင်လုံတံဖြင့် ပစ်ပေါက်၍ ကာကွယ်မှုကိုလည်း သဘောပေါက်လာမိကြ၏။

ရပ်ရွာလူကြီးများသည် မမျှော်လင့်သော ဖြစ်ရပ်ကိုတွေ့ရှိကာ စိတ်မကောင်းခြင်းကြီးစွာဖြင့် အိမ်ပေါ်မှ ဆင်းခဲ့ကြ၏။ မိန်းကလေးက **"အဖေမရှိဘူး၊ ဘယ်သူမှ အထဲကို ဝင်မလာပါနှင့်"** ဟု ဘာကြောင့် အော်ပြောသည်ကို သဘောပေါက်သွားခဲ့ကြ၏။

လူကြီးများသည် ဖခင်ဖြစ်သူအား ဖမ်းဆီးရန် လာရောက်ခါမှ မမျှော်လင့်သော ဖြစ်ရပ်နှင့်ကြုံခဲ့ပြီး စိတ်မကောင်းစွာဖြင့် အိမ်သို့အသီးသီး ပြန်သွားခဲ့ကြ၏။

ထို ဝတ္ထုလေးသည် ဤတွင် အဆုံးသတ်ဖို့ ကောင်းပါ၏။ သို့သော် ထိုဝတ္ထုလေးကား ဤတွင်အဆုံးမသတ်သေး။ နောက်တစ်နေ့နံနက်တွင် ဦးယက္ခ၏ ခြံဝင်းအတွင်းရှိ မန်ကျည်းပင်ကြီးတွင် သမီးဖြစ်သူ ကလေးမလေးသည် စောင်ငယ်လေး တစ်ပိုင်းကို ပတ်ကာ ဆွဲကြိုးချ၍ သေနေသည်ကို တစ်ရွာလုံး စိတ်မကောင်းစွာ ဝိုင်းကြည့်နေကြ၏။

သမီးငယ်သည် မိမိ၏ အရှက်တရားကို သူတစ်ပါးတို့မြင်ခဲ့ပြီး ဖြစ်မှတော့ လူ့ဘဝတွင် လူအဖြစ် ဆက်လက်အသက်ရှင်နေထိုင်ရန် အကြောင်းမရှိတော့။ သမီးငယ်သည် အသက်နှင့်

BURMESE CLASSIC .com

www.burmeseclassic.com



လူလုပ်နေခြင်းမဟုတ်ဘဲ အရှက်နှင့် လူလုပ်နေခြင်းဖြစ်၍ မိမိ အရှက်တရားအတွက်၊ ထိုနေ့ညက အရှက်အတွက် အသက်ကို ပေး၍ အဆုံးစီရင်လိုက်ခြင်းဖြစ်၏။

ထိုဝတ္ထုမှာ မြန်မာတို့၏ အရှက်အကြောက်တရား ကြီးမားပုံကို ဖွဲ့ဆိုထားသော တော်လှန်ရေးဝတ္ထု တစ်ပုဒ် ဖြစ်ပါ၏။ မြန်မာအမျိုးသမီးများအတွင်း ဤကဲ့သို့ အရှက်အတွက် အသက်ကို အသေခံခဲ့ကြသူများလည်း အများအပြားဖြစ်သည်။

မိဖုရားစောလုံသည် အရှက်အတွက် အသက်ကို မငဲ့ခဲ့သော မိဖုရား တစ်ဦးဖြစ်ပါ၏။ ပုဂံခေတ် နရသီဟပတေ့ တရုတ်ပြေးမင်းတွင် မိဖုရားကြီး ငါးဦးရှိ၏။ ထိုအထဲတွင် စောလုံသည် ထင်ရှားသော မိဖုရားတစ်ပါး ဖြစ်သည်။ မင်းကြီးသည် နွေအခါ နန်းတော်မှ မြစ်ဆိပ်အရောက် တဲတန်းလျားများ ထိုးကာ မိဖုရား မောင်းမတို့ဖြင့် ရေဖျန်းပက်ကစားတတ်၏။

တစ်နေ့တွင် နရသီဟပတေ့မင်းကြီးသည် ကျီစယ်လိုသောအားဖြင့် မောင်းမငယ်တစ်ဦးအား စောလုံ၏ ဆံပင်နှင့်တကွ တစ်ကိုယ်လုံး ရေရွှဲအောင်လောင်းစေ၏။ စောလုံသည် ထိုသို့ပြုလုပ်ခြင်းခံရသည်ကို အရှက်ကြီး ရှက်၍ အများရှေ့တွင် ထိုသို့ပြုရလေသလောဟု ရှက်စိတ်ဖြင့် မင်းကြီး၏ စားတော်ပွဲတွင် အဆိပ်ခတ်၍ သတ်လေ၏။

မင်းကြီးသည် စားတော်ပွဲကို စားသုံးရန် ပြုလုပ်ပြီးမှ နိမိတ်မကောင်းဟုဆိုကာ မစားသေးဘဲ လွတ်ကျသွားသော အသား

BURMESE CLASSIC .com

www.burmeseclassic.com



တုံးကို ခွေးအားကျွေးလေသော် ခွေးသည် ခဏာနှင့်သေလေ၏။ ထိုအခါ စောလုံက မကွယ်မထောက်ဘဲ အများရှေ့တွင် အရက်ခွဲ၍ ငါကြံသည်ဟု ဆိုလေရာ ဘုရင်လည်း စောလုံးအား သံကျပ်စင်ပေါ်တွင် ဖိုထိုးကျပ်တင်၍ သတ်၏။ စောလုံးသည် သံကျပ်ရဲရဲထက်သို့တက်ကာ အရက်အတွက် ရဲရဲဝံ့ဝံ့ပင် အသေခံ၏။

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၄)

# ရမ္မက်စုံတွေ သည်ကမ်းခြေ

ပတ္တာယာ ကမ်းခြေကို ထိုင်းတို့က **The place for all Tastes** ဟုတင်စားကြ၏။ထိုစကားလုံးသည်အမှန်ပင်ဖြစ်သည်။ပတ္တာယာ ကမ်းခြေတွင် ရသာစုံရသည်။

သောတအာရုံနှင့် ပတ်သက်၍ ငြိမ့်ညောင်းသာယာသော အသံများကို နားဆင်လိုပါက ရှေးယိုးဒယား သီချင်းကြီး၊ သီချင်းခံ့များမှအစ ယခု နောက်ဆုံး ရုပ်ရှင်ကားကြီးများထဲမှ သီချင်းများ၊ ဘီသိုဗင်နှင့် မိုးဇက်၏ တေးသွားများ၊ ဂျိန်းလပ်စ်၏ **Star Parade** ထဲမှ သံစုံတီးဝိုင်းကြီးများကဲ့သို့ ဂီတဝိုင်းများ

www.burmeseclassic.com



အနက် မည်သည့်အရာကို နားထောင်လိုသနည်း။ နားထောင်လိုသော သောတအာရုံကို ခံစားလိုသော အရာနှင့် နားဆင်နိုင်၏။

ပတ္တယာ ကမ်းခြေတွင် စုပေါင်းသီဆိုမှု၊ တစ်ဦးချင်းသီဆိုမှု အသံ အနိမ့်အမြင့်၊ အဆွဲအငင်၊ အဖြတ်အတောက်၊ အရှိုက်အဖို လိုသလို သီဆိုနိုင်သော အမျိုးသမီး သီချင်းသည်များ၊ အမျိုးသား သီချင်းသည်များနှင့် မိန်းမလျာ သီချင်းသည်များလည်းရှိ၏။ ပတ္တယာ ကမ်းခြေတွင် နောက်ဆုံးပေါ် (ပေါ့) တေးသွားနှင့် ဒစ္စကို ကပွဲများကိုလည်း သူများသီဆိုမှုများကို ကြည့်ရှုနိုင်ရုံမျှမက ကိုယ်တိုင် ပါဝင်သီဆိုနိုင်၏။

စက္ခုအာရုံနှင့်ပတ်သက်၍ကား ကြည့်၍မဆုံး၊ အာရုံခံ၍မကုန်နိုင်အောင် ပတ္တယာတွင် ပြင်ဆင်ထားမှုရှိ၏။ ကပွဲရုံကြီးများတွင် တကယ်ကြီးကျယ်ခမ်းနားသော ဇာတ်ရုံဇာတ်ခုံကြီးများ မီးပေးမှု၊ အသံပေးမှု လှပညီညွတ်စွာဖြင့် ခမ်းနားကြီးကျယ်စွာ ဖျော်ဖြေမှုများကိုလည်း မြင်နိုင်၏။ ကလီပါထရာ ကကွက်ဆန်းများ၊ **The Last Emperor** ကကွက်၊ တင်ဂိုအက၊ လက်တင်အမေရိကတို့ ကကွက်ဆန်းများနှင့် တစ်ကိုယ်တော် သီဆိုမှုများအစုံရှိ၏။

စက္ခုအာရုံကို သောတအာရုံနှင့် ပေါင်းစပ်ဖျော်ဖြေမှုတိုကလည်း အားလုံး အဆန်းချည်းပဲ ဖြစ်၏။ လှပ ဆန်းကြယ်သော အဝတ်အစားများကို ဝတ်၍ လူများက စုပေါင်းကာ တူရိယာ

www.burmeseclassic.com



ပစ္စည်းမျိုးစုံဖြင့် ရသစုံ ခံစားနိုင်သည့် ကပွဲကြီးများလည်း ရှိ၏။

ဘယ်လို ဂီတ၊ ဘယ်လိုအက ဘယ်လို မြင်ကွင်းကို ကြည့်ချင်သနည်း။ ကြည့်ရှုခံစားလိုသော အနေအထားဖြင့် ကြည့်ရှုခံစား၍ ရသည်။ ခံစားလိုသော အသံ၊ ရှုမြင်လိုသော မြင်ကွင်းကို ရုပ်ရှင်ဖြင့် ဖြစ်စေ၊ လူကိုယ်တိုင် ဖြစ်စေ၊ သီဆိုကပြ အသုံးတော် ခံသည်ကို ကြိုက်သလိုကြည့်၍ ရ၏။

ပတ္တယာကမ်းခြေတွင် အာရုံငါးပါးကို တွင်းတူး၍ ဝလင်စွာ ခံစားနိုင်၏။ ကာမဂုဏ်အာရုံနှင့် ပတ်သက်၍ကား မိမိကိုယ်တိုင် ခံစားလိုသလား၊ သူများခံစားနေသည်ကို ကြည့်လိုသလား၊ မည်သို့ခံစားလိုသနည်း၊ ခံစားလိုသော နည်းဖြင့် ခံစားနိုင်ရန် စီစဉ်ထားရှိ၏။ ကာမဂုဏ်ခံစားမှုကို တစ် ဒီဂရီမှ ၁၀၀ ဒီဂရီ အထိ အဆင့် ၁၀၀ ရှိသည်ဟု ဆိုပါက တစ်မှ ၁၀၀ စလုံး ပတ္တယာ ကမ်းခြေတွင် ရနိုင်၏။ ပတ္တယာကမ်းခြေတွင် တယ်လီဖုန်း ဆက်ရုံဖြင့် မိမိနှစ်သက်သော အရွယ်၊ မိမိနှစ်သက်သော ရုပ်ရည်ရှိသော ကမ္ဘာပေါ်မှ လူမျိုးစုံ မိန်းကလေး၊ ယောကျ်ားလေးများကို တစ်နာရီ၊ တစ်ရက်၊ တစ်လ သို့မဟုတ် တစ်သက်တာပတ်လုံး၊ ငှားရမ်း၍ ရရှိနိုင်၏။ မိမိက ဂျပန်မလေး တစ်ဦး၊ ဟာဝိုင်ယီမလေးတစ်ယောက်၊ မျက်နှာဖြူ၊ အာရပ်၊ ကပ္ပလီမလေးများ၊ ကုလားမလေးများကို မိမိတို့ ဇနီးမယားအဖြစ် ခေတ္တငှားရမ်းရန် သို့မဟုတ် တစ်သက်လုံး ခေါ်ထားရန် အလိုရှိပါက ကြိုက်သလို ငှားရမ်းနိုင်၏။ မိမိစိတ်ကြိုက် စီစဉ်နိုင်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ကာမဂုဏ် အာရုံ ခံစားမှုကို ပတ္တယာ၌ အရက်အကြောက် တစ်ပြားသားဖိုးမှ မရောစပ်ဘဲ နေရာတကာတွင် ရရှိနိုင်၏။

စားစရာနှင့်ပတ်သက် ၍လည်း ပါးစပ် အရသာ ခံစားနိုင်ရန် ရသာမျိုးစုံ ရရှိ၏။ လျှာအဖျားမှ အရင်းအထိ ရသာစုံခံစားနိုင်၏။ အမဲသား၊ ဝက်သား၊ ငါး၊ ပင်လယ်ငါး၊ ဆင်သား၊ မြင်းသား၊ မျောက်သား စသည်ဖြင့် လူသားမှလွဲ၍ အသားစုံကို ချက်နည်းမျိုးစုံဖြင့် ဝယ်ယူ စားသောက်၍ ရသည်။ တစ်ခါက ကျွန်တော် ရေးပြီးခဲ့ဖူး သကဲ့သို့ တောဝက်သည် တောတွင်း၌ ပြေးလွှားသွားလာနေသူ ဖြစ်၍ သူ့အသားက အိမ်ဝက်ထက် စားကောင်း၏။ ယင်းတောဝက်ကို အရှင်ဖမ်း၍ လျှပ်စစ်ဖြင့်



BURMESE CLASSIC .com

www.burmeseclassic.com



ခာတ်လိုက်စေသောအခါ သူမသေမီကပင် အသားဆိုင်များသည် အဆီနှင့်ကွဲပြီး ချက်ပြုတ် စားသုံးရာတွင် အလွန် အရသာရှိ၏။ ထို့ကြောင့် တောဝက်များကို လျှပ်စီးဖြတ် တောဝက်သား၊ လျှပ်စီးဖြတ် အမဲ၊ လျှပ်စီးဖြတ် အသားစုံရသည်။ ငှက်မျိုးစုံ၏ အသား၊ မြေအောင်း သား၊ မိုးပျံ မြေလျှိုး၊ ရေနေ ကုန်းနေ သတ္တဝါ အားလုံးတို့၏ အသားကို အရသာ ရှိရှိနှင့် စားနိုင်ရန် ချက်နည်းမျိုးစုံဖြင့် စား၍ ရနိုင်၏။

ပတ္တယာကမ်းခြေမှ ဟိုတယ်ကြီးများက တကယ့် ခမ်းခမ်းနားနားဖြစ်၏။ နင်းရက်စရာ၊ ခြေချရက်စရာ မရှိလောက်အောင် အခင်းအကျင်းများနှင့် ဟိုတယ် အခန်းတစ်ခုကို ငှားပြီးပါက ထိုအခန်းတစ်ခန်း အတွင်း၌ပင် အာရုံငါးပါးကို ပြည့်ပြည့်ဝဝ ခံစားနိုင်ရန် စီစဉ်လို့ရ၏။ ပတ္တယာ ဟိုတယ်များ၏ အခန်းအတွင်းမှ မြောက်ဝင်ရိုးစွန်းမှ ဖျံသားကိုလည်းကောင်း၊ အီတလီမှ ရေခဲမုန့်ကိုသော်လည်းကောင်း မြန်မာပြည်မှ ကောက်ညှင်းပေါင်းကိုသော်လည်းကောင်း မှာယူ သုံးစွဲလို့ရ၏။

အနှိပ်ခန်းများ၊ ရေချိုးခန်းများတွင် စည်းစိမ်အပြည့်ဖြင့် ရေချိုး၍ ရသည်။ အိပ်ရာမှ နိုး၍ မျက်လုံးအစုံ ဖွင့်သည်မှ မျက်လုံး အစုံမှိတ်၍ အိပ်လိုက်သည်အထိ ဤကြားထဲတွင် ခံစားလိုသော ရသ အာရုံအားလုံးကို ခံစားနိုင်၏။

မျက်နှာသစ်ရာတွင် ထိုင်းမလေးတစ်ဦးက သစ်ပေးစေလိုသလား၊ သို့မဟုတ် နိုင်ငံ ၁၅ နိုင်ငံမှ ကောင်မလေး ၁၅

BURMESE CLASSIC .com

www.burmeseclassic.com



ယောက်၏ မျက်နှာသစ်ပေးမှုကို ခံစားလိုသလား ကြိုက်သလို ပြော အားလုံးရရှိ၏။

ရေချိုးခန်းဆိုသည်က ရေပူရေအေးအစုံရ၏။ ရေပူရေအေးနှင့် မဟုတ်ဘဲ ရေငွေ့များနှင့်လည်း ချိုး၍ရသည်။ ရေငွေ့အပူများ၊ ရေငွေ့အအေးများ ရှိသော အခန်းထဲတွင် ကလေးမလေး တစ်ဦးက စိတ်ရှည် လက်ရှည်ချေးတွန်းပေးနေ၏။ ရောမရေချိုးကန်ကြီးထဲတွင် ဆပ်ပြာအမြှုပ်များအပြည့်ဖြင့် ခေါင်းလေးဖော်ရုံသာ ဖော်ထားပြီး မိန်းကလေး တစ်ဦးက တဘက်ကလေးပတ်၍ ရေချိုးပေး၏။ ချေးတွန်းပေး၏။ ရေချိုးရာတွင် ကြက်သီးထ ရေနွေးကလေးဖြင့် ချေးနူးအောင် စိမ်နေရ၏။ နောက်တော့ အကောင်းစား ဆပ်ပြာရည်၊ ဆပ်ပြာတုံးတို့ဖြင့် ထိုင်းမလေးက ရေချိုးပေး၏။ အချို့ ထိုင်းမလေးများကလည်း အမေ တစ်ယောက်က သူ့သားကို ရေချိုးပေးသလို ချိုးပေးတတ်ပြီး အချို့ကလည်း သူ့ခင်ပွန်း လူမမာသည်ကို ဇနီးက ပြုစုသလို ပြုစုပေး၏။ မိမိက ဧည့်သည်နှင့် နေရုံသာ ဖြစ်၏။ တစ်ဖန် နိုင်ငံမျိုးစုံမှ အမျိုးသမီးတို့ကလည်း ထိုင်း သို့မဟုတ် အိန္ဒိယအမျိုးသား စသည်ဖြင့် မိမိစိတ်ဆန္ဒနှင့် အညီ လူကြမ်း လူထွားကြီးများ၏ ရေချိုးပေးမှုကို ခံယူလိုပါကလည်း ဟိုတယ်များသည် စီစဉ်ပေးနိုင်သည်။

ရေချိုးရာတွင် ချေးစင်အောင် ချိုးပေး၏။ လက်ကတီးကြား ခြေကတီးကြား ကတီးကြားအစုံမှ ချေးညော်များကို သာမက ချိုင်းကြားမှ ချေးညော်များပါ မငြိကျန်ရအောင်

BURMESE CLASSIC .com

www.burmeseclassic.com



ပွတ်တိုက်ပေး၏။ ရေချိုးပြီးသော် ကိုယ်ပေါ်မှ ရေငွေ့ရေစက်လေးများ တစ်စက်မျှ မကျန်အောင် ထိုင်းမလေးများက ပဝါနုနုဖြင့် သုတ်သင်ပေး၏။ ထို့နောက်တော့ အတော်အတန် အပူအသင့်အတင့်ရှိသော အခန်းလေးထဲတွင် ခေတ္တထား သေး၏။ မျက်နှာသုတ်ပဝါနုနု လေးများဖြင့် သုတ်သော်လည်း ရေမှုန်ရေစက်လေးများ ကျန်သေးလျှင် အပူရှိန်ဖြင့်ခြောက်သွားရန် အပူခန်းထဲတွင် ခေတ္တ နွေးထွေးသော အရသာကို ခံစားစေခြင်းဖြစ်၏။ ထို့နောက်တော့ သန့်ရှင်းသော အခန်းအတွင်းမှ ဖြူဖွေးသော ခုတင်ကြီး တစ်ခုပေါ်တွင် အိပ်နားစေကာ လိုအပ်သော အစာကို မှာယူစားသုံးနိုင်သည်။ ကြိုက်နှစ်သက်ရာ အဖျော်ယမကာကို သုံးဆောင် နိုင်၏။

ထို့နောက်တော့ ကလေးမလေးများက နားထင်ကြော၊ မျက်ကြော၊ လည်ပင်း၊ လက်မောင်း၊ လက်ဖျား၊ လက်ဆစ်လေးများမှ အစ ဖိမ်ခံ၍ ကောင်းအောင် နှိပ်ပေးပါ၏။ တစ်နာရီ နှစ်နာရီကြိုက်သလောက် အနှိပ်ခံ၍ ရသည်။ ထိုကလေးမလေးများကို ပင်လယ်ကမ်းခြေသို့လည်းကောင်း၊ မိမိတည်းခိုရာ ဟိုတယ်သို့လည်းကောင်း၊ တစ်ကမ္ဘာလုံးသို့ လည်းကောင်း ခေါ်သွားနိုင်၏။

အနှိပ်ခံပြီး၍ ဆာလာပါက လျှာအရသာကို ခံစားနိုင်ရန် အစားအသောက် မျိုးစုံရ၏။ ရောမ ထမင်းစားပွဲကြီးများက ဈေးကြီးကြီးပေးနိုင်လျှင် ပေးနိုင်သလောက် အရသာ အဆီအဆိမ့် အချိုအငန်အစပ် အဖန်အခါး လိုတာရသည်။ မူးယစ်စေသော

BURMESE CLASSIC .com

www.burmeseclassic.com



အရက် အဖျော်ယမကာ မျိုးစုံရ၏။ အာရုံ ငါးပါးကို အဆုံးစွန် ခံစားနိုင်အောင် ပြင်ဆင်ထား၏။

ကာမဂုဏ်အာရုံများကို မိမိကိုယ်တိုင် ကြိုက်သလို ခံစားနိုင်သလို အခြားသူများ ကာမဂုဏ် ခံစားနေသည်ကို လည်း အရက်လေး တမြမြနှင့် ကြည့်ရှုနိုင်၏။

ထို့ကြောင့် ခေတ်မီမြို့ကြီးများတွင် ငွေရှိပါက ကာမဂုဏ် အာရုံ အားလုံးကို အနက်ဆုံး အောက်ဆုံးအထိ ခံစားနိုင်၏။ အကြား၊ အမြင်၊ အနံ့၊ အရသာ၊ အထိ၊ အတွေ့ နှင့် ကာမဂုဏ် အာရုံ အစုံစုံတို့ကို အကျယ်ပြန့်ဆုံး ခံစားနိုင်အောင်လည်း စီစဉ်ထားကြ၏။

အဓိကမှာ ငွေ ဖြစ်သည်။ ငွေပေးနိုင်ပါက ယင်း ကာမဂုဏ်အာရုံများကို လိုသလို ရ၏။ ခေတ်မီ မြို့ကြီးများ၏ စီးပွားရေးလုပ်ငန်းဟူသည် အာရုံငါးပါး ရောင်းဝယ်ရေးလုပ်ငန်း ဟု ဆိုပါက မမှားနိုင်ပါ။ ပိုက်ဆံရှာကြ၍ ရရှိသော ငွေဖြင့် ကာမဂုဏ် အာရုံ အစုံစုံကို ဝယ်ယူ၍ ခံစားကြ၏။ လူတို့သည် ငွေကို ရရှိအောင်ရှာကြသည်။ ထို့နောက် ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်များ၊ ကပွဲများတွင် အာရုံငါးပါးကို ခံစားရင်း ထို ငွေများကို သုံးပစ်တတ်ကြသည်။

www.burmeseclassic.com



ကာမဂုဏ်အာရုံစုံ ဖြည့်ဆည်းရေးလုပ်ငန်းများသည် ငွေလွယ်လွယ်နှင့် ရနိုင်သော လုပ်ငန်းဖြစ်၍ ငွေရှာသူများ ထိုလုပ်ငန်းကို မစွန့်နိုင်ကြဟန်လည်း ရှိ၏။

ပိုက်ဆံရှိပါက ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ဘာမဆို ရနိုင်၏။ သို့သော် အရှက်တရားကိုကား ထိုနိုင်ငံများတွင် ဘယ်နေရာမှ ရှာမတွေ့။ ယောကျ်ား မိန်းမ–ပုရိသ ဣတ္ထိယအပေါင်းတို့သည် ဘယ်သူက ဘယ်သူ့ကိုမှ မရှက်ကြ။ ထိုသို့သော နေရာများတွင် အရှားပါးဆုံးသော အရာသည် အရှက်တရား ဖြစ်၏။ မစ္စတာ ပက်ဂျိန်းသည် အရှက်တရားကို ဘယ်အရပ်တွင်မှ သူမတွေ့ဖူးခဲ့ရ။ သူ့ဇာတိ၊ သူ့အရပ် သူ့ဒေသတွင်လည်း ရှာဖွေ၍ မရ။ အခြားကမ္ဘာအရပ်ရပ်တွင်လည်း မမြင်မတွေ့ခဲ့ဖူး။ မြန်မာနိုင်ငံသို့ ရောက်သောအခါမှ ရှက်တတ်သည်။ ရှက်သည်၊ ဣန္ဒြေရှိသည် ဆိုသော အရာများကို သူတွေ့ခဲ့ရသည်။ သူ့အဖို့ အရှက်တရားသည် သူမမြင်ဖူး မတွေ့ဖူးခဲ့သော မြတ်နိုးဖွယ်ရာ အရာ တစ်ခု ဖြစ်နေသည်။ တစ်ကမ္ဘာလုံးတွင် ရှားပါးလွန်းလှသော အရာလည်း ဖြစ်၍ သူသည် အရှက်တရား ကိန်းဝပ်လျက်ရှိသော မြန်မာအမျိုးသမီးများ၏ ထိုအရှက်တရားကို ကြီးစွာတန်ဖိုးထားခဲ့သည်။

တန်ဖိုးထားရာမှ အရှက်တွင် အပြုံးရောကာ ခေါင်းကလေးငုံ့၍ ထွက်ပြေးရှာသော မတင်တင်လှိုင်ကို တွေ့သောအခါ သူ၏ချစ်ခြင်းမေတ္တာတရားတို့သည် မျိုသိပ်၍ မထားနိုင်တော့ဘဲ မတင်တင်လှိုင်ကိုမှ မရလျှင် မဖြစ်တော့သည့် ဘဝသို့ရောက်

BURMESE CLASSIC .com

www.burmeseclassic.com



လာ၏။ သူ့အတွက် မတင်တင်လှိုင်သည် မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာ တစ်ပါးဖြစ်လာသည်။

အရုက်တရားသည် အရှေ့တိုင်းတွင်သာ တွေ့ရသည်ကား အမှန် ဖြစ်၏။ သို့သော် အရှေ့တိုင်းသည်လည်း ယခုတော့ ပတ္တယာလို နေရာများတွင် အနောက်လေ လွှမ်းမိုးခြင်းကို ခံခဲ့ရကာ အရုက်တရားသည်ပင် အဝေးသို့ လွင့်စင်ခဲ့ရပြီ ဖြစ်၏။ အနောက်လေသည် မြန်မာပြည်အတွင်းသို့လည်း ဝင်ရောက် တိုက်ခိုက်ခဲ့သည်မှာ ကြာပြီ ဖြစ်သည်။ မြန်မာ့ ယဉ်ကျေးမှု၊ မြန်မာ့ ဓလေ့စရိုက်တို့ဖြင့် မြန်မာတို့သည် ကြံ့ကြံ့ခံ ကာကွယ် ထားသေး၏။

သို့သော်လည်း အချို့နေရာများတွင် ကျိုးမှုပေါက်မှုများ ကား ရှိ၏။ ဖာရ ထေးရသည်များလည်း ရှိ၏။ ယခုတော့ ဖာနိုင် ထေးနိုင်သော အခြေအနေတွင်ရှိနေဆဲ ဖြစ်၏။ အခြားသော အရှေ့နိုင်ငံများ၊ အခြားသော အရှေ့၏ ဒေသများနှင့် စာသော် မြန်မာနိုင်ငံသည် ဟီရိသြတ္တပ္ပဟူသော တံတိုင်းကြီးသည် တည် ရှိနေသေး၏။ ဤသည်မှာ ဂုဏ်ယူဖွယ်ရာ တစ်ရပ်လည်း ဖြစ် သည်။ ဆက်လက် ထိန်းသိမ်းရမည့် အရာလည်း ဖြစ်ပါ၏။ ဤ တံတိုင်းကြီးကို ဝင်၍ ဆောင့်သူတိုင်း အုတ်နံရံကို ခေါင်းနှင့် ဆောင့်သလို ကြုံကြသည်များလည်း ရှိ၏။ သို့သော် ဆောင့်ပါ များလျှင် ဤတံတိုင်းကြီးသည် ကြံ့ကြံ့ခံနိုင်ပါမည်လားဟု၍ တွေးပူမိပါ၏။

BURMESE CLASSIC .com


www.burmeseclassic.com



ပတ္တာယာသည် အမေရိကန် ရေတပ်သားများက တွေ့ရှိပြီး အနောက်လေ၏ လွှမ်းမိုးမှုကိုခံရကာ အနောက်ဆန်ခဲ့၍ အရက် တရား ပျောက်ကွယ်ခဲ့ရ၏။ သို့သော် မတင်တင်လှိုင်အား ပက်ဂျိန်းက တွေ့သောအခါမူ ပြောင်းပြန် ဖြစ်ခဲ့၏။ ပက်သည် မြန်မာမှ မြန်မာ့ဟန်များကို မြတ်နိုးကာ မြန်မာဆန်လာခဲ့သည်။ ပက်သည် ရေစက်ခွက်ကိုကိုင်၍ သံဃာတော်များအား လက်အုပ်ချီကာ ရိုကျိုးကိုင်းညွှတ်ခဲ့ပြီ ဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုင်းနိုင်ငံ ချန်ဘူရီမြို့ရှိ ချန်ဘူရီ ဝိဝေကအာရုံ ဝိပဿနာ
ကျောင်းတော်ကြီးသည် ဆိတ်ငြိမ် အေးချမ်းလှသည်။

www.burmeseclassic.com

# အခန်း(၄)

# သူတော်စင်မလေးကစွန်နီ

ကျွန်တော်သည် ပတ္တာယာတွင် သုံးရက်ခန့်နေပြီး ပတ္တာယာမှ လေးငါးမိုင်လောက်ဝေးသည့် ချွန်ဘူရီမြို့သို့ လာခဲ့၏။ ချွန်ဘူရီသည် မြို့နယ်ဖြစ်၍ ပတ္တာယာမှာ ယခင်ချွန်ဘူရီ မြို့နယ်အတွင်းရှိ မထင်မရှားသော တံငါရွာလေး ဖြစ်၏။ သို့သော် ယခုတော့ ပတ္တာယာက အလွန်မှ စည်ကားလာခဲ့၏။ ချွန်ဘူရီသည် ပတ္တာယာလောက် နိုင်ငံခြားကပွဲများနှင့် ကျိတ်ကျိတ်တိုး စည်ကားမှုမရှိ။ သို့သော် ချွန်ဘူရီကလည်း အတော် စည်ကားသော မြို့ဖြစ်၏။ ချွန်ဘူရီသည် ဗန်ကောက်မှ ပတ္တာယာသို့ လာသော လမ်းအပေါ်တွင် ရှိ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ချွန်ဘူရီတွင် ရန်ကုန်မြို့ မဟာစည် တိုက်ခွဲ ဝိပဿနာ ကမ္မဋ္ဌာန်း တိုက်ခွဲရှိ၏။ ချွန်ဘူရီ မဟာစည် တိုက်ခွဲကို ဝိဝေက အာရုံ ရိပ်သာဟု အမည်ပေးထား၏။ ဝိဝေကအာရုံ ကမ္မဋ္ဌာန်း စခန်းကြီးသည် ရောမ ကျယ်ဝန်းသော စခန်းကြီးဖြစ်၏။ ထို ကမ္မဋ္ဌာန်းကျောင်းကြီးကို စတင်ထူထောင်သူမှာ ရေစကြိုဇာတိ **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာအာသဘ** ဆရာတော်ဘုရား ဖြစ်၏။

ဝိဝေကအာရုံ ကမ္မဋ္ဌာန်းရိပ်သာကြီးမှာ အလွန်ကျယ်ဝန်း၍ လူ ၃၀၀ ကျော် ကမ္မဋ္ဌာန်း ထိုင်နိုင်၏။ သစ်ပင်ပန်းပင်များ၊ သစ်ရိပ်ဝါးရိပ်များနှင့် အေးချမ်းသော ကမ္မဋ္ဌာန်း စခန်းကြီး တစ်ခု ဖြစ်၏။ အုန်း ငှက်ပျော မန်ကျည်းပင်များ၊ သြဇာ၊ သနပ်ဖက်၊ စံကားနှင့် သစ်တိုပင်ကြီးများ၊ ဆီးဖြူ၊ ပိန္နဲ၊ ဖန်ခါး စသော အပင်များအပြင် စကွဲပန်းပင်၊ နှင်းဆီပန်းပင်များက အဆုပ်လိုက် ပွင့်နေကြကာ စက္ကူပန်းပင်တို့ကလည်း လှလှပပ ရှိသည်။

ဆရာတော်ကြီး ဒေါက်တာ အာသဘ၏ ဇာတိမှာ ပခုက္ကူ ခရိုင် ရေစကြိုမြို့နယ် ကွေ့ထောင်ရွာမှ ဖြစ်၏။ မိဘ နှစ်ပါးမှာ ဦးဖိုးအုံ၊ ဒေါ်ပြောင်းတို့ ဖြစ်၍ ဆရာတော်ကြီးအား မိဘ နှစ်ပါးမှ ၁၂၇၃ခုနှစ် ပထမဝါဆို လဆန်း ၇ ရက် (တနင်္ဂနွေ)နေ့တွင် ဖွားမြင်ကာ ငယ်အမည်မှာ မောင်ခင် ဖြစ်သည်။ မောင်ခင်သည် ကျွန်းလှယဉ် ရွာဦးကျောင်း ဦးပညာထေရ ဆရာတော်ကြီးထံ တွင် ပညာစတင်သင်ကြား၍ အသက် (၇)နှစ် အရွယ်တွင် ရှင်သာမဏေဘောင်သို့ ရောက်ရှိ၏။ ဆရာတော်ကြီးသည် ၁၂၉၃ ခုနှစ်တွင် ရွာဦးကျောင်း ငါးလုံးဆရာတော် အရှင်ဉာဏ

www.burmeseclassic.com



မထေရ်မြတ်ထံ ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ခံယူခဲ့၏။ ဆရာတော်ကြီးသည် ပခုက္ကူ မဟာ ဝိသုတာရာမ ကျောင်းတိုက်တွင် ဝိနည်းငယ် လေးဆောင်၊ အဌကထာ ဋီကာနှင့် နိကာယ်ငါးရပ်ကို ပခုက္ကူ မဟာ ဝိသုတာရာမကျောင်းတိုက်တွင် စာချခဲ့သည်။

ဆရာတော်ကြီးသည် ပခုက္ကူ မဟာဝိသုတာရာမတွင် စာပေ ဗဟုသုတများကို ရှာဖွေရင်း တစ်ဖက်မှ စာချဘုန်းကြီး လုပ်နေရာမှ ထိုစဉ်က မဟာဝိသုတာရာမတွင် စာသင်သား တစ်ထောင်ကျော် ရှိ၏။ ထိုအချိန်တွင် ဆရာတော်ကြီး၏ ရဟန်းအမဖြစ်သူ ဒေါ်မမက မိုးညှင်းဆရာတော်ထံသွား၍ တရားထိုင်၏။ ထို့ပြင် မြင်းခြံ၊ ချောက်စသည်တို့တွင် စွန်းလွန်းဦးကဝိ ကမ္မဌာန်းပြသရာတွင် နာမည်ကြီး၍ ရဟန်းအမကြီးသည် ဦးကဝိထံသို့လည်း သွားရောက်ကာ ကမ္မဌာန်းတရားကို သွားရောက် စီးဖြန်း၏။

ထို့နောက်တော့ ရဟန်းအမကြီး ဒေါ်မမက ဆရာတော်ဦးအာသဘအား အရှင်ဘုရား ကမ္မဌာန်းတရားကို အားထုတ်ကြည့်ပါ။ ဝိပဿနာတရားကို လေ့လာကြည့်ပါ အလွန်မှ ချမ်းမြေ့အားကိုးစရာ ဖြစ်ပါသည်ဟု လျှောက်ထားသည့်အတွက် ဆရာတော် ဦးအာသဘလည်း မူလကပင် တစ်နေ့တွင် ကမ္မဌာန်းတရား ပွားများမည်ဟု စိတ်ရှိရင်းစွဲသည်နှင့်အညီ ရှေးဦးစွာ စွန်းလွန်းသို့ သွားရောက်ကာ ၄၅ ရက်၊ ၄၅ရက် နှစ်ကြိမ် တရားအားထုတ်ခဲ့၏။

BURMESE CLASSIC .com

www.burmeseclassic.com



ထို့နောက် မဟာစည်ဆရာတော်ကြီး၏ ဝိပဿနာ ကျင့်စဉ်ကျင့်နည်းများကို လေ့လာ၍ မဟာစည် ရိပ်သာ၌ တရားအားထုတ်ရာ ဆရာတော် ဦးအာသဘသည် မိမိအတွက် မဟာစည် ကျင့်စဉ်ကျင့်နည်းက ပို၍ ခရီးပေါက်သည်ကို တွေ့ရ၏။ ထို့ကြောင့် မဟာစည် ကျင့်စဉ်များကို ဆရာတော် ဦးအာသဘက ဘုရားဟောဝိနည်းများနှင့် ပြန်၍ ချိန်ကိုက်ကာ ထိုနည်းများကို မိမိ၏ စိတ်ကလည်း သဘောကျလာ၏။

ထို့နောက်တော့ ဆရာတော်ကြီးက မိမိသည် မဟာစည်နည်းကို တိုး၍ ကျင့်ကြံဦးမည်ဟုဆိုကာ ဆက်လက်၍ ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံအားထုတ်ကြည်ပါ၏။

ဆရာတော်ကြီးသည် ဆိပ်ခွန် မဟာစည် တိုက်ခွဲသို့ သွားကာ ဝိပဿနာ ကမ္မဋ္ဌာန်တရားကို ပိုမိုပေါက်ရောက်အောင် အားထုတ်ခဲ့၏။ ဆရာတော် ဦးအာသဘသည် ဝိပဿနာ တရားအားထုတ်မှုတွင် ပျော်ပိုက်မှု ရှိလာပြီး ဆိပ်ခွန် မဟာစည် တိုက်ခွဲ၌ပင် မိမိတွေ့မြင်ရရှိသော တရားကို အခြား တရားကျင့်ဖော်တို့အား ပြောကြားရာမှ ကမ္မဋ္ဌာန်းဆရာ ဖြစ်လာ၏။ နောက်တော့ မဟာစည်ဆရာတော်ကြီးသည် ကိုယ်တော်တိုင် တရားပြရန် ဆိပ်ခွန် မဟာစည် တိုက်ခွဲသို့ ကြွလာခဲ့၏။ ထိုအချိန်မှပင် ဆရာတော် ဦးအာသဘသည် မဟာစည် ဆရာတော်ကြီးအား ပထမဆုံးအကြိမ် ဖူးမြော်ခွင့် ရခဲ့ခြင်းဖြစ်သည်။

ဆရာတော်ကြီး၏ ညွှန်ပြဆုံးမမှု ဩဝါဒတို့ဖြင့် ဆရာတော် ဦးအာသဘသည် ဆက်လက်၍ တရားအားထုတ်ရာ ခရီး

www.burmeseclassic.com



ဆက်လက် ပေါက်ရောက်ခဲ့ပြန်၏။ ထို့နောက်တော့ မဟာစည် ဆရာတော်ကြီးက ဆရာတော် ဦးအာသဖအား ရန်ကုန်မြို့ မဟာစည် ကမ္မဋ္ဌာန်းတိုက်သို့ ခေါ်၍ထား၏။

ဆရာတော် ဒေါက်တာ ဦးအာသဖက မိမိငယ်စဉ်က ဖြစ်ရပ်များကိုပြန်ပြောရင်း "ကျုပ်ငယ်စဉ်က လက်ဖက်နှင့် ဆေးလိပ် အလွန်ကြိုက်တာ" ဟု အမိန့်ရှိပါ၏။ ဆေးလိပ်ကို ယောဖက်၊ ဆေးစပ်ကို ရှာလကာရည်ဖြင့် နှပ်ကာ နောက်တစ်နေ့မှ သောက်တတ်သည်။

အထူးသဖြင့် ပခုက္ကူက ပဥ္စရူပဆေးလိပ်ကို လက်စွဲပြု၍ သောက်တတ်ကြောင်း ဆရာတော်ကြီးက ပြော၏။ သို့သော် နောက်တော့ ဆေးလိပ် မကောင်းကြောင်းသိ၍ ဘုန်းကြီး ဆေးလိပ်ကို ဖြတ်လိုက်သည်ဟုဆို၏။ ကျွန်တော်က နောက် တစ်ကြိမ်လာပါက အကောင်းဆုံး လက်ဖက်ကို ယူလာခဲ့ပါမည် ဘုရားဟု လျှောက်တော့ ဆရာတော်ကြီးက ဒကာရဲ့ မြန်မာ နိုင်ငံမှာ ဘယ်လက်ဖက် အကောင်းဆုံးလဲဟဲ့ဟု မေးပါ၏။ ကျွန်တော်က "အရိုးတောင်း လက်ဖက်ပါဘုရား"ဟု ဆိုတော့ ဆရာတော်ကြီးက "ငါ့ဒကာ မျက်နှာများ လိုက်ဟန်တူရဲ့"ဟု ဆိုပါ၏။

ထိုအခါ ကျွန်တော်က အရှင်ဘုရား အရိုးတောင်း လက်ဖက် ပိုင်ရှင်များက ဒကာ ဦးကျော်သိန်း ဒကာမကြီး ဒေါ်ကြွယ်ကြွယ်တို့ ဖြစ်ပါတယ်။ ဒေါ်ကြွယ်ကြွယ်က လက်ဖက်

www.burmeseclassic.com



မျိုးရိုးဖြစ်ပြီး ဦးကျော်သိန်းက သတင်းစာသမား ဖြစ်ပါတယ် ဘုရား။ ဒေါ်ကြွယ်ကြွယ်ရဲ့ အဘွားကလည်း နန်းတွင်းမှာ လက်ဖက်အုပ် ဆက်ရသူ ဖြစ်ပါတယ် ဘုရား။ နန်းအတွက် လက်ဖက် ဆက်ရာတွင် လက်ဖက်ညွန့်ကို ရှမ်းပြည်နယ်က တိုက်ရိုက် မှာရတယ်လို့ သိရပါတယ်ဘုရား။

ဦးကျော်သိန်းသည် ဘိုးဘွားလက်ထက် အစဉ်အဆက် ရှိခဲ့သော လက်ဖက်ခြံရှင်ကြီးများနှင့် ဆက်ကာ တောင်၏ အရှေ့ဘက်ခြမ်းမှ လက်ဖက်များကိုသာ ဈေးကောင်းပေး၍ ဝယ်ယူ၏။ တောင်အရှေ့ခြမ်းသည် နံနက်ခင်းနေကိုရ၍ လက်ဖက်ညွန့်သည် ပို၍နုသည်။ တောင်၏ အနောက်ဘက်ခြမ်းမှ လက်ဖက်ညွန့်သည် ညနေပူပြင်းသော နေဒဏ်ကိုခံရ၍ အရှေ့ဘက်က ထက်စာလျှင် ရင့်ရော်မှုရှိ၏။

ထို့ကြောင့် တောင်အရှေ့ခြမ်းမှ လက်ဖက်ရွက် အနုပထမ သုံးရွက်ခန့်ကိုသာ ခူး၍ အရီးတောင်း လက်ဖက်ကို ပြုလုပ်ကြောင်း တင်ပြလျှောက်ထားရာ စိုက်ပျိုးရေး ဝါသနာပါသော လက်ဖက်ကြိုက်သူ ဆရာတော်ကြီးက ဒကာကြီးပြောတာ မှန်သကွယ့်၊ လက်ဖက်ဟာ နံနက်နေနုနုနဲ့ ကြီးပြင်းတဲ့ လက်ဖက်က ပိုကောင်းသကွဲ့ဟု ပြောပြပါ၏။

ဆရာတော်ကြီးသည် ယခုထက်တိုင် ကိုယ်တိုင် သစ်ပင်များကို စိုက်ပျိုး၏။ သူ့ကျောင်းထဲတွင် နှင်းဆီပင်များလည်း

BURMESE CLASSIC .com

www.burmeseclassic.com



စိုက်ပျိုးထား၏။ သရက်ပင်များကိုလည်း စိုက်ပျိုးထား၍ ဆရာတော်ကိုယ်တိုင်စိုက်ထားသော သရက်ပင်မှ သရက်သီးသည် အလွန်မှ အရသာ ရှိသည်။ ကျွန်တော်က မြန်မာပြည်သို့ မျိုးယူသွားရန် သရက်စေ့များကို ပလတ်စတစ်နှင့် ထုပ်လျှင် ဆရာတော်ကြီးက ဒကာ ချစ်စံ အစေ့ကိုစိုက်လျှင် သီးလာသော သရက်သီးသည် အရသာ ပြောင်းနိုင်သည်။ အကိုင်းကူးစိုက်ပါမှ အရသာမပြောင်း၊ အစေ့ကိုစိုက်သော သရက်သီးသည် ထိုအပင်၏ သားသမီးသာ ဖြစ်၏။ မျိုးရိုးဗီဇတော့ပါသည်။ မိဘအတိုင်း အရသာရှိသည်ဟု မဆိုနိုင်။ အကိုင်းကို စိုက်သော အပင်သည်သာ ထိုသရက်မျိုးကို ပွားယူခြင်း ဖြစ်၍ အရသာ မပြောင်းဘူး၊ ကိုင်းကူးသော မျိုးကို မြန်မာပြည်သို့ယူ။ အစေ့ကို မယူလေနှင့်”ဟု ဆိုပါ၏။

စိုက်ပျိုးရေးဝါသနာပါ၍ သစ်ပင်ပန်းမန်တို့ကို ဆရာတော်ကြီးသည် ကိုယ်တိုင်ရေလောင်း၏။ တပည့်တို့က ဆရာတော်ကြီး သစ်ပင်ရေလောင်းနေသည်ကို တွေ့၍ မသင့်ဟုဆိုကာ တပည့်တော်တို့ လောင်းပါမည်ဘုရား ဟု ဆိုလျှင် ဆရာတော်က မဟုတ်ဘူး တပည့်ရဲ့။ ဘုန်းကြီးကျန်းမာရေးအတွက် လောင်းတာပါ” ဟု ဆိုတတ်၏။ ဆရာတော်ကျောင်းတွင် ခေတ်မီမြေသြဇာ အမျိုးစုံကိုလည်းတွေ့ရ၏။

စိုက်ပျိုးရေးဝါသနာပါ၍ နေ့စဉ်ရေလောင်း မြေသြဇာကျွေးသော ဆရာတော်ကြီး၏ ကျောင်းဝင်းကြီးသည် သစ်ပင်ပန်းမန်တို့ဖြင့် စည်ကားနေ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ကျောင်းဝင်းကြီးသည် အေးချမ်းတိတ်ဆိတ်၍ ကျွန်တော် ချွန်ဘူရီသို့ရောက်တော့ ယောဂီ တစ်ရာ့ငါးဆယ်ခန့် တရားထိုင်နေ၏။ ဆရာတော်ကြီးအား ထိုင်းဗုဒ္ဓဘာသာဝင်အပေါင်းတို့က အထူး ကြည်ညိုလေးစား၏။ ထိုင်းအစိုးရသည် ဆရာတော်ကြီးအား မြန်မာမွေး ထိုင်းနိုင်ငံသားအဖြစ် ရာသက်ပန် ဆက်ကပ်လှူဒါန်းထား၏။

ကျွန်တော်သည် ချွန်ဘူရီ ရောက်တော့ ဆရာတော်ကြီးကျောင်းသို့ အလွယ်နှင့် မေး၍ရသည်။ ဆရာတော်ကြီးကျောင်းသို့ ဆရာတော်ကြီး၏ ထိုင်းဒကာ တစ်ဦးဖြစ်သူ မစ္စတာ ဆာခွန်က မော်တော်နှင့် လိုက်ပို့၏။ ယခင်က ချွန်ဘူရီသည် အေးချမ်းသော ကျေးလက်တောမြို့လေး တစ်ခု ဖြစ်ဟန်တူ၏။ သို့သော်လည်း ထိုင်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ယခင်က တောမြို့ ချွန်ဘူရီသည်လည်း မြို့ကြီး ပြကြီး ဖြစ်လာ၏။ ချွန်ဘူရီ ဝိဝေက အာစုံ ရိပ်သာမှာလည်း ဖွံ့ဖြိုးမှု အရပ်ရပ်တို့ အလယ်သို့ သူ့အလိုလို ရောက်ရှိခဲ့ပြီ ဖြစ်၏။ ချွန်ဘူရီ ဝိဝေက အာစုံတွင် ကျွန်တော်သည် လေးရက်ကြာမျှနေခဲ့သည်။ ဆရာတော်ကြီးသည် မိမိ၏ ထိုင်းဒကာမများနှင့်လည်း မိတ်ဆက်ပေးကာ ဝိဝေက အာစုံတွင် ဆရာတော်ကြီးက ကျွန်တော့်အား မြန်မာတစ်ဦး ဖြစ်၍ အစစအရာရာ စောင့်ရှောက်ထားရှိပါ၏။ နံနက်ပိုင်းနှင့် နေ့ခင်းစာကို ဆရာတော်ကြီး၏ ကျောင်းတွင်ပင် စာစေ၍ ညနေပိုင်းတွင်မှသာ အပြင်သို့ ထွက်စားရ၏။

ဝိဝေကအာစုံတွင် ဆရာတော်ကြီးက ကစ္စနီဟူသော ထိုင်းအမျိုးသမီးလေးတစ်ဦးနှင့် မိတ်ဆက်ပေး၏။ ကစ္စနီ၏ အဓိပ္ပာယ်

www.burmeseclassic.com



မှာ ဆံပင်ကောင်းခြင်းဟု အဓိပ္ပာယ်ရသည်ဟု ဆိုပါ၏။ သူသည် ဆရာတော်ကြီး ထေရပ္ပတ္တိကို ရေးသားနေ၍ မဟာစည် ကမ္မဋ္ဌာန်းကျင့်စဉ်နှင့် ပတ်သက်၍လည်း ကိုယ်တွေ့ စာအုပ် သုံးအုပ်ခန့် ရေးသားကာ ထိုင်းဘာသာဖြင့် ထုတ်ဝေပြီး ဖြစ်ပါ ၏။ ထိုင်းနိုင်ငံ ယောဂီ အားလုံး အဖြူရောင်ကိုသာ ဝတ်၏။ ကစ္စနီသည် ထိုင်းနိုင်ငံ နခွန်စန်ဖန် အရပ်တွင် မွေးဖွားခဲ့၍ ဇင်းမယ် တက္ကသိုလ်၌ ပညာ သင်ခဲ့ပြီး အသက်အာမခံကုမ္ပဏီ တစ်ခုတွင် ဝင်ရောက် လုပ်ကိုင်ခဲ့ဖူး၏။ ကစ္စနီသည် ဗန်ကောက်၏ လူသူ ကျပ်တောက်မှု၊ ခေတ်လွန်တိုးတက်မှုများ အနံ့အသက်များကို ငြီးငွေ့ကာ အလုပ်မှ ထွက်၍ ဆရာတော် ကြီး၏ ခြေတော်ရင်း၌ ဝပ်စင်းခယကာ ကမ္မဋ္ဌာန်း တရားများကို စီးဖြန်းရင်း အေးငြိမ်းချမ်း သာယာမှုကို ရှာဖွေ တွေ့ရှိနေသူ ထိုင်း အမျိုးသမီးလေး ဖြစ်၏။ ကစ္စနီသည် တက္ကသိုလ်၌ ပညာသင်ကြားလာခဲ့သူ ဖြစ်၍ အင်္ဂလိပ်စာ အတော်အတန် တတ်မြောက်သောကြောင့် သူနှင့် စကားပြောဆိုရသည်က များစွာ အခက်မရှိ။

ကစ္စနီသည် ကမ္မဋ္ဌာန်းတရား စီးဖြန်းလေ့ကျင့်နေသော မိန်းကလေးတစ်ဦး ဖြစ်သည်နှင့်အညီ သိမ်သိမ်မွေ့မွေ့ ရှိသည်။ ဣန္ဒြေသိက္ခာရှိ၍ ခြေလှမ်းလေးများကို မှတ်သား၍ လမ်းလျှောက် ၏။ သူသည် ဘာအပူအပင်မှ မရှိ။ သူ၏ ရည်ရွယ်ချက်မှာ ဗန်ကောက်လေယာဉ်ကွင်းအနီးနားတွင် မိမိတိုင်ကိုယ်တိုင်ဦးစီး၍ မဟာစည် ဝိပဿနာကို အခြေခံ၍ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်း တစ်ကျောင်းကို တည်ထောင်ရန် ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



သူသည် ယခုအခါ ကမ္မဋ္ဌာန်း စာအုပ်များ၊ ဝိပဿနာ အတွေ့အကြုံများကို ရေးသားနေရာ သူ့စာအုပ်များသည် ကမ္မဋ္ဌာန်း တရားကျင့်ကြံလေ့လာသူများအတွက် လက်စွဲသဖွယ် ဖြစ်နေ၏။ ထိုစာအုပ်များမှ ရရှိသော ဝင်ငွေကို ဘဏ်တွင် စုဆောင်းကာ ဝိပဿနာ စခန်းကြီး တစ်ခု ဖြစ်ရေးကို ကြိုးပမ်းနေ၏။ ကစ္စနီသည် သန့်ရှင်းအေးချမ်း၍ အင်္ကျီအဖြူထဘီအဖြူတို့ဖြင့် အလိုဆန္ဒဟူ၍ အာဟာရ ပြည့်ရုံ၊ အသက်နှင့် ခန္ဓာတည်ရှိနေရုံ လုံလောက် ခြိုးခြံမှုတစ္စာ နေထိုင်ပြီး အပတ်တကုတ် လုပ်ဆောင်နေသော အလုပ်မှာ ကမ္မဋ္ဌာန်းတရားသာလျှင် ဖြစ်ပါ၏။

ကျွန်တော်သည် ကစ္စနီကို တွေ့ရတော့ များစွာလည်း အံ့အား သင့်၏။ ကစ္စနီသည် အသက်သည် ၃၀ မျှလောက်သာ ရှိ သေး၍ ကျွန်တော့်အားလည်း လောဘ ဒေါသ မောဟတရားတို့၏ တောက်လောင်တတ်သော မီးများအကြောင်း ဟောပြော၏။ အာရုံ ငါးပါးဟူသည် လိုက်၍ မဆုံးနိုင်ဘဲ အာရုံငါးပါးကို ချုပ်တည်း၍ အေးချမ်းမှုကို ရှာရန် လိုသည်ဟု ကစ္စနီက တရားပြပါ၏။

ကျွန်တော်သည် ပတ္တာရာမှ လာခဲ့သူဖြစ်၍ ကာမဂုဏ်အာရုံ အစုစုတို့ဖြင့် ညစ်ထေးပေကျံနေသော ပတ္တယာ ကမ်းခြေသည် မက်မောစရာမဟုတ်။ ပူလောင်မှုအပြည့်ရှိ၍ တဏှာဟူသမျှသည် ပတ္တယာ ပင်လယ်ပြင်မှ ဆားငန်ရည်လို သောက်လေသောက်လေ ငတ်မပြေဘဲ ရှိတတ်သည်။ အလိုဆန္ဒများကို ချုပ်တည်းဖို့က အရေးကြီးကြောင်းများကို တရားပြ ဆွေးနွေး၏။

BURMESE CLASSIC .com

www.burmeseclassic.com



ပတ္တယာကမ်းခြေမှ ထိုင်းမလေးများနှင့် သူတော်စင်မလေး ကစ္စနီသည် နှိုင်းယှဉ်၍ မရလောက်အောင် ကွာခြားလွန်း၏။

ကစ္စနီသည် ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ မနက်ပိုင်း ၉ နာရီလောက်မှ နေ့ဆွမ်းစားချိန်အထိ ဆရာတော်ကြီး၏ ရုံးခန်းသို့ လာရောက်ကာ ကျွန်တော်နှင့် တွေ့ဆုံ၏။ ကျွန်တော်သိလိုသည်များကို သူကရှင်းပြ၏။ ကစ္စနီသည် မြန်မာနိုင်ငံသို့လည်း ရောက်ဖူးသည်။ မြန်မာနိုင်ငံတွင် ထွန်းလင်းနေသော ဗုဒ္ဓသာသနာတော်အား လေ့လာရန် ရောက်ခြင်းဖြစ်သည်။ မဟာစည်နှင့် ချမ်းမြေ့ရိပ်သာတို့တွင်လည်း တရားထိုင်ဖူးသည်။ မြန်မာနိုင်ငံသို့ လာရသည်မှာ ဟိုတယ်ခများ ဈေးကြီးလွန်း၍ သိပ်မလာနိုင်ကြောင်း ပြောကြားရာ ကျွန်တော်က ထပ်မံလာခဲ့ပါ။ မြန်မာနိုင်ငံတွင် ယခင်ကလို မဟုတ်ဘဲ သင့်တင့်မျှတသော ဈေးဖြင့် ဟိုတယ်လေးများ ရှိနေပြီဖြစ်ကြောင်း ပြောရ၏။ ကစ္စနီက မိမိ ရွှေဘိုသို့လည်း သွားရောက်လိုသည်။ အဘယ်ကြောင့်ဆိုသော် ရွှေဘိုသည် မဟာစည်ဆရာတော်ကြီး မွေးဖွားရာ ဇာတိမြေဖြစ်၍ မိမိသွားရောက်ကြည့်ရှုလိုသည်ဟု ဆို၏။ ကစ္စနီသည် ၁၉၉၃ ခုနှစ် ဩဂုတ်လအတွင်း၌ ချမ်းမြေ့တရား ရိပ်သာတွင် သုံးလကျော် လာရောက် တရားထိုင်ဖူးသည်။

ကစ္စနီက သိက္ခာရှိ၍ စောင့်ထိန်းအပ်သော သီလကို တည်ကြည်ခိုင်မာစွာ စောင့်ထိန်းနေသော အမျိုးသမီးလေး ဖြစ်သည်။ ကျွန်တော်က ပတ္တယာနှင့် မဝေးသော ချွန်ဘူမြို့တွင် ကစ္စနီကဲ့သို့ ဘာသာရေးကိုင်းရှိုင်း၍ အရှက်အကြောက်တရားတို့နှင့်

www.burmeseclassic.com



ပြည့်စုံသော ထိုင်းအမျိုးသမီးလေး တစ်ဦးကို တွေ့ရတော့ ဝမ်းလည်းသာသည်။ အံ့သြလည်း အံ့သြရသည်။

တကယ်တော့လည်း အရှေ့တိုင်း၏ ပင်ကို သဘာဝသည် သိမ်မွေ့သည် ယဉ်ကျေးသည်။ အရှက်အကြောက်ရှိကြသည်သာ ဖြစ်၏။ အရှေ့သည် အနောက်နှင့် မတူပေ။ အနောက်၏ ယဉ်ကျေးမှု လွှမ်းမိုးခံရသော အရှေ့ဒေသများသည် အသွင်မတူသော ယဉ်ကျေးမှုတို့ကြောင့် အရှက်တရား၊ အကြောက်တရားများ ကွယ်ပျောက်ခဲ့ရ၏။ မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ၏ အတွေ့အကြုံကို သတိကြီးစွာထားကြရမည်ဖြစ်သည်။

ထိုအတွေ့အကြုံမျိုးသည် မိမိကိုယ်တိုင် တွေ့ကြုံမှမဟုတ်၊ သူတစ်ပါး၏ အတွေ့အကြုံနှင့်ပင် လုံလောက်၏။ ထို့ကြောင့် အနောက်တိုင်း၏ ဂီတ၊ အနောက်တိုင်း၏ အက၊ အနောက်တိုင်း၏ ယဉ်ကျေးမှုတို့ကို ကျွန်တော်တို့သည် သတိကြီးစွာဖြင့် လက်ခံကြရမည်ဖြစ်၏။

www.burmeseclassic.com

# အခန်း(၆)

# ပန်ဒိတ်ခေါ် ပညာရှိကြီးတို့၏ ဆရာ

ကျွန်တော်သည် နောက်တစ်နေ့တွင် ဝိဝေကအာရုံမှ မြန်မာ ဆရာတော်တစ်ပါး ဖြစ်သော ဦးသာဂရ ဆွမ်းခံထွက်ရာတွင် ကျောင်းသားအဖြစ် လိုက်သွားခဲ့၏။ ဆရာတော်က ထိုင်းအမျိုးသားများ အလှူဒါနပြုရာတွင် မည်မျှ စေတနာထက်သန်ကြပုံ၊ ချွန်ဘူရီမှ ဆွမ်းခံသည့်ဓလေ့ ဆွမ်းခံသည့်နည်းကို သိရှိရန် လိုက်ခဲ့ဟု ဆို၍ ဆွမ်းခံလိုက်လာခြင်းဖြစ်၏။

ဆရာတော်ဦးသာဂရသည် ပခုက္ကူဇာတိ ဖြစ်၏။ ပခုက္ကူ ကွေးထောက်ရွာတွင် အဖဦးဝဲကျော်၊ အမိဒေါ်မြမေတို့မှ မွေးဖွား သန့်စင်လာ၍ ပခုက္ကူ မဟာဝိသုတာရာမတွင် အစိုးရ ပထမငယ်

BURMESE CLASSIC .com

www.burmeseclassic.com



တန်း အောင်ခဲ့၏။ ခရမ်းကိုင်းကုန်း ကျောင်းတိုက် ရန်ကုန်မြို့ ဓမ္မိကာရုံ ပါဠိတက္ကသိုလ်တို့တွင် ပညာဆက်လက်သင်ကြားပြီး ၁၉၈၅ ခုနှစ်တွင် ချွန်ဘူရီဆရာတော်ကြီး ဒေါက်တာအာသဘ၏ အရိပ်အာဝါသကို ခိုလှုံလျက် ချွန်ဘူရီသို့ ရောက်ရှိလာခြင်း ဖြစ်၏။

ဆွမ်းခံရာတွင် ဆရာတော်က ရှေ့မှကြွ၍ ဆရာတော်က နောက်မှလိုက်၏။ ကျောင်းမှထွက်လျှင်ပင် အိမ် သုံးလေးအိမ်မှ ဆွမ်းထွက်လောင်းရုံဖြင့် ဆရာတော်၏ သပိတ်သည် ပြည့်ပြီး ဖြစ်၏။ တစ်နေရာတွင်တော့ အသက် ၉၀ ကျော် အဘွားတစ်ဦး က လမ်းသို့ထွက်၍ ဆွမ်းလောင်း၏။ ဆွမ်းကိုရော ဆွမ်းဟင်းကို ပါ ပလတ်စတစ်တစ်အိတ်များနှင့်ထည့်၍ လောင်းကြ၏။ ဆရာတော် က သုံးလေးအိမ် ဆွမ်းခံရုံနှင့်ပင် ပြည့်စုံမှုရှိသော်လည်း ကျွန်တော့်အား ဆွမ်းခံသည့်ပုံစံကို သိစေလိုသော ဆန္ဒဖြင့် ဆက်၍ ဆွမ်းခံကြွတော်မူ၏။ နောက်တစ်လမ်းသို့ ရောက်သော် လှူဒါန်းလောင်းထည့်ထားသော ပစ္စည်းများကို ကျွန်တော်ပါ ဝိုင်း ၍ သယ်ဆောင်ရ၏။ ဆွမ်း၊ ဆွမ်းဟင်းနှင့်အတူ အချိုရည်ပုလင်းများ၊ ကော်ဖီမှုန့်ဘူး၊ အိုဗာတင်း၊ သစ်သီးဘူး၊ မုန့်မျိုးစုံ စသည်တို့ ကိုလည်း လောင်းကြ၏။ ကျွန်တော်က စည်သွတ်ဘူးများကို အခြားအိတ်နှင့် တစ်ခုနှင့် ဆွဲ၍ ကျန်ပစ္စည်းများမှာ ပလတ်စတစ် နှစ်အိတ်နှင့် အပြည့် ဖြစ်၏။ အထူးသဖြင့် အိမ်တိုင်းက သစ်သီး ဝလံများကို ထည့်၍ လောင်းကြ၏။ အချို့ကလည်း ဆွမ်းခံကိုယ် တော်ကိုတွေ့မှ ဈေးသို့ မော်တော်ဆိုင်ကယ်နှင့် ပြေးဝယ်ကာ အမိ ပြန်လိုက်၍ လောင်း၏။ ဆွမ်းလောင်းသူ သစ်သီးဝလံနှင့်

BURMESE CLASSIC .com

www.burmeseclassic.com



ဝတ္ထုပစ္စည်းလှူဒါန်းသူအားလုံးကို ဆွမ်းခံကိုယ်တော်က ဆုပေးရ ၏။ ပေးသောဆုကို ဆွမ်းလောင်းသူတို့က လက်အုပ်ချီ၍ ခံယူကြ၏။ ထိုင်းလူမျိုးတို့သည် နိုင်ငံက တိုးတက်၍ စီးပွားရေးက လူတိုင်းပြေလည်သောကြောင့် လှူနိုင်တန်းနိုင်ရှိကြ၏။

ကျွန်တော်သည် များစွာမဝေးသော ပတ္တယာနှင့် ချွန်ဘူရီ ဤနေရာလေးနှစ်ခုတွင် တစ်နေရာက အရှက်ကိုပယ်၍ ရမ္မက်ကို တွယ်ရာကာ စုဆောင်းနေသလောက် တစ်နေရာတွင်ကား ဆရာတော်ကြီး ဒေါက်တာအာသဖ၏ အားထုတ်ဆုံးမ သွန်သင်မှုတို့ဖြင့် အလိုရမ္မက် ငြိမ်းသတ်နေရုံသာမက အလှူဒါနတို့ဖြင့် အေးချမ်းမှုကို ကြီးစွာသော ဣန္ဒြေသိက္ခာတို့ဖြင့် ထိန်းသိမ်းထားကြပုံကို တွေ့ရသော အခါ အံ့လည်း အံ့သြမိ၏။ ခြားနားမှုက အရှေ့နှင့်အနောက်ဖြစ်၏။ ချွန်ဘူရီမှ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဆရာတော်ကြီး ဒေါက်တာအာသဖ၏ ညွှန်ပြ ဆုံးမမှုကို ခံယူကာ ပျော့ပျောင်းသော စိတ်ထား၊ ကြည်လင်သော မနော၊ ထက်သန်သော စေတနာတို့ဖြင့် တည်ရှိနေကြသော လူ့အဖွဲ့အစည်းကို ပတ္တယာကမ်းခြေနှင့် နှိုင်းယှဉ်သော သုခဘုံနှင့် ငရဲအလားရှိပါ၏။

ချွန်ဘူရီ ဝိဝေကအာစုံသည် အေးချမ်းလှသည်။ ကျောင်း၏ အနီးတွင် မြောင်းငယ်လေးတစ်ခုက ကျောင်းအား ကွေ့ပတ်၍ စီးဆင်းနေ၏။ ထိုမြောင်းငယ်ကလေးကပင် ပူလောင်ပြင်းပြသော ရမ္မက်တို့နှင့် အေးချမ်းလှသော သုခရိပ်ငြိမ်တို့ကို ကဏ္ဍခြားပေးထားသလို ရှိပါ၏။ သစ်ရိပ် ဝါးရိပ်၊ ကြက်တွန်သံ၊ ငှက်ကလေး

www.burmeseclassic.com



များတေးဆိုသံတို့ဖြင့် သာယာအေးငြိမ်းလှ၏။ ဝိဝေကဟူသည် ကပင် ကာယဝိဝေက၊ စိတ္တဝိဝေက၊ ကိုယ်၏ ဆိတ်ငြိမ် အေးချမ်းမှု၊ စိတ်၏ ဆိတ်ငြိမ်အေးချမ်းမှုဟူ၍ အဓိပ္ပာယ်ရှိသည် ဟု သိရပါ၏။

ချွန်ဘူရီ ဝိဝေကအာစုံ ဝိပဿနာ ကျောင်းတော်ကြီးသည် ပိဋကတ်သုံးပုံနှင့်တကွ ဘာသာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များက ထိုင်ဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာလို ပါဠိလို သက္ကတဘာသာတို့ဖြင့် အစုံအလင်ရှိ၏။ ဆရာတော်ကြီးသည် ထိုင်းဘာသာစကားရော၊ ထိုင်းစာပါတတ်မြောက်၍ များသော အားဖြင့် ဆရာတော်က ထိုင်းဘာသာဖြင့်သာ ပြောဆိုတတ်၏။ ဆရာတော်ကြီးသည် ထိုင်းဘာသာဖြင့် ဝိပဿနာတရားနှင့် စပ်လျဉ်းသော ကျမ်းစာကိုလည်း ပြုစုခဲ့၏။ ဆရာတော်ကြီး သည် ပရိယတ်နှင့် ပိဋိပတ် နှစ်ရပ်သော ပညာတို့ဖြင့် စွယ်စုံ ပညာကုံလုံပြည့်ဝသည့် ဆရာတော်ကြီး တစ်ပါးဖြစ်သည်။

ကျွန်တော်က ဆရာတော်ကြီး ထိုင်းနိုင်ငံကို ဘယ်လိုဘယ် နည်းနှင့် ရောက်ခဲ့ပါသလဲဘုရားဟု လျှောက်ထားတော့ “ကျုပ် က ခုနစ်ဝါရတော့ စာချဘုန်းကြီးအဖြစ် စာချတာဝန်ကို လုပ်ဆောင်ခဲ့တယ်။ နောက်ပြီး သာသနာ့ရိပ်သာမှာ ကမ္မဋ္ဌာန်း ဆရာအဖြစ်လည်း လုပ်ကိုင်တယ်။ အဲဒီအချိန်မှာ ထိုင်းနိုင်ငံက ဆရာတော်ကြီးများက ထိုင်းနိုင်ငံမှာ ပရိယတ် ရှိနေသည်။ သို့သော် သမထ ဝိပဿနာ စခန်းတွင်မှုကား ကောင်းကောင်း တရားပြတတ်သူမရှိ။ ဝိပဿနာစခန်း၌ ကောင်းမွန်ရှင်းလင်းစွာ

BURMESE CLASSIC .com

www.burmeseclassic.com



တရားပြနိုင်သော ဆရာတော်များ လိုအပ်သည်။ မြန်မာနိုင်ငံတွင် သမထဝိပဿနာနှင့် စပ်လျဉ်း၍ စွယ်စုံရ ပုဂ္ဂိုလ်များ ပေါများလှသည်ဟု ဆိုကာ သံရုံးမှတစ်ဆင့် မဟာစည် ဆရာတော်ဘုရားကြီးထံ တရားပြမည့်ဆရာတော် နှစ်ပါးတောင်းခံ၏။

မဟာစည် ဆရာတော်ဘုရားကြီးက ဆရာတော် ဦးအာသဘအား ထိုင်းနိုင်ငံသို့သွား၍ ဝိပဿနာတရား ကျယ်ပြန့်ထွန်းကားအောင် သွားရောက်ဆောင်ရွက်ရန် တာဝန်ပေး၏။ ဆရာတော်ဦးအာသဘသည် ပေးအပ်သောတာဝန်ကို လက်ခံကာ ထိုင်းနိုင်ငံသို့ကြွလာခဲ့သည်။ ဆရာတော်ကြီးကြွလာစဉ်က ထိုင်းနိုင်ငံသည် ဤမျှ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးဘဲ မြန်မာနိုင်ငံထက်အဘက်ဘက်မှ ချို့တဲ့ရှာ၏။

ဆရာတော် ဦးအာသဘ ထိုင်းနိုင်ငံရောက်တော့ မြဘုရားအနီးရှိ ဝပ်မဟာထ ကျောင်းတော်ကြီးတွင် ဝိပဿနာတရားကိုပြဆို၏။ ထိုင်းနိုင်ငံတွင် ထိုအခါက ဝိပဿနာဟူသော စကားကိုကြားသာကြားဖူးမည်။ လက်တွေ့လုပ်ဆောင်သူမရှိ။ ဆရာတော်က ဝိပဿနာ ကမ္မဋ္ဌာန်းတရားကိုပြတော့ ထိုင်းဗုဒ္ဓဘာသာဝင်အများအပြား လာရောက်တရားထိုင်ကြ၏။ ဝပ်မဟာထသည် ရောမကျောင်းတိုက်ကြီးဖြစ်သည်။ လူအများအပြားလည်းလာ၍ တရားထိုင်ကြရာ ကမ္မဋ္ဌာန်းလုပ်ငန်း အလွန်မှ အောင်မြင်၏။

ဆယ်နှစ်ခန့် ကြာသောအခါ ကမ္မဋ္ဌာန်တရားသည် ထိုင်းနိုင်ငံတွင် စတင်ပြန့်ပွား အခြေခိုင်လာခဲ့၏။ ဝပ်မဟာထ

www.burmeseclassic.com



သည် မြဘုရားအနီးတွင်ရှိ၍ ကျောင်းတိုက်ကြီးကလည်း ခံ့ညား ကြီးကျယ်ကာ ဆိတ်ငြိမ်မှုမရှိ။ ထို့ကြောင့် ထိုင်းအမျိုးသား စက် သူဌေးကြီး နိုင်ထမန္တန်က အရှင်ဘုရား ဆိတ်ငြိမ်သော လူသူ နည်းပါးမည့် တောရတွင် တပည့်တော်ဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်း စခန်း တစ်ခု ဖွင့်လှစ်လှူဒါန်းလိုပါသည်ဟု လျှောက် ထားရာ ဒကာကြီး ဆန္ဒအတိုင်း လုပ်ဆောင်လိုပါက လုပ်ဆောင် ပါဟု ဆရာတော်က ခွင့်ပြုလျှင် စက်ပိုင်ကြီး နိုင်ထမန္တန်သည် နေရာရှာ၏။ မကြာမီပင် အရှင်ဘုရား နေရာကောင်း တစ်ခုကို တွေ့ရှိထားသည်။ မြို့ရွာနှင့်လည်း များစွာမဝေး၊ ဆိတ်ငြိမ်မှု လည်းရှိ၏။ ကမ္မဋ္ဌာန်းတရားပွားများသူတို့အတွက် ရေရှည် အကျိုးလည်းရှိနိုင်သောနေရာ ဖြစ်သည်ဟု လာရောက်လျှောက် ထားလျှင် ဒကာကြီးသင့်တော်ပါက စီမံပါဟု ခွင့်ပြုမှ ချွန်ဘူရီ၌ သစ်ရိပ် ဝါးရိပ်တို့ဖြင့် ပြည့်စုံသော ဉာဏ်ဝိဝေက အာစုံ ကမ္မဋ္ဌာန်း ကျောင်းကို ဆောက်၏။ ထိုအခါ ချွန်ဘူရီသည် အေးချမ်းသော တော ဖြစ်၍ ပတ္တယာ ကမ်းခြေဆိုသည်မှာလည်း လူသူမရှိသော ကမ်းခြေ တစ်နေရာသာ ဖြစ်၏။

စက်ပိုင်ကြီး နိုင်ထမန္တန်သည် ချွန်ဘူရီ ကမ္မဋ္ဌာန်းကျောင်း ကြီး ထာဝစဉ်တည်တံ့နိုင်ရန် မုနိဒိလည်း ပြုလုပ်ခဲ့၏။ မုနိဒိဆို သည်မှာ ယခုအခါ မြန်မာပြည်တွင် ကျောင်းတိုက်သံဃာတော် တို့အတွက် ငွေပဒေသာပင် စိုက်၍ လှူဒါန်းမှုမျိုး ဖြစ်၏။ ငွေများ စွာကို ဘဏ်တွင်ထား၍ အတိုးကိုသာသုံးစွဲသော စနစ်ဖြစ်၏။ ထိုင်းနိုင်ငံ၌ မုနိဒိ လုပ်ဆောင်ရန် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ စာရင်း စစ်နှင့် အတွင်းရေးမှူးတို့ပါသော အဖွဲ့တစ်ဖွဲ့ရှိရ၏။ မတည်သူ

www.burmeseclassic.com



သည် ချမ်းသာပြည့်စုံရသည်။ စက်ပိုင်ကြီး နိုင်ထမန္တန်သည် မိမိ ကိုယ်တိုင်ဦးစီး၍ မုနိဒိ ဝိပဿနာ ဝိဝေက အာစုံကို ဖွဲ့စည်းကာ ဤကျောင်းတိုက်ကြီးကို ထူထောင်၍ ရေစက်ချ လှူဒါန်းခဲ့၏။

ထိုင်းနိုင်ငံတွင် ထိုစဉ်ကပင်သာသနာ့တက္ကသိုလ်ရှိ၏။ ထို တက္ကသိုလ်မှာ ဝပ်မဟာထ ကျောင်းတိုက်အတွင်း၌ပင် ဖွင့်လှစ် ထားရှိ၏။ သာသနာ့တက္ကသိုလ်တွင် သံဃာအပါး တစ်ထောင် ခန့် အမြဲရှိသည်။ အတန်းမှာ ဆယ်တန်း၊ အိုင်အေ၊ ဘီအေ၊ အမ်အေ စသည်ဖြင့် အဆင့်များ ခွဲခြားထား၏။ ယင်းဗုဒ္ဓဘာသာ တက္ကသိုလ်မှ ဒေါက်တာဘွဲ့လည်း ပေးအပ်သည်။

ထိုင်းနိုင်ငံ သာသနာ့တက္ကသိုလ်တွင် ပညာဆုံးခန်းတိုင် ရောက်ရှိပါက ပန်ဒိတ်ခေါ် ပဏ္ဍိတဘွဲ့ ပညာရှိဘွဲ့ကို ပေး၏။ ထိုင်းနိုင်ငံ၌ မြန်မာနိုင်ငံ၏ ကျေးဇူးကြောင့် ဝိပဿနာတရား ထွန်းကားလာပြီးသည့်နောက်ပိုင်းတွင် ပန်ဒိတ်ဘွဲ့ကို ရရှိရန် အမ်အေ၊ မဟာဝိဇ္ဇာ၊ ဒေါက်တာစသော ဘွဲ့များကိုသာမက ဝိပဿနာတရား အတွေ့အကြုံလည်းရှိရန်လိုသည်။ စာတတ်၊ ပေတတ်ဖြစ်ရုံဖြင့် ပန်ဒိတ်ဘွဲ့၊ ပညာရှိဘွဲ့မပေးတော့ဘဲ ပရိယတ် ပဋိပတ် စွယ်စုံရမှ ပန်ဒိတ်ဟူသော ပညာရှိကြီးဘွဲ့ကို ရရှိသင့်၏ဟု ဆုံးဖြတ်ခဲ့၏။

ထိုင်းနိုင်ငံတွင် တစ်နှစ်လျှင် သံဃာ့တက္ကသိုလ်မှ ပန်ဒိတ် လောင်း သံဃာ ၃၀၀ ခန့် ရှိ၏။ ထို ပန်ဒိတ်လောင်းများသည် ဆရာတော်ကြီး ဘဒ္ဒန္တ အာသဖထံတွင် ချဉ်းကပ်၍ ဝိပဿနာ

www.burmeseclassic.com



ကမ္မဋ္ဌာန်းကို စီးဖြန်း လေ့ကျင့်ယူကြရ၏။ ဆရာတော်ကြီးက ဤ ရဟန်းသည် ကမ္မဋ္ဌာန်းအဆင့် မည်မျှရှိပြီ၊ ကမ္မဋ္ဌာန်းတရား မည်မျှ ပေါက်ရောက် အောင်မြင်မှု ရှိပြီဟု သတ်မှတ်ပေးမှ ပန်ဒိတ်ဘွဲ့ကိုရကြ၏။ ယနေ့ထက်တိုင်လည်း ချွန်ဘူရီ ဝိဝေက အာစုံသို့ လာရောက်၍ ပန်ဒိတ်သံဃာလောင်းများအားလာရောက် တရားအား ထုတ်ကြဆဲ ဖြစ်၏။

ပန်ဒိတ်လောင်းများကို ဝိပဿနာ အဆင့်သတ်မှတ်၍ ပန်ဒိတ် ဖြစ်ရန် တရားပြဋ္ဌာန်းပေးရသည့် ဆရာတော်ကြီး ဘဒ္ဒန္တ အာသဖအား ထိုင်းနိုင်ငံအစိုးရက ဗုဒ္ဓဝပ် ဒုတ်စရိပန်ဒိတ်ဘွဲ့ကို ၁၉၉၀ ပြည့်နှစ်က ဆက်ကပ်လှူဒါန်းခဲ့၏။ ထိုဘွဲ့မှာ ပန်ဒိတ်ခေါ် ပညာရှိကြီး တစ်ဦးဖြစ်လာရန် ညွှန်ပြ သင်ကြားနိုင်သော ပုဂ္ဂိုလ်ကြီးဖြစ်၍ ပန်ဒိတ်ခေါ် ပညာရှိကြီးတို့၏ ဆရာဟူသော ဘွဲ့ပင် ဖြစ်၏။ ထိုဘွဲ့သည် Ph. D. Honorary ဘွဲ့ ဖြစ်၏။ ဆရာတော်ကြီးသည် ဘဒ္ဒန္တ ဒေါက်တာ အာသဖဟူ၍ ထိုင်းနိုင်ငံတစ်ရိုးတွင်း ဟိုးဟိုးကျော် ထင်ရှားသော ဆရာတော်ကြီး တစ်ပါး ဖြစ်ခဲ့၏။

"ဘုန်းကြီးကလဲ ဘွဲ့ပေးတယ်ဆိုလို့ သူများနိုင်ငံကပေးတာဆိုတော့ လက်ခံရတာပေါ့။ ဘာဘွဲ့မှန်းတောင်ပထမ မသိပါဘူး။ ပထမတော့ ပန်ဒိတ်ပညာရှိတွေရဲ့ ဆရာလို့ ခေါ်ကြတာပဲ။ အဲဒီဘွဲ့ရပြီးတော့ သူတို့က ဒေါက်တာအာသဖလို့ ခေါ်တော့ **ဟဲ့ – ငါက ဘုန်းကြီး၊ ဆရာဝန်မှမဟုတ်တာ** လို့ပြောတော့ **အရှင်ဘုရားကို ကပ်တာ ဒေါက်တာဘွဲ့ပါဘုရား၊ အရှင်ဘုရား ဒေါက်တာ**

BURMESE CLASSIC .com

www.burmeseclassic.com



**မြစ်ပါပြီဘုရား** လို့ တပည့်တွေက လျှောက်တယ်။ ဘုန်းကြီးလဲ ဒေါက်တာ ဖြစ်မှန်း မဖြစ်မှန်းတော့ မသိပါဘူး။ ဒကာချစ်စံရယ်" ဟု ရှင်းပြပါ၏။ ဆရာတော်ကြီး၏ ဂုဏ်သတင်းကျော်စောမှု၊ ညဏ်ပညာပြည့်စုံမှု၊ ကမ္မဋ္ဌာန်းတရားအရာတွင် ပေါက်မြောက်ရင့်သန်မှု စသော ကျေးဇူးတော်အရပ်ရပ်တို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၉၃ ခု ဇန်နဝါရီလ ၄ ရက်တနင်္လာနေ့က ဆရာတော်ကြီးအား အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း၏။

ထိုနေ့က ဆရာတော်ကြီးနှင့် အချိန်အတော်ကြာ စကားပြောဖြစ်၏။ ဆရာတော်ကြီးက ကျွန်တော်မေးမြန်းလျှောက်ထားသမျှကို စိတ်ရှည် လက်ရှည် ဖြေကြား၏။ ထို့နောက် ဆရာတော်ကြီးက "ဒကာ ချစ်စံ၊ ဘုန်းကြီး ဆုံးမချင်တာက လူမိုက်နဲ့ ဘယ်တော့မှ မပေါင်းနဲ့၊ လူလိမ္မာနဲ့ပေါင်း၊ ခွေးတောက်ပင်နှင့်သရက်ပင်ရောစိုက်ပါက သရက်သီးပင်ခါးရသည်။ လူလိမ္မာသည်ပင်လျှင် လူမိုက်နှင့် ပေါင်းပါက လူမိုက်ဖြစ်ရ၏။ ငါ့တပည့် လူမိုက်နှင့် မပေါင်းလေနှင့်"ဟု ဆုံးမပါ၏။

ထိုအခါ ဆရာတော်ကြီးအား အရှင်ဘုရား လူတွေကို ဘယ်သူက လူမိုက်၊ ဘယ်သူက မမိုက်သူလို့ ဘယ်လိုခွဲရပါ့မလဲ ဘုရားဟု လျှောက်ထားတော့ ဆရာတော်ကြီးက လူကောင်းဟာ လူမိုက်မဟုတ်ဘူး၊ လူမိုက်ဟာလည်း မကောင်းဘူးကွဲ့၊ လူကောင်းများဟာ လောကမှာ ဒေဝဓမ္မ တရားကို လိုက်နာကြ

www.burmeseclassic.com



သည်။ ဒေဝဓမ္မတရားကို လိုက်နာသူတို့ကို လောကမှာ လူကောင်းဟု ခေါ်သည်။ ဒေဝဓမ္မတရားကို လိုက်နာခြင်းသည် ကောင်း၏။ ဒေဝဓမ္မတရားကို မလိုက်နာပါက မကောင်း။ ထို ဒေဝဓမ္မတရားကို မလိုက်နာသူသည် လူမိုက်ဖြစ်၏ ဟု ဆုံးမပါ၏။

ကျွန်တော်က အရှင်ဘုရားပြောတဲ့ ဒေဝဓမ္မဆိုတာကို တပည့်တော် နားမလည်ပါဘုရား ဟုဆိုစတော့ ဆရာတော်ကြီး က “ဒကာ ချစ်စံဝင်းနှယ်၊ စာတွေရေးနေပြီး ဒကာကြီးသည် ရေစောင့်ဘီလူးနှယ် ဖြစ်၏” ဟု မိန့်တော်မူပြီး ဆရာတော်ကြီးက “ဒေဝဓမ္မတရားဆိုတာကို လူတိုင်းသိရမယ်၊ မြန်မာတိုင်းသိရ မယ် ဒကာကြီးရဲ့။ ဒေဝဓမ္မတရားဆိုတာက နတ်သိကြား ဖြစ်နိုင် တဲ့တရား။ သူတော်ကောင်းတရားများကို လောကမှာ ဒေဝဓမ္မ လို့ခေါ်တယ်။ သူတော်ကောင်းများဟာ နတ်သိကြားဖြစ်အံ့သော ဌာ အကြောင်းရှိတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ သူတို့ကို ဒေဝဓမ္မလို့ခေါ်တာ။ ဒေဝဓမ္မတရားမြတ်ကို ဤစာအုပ်များတွင် ရှာဖွေ၍ ဖတ်ကြည့်” ဟု ဆိုကာ ဆရာတော်ကြီးက စာအုပ်များကို ထိုး၍ ပေးပါ၏။ ဆရာတော်ကြီးကျောင်းတွင် ဗုဒ္ဓဘာသာစာပေနှင့် ပတ်သက်၍ စာအုပ်အစုံရှိ၏။ ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်၊ မြန်မာ၊ ထိုင်းနှင့် ဂျာမန် ဘာသာတို့ဖြင့် စာအုပ်အစုံရှိသည်။ ထိုနေ့ကတော့ ချွန်ဘူရီ ဝိဝေကအာစုံ ကျောင်းအတွင်းမှ ကမ္မဋ္ဌာန်းကျောင်းလေး တစ်ခု တွင် ကျွန်တော်သည် ဒေဝဓမ္မတရားတော်ကို ဖတ်ရှုရင်းဖြင့် အချိန်ကုန်ခဲ့ပါ၏။

www.burmeseclassic.com

# အခန်း(၇)

# အရှက်မဲ့သော ရဟန်း

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်မရှား ရဟန်း တစ်ပါးကို အကြောင်းပြု၍ ဒေဝဓမ္မတရားတော်မြတ်ကို ဟောကြားတော်မူခဲ့၏။

တစ်ခါသော် သာဝတ္ထိပြည်တွင်နေသော သူကြွယ်တစ် ယောက်သည် ဇနီးယားသေသည့်အတွက် ကြေကွဲဝမ်းနည်းကာ ရဟန်းဘောင်သို့ဝင်ခဲ့၏။ ရဟန်းဘောင်သို့ဝင်ခဲ့သော်လည်း ထို သူကြွယ်သည် မိမိရဟန်းဘောင်သို့ ရောက်ပါက သုံးဆောင် နေထိုင်နိုင်ရန် ကျယ်ဝန်းသော နေရာကိုယူ၍ မီးဖိုဆောင်

BURMESE CLASSIC .com

www.burmeseclassic.com



ဘဏ္ဍာတိုက် (ဂိုဒေါင်) အိပ်စက်ခန်းတို့ပါဝင်သော အဆောက်အအုံ တစ်ခုကိုဆောက်၏။ ဘဏ္ဍာတိုက်အတွင်း၌ ထောပတ်ပျားရည် ဆန်ဆီစသည်တို့ကို အပြည့်သိုလှောင်ထည့်သွင်းပြီးခါမှ ရဟန်းအဖြစ်သို့ခံယူ၏။

ရဟန်းဘဝသို့ရောက်သောအခါ သူကြွယ်ဘဝက အစေခံများ ကျွန်များကိုခေါ်ယူ၍ မိမိ အသုံးအဆောင်များကို ယူကာ အစာအဟာရများကို ချက်ပြုတ်ကြော်လှော်စေ၍ ကောင်းစွာ ဘုဉ်းပေးသုံးဆောင်၏။ ထိုရဟန်းသည် အခြားသော ပစ္စည်းပစ္စယ အသုံး အဆောင်တို့ကိုလည်း ပြည့်စုံ များပြားစွာ ထားရှိသုံးဆောင်၏။

ထိုရဟန်းသည်နေ့အခါတွင် အပေါ်ရုံ သင်္ကန်းတစ်မျိုး၊ ခါးဝတ် သင်းပိုင်တစ်မျိုးကို ဝတ်၍ ညဥ့်အခါတွင် နောက်တစ်မျိုးပြောင်းကာ ဝတ်ဆင်၍ သီတင်းသုံး၏။ တစ်နေ့တွင် ထိုရဟန်းသည် မိမိသုံးဆောင်သော သင်္ကန်း၊ အိပ်ရာ၊ အိပ်ရာခင်း အသုံးအဆောင်စသည်တို့ကို နေပူ၌ ထုတ်၍ လှမ်း၏။ ထိုသို့ လှမ်းထားချိန်တွင် ဇေတဝန်ကျောင်းသို့ လာရောက်၍ ဘုရားရှင်အား ဖူးမြော်ပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကြ၏။

ကျောင်းအတွင်း၌ လှည့်လည် ကြည့်ရှုကြသောအခါ သူကြွယ်ရဟန်း၏ ကျောင်းပရိဝုဏ်သို့ ရောက်သောအခါ သူကြွယ်ရဟန်း လှမ်းထားသော သင်္ကန်း နေရာထိုင်အခင်း၊

BURMESE CLASSIC .com

www.burmeseclassic.com



အိပ်ရာ စသည်တို့ကို မြင်၏။ ထိုသို့ တွေ့မြင်သောအခါ ရဟန်းများက "ဤပစ္စည်းများသည် မည်သူ့ အသုံးအဆောင်များ ပါသနည်း"ဟု မေးရာသူကြွယ်ရဟန်းက "ဤပစ္စည်းများသည် ငါ့ အသုံးအဆောင်ပစ္စည်းများ ဖြစ်သည်"ဟု ပြော၏။ ထို့နောက် ရဟန်းတို့ကက သေချာအောင် "ငါ့ရှင် ဒီသင်္ကန်းကရော ဘယ်သူ့ ဟာလဲ၊ ဒီသင်းပိုင်ကရော ဘယ်သူ့ပစ္စည်းလဲ၊ ဒီထိုင်ခင်း၊ ဒီအိပ်ရာခင်း၊ ဒီအကာ၊ ဒီအခင်း တို့ကရော ဘယ်သူ့ ဟာလဲ" ဟု မေး၏။

"ရဟန်းတို့ ဒါတွေအားလုံးသည် ငါ့ဟာတွေချည်းသာ ဖြစ်၏"ဟု ဆို၏။ သူကြွယ်ရဟန်းသည် **ဒါတွေဟာ ငါ့ဟာတွေ** ဟု ပြောရသည်ကိုပင် ဂုဏ်ယူလျက်ဖြေကြား၏။ ရဟန်းဖြစ်ပါလျက် ဤသို့ နေထိုင် စားသောက်မှုသည် မြတ်စွာဘုရား၏ အလိုတော်နှင့် မညီ။ ဘုရား အလိုတော်ကျ မဟုတ်သဖြင့် ထိုသို့နေထိုင် စားသောက်မှုသည် ရှက်ရမည့်ကိစ္စ ကြောက်ရမည့်ကိစ္စ ဖြစ်သည်ကိုလည်း သူကြွယ်ရဟန်း လုံးဝသတိမထားမိဘဲ ရှိ၏။ သူကြွယ်ရဟန်းသည် မေ့လျော့အားကောင်းနေ၍ လောဘတရား မောဟတရားတို့ လွှမ်းမိုးဖိစီးမှုကို ခံနေရသည်ကိုပင် ခံနေရသည်ဟု သတိမပြုမိဘဲရှိ၏။

သူကြွယ်ရဟန်းသည် ရှက်စရာ ဖြစ်ပါလျက် ရှက်ရမည်ကို မသိ။ ကြောက်စရာ ဖြစ်ပါလျက် ကြောက်ရမည်ကို မသိဘဲ၊ ရှက်ရမည့် ကြောက်ရမည့် ကိစ္စအပေါ် ဂုဏ်ယူ ဝင့်ကြွားနေသဖြင့် အတော်ကြီး အခက်တွေ့နေကြ၏။

www.burmeseclassic.com



ထိုအခါ မသိသော ရဟန်းအား သိအောင်ပြောမှ သင့်မည်ဟု ဆုံးဖြတ်ကာ "ငါ့ရှင် မြတ်စွာဘုရားသည် ရဟန်းတစ်ပါးလျှင် သင်္ကန်း ၃ ထည်သာ ထားရှိရန် ခွင့်ပြု ထားသည်။ ငါ့ရှင်သည် အလိုနည်းစွာ ကျင့်ကြံရမည့် ဘုရားရှင်၏ သာသနာတော်၌ ရဟန်းဘဝကို ခံယူပြီးခါမှ ယခုကဲ့သို့ ပရိဘောဂ အသုံးအဆောင်များကို အများအပြား ထားရှိသုံးဆောင်မှုသည် မြတ်စွာဘုရား၏ အလိုတော်နှင့် ညီညွတ်မှုမရှိ။ ငါ့ရှင်အား မြတ်စွာ ဘုရားထံပို့မှ သင့်မည်"ဟု ပြောကာ ရဟန်းတို့သည် သူကြွယ် ရဟန်းအား မြတ်စွာဘုရားထံ ခေါ်လာခဲ့ကြ၏။

မြတ်စွာဘုရားသည် သူကြွယ်ရဟန်းအား ရဟန်းတို့ခေါ်လာသည်ကို တွေ့မြင်လေလျှင် "ရဟန်းတို့၊ အဘယ်ကြောင့် မလိုက်လိုသော ရဟန်းကို ခေါ်လာရသနည်း" ဟု မေးတော်မူ၏။ ရဟန်းတို့က "မြတ်စွာဘုရား ဤရဟန်းသည် များစွာသော ပစ္စည်း ပစ္စယ၊ များစွာသော ပရိဘောဂတို့ကို သုံးဆောင်လျက် ရဟန်းအဖြစ်ကို ခံယူနေပါသည်ဘုရား"ဟု လျှောက်ထားကြ၏။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက ရဟန်းပုဂ္ဂိုလ်တို့သည် တစ်ဦးတစ်ယောက်က အပြစ်ရှိသော လုပ်ငန်းကို လုပ်နေပါက သူ့အပြစ်နှင့် သူဟူ၍ လျစ်လျူရှုမထားဘဲ အမုန်းခံ၍ ကူညီကြ၏။ အပြစ်ကို ကုစား ဖြေရှင်းပေးနိုင်သူ ဘုရားရှင်ထံသို့ပို့၍ ဖြေရှင်းတတ်ကြ၏။

ထိုအခါ မြတ်စွာဘုရားက–

www.burmeseclassic.com



"ရဟန်း၊ သင်သည်များစွာ ပစ္စည်းပစ္စယ၊ များစွာသော အသုံးအဆောင် ပရိဘောဂများ ထားရှိ သုံးစွဲနေသည် ဆိုသည်မှာ မှန်ပါသလား"ဟု မေးတော်မူ၏။

"မှန်ကန်ပါသည် မြတ်စွာဘုရား"

"ရဟန်း–သင်သည် အဘယ်ကြောင့် များစွာသော ပစ္စည်းပစ္စယ အသုံးအဆောင် ပရိဘောဂတို့ကို ထားရှိနေပါသလဲ၊ ငါဘုရားသည် အလိုနည်းဖို့အတွက် ရောင့်ရဲဖို့အတွက် ကင်းရှင်းခြင်း၊ ဆိတ်ငြိမ်ခြင်းတို့၏ ကျေးဇူး၊ လုံ့လ ကြိုးကုတ် အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးတရားကို ဟောကြားထားသည် မဟုတ်ပါလော"ဟု မြတ်စွာဘုရားက မေးတော်မူ၏။ ထိုအခါ ရဟန်းသည် စိတ်ဆိုးလှစွာဖြင့် ရဟန်း ပရိသတ်အလယ်တွင် အပေါ်ရုံသင်္ကန်းကို ချွတ်ချကာ–

"ဤသို့ဆိုပါက တပည့်တော်သည် ဤခါးဝတ်သင်္ကန်းတစ်ခုတည်းဖြင့်သာ နေပါတော့မည် ဘုရား"ဟု လျှောက်ထား၍ အပေါ်ရုံ မပါဘဲ ရပ်နေ၏။ သူကြွယ်ရဟန်းသည် မိမိမှားနေသည်ကို အမှားဟု မမြင်ဘဲ ဘုရားရှင်ကိုပင် အရွဲ့တိုက်ကာ မသင့်လျော်သော ပုံစံမျိုးဖြင့် ရပ်၍ နေ၏။

မြတ်စွာဘုရားသည် သူကြွယ်ရဟန်း၏ အပြုအမူအပေါ်သည်းခံ သနားတော်မူ၍ ကြီးမားသော မဟာကရုဏာဖြင့် ခွင့်လွှတ်ကာ ရဟန်းအပြစ်ကို အပြစ်ဟု သဘောမထားဘဲ

www.burmeseclassic.com



လွှဲမှားရိုင်းစိုင်းသော မောဟတရား၏ နှိပ်စက်မှုကို ခံနေရသော သူကြွယ်ရဟန်းအား ယဉ်ကျေးသိမ်မွေ့ စိမ့်သောဌာ–

“ရဟန်း သင်သည် ရှေးအခါက ရေစောင့်ဘီလူး ဖြစ်ခဲ့ဖူး၏။ ထိုအခါကပင် သင်သည် ၁၂ နှစ်တာ ကာလပတ်လုံး အရှက် အကြောက်တရားတို့ကို ရှာဖွေခဲ့ဖူး၏။ ရေစောင့်ဘီလူးဘဝဖြင့် အရှက်အကြောက်တရားတို့ကို ရှာဖွေသူ ဖြစ်ခဲ့ပါလျက် ယခုလို ငါဘုရား၏ သာသနာတွင် လေးစားထိုက်သော ရဟန်းဘဝကို ရရှိပြီးခါမှ ပရိသတ်လေးပါးတို့၏ အလယ်တွင် အပေါ်ရုံသင်္ကန်းကိုချွတ်၍ အဘယ်ကြောင့် အရှက်အကြောက်တရားတို့ကို စွန့်ပယ်ကာ ရပ်တည်၍ နေရသည်း” ဟု မိန့်တော်မူ၏။

ထိုအခါ သူကြွယ်ရဟန်းသည် မိမိမသိသောမိမိ၏ အတိတ်ဖြစ်စဉ်ကို သိလိုသည်ကတစ်ကြောင်း၊ ဘုရားရှင်၏ ကြီးမားသော ခွင့်လွှတ်ကြင်နာမှုတို့ကတစ်ကြောင်းကြောင့် အပေါ်ရုံသင်္ကန်းကို ကောက်ယူ ဝတ်ဆင်ပြီးသော် ဘုရားရှင်အား လက်အုပ်ချီလျက် သင့်တော်သော နေရာတွင် ထိုင်နေလေ၏။

ထိုအခါ မြတ်စွာဘုရားကို အခြားသော ရဟန်းတို့က ဤရဟန်း၏ ရှေးဖြစ်ကြောင်းကို အကျယ်အားဖြင့် ဟောကြားတော်မူပါဘုရားဟု လျှောက်ထားကြ၏။

မြတ်စွာဘုရားသည်လည်း ဤသို့ဟောကြားပါက သတ္တဝါ အပေါင်းတို့ အကျိုးများမည်ကို အကြောင်းပြုကာ ထိုသူကြွယ် ရဟန်း၏ ရေစောင့်ဘီလူး ဖြစ်စဉ်ကို ဟောကြားတော်မူပါ၏။

www.burmeseclassic.com

# အခန်း(၈)

## ဒေဝဓမ္မ

အတိတ်ဝေးစွာ ရှေးအခါက ကာသိတိုင်း ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် ထီးဖြူအုပ်မိုး၍ မင်းပြုစိုးစံလျက်ရှိ၏။ ထိုအခါတွင် ဘုရားအလောင်းတော်သည် ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားခေါင်ကြီး၏ ဝမ်းတွင်ကိန်းဝပ်စွဲနေ ပဋိသန္ဓေတည်ခဲ့၏။ ကိုးလလွန် ဆယ်လမြောက်၍ ဖွားမြင်သောအခါ ဘုရားအလောင်းမင်းသားအား မဟုသာသကုမာရ ဟု နာမည်မှည့်ခေါ်ကြ၏။

မဟုသာသ ကုမာရ မင်းသား ပြေးလွှား ဆော့ကစားတတ်သော အရွယ်သို့ရောက်လျှင် ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားခေါင်

BURMESE CLASSIC .com

www.burmeseclassic.com



ကြီး၌ သားရတနာစွဲကပ်သန္ဓေတည်တာ စုတိယ မြောက်သား တော်ကို ဖွားမြင်ခဲ့ပြန်၏။ ထိုသားတော်အား စန္ဒကုမာရဟု အမည်နာမ ပေးအပ်မှည့်ခေါ်ကြ၏။

စန္ဒာကုမာရမင်းသား ပြေးလွှားဆော့စကားသည့် အရွယ်သို့ ရောက်သောအခါ ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားခေါင်ကြီးသည် နတ်ရွာစံ၍ ကံတော်ကုန်ခဲ့၏။

ကလာအတန်ကြာသော် ဗြဟ္မဒတ်မင်းကြီးသည် အခြား သော မောင်းမတစ်ယောက်ကို မိဖုရားခေါင်းကြီးအဖြစ် တင် မြှောက်ခဲ့၏။ ထိုဖုရားငယ်အား မင်းကြီးသည် အလွန်တရာ ချစ်မြတ်နိုး၏။ ထိုမိဖုရားငယ်မှ သူရိယကုမာရဟူသော သားငယ် ကိုဖွားမြင်ပြန်၏။ သူရိယကုမာရ မင်းသားဖွားမြင်စအရွယ်တွင် မွေးဖွားပြီးစသားငယ်ကိုမြင်ရသော မင်းကြီးသည် အလွန်မှ နှစ် လို အားရတော်မူ၍ မိဖုရားငယ်အား “သားတော်အတွက် ငါသည် ဆုတစ်ခုပေးမည်။ သင်တောင်းလိုရာတောင်း” ဟုဆို၏။ ထိုအခါ မိဖုရားက ထိုဆုကို ယခုအလိုမရှိပါ။ အလိုရှိပါသော အခါမှပင် တောင်းပါမည်ဟု လျှောက်ထားခဲ့၏။

ဤသို့ဖြင့်သူရိယ ကုမာရမင်းသား အရွယ်ရောက်သော အခါ မိဖုရားသည် မင်းကြီးထံဝင်၍ “အရှင်မင်းကြီး သားငယ် မွေးဖွားစဉ်က အရှင်မင်းကြီးသည် ဆုတစ်ဆုပေးအပ်ခဲ့ပါ၏။ ထိုအခါက မလိုအပ်သေး၍မခေါ်ယူခဲ့ပါ။ ယခုသော် ထိုဆုကိုရယူ လိုပါသည်။ မိမိတောင်းဆိုလိုသောဆုမှာ မိမိ၏သား သူရိယ

BURMESE CLASSIC .com

www.burmeseclassic.com



ကုမာရအား မင်းအဖြစ်ကို ပေးသနားတော်မူပါဟု လျှောက်ထား၏။

ထိုအခါ မင်းကြီးက – အသင်မိဖုရား၊ ငါ့တွင် မဟိသာသကုမာရ၊ စန္ဒာကုမာရဟူသော သားတော်ကြီး နှစ်ပါးတို့သည် မီးပုံးကြီးများလား၊ အထင်အရှားရှိပါလျက်သင့်သားအား အဘယ်မှာလျှင် မင်းအဖြစ်ကို ပေး၍ ဖြစ်နိုင်ပါမည်နည်းဟု ဆိုကာ တောင်းဆိုသော ဆုကို ပယ်ချခဲ့၏။

သို့သော် မိဖုရားသည်လည်း အခွင့်ရတိုင်း သူရိယကုမာရအား မင်းအဖြစ်သို့ ပေးရန် အကြိမ်ကြိမ် တောင်းဆို၏။ ထိုသို့ တောင်းဆို ဖန်များသော် ဤမိဖုရားသည် ငါ့သားတော်အကြီးနှစ်ပါးအား တစ်စုံတစ်ရာ မကောင်းကြံစည်မှုပင် ပြုနိုင်ရာ၏ဟု စဉ်းစား၍ သားတော်နှစ်ပါးကို ခေါ်လိုက်၏။

ထိုနောက် မင်းကြီးက “ချစ်သားတို့၊ငါတို့သည်သူရိယကုမာရ မွေးဖွားစဉ်က ဆုတစ်ခုကို ပေးသနားခဲ့၏။ ယခုအခါ သူ့မိခင်က သူရိယကုမာရအား မင်းအဖြစ်ကိုပေးရန် အကြိမ်ကြိမ် တောင်းဆိုလျက်ရှိ၏။ ငါသည် သူရိယကုမာရအား မင်းအဖြစ်သို့ မပေးနိုင်ဟု အကြိမ်ကြိမ်လည်း ငြင်းပယ်ပြီး ဖြစ်၏။ သို့သော် ဤမိဖုရားသည် မလျှော့သောဇွဲဖြင့် အကြိမ်ကြိမ်ပင် သည်စကားအား ထပ်၍ ဆိုလျက်ရှိ၏။ မိန်းမတို့မည်သည် သူတို့ဆန္ဒမပြည့်ဝသော် မကောင်းကြံစည်တတ်၏။ ငါ့သားတော် နှစ်ပါး၏အပေါ် မကောင်းကြံစည်နိုင်၏။ ထို့ကြောင့် ငါ့သားတော်နှစ်ပါး၏

www.burmeseclassic.com



သည် ခုအချိန်၌ နန်းတွင်းမှ ဝေးရာတောသို့ သွားနေ၍ ငါကွယ်လွန်သောအခါတွင်မှသာ ကိုယ့်အမျိုး၏အမွေ ဖြစ်သော ထီးနန်းမွေကို လာရောက်ယူငင်ကြလော့ ဟုဆိုကာ မင်းကြီး လည်း ငိုကြွေးလျက် သားတော်နှစ်ပါးအား လည်ဖက်နမ်းရှုပ် ကာ တောသို့စေလွှတ်လိုက်၏။

မဟိသာသကုမာရနှင့် စန္ဒာကုမာရ မင်းသားညီနောင်နှစ်ပါး လည်း ခမည်းတော် မင်းတရားကြီးအား ရိုသေစွာ ရှိခိုး၍ နန်း ပြာသာဒ်ထက်မှ ဆင်း၍လာကြသော် နန်းရင်ပြင်တွင် ကစားနေ သော ညီငယ် သူရိယကုမာရသတို့သားနှင့် တွေ့သောအခါ နောင် တော်တို့ ဘယ်သို့သွားရန် ထွက်လာပါသနည်းဟု မေးရာ ငါတို့ သည် တောသို့ သွားကြမည် မင်းနှစ်ပါးက ဆို၏။

ထိုအခါ ညီဖြစ်သူ သိရိကုမာရ မင်းသားကလည်း နောင်တော်တို့သွားပါက ညီတော်လည်း နန်းတော်တွင်း မနေ လို။ နောင်တော်တို့နှင့်အတူ လိုက်ပါမည်ဟုဆိုကာ လိုက်ခဲ့၏။

ဤသို့ဖြင့် ညီနောင်သုံးပါးတို့သည် ဟိမဝန္တာတောအုပ် အတွင်းသို့ ရောက်၏။

တောတွင်း တစ်နေရာသို့ ရောက်သောအခါ ညီတော်၊ နောင်တော်သုံးပါးသည် သစ်ပင်ရင်းတစ်ခု၌ ထိုင်၍ အနားယူ နေကြစဉ် နောင်တော်ကြီး မဟိသာသကုမရ မင်းသားက ညီတော် သူရိကုမာရ မင်းသားကို ခေါ်၍–

BURMESE CLASSIC .com

www.burmeseclassic.com



"ညီမောင် သူရိယကုမာရ၊ အဝေးမှ မြင်နေရသော ရေအိုင်သို့သွား၍ သင်သည်ရေချိုးပါ။ ရေသောက်ပါ။ ပြီးပါက ငါတို့ဖို့ ကြာရွက်တို့ဖြင့် သောက်ရေကို ထည့်ယူခဲ့ပါ"ဟု စေခိုင်းလိုက်၏။

သူရိယကုမာရ မင်းသားသည် နောင်တော်ကြီး စေခိုင်းသည့်အတိုင်း ရေကန်ဆီသို့သွား၏။ ထိုရေကန်သည် ဝေဿဝဏ် နတ်မင်းကြီး အပိုင် ရေကန် ဖြစ်၏။ ဝေဿဝဏ် နတ်မင်းကြီးက ထိုရေကန်အား ကန့်သတ်ချက် တစ်စုံတရာဖြင့် ရေစောင့်ဘီလူးတစ်ယောက်အား အပိုင်စားပေးထား၏။

အပိုင်စားပေးစဉ်က ထားရှိသော ကန့်သတ်ချက်မှာ– "မောင်မင်းအား ဤရေကန်ကို ငါပိုင်စားပေး၏။ သို့သော် ဤရေကန်သို့ ရောက်ရှိလာသူများအနက် ဒေဝဓမ္မတရားကို သိသူကို သင်စားခွင့်မရှိ။ မသိသောသူသည် ဤရေကန်အတွင်းသို့ ဆင်းပါက သင်သည် စားနိုင်ခွင့်ရှိ၏" ဟု သတ်မှတ်ပေးခဲ့၏။

ထိုသို့ သတ်မှတ်ပေးခြင်းမှာ ဒေဝဓမ္မတရား ကို သိရှိသူသည် သူတော်ကောင်းတရားနှင့် ပြည့်စုံသူ ဖြစ်၍ ဒေဝဓမ္မတရားကို မသိသူသည် သူတော်ကောင်းတရားနှင့် မပြည့်စုံသူ ဖြစ်၏။ ထို့ကြောင့် ဒေဝဓမ္မတရားကို သိသူသည်သူတော်ကောင်းဖြစ်၍ ဒေဝဓမ္မတရားကို မသိသူသည် သူတော်ကောင်း မဟုတ်သူ ဖြစ်၏။

ထို့ကြောင့် ဝေဿဝဏ်နတ်မင်းကြီးက ရေစောင့်ဘီလူးအား ဤရေကန်သို့ဆင်းသူများနက် သူတော်ကောင်းများကို

BURMESE CLASSIC .com

www.burmeseclassic.com



မစားရ။ သူတော်ကောင်းမဟုတ်ပါက စားပိုင်စေဟု သတ်မှတ်ထားခြင်းလည်းဖြစ်သည်။

သူရိကုမာရ မင်းသားသည် နှောင်တော်စေခိုင်းသည့်အတိုင်း ရေကန်သို့ရောက်သော် တစ်စုံတစ်ရာ စူးစမ်း ဆင်ခြင်ခြင်းမပြုဘဲ ရေကန်အတွင်းသို့ ဆင်းသက်ခဲ့၏။ ရေကန်တွင်းသို့ ဆင်းလျှင်ပင် ဘီလူးက မင်းသားငယ်အားဖမ်း၍ "သင်မင်းသား ဒေဝဓမ္မဆိုသည်ကို သိပါလား" ဟုမေး၏။

ထိုခါ မင်းသားငယ်က "ဒေဝဓမ္မဟူသည် နေနှင့်လကို ခေါ်ဆိုခြင်း ဖြစ်၏" ဟု ဆိုလေလျှင် ဘီလူးက သင်သည် ဒေဝဓမ္မကို သိသူမဟုတ်ဟု ဆိုကာ ဖမ်းဆီး၍ ရေအောက်သို့ ပို့ဆောင်ကာ မိမိနေရာတွင် ချုပ်နှောင်ထားလိုက်၏။

သူရိယကုမာရ သွားသည်မှာ ကြာမြင့်လှသော် နှောင်တော်ကြီးသည် စန္ဒကုမာရကိုခေါ်၍ ညီငယ်သွားသည်မှာ ကြာမြင့်လှပြီ ဖြစ်သည်။ သင်သည် ရေကန်သို့သွား၍ ညီငယ်နောက်သို့ လိုက်လေဟု စေလွှတ်လိုက်၏။

စန္ဒကုမာရမင်းသားလည်း သူရိယကုမာရမင်းသားနည်းတူ ရေကန်အတွင်းသို့ဆင်းရာ ရေစောင့်ဘီလူးက ဖမ်းဆီး၍ ဒေဝဓမ္မာကို မေးမြန်း၏။ ထိုအခါစန္ဒကုမာရက ဒေဝဓမ္မဟူသည် အရပ်လေးမျက်နှာဟု ဖြေဆိုရာ သင်လည်း ဒေဝဓမ္မကို သိသူမဟုတ်ဟုဆိုကာ ရေအောက်သို့သွင်း၍ ချုပ်နှောင်ထားလိုက်၏။

BURMESE CLASSIC .com

www.burmeseclassic.com



စန္ဒာမာရ မင်းသားသွားသည်မှာလည်း ကြာမြင့်လှသော အခါ နောင်တော်ကြီးသည် ညီငယ်နှစ်ဦးသည် တစ်စုံတစ်ခု သော အန္တရာယ်နှင့် တွေ့ဆုံနေရပြီဟု တွက်ဆကာ ကိုယ်တိုင် ရေကန်သို့ လိုက်လာခဲ့၏။ ရေအိုင်သို့ရောက်သော် ရေအိုင်အတွင်း၌ ညီငယ်နှစ်ယောက်၏ ရေအိုင်အတွင်းသို့ ဆင်းသောခြေရာ တို့ကို သာတွေ့၍ တက်သောခြေရာကို မတွေ့လျှင် ဤရေအိုင်တွင် တစ်စုံတစ်ရာသော အန္တရာယ်ရှိလေမည်ဟု ဆိုကာ ရေအိုင် အတွင်းသို့ မဆင်းဘဲ သန်လျက်ကိုကိုင်ကာ ရေကန်ပေါ်တွင် ရပ်လျက် နေ၏။

ထိုအခါ ရေစောင့်ဘီလူးလည်း ခရီးသွားဟန်ဆောင်၍ နောင်တော်မင်းသားထံရောက်လာ၏။ မင်းသား သင်သည် ခရီး ပန်းလာဟန်ရှိ၏။ ရေအိုင်တွင်းသို့ဆင်း၍ ရေချိုးခြင်း၊ ရေ သောက်ခြင်း တို့ကိုပြုပါ။ ကြာစွယ်ကိုချိုး၍ ကြာပန်းတို့ကို ပန်ပါလော့ဟု ဆို၏။

မင်းသားသည် ထိုသူအားတွေ့လေလျှင် ဤသူသည် ဘီလူးသာလျှင် ဖြစ်မည်ဟု အတတ်သိလျက် “သင်သည် ငါ့ညီနှစ်ယောက်ကို ဖမ်းဆီးထားသည် မဟုတ်လော” ဟု မေးလိုက်၏။ ဘီလူးကလည်း ဟုတ်တယ် ကျွန်ုပ်ဖမ်းဆီး၍ ထားသည်ဟု ဆိုလေ၏။

“ဘာ့ကြောင့်ငါ့ညီများကို ဖမ်းထားရသလဲဘီလူး”

“ရေကန်တွင်း ဆင်းသူကို ကျုပ်စားပိုင်ခွင့်ရှိပါတယ်”

BURMESE CLASSIC .com

www.burmeseclassic.com



"သင်ဘီလူး ရေကန်တွင်း ဆင်းသူအားလုံးကို စားပိုင်ခွင့်ရှိလား"

"မဟုတ်ပါဘူး၊ ဒေဝဓမ္မကို သိတဲ့သူကိုချန်၍ ကျန်သူများကိုသာ စားနိုင်ပါတယ်"

"သင်သည် ဒေဝဓမ္မကို အမှန်တကယ် သိလိုပါသလော"

"ကျွန်ုပ်သည် ဒေဝဓမ္မကို အမှန်တကယ် သိလိုပါသည်။ သို့မှလည်း ကျွန်ုပ်သည် ကျွန်ုပ်စားပိုင်ခွင့်ရှိသူနှင့် မရှိသူကို ခွဲခြား၍ သိနိုင်ပါမည်။ ယခုမူ မသိဟုထင်သူများကို ကျွန်ုပ်မစားသေးဘဲ ချုပ်နှောင်ထားရုံသာ လုပ်ဆောင်ထားရခြင်းဖြစ်သည်ဟုဘီလူးကဆို၏။

သင်ဘီလူး ဒေဝဓမ္မကို သိလိုပါက ကျွန်ုပ်ပြောကြားမည်။ ကျွန်ုပ်၏ ကိုယ်သည် ကိုယ်လက်သန့်စင်ပြီးမှ ပြောလိုသည်ဟု ဆိုလျှင် ဘီလူးက မင်းသားအား ကိုယ်လက်သန့်စင်အောင် ရေချိုးစေ၏။

ထို့နောက် စားသောက်ဖွယ်ရာအာဟာရများကိုပေး၏။ ထို့နောက် တန်ဆာဆင်အပ်သော ထိုင်စရာပလ္လင်ကို ဖန်ဆင်း၍ ပေး၏။

ဘုရားအလောင်း မင်းသားသည် ပလ္လင်ထက်တွင်တိုင်၍ "ရေစောင့်ဘီလူး၊ သင်သည် ဒေဝဓမ္မကို ကောင်းစွာ နားထောင်လော့" ဟုဆိုကာ ဟောကြား၏။

BURMESE CLASSIC .com

www.burmeseclassic.com



**ဟီရိ ဩတ္တပ္ပ သမ္ပန္နာ၊**
**သုက္ကဓမ္မ သမာဟိတာ။**
**သန္တော သပ္ပုရိသာ လောကေ၊**
**ဒေဝဓမ္မာတိ ဝုစ္စရေ။**

ရေစောင့်ဘီဘူး ဟီရိ ဟူသော အရှက်တရားနှင့် ဩတ္တပ္ပ ဟူသော အကြောက်တရား နှစ်ပါးနှင့် ပြည့်စုံကုန်၍ ကိုယ်နှုတ်နှလုံး သုံးပါးသော အေးချမ်းမှု ရှိသော သူတော်ကောင်းတို့ကား လောကတွင် **ဒေဝဓမ္မ** ဟု ခေါ်ကြ၏။ ထိုသူတို့ကို နတ်သိကြား ဖြစ်အံ့သော အကြောင်းတရား ရှိသူများဟုလည်း ဆိုရ၏။ ထို့ကြောင့် ထိုသူများကို ဒေဝဓမ္မဟု ခေါ်ကြရ၏။ ဒေဝဓမ္မဟူသည် အရှက်နှင့်အကြောက် တရားနှစ်ပါး ရှိခြင်းတည်းဟု ဘုရား အလောင်းမင်းသားက မိန့်ကြားလေ၏။

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၉)

## ကမ္ဘာစောင့်တရား နှစ်ပါး

ဟီရိဩတ္တပ္ပ တရား နှစ်ပါး၏ နက်နဲမှုကို မြတ်စွာဘုရားသည် အလေးအနက်ထား၍ ဟောကြားခဲ့၏။

ဤတရားနှစ်ပါးကို ကမ္ဘာစောင့်တရား ဟုလည်း ခေါ်၏။

ဤတရားနှစ်ပါးသည် လောကကြီးအား စောင့်ရှောက်လျက်ရှိသဖြင့် ၎င်းတရား နှစ်ပါးကို လောကပါလ တရားဟုလည်း ခေါ်ဆိုကြ၏။

**ဟီရိ ဩတ္တပ္ပ သမ္ပန္နာ၊**

BURMESE CLASSIC .com

www.burmeseclassic.com



သုက္ကဓမ္မ သမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊
ဒေဝ ဓမ္မာတိ ဝုစ္စရေ။

**ဟိရိ ဩတ္တပ္ပ သမ္ပန္နာ** = ဟိရိတရား၊ ဩတ္တပ္ပတရားတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ – အရှက်အကြောက်တရားနှစ်ပါးနှင့်ပြည့်စုံကုန်ဖြစ်၍–၊

**သုက္ကဓမ္မ သမာဟိတာ** = ဖြူစင်သော ကုသိုလ် တရားကို ဆောက်တည်ကုန်သော၊

**သန္တော** = ကိုယ် နှုတ် နှလုံး အေးချမ်း ငြိမ်သက်ကုန်သော

**သပ္ပုရိသာ** = သူတော်ကောင်းတို့ကို

**လောကေ** = လောက၌

**ဒေဝ ဓမ္မာတိ** = နတ်တို့၌ ဖြစ်သော အကြောင်းတရားရှိကုန်၏ ဟု

**ဝုစ္စရေ** = ဆိုအပ်ကုန်၏။

အရှက်အကြောက်တရား နှစ်ပါးနှင့် ပြည့်စုံ၍ ဖြူစင်သည့် ကုသိုလ်တရားနှင့် ပြည့်စုံသော ကိုယ်နှုတ်နှလုံး အေးချမ်း

BURMESE CLASSIC .com

www.burmeseclassic.com



ငြိမ်သက်မှုရှိသည့် သူတော်ကောင်း ပုဂ္ဂိုလ်တို့ကို နတ်တို့၌ ဖြစ်အံ့သော အကြောင်း ရှိကြကုန်၍ **ဒေဝဓမ္မ** ဟုခေါ်ဆို၏။

ဟီရိသည် အရှက်ရှိခြင်းဟူ၍ အဓိပ္ပာယ်ရရှိ၏။ ဤအဓိပ္ပာယ်မှာ လူသည်–

➩ ကာယကံမြောက် မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊

➩ ဝစီကံမြောက် မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊

➩ မနောကံမြောက် မကောင်းမှုပြုရမည်ကို ရှက်ခြင်းတို့ဖြစ်၏။

ဟီရိသည် မကောင်းမှုကို ရွံရှာ စက်ဆုပ်ခြင်း လက္ခဏာရှိ၏။ အရှက်ရှိသူသည်မကောင်းမှုကို မစင်ဘင်ပုပ်ကဲ့သို့ ရွံ‘ရှာ စက်ဆုပ်၏။ အရှက်ရှိသူသည် စင်ကြယ်သန့်ရှင်းသော သဘောရှိ၏။ အတွင်းစိတ် အဇ္ဈတ္တ၌ဟီရိတရား– အရှက်တရား ကိန်းအောင်းသူသည် မကောင်းမှုဒုစရိုက်အားလုံးကို ရွံရှာ စက်ဆုပ်၏။။

အမျိုးကောင်းသမီး၊ အမျိုးကောင်း ချွေးမတို့သည် မည်သူတစ်စုံတစ်ရာ၏ တိုက်တွန်းမှုမှမပါဘဲ တစ်ခုခုကို စိုးရိမ်ကြောက်လန့်၍ မဟုတ်ဘဲ မိမိဘာသာ မိမိ အကုသိုလ် တရားဟူသမျှကို ရှက်တတ်သော သဘာဝရှိ၏။

အမျိုးကောင်းသမီး၊ အမျိုးကောင်း ချွေးမတို့သည် ရိုသေထိုက်သူကို ရိုသေ၏။ ရိုသေထိုက်သူ၏ စကားကို ရှေးရှုနာခံ

BURMESE CLASSIC .com

www.burmeseclassic.com



တတ်သော သဘောရှိ၏။ ဤသည်ကို ဟီရိ အရှက်ရှိသည် ဟု ခေါ်ပါ၏။

ဩတ္တပ္ပဟူသည်မှာ ကြောက်ခြင်းဟု အဓိပ္ပာယ်ရှိ၏။ ဩတ္တပ္ပ ကြောက်ခြင်းဟူသော အဓိပ္ပာယ်မှာ–

➪ ကာယကံမြောက် မကောင်းမှုကို ကြောက်ခြင်း၊

➪ ဝစီကံမြောက် မကောင်းမှုပြုရမည်ကို ကြောက်ခြင်း၊

➪ မနောကံမြောက် မကောင်းမှုပြုရမည်ကို ကြောက်ခြင်း တို့ဖြစ်၏။

ဩတ္တပ္ပသည် မကောင်းမှုတို့ကို ပြုလုပ်ရန်အတွက်ကြောက်ရွံ့ထိတ်လန့်သည့်လက္ခဏာရှိ၏။ မည်ကဲ့သို့ ထိတ်လန့်သနည်းဟု ဆိုပါက အချမ်းကိုလိုသူသည် အပူကို ကြောက်သကဲ့သို့ မကောင်းမှုဟု ဆိုပါက ကြောက်ရွံ့ ထိတ်လန့်၏။

ဥပမာ ပြည့်တန်ဆာအမျိုးသမီးသည် ကိုယ်ဝန်ရှိလာမည်ကို ကြေကာလ်ရွံ့သကဲ့သို့ ဩတ္တပ္ပတရားရှိသူသည် မကောင်းမှု မိမိ ထံတွင် လာရောက်ပတ်သက်မည်ကို ကြောက်၏။

ပြည့်တန်ဆာမတို့သည် မိမိ၌ ကိုယ်ဝန် ရှိလာပါက ယောကျာ်းတို့သည် မိမိတို့အနားသို့ ကပ်ရောက်ကြတော့မည့် မဟုတ်။ ထိုအခါ မိမိ၏ အကျိုးစီးပွားသည် ဆုတ်ယုတ် ပျက်စီး

BURMESE CLASSIC .com

www.burmeseclassic.com



တော့မည် ဖြစ်၏။ ထိုသို့ မိမိ အကျိုးစီးပွား ပျက်စီးမည်ကို ထိတ်လန့်သောကြောင့် ပြည့်တန်ဆာမတို့သည် ကိုယ်ဝန်ဆောင်ရမည့် ကိစ္စကို သတိထား၍ ဆန့်ကျင်ကြ၏။ ကိုယ်ဝန်မရှိအောင် သတိနှင့်နေ၏။

ထို့အတူ အကြောက်တရားရှိသူသည် မကောင်းမှုကို ပြည့်တန်ဆာမ ကိုယ်ဝန်ဆောင်ရမည်ကို ကြောက်သလို ကြောက်၏။ မကောင်းမှုတို့နှင့် မပတ်သက်လာအောင် ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်စည်း၏။ အကုသိုလ် မဖြစ်အောင်နေ၏။ ဤသည်ကို ဩတ္တပ္ပရှိသည်၊ အကြောက်တရားရှိသည်ဟု ဆိုပါ၏။

**ဟိရီ** အရှက်တရားသည် မိမိကိုယ်အတွင်း အဇ္ဈတ္တသဏ္ဍာန်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာ၏။ အရှက်သည် မိမိကိုယ်ကို အကြီးအမှူးထား၏။ အရှက်တရားရှိသူတို့သည် မိမိကိုယ်ကို မိမိ လေးစားသော သဘောရှိ၏။

**ဩတ္တပ္ပ** အကြောက်တရားသည် အပြင်အပ ဗဟိဒ္ဓသဏ္ဍာန်ကို အကြောင်းပြု၍ဖြစ်ပေါ်လာ၏။ အကြောက်တရားသည် သူတစ်ပါးဟူသော အပြင်လောကကြီးကို အကြီးအမှူးထား၍ ဖြစ်ပေါ် လာ၏။ ငါသည် သူတစ်ပါး ပစ္စည်းကို ခိုးပါက ထောင်ကျမည်။ ငရဲကြီးမည်။ ထောင်ကျခံရမည်ကို ကြောက်ခြင်း၊ ငရွှေခံရမည်ကို ကြောက်ခြင်းသည် အပြင် ဗဟိဒ္ဓသဏ္ဍာန်များကို အကြောင်းပြု၍ ကြောက်ခြင်းဖြစ်၏။

မတင်တင်လှိုင်သည် နိုင်ငံခြားသား တစ်ဦးကို တွေ့သောအခါ သူရှက်သွားသည်။ သူ၏ အတွင်းသဘောက ရှက်လာခြင်း

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သည်။ မိမိသည် မြန်မာအမျိုးသမီးလေး ဖြစ်သည်။ မိမိတွင် အရှက်တရားရှိသည်။ မိမိသည် အစ်ကိုမောင်ဘွား၊ မိဘများ ရှိသည်။ တစ်ပါးသော နိုင်ငံခြားသားယောကျ်ား၏ ရှေ့တွင် ဣန္ဒြေကို ထိန်းရမည်။ အရှက်တရားရှိရမည်ဟူ၍ မိမိ၏ ရင်တွင်း၌ အရှက်တရားများ၊ ရှက်သည့် စိတ်များ ဤသို့လျှင် ဖြစ်ပေါ်လာခြင်းဖြစ်၏။ ဤသို့ဖြစ်ပေါ်လာခြင်းသည် မိမိကိုယ်တွင်သာ အခြေစိုက်၍ ဖြစ်ပေါ်ခြင်းဖြစ်၏။

လောက၌ အရှက်တရားတို့သည်အကြောင်းတရား ၄ ပါးကို အခြေပြု၍ ဖြစ်ပေါ်လာတတ်၏။

အရှက်တရားဖြစ်စေနိုင်သော အကြောင်းတရား ၄ ပါးက–

၁။ မိမိ၏ အမျိုးဇာတ်ကို ဆင်ခြင်၍ ရှက်၏။

၂။ မိမိ၏ အရွယ်ကို ဆင်ခြင်၍ ရှက်၏။

၃။ မိမိ၏ ရဲရင့်မှုကို ဆင်ခြင်၍ ရှက်၏။

၄။ မိမိ၏ အကြားအမြင်ကို ဆင်ခြင်၍ ရှက်၏။

**အမျိုးဇာတ်ကို ဆင်ခြင်၍ ရှက်ခြင်း** ဟူသော ကိစ္စတွင် ဇာတိပုည၊ ဂုဏ်မာန ဟူသော စကားရှိ၏။ လူတို့သည် အမျိုး၏ ဂုဏ်သိက္ခာကို စောင့်ထိန်းကြ၏။ ငါသည် မြန်မာလူမျိုးဖြစ်သည်။ မြန်မာတို့သည် ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး တော်သည်။ မြန်မာတို့သည် ရဲရင့်သည်။ မြန်မာတို့သည် အမှန်တရားကိုမြတ်နိုးသည်။မြန်မာတို့သည်စိတ်ဓာတ်သဘောထားဖြူစင်

BURMESE CLASSIC .com

www.burmeseclassic.com



သည်။ မဟုတ်မမှန်တာကို မလုပ်တတ်သောစိတ်သည် မြန်မာတို့၌ရှိ၏။ ဤသည်မှာ အမျိုးဇာတိ၏ ဂုဏ်တို့ဖြစ်၏။ ထိုအခါ မြန်မာ ဖြစ်ပါလျက် ရဲရင့်မှု မရှိက ရှက်ဖွယ်ရာ ဖြစ်၏။ မြန်မာ ဖြစ်ပါလျက် ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊လှံထိုး မတတ်က ရှက်ဖွယ်ရာ ဖြစ်၏။ မြန်မာ ဖြစ်ပါလျက် အများနောက် သို့လိုက်မည်။ မြန်မာ ဖြစ်ပါလျက် စိတ်သဘောထား မဖြူမစင် ဖြစ်ရမည်ဟု ဆိုပါက ရှက်ဖွယ်ရာ ဖြစ်၏။

ဦးသော်တာသည် အကျင့်သီလမြဲသူဖြစ်၏။ပေးကမ်း စွန့်ကြဲသူဖြစ်၏။တည်ကြည်ဖြောင့်မတ်သူ၏ဖြစ်၏။ ဦးသော်တာ မျိုးရိုးစဉ်ဆက်သည်လည်း အကျင့်သီလ မြဲ၏။ ပေးကမ်းစွန့်ကြဲ၏။ တည်ကြည် ဖြောင့်မတ်၏။ ထိုအခါ ဦးသော်တာ၏ မြေး ဖြစ်သူသည် မည်မကြည် မဖြောင့်မမတ်လုပ်ရန် အမျိုး၏ဂုဏ်ကို ဆင်ခြင်၍ ရှက်သော စိတ်ဖြစ်ပေါ်ကာ မပြုလုပ်ဘဲ နေ၏။

ဇာတိကို ဆင်ခြင်၍ ရှက်စိတ်ထားခြင်းသည် အမျိုးဇာတ်နှင့် မပြည့်စုံသူတို့ထံတွင် ဖြစ်ပေါ်တတ်သည် မဟုတ်ဘဲ အမျိုးဇာတ်နှင့် ပြည့်စုံသူတို့တွင်သာ ဖြစ်ပေါ်၏။ မတင်တင်လှိုင်သည် မြန်မာအမျိုးသမီးတို့သည် အရက်အကြောက်ကြီးသည်။ ဣန္ဒြေသိက္ခာရှိသည်ဟု ကျော်ကြားပေရာ ငါသည် မြန်မာအမျိုးသမီး ဖြစ်ပါလျက် လူမြင်ကွင်းတွင် နေရမည်ကို ရှက်စိတ် ဖြစ်ခြင်းဖြစ်၏။ ဤရှက်စိတ်သည် ဇာတိဂုဏ်ကို မှီ၍ ဖြစ်သော ရှက်စိတ်ဖြစ်၏။

www.burmeseclassic.com



ထို့ကြောင့်မျိုးရိုးဇာတိနှင့် ပြည့်စုံသူတို့သည် မိမိ၏ မျိုးရိုးဇာတိကို ဆင်ခြင်၍–

၁။ သူတစ်ပါး၏ အသက်ကို သတ်ခြင်း၊

၂။ သူ့ဥစ္စာကိုခိုးခြင်း၊

၃။ သူ့ အိမ်ရာကို လွန်ကျူးခြင်း၊

၄။ မုသားပြောဆိုခြင်း၊

၅။ သေရည် အရက်မှအစ မူးယစ်စေသော အရာများကို သုံးစွဲခြင်းတို့မှ ရှောင်ကြဉ်၏။ ထိုအရာများကို ပြုလုပ်ရမည်ကို ရှက်၏။ ဤသည်မှာ အမျိုးဇာတိကို ဆင်ခြင်၍ ရှက်ခြင်းဖြစ်၏။

ဦးမြသည် လုပ်ငန်းကြီး တစ်ခုကို အောင်မြင်စွာ ထူထောင်ခဲ့၏။ ဦးမြ၏ သားသည်ငါ၏ ဖခင် ထူထောင်ခဲ့သော လုပ်ငန်းကြီး ငါ့လက်ထက်တွင် ပျက်စီးပါက ရှက်ဖွယ်ရာ ဖြစ်၏ဟုဆိုကာ လုပ်ငန်းကို ပိုမိုအောင်မြင်အောင် ကြိုးစား၏။ ဤကြိုးစားမှုသည် ဇာတိကို ဆင်ခြင်၍ ဖြစ်ပေါ်သော ရှက်စိတ်ဖြစ်၏။

**အရွယ်ကို ဆင်ခြင်၍ ရှက်ခြင်း** သည် ငယ်ရွယ်သူတို့ လုပ်သလို ငါလိုက်လုပ်၍ မရ။ ငယ်ရွယ်သူတို့ ဝတ်သလို ငါလိုက်ဝတ်၍မရ။ ငယ်ရွယ်သူတို့သွားသလို ငါသွား၍မသင့်ဟု အသက်အရွယ်ကို ထောက်ကာ ဆင်ခြင်၍ ရှက်စိတ်ဖြစ်ပေါ်ခြင်းဖြစ်၏။

အသက် ၆၀ ကျော်နေသည်ကို ၁၆နှစ် သမီးလို ဝတ်စား၍ သွားလာစားသောက်ရန် မသင့်ဟု ဆင်ခြင်၍ ရှက်ခြင်းမျိုးဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ငါ၏ အသက်အရွယ်သည် ၃၀သို့ ရောက်နေပြီ။ ၄၀သို့ရောက်နေပြီ။ ၅၀ သို့ရောက်နေပြီ။ ၆၀– ၇၀သို့ ရောက်နေပြီဟု ဆင်ခြင်ခြင်းဖြစ်၏။ အသက် ၃၀ အရွယ်ရောက်နေသော လူငယ်တစ်ယောက်သည် ၁၀နှစ်သားများနှင့်အတူ ပုဆိုးကွင်းသိုင်း၍ သံခွေလှိမ့်နေပါက မသင့်။ အသက် ၆၀ ရောက်နေသူသည်။ အသက် ၂၀ အရွယ် လူငယ်လေး တစ်ဦးလို ပြောဆိုပြုမူ၍ မသင့်ဟု ဆင်ခြင်ကာ အရှက်တရား ဖြစ်ပွားလာခြင်းမျိုး ဖြစ်၏။

ထို့ကြောင့် အရွယ်ကို ဆင်ခြင်၍ –

၁။ သူ့ အသက် သတ်ခြင်းကိစ္စ၊

၂။ သူ့ ဥစ္စာခိုးမှုကိစ္စ၊

၃။ သူ့ အိမ်ရာ လွန်ကျူးသည့် ကိစ္စ၊

၄။ မုသားပြောဆိုမှု ကိစ္စ၊

၅။ သေရည် အရက်မှအစ မူးယစ်စေသော အရာများကို သုံးစွဲမှု ကိစ္စတို့သည် မိမိ အသက်အရွယ်နှင့် ပြုလုပ်ပါက ရှက်ဖွယ်ရာ ဖြစ်၏ဟု ဆင်ခြင်ကာ အရွယ်ကို ထောက်ရှု၍ အရှက်တရားဖြစ်ပေါ်ခြင်းဖြစ်၏။

**ရဲရင့်မှုကို ဆင်ခြင်၍ ရှက်ခြင်း** ကား မကောင်းမှု ပြုမူခြင်းဟူသည် သတ္တိနည်းသူတို့၏ အလုပ်ဖြစ်၏။ ငါကဲ့သို့သော ရဲရင့်သူ တစ်ဦးသည် ထိုအလုပ်မျိုးကို မလုပ်ဟု ဆိုကာ ရဲရင့်မှုကို ဆင်ခြင်၍ မကောင်းမှုကို မပြုလုပ်ခြင်း ဖြစ်၏။

www.burmeseclassic.com



ရဲရင့်မှုသည် လူတစ်ဦး၏ ဂုဏ်သိက္ခာပင် ဖြစ်၏။ တစ်နည်း ရဲရင့်မှုသည် လူ၏ အရည်အချင်း တစ်ရပ် ဖြစ်၏ မိမိသည် အရည်အချင်း ရှိပါလျက် လဘ်လာဘ ပေးမှ ရာထူးရရှိအောင် လုပ်ရမည်ကို ရှက်ခြင်း၊ ရာထူးရရှိရန် မိမိ၏ အရည်အချင်း ရဲရင့် တည်ကြည်မှုဖြင့် သာ ရယူလိုခြင်းမျိုးဖြစ်ပါ၏။

လုပ်ငန်းချင်း၊ စီးပွားချင်း ယှဉ်ပြိုင်မှု၊ ကျောင်းသားအချင်းချင်း အဆင့်ပြိုင်မှု၊ အားကစားလုပ်ငန်းတွင် ယှဉ်ပြိုင်မှုတို့၌ မိမိ၏ လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာ၊ ရဲစွမ်းသတ္တိ၊ အလေ့ကျင့်တို့ဖြင့်သာ အနိုင်ယူမည်။ အခြားနည်းဖြင့် အနိုင်ယူပါက ငါ့လိုလူတစ်ယောက်အဖို့ ရှက်စရာဟု ဆင်ခြင် ဖြစ်ပေါ်သော စိတ်သည် ရဲရင့်မှုကို ဆင်ခြင်၍ ဖြစ်ပေါ်ခြင်းပေါ်ခြင်း ဖြစ်၏။

ရဲရင့်မှုသည် သူချည်း မဖြစ်ပေါ်လာနိုင်၊ ရဲရင့်မှုသည် အတတ်ပညာ၊ မျိုးရိုး၊ လုံ့လဝီရိယ၊ ဉာပညာ၊ သတိတို့ကိုမှီ၍ ဖြစ်ပေါ်လေရာ ရဲရင့်မှုရှိရန် အတတ်ပညာ၊ သတိနှင့် ဝီရိယ လုံ့လ အားထုတ်မှုတို့သည် လိုအပ်၏။ ထိုအရာများမရှိပါက ရဲရင့်ခြင်းလည်း ရှိမလာနိုင်၊ အရှက်လည်း ရှိမလာနိုင်ဘဲ လူညံ့နောက်လိုက်သာ ဖြစ်တတ်၏။

ရဲရင့်မှုသည် ခေါင်းဆောင်တို့၏ အရည်အချင်းလည်း ဖြစ်၏။ ရဲရင့်မှုရှိအောင် ကျွမ်းကျင်မှု၊ သစ္စာတည်ကြည်မှု၊ ဝီရိယ ရှိမှု၊ လျင်မြန် ထက်မြက်မှုတို့သည်လိုအပ်၏။ ထိုအရာအားလုံးကို လေ့ကျင့်၍ ယူရပါ၏။

www.burmeseclassic.com



မိမိက မန်နေဂျာလုပ်နေပြီး မန်နေဂျာ အရည်အချင်းမရှိသည်ကို ရှက်ရမည်။ မိမိက စစ်သားလုပ်နေပြီး စစ်သားအရည်အချင်းမရှိက ရှက်ရမည် ဖြစ်၏။ မိမိက အိမ်ထောင်ဦးစီး လုပ်နေပြီး အိမ်ထောင်ဦးစီး အရည်အချင်းမရှိက ရှက်ရမည် ဖြစ်ပါ၏။

ထို့ကြောင့် ရဲရင့်သူသည် မိမိ၏ ရဲရင့်မှုကို ဆင်ခြင်၍ အရှက်တရား ဖြစ်ပေါ်လာပြီးလျှင် –

၁။ သူ့အသက်သတ်ခြင်းကိစ္စ၊

၂။ သူ့ ဥစ္စာခိုးခြင်း ကိစ္စ၊

၃။ သူ့ အိမ်ရာ လွန်ကျူးသည့် ကိစ္စ၊

၄။ မုသားပြောဆိုမှု ကိစ္စ၊

၅။ သေရည်မှအစ မူးယစ်စေသော အရာများကို သုံးစွဲမှု ကိစ္စတို့ကို မပြုလုပ်ဘဲ နေခြင်း၊ ဤသို့ပြုလုပ်မှုသည် ရှက်ဖွယ်ဟု ဆင်ခြင်မိခြင်းသည် မိမိ၏ ရဲရင့်မှုကို အကြောင်းပြု၍ ရှက်ခြင်းဖြစ်ပေါ်မှုမျိုးဖြစ်ပါ၏။

**အကြားအမြင်ရှိမှုကို ဆင်ခြင်၍ ရှက်ခြင်း**ဟူသည် မိမိသည် အကြားအမြင် ဗဟုသုတလည်း ရှိ၏။ ရာထူး ဌာနန္တရလည်းရှိ၏။ အကြီးအကဲအခေါင်းဆောင်လည်း ဖြစ်၍ ဤအရာမျိုးကို ငါသည် မပြုလုပ်အပ်သည်ဟုဆင်ခြင်ကာ အရှက်တရားပေါ်ပေါက်ခြင်း၏။

မကောင်းမှု ပြုလုပ်ခြင်းသည် အသိတရား ခေါင်းပါး၍ မိုက်မဲသောသူတို့၏ အလုပ်ဖြစ်၏။ ပညာရှိပညာတတ်တို့၏ အ

BURMESE CLASSIC .com

www.burmeseclassic.com



လုပ်မဟုတ်၊ ငါကဲ့သို့သော ပညာရှိသူသည် ဤအရာမျိုးကို ပြုလုပ်ပါက ရှက်ဖွယ်ဟု စဉ်းစားဆင်ခြင် ဖြစ်ပေါ်လာမှု ဖြစ်၏။

အချို့သော ရာထူးရှိသူတို့သည် မိမိရာထူးနှင့် မဖွယ်မရာ ဖြစ်သော ခတ်ဆီခိုးရောင်းမှု၊ အရှိန်ဩဇာကိုသုံး၍ ရုံးမှ ပစ္စည်းများကို ကိုယ်ပိုင်သုံးစွဲမှု အစရှိသည်တို့သည် ရှက်စရာ ဖြစ်၏။ ငါ့ရာထူး ငါ့ပညာနှင့်မတန်၊ ဤရာထူးကို ငါသည်ပညာပြည့်စုံ၍ ရခဲ့ ဖြစ်သည်။ ငါ့ပညာ ငါ့ရာထူးဖြင့် ဤအမှုကို ပြုမူပါက ရှက်ဖွယ်ရာဟုဆိုကာ အရှက်တရား ဖြစ်ပေါ်လာခြင်းမျိုးသည် အကြားအမြင်ရှိမှုကို မှီ၍ အရှက်တရား ပေါ်ပေါက်ခြင်းဖြစ်၏။

ထို့ကြောင့် အကြားအမြင် ပညာရှိသူတို့သည် မိမိ၏ အကြားအမြင် ဗဟုသုတ ပညာကျော်စောမှုကို ဆင်ခြင်၍–

၁။ သူ့ အသက်သတ်ခြင်း

၂။ သူ့ ဥစ္စာခိုးခြင်း ကိစ္စ၊

၃။ သူ့အိမ်ရာ ကျူးလွန်ခြင်း ကိစ္စ၊

၄။ မုသားပြောဆိုမှု ကိစ္စ၊

၅။ သေရည်မှအစ မူးယစ်စေသော အရာများကို သုံးစွဲမှု ကိစ္စတို့ကို မပြုလုပ်ဘဲ နေခြင်းသည် ရှက်ဖွယ်ဟု ဆင်ခြင်ကာ အရှက်တရားဖြစ်ပေါ်လာခြင်းဖြစ်ပါ၏။

ဤသို့အားဖြင့် ရှက်ခြင်းသည် မိမိ၏ အတွင်း အဇ္ဈတ္တ သဏ္ဍာန်ကို အကြောင်းပြု၍ ဖြစ်ပေါ်တတ်၏။ အချုပ်အားဖြင့်ဆို

BURMESE CLASSIC .com

www.burmeseclassic.com



သော် အရှက်တရားဟူသည် မကောင်းမှုတို့ကို ပြုလုပ်ရမှာကို ရှက်ခြင်းဖြစ်၏။

အကြောက်တရား ဩတ္တပ္ပသည် အပြင်ဗဟိဒ္ဓကို အကြောင်း ပြု၍ ဖြစ်ပေါ်လာ၏။ အရှက်တရားကား ဖော်ပြပါအတိုင်း မိမိ၏ ဇာတိ၊ ဇရာ၊ သတ္တိနှင့် ပညာတို့ကို ဆင်ခြင်၍ ဖြစ်ပေါ်၏။

အကြောက်တရားသည် အပြင် ဗဟိဒ္ဓ သဏ္ဌာန်ကို အကြောင်းပြုဖြစ်ရာတွင် မကောင်းမှု ဒုစရိုက် တစ်ခုကို ပြုလုပ်ပါက ထိုကိစ္စသည် ငါ့အဖို့ ပရိသတ်လေးပါးတို့၏ အလယ်တွင် ကဲ့ရဲ့ ရှုတ်ချဖွယ် ဖြစ်၏။ ထိုကဲ့သို့ ကဲ့ရဲ့ရှုတ်ချခံရမည်ကို ကြောက်၏။ ထို့ကြောင့် ထိုမကောင်းမှု ဒုစရိုက်ပြုလုပ်ခြင်းကို ရှောင်ကြဉ်၏။ ဤသို့ဖြင့် အကြောက်တရားသည် အပြင် ဗဟိဒ္ဓကို ဆင်ခြင် မြော်မြင်၍ မိမိကိုယ်တွင် ဖြစ်ပေါ်လာ၏။

**အကြောက်တရားသည် အပြင် ဗဟိဒ္ဓကို အကြောင်းပြု၍ မကောင်းမှုမှ ကြောက်၏။ အပြင်ဗဟိဒ္ဓကို အကြီးအမှူးထား၍ အကြောက်တရား ဖြစ်ပေါ်၏။**

အပြင် ဗဟိဒ္ဓကို အကြောင်းပြု၍ အကြောက်တရား မည်သို့ ဖြစ်ပေါ်သနည်းဆိုလျှင် – ငါသည် ဤသို့သော မကောင်းမှုကို ပြုလုပ်လျှင် အတ္တာနုဝါဒဟူသော မိမိကိုယ်မိမိ စွပ်စွဲခြင်းဘေး၊ ပရာနုဝါဒဟူသော သူတစ်ပါးတို့ စွပ်စွဲခြင်းဘေး၊ ဒဏ္ဍဘေးဟူ သော မင်းပြစ်မင်းဒဏ် ခံရမည့်ဘေး၊ ဒုဂ္ဂတိဘေးဟူသော ငရဲ– တိရစ္ဆာန်– ပြိတ္တာ– အသူရကာယ် ဘဝ ရောက်ရမည့်ဘေး၊

BURMESE CLASSIC .com

www.burmeseclassic.com



အပြင် ဗဟိဒ္ဓဟူသော ဤဘေးတို့ကို အကြောင်းပြု၍ အကြောက် တရားဖြစ်ပေါ်၏။

အပြင်ဗဟိဒ္ဓကို အကြီးအမှူးထား၍ အကြောက်တရား မည်သို့ ဖြစ်ပေါ်သနည်း ဆိုလျှင် ငါသည် ဤသို့သော မကောင်းမှုကို ပြုလုပ်လျှင်– ဤအမျိုးကောင်းသားသည်– ဤအမျိုးကောင်းသမီးသည် ဤကဲ့သို့ ယုတ်ညံ့သော အကုသိုလ် အညစ်အကြေးတို့နှင့် ရောပြွမ်းလျက်ရှိနေ၏။ ဤသို့ ပရိသတ်လေးပါးတို့၏ အလယ်၌ ကဲ့ရဲ့ဖွယ် အဖြစ်သို့ ရောက်ရမည်ကို ကြောက်၏။ဤသို့ သူတစ်ပါးတို့ ကဲ့ရဲ့ ပြစ်တင်ရှုတ်ချမည်ကို ကြောက်သည့်အတွက် မကောင်းမှုဒုစရိုက်ဟူသော သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယား သူ့အိမ်ရာ လွန်ကျူးခြင်း၊ မုသားပြောခြင်း၊ သေရည်မှအစ မူးယစ်စေသော အရာများကိုပြုလုပ် သုံးစွဲခြင်းတို့မှ ရှောင်၏။ ထိုအရာများကို ပြုလုပ် ကျူးလွန်ရမှာကြောက်၏။ ဤသို့လျှင် အပြင်ဗဟိဒ္ဓ၊ အပြင်သောကကို အကြီးအမှူးထား၍ အကြောက်တရားဖြစ်ပေါ်၏။

ဤအရှက်တရား အကြောက်တရား နှစ်ပါးလုံးတို့သည် အရှက်အကြောက်ရှိသူ၏စိတ်ကို အမြဲထာဝရ လွှမ်းမိုး အုပ်စိုး၍ထား၏။ မကောင်းမှု ဒုစရိုက်များကိုပြုလုပ်ကျူးလွန်ခွင့်မရ။ ပြုလုပ်ချင်သည့် စိတ်များကို ဟန်းတား ပိတ်ပင် ထိန်းသိမ်း၍ထားကြ၏။ ဤ အရှက်တရား အကြောက်တရား မရှိသူတို့ကား မကောင်းမှု ဒုစရိုက်များကို ရဲရဲတင်းတင်း ပြုလုပ်ကြ၏။ ပယ်ပယ်နယ်နယ် ကျူးလွန်ကြ၏။ ပြောင်ပြောင်တင်းတင်း မှောက်မှားကြ၏။ ပျော်ပျော်ရွှင်ရွှင် ခင်တွယ်ကြ၏။ ။

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၁၀)

# ရှက်ကြောက်ခြင်းလျှင် တန်ဆာဆင်၏။

အရှက်အကြောက်တရား နှစ်ပါးကို မြန်မာတို့သည် ဗုဒ္ဓဘာသာမှရရှိသည်ဟု ပြောနိုင်ကြောင်း ဆရာကြီး နန်းညွန့်ဆွေက သူ၏ အရှက်အကြောက်ဟူသော ဆောင်းပါးတွင် ရေးသားခဲ့ပါ၏။ အရှက်အကြောက်ဆောင်းပါးတွင် ဆရာက မြန်မာတို့၏ အရင်းအမြစ်ကို ဖော်ပြ၍ မြန်မာတို့သည် ဤလောကပါလ တရားနှစ်ပါး ဗုဒ္ဓဘာသာမှ ရရှိခဲ့ကြောင်းကို သမိုင်းအား ထုတ်ဖော်၍ တင်ပြခဲ့ပါ၏။

မြန်မာတို့၏ အရင်းအမြစ်သည် တိဘက်ကုန်းမြေ ဟိုအင်ဟို မြစ်ဝှမ်းမှ ဖြစ်၏။ ဟိုအင်ဟို မြစ်ဝှမ်းမှ မြောင်ဟုခေါ်သောအနွယ်ဝင်တစ်ခုသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀မှ၂၀၀၀

BURMESE CLASSIC .com

www.burmeseclassic.com



လောက်အတွင်း မြန်မာနိုင်ငံအတွင်းသို့ ရေကြည်ရာ မြက်နုရာ ရှာဖွေရင်း ဝင်ရောက်လာကြ၏။

မြောင်တို့သည် အာရေဗျ သွေး **Arabian blood** ပါ၍ အသားညိုသည်။ ထွားကျိုင်းသည်။ နှုတ်ခမ်းမွှေးနှင့် ကျင်စွယ်ထားရှိသည်။ သျှောင်ကိုတစောင်းထုံး၊ ထိုးကွင်းထိုးလေ့ရှိသည်။ မြင်းစီးကောင်းသည်။

ယင်းသို့ ဧရာဝတီ မြစ်ဝှမ်းအတွင်းသို့ ဝင်ရောက်လာကြသောအခါ ရောက်နှင့်ပြီးသော ပျူနှင့် မွန်တို့က **မြန်းမဟာ– မြန်းမဟာ** ဟု ခေါ်ကြ၏။

ထမင်းကို ထမန်း၊ ဟင်းကို ဟန်း ဟု အသံဝဲ၍ ခေါ်ကြသလို မြင်းကို မြန်း ဟု ခေါ်ကြ၏။ ဆော၊ ယော နယ်တို့တွင် စက်ဘီးကို စက်မြန်း(စက်မြင်း)ဟု ခေါ်ကြသည်။ ထို့ကြောင့် မြင်းကို မြန်းဟုခေါ်၍ မဟာသည်ကြီးသည်ဟု အဓိပ္ပာယ်ရ၏။ မြန်းမဟာသည် **မြင်းစီးကောင်းသော လူကြီး** ဟု အဓိပ္ပာယ်ရရ၏။ ဆရာကြီး ဦးဖိုးလတ်၏ မြန်းမဟာ၊ မြန်းမာ၊ မြန်မာ ဖြစ်လာသည် ဟူသော အဆိုကို သုတေသီများက လက်ခံကြ၏။

မဟာကို နီပေါဘာသာ၊ တိဘက်ဘာသာတို့တွင် ကြီးသည် ဟု အနက်ဖွင့်ကြ၏။ ဝါစဿရ ဗေဒအရကြည့်သော မြန်မာဝေါဟာရအများအပြားသည် နီပေါဘာသာနှင့် တိဘက်ဘာသာတို့တွင်ရှိနေ၏။ မြန်မာတို့သည် တိဘက်အနွယ်ဝင်များ ဖြစ်၍ မူလကပင် ဗုဒ္ဓဘာသာနှင့် မစိမ်းကြ။ မြန်မာတို့ ဧရာဝတီမြစ်ဝှမ်း

www.burmeseclassic.com



သို့ ဝင်ရောက်လာကြသောအခါ ပျူနှင့် မွန်တို့က ဗြာဟ္မာ အက္ခရာ– ကခဂဃင တို့ကို အခြေခံ၍ စာထွင်းထားပြီးသား ဖြစ်၍ မြန်မာတို့သည်လည်း ထိုအက္ခရာကိုပင် အခြေခံကာ မြန်မာစာကို တီထွင်ခဲ့ကြ၏။ မြစေတီကျောက်စာသည် ပါဠိ၊ပျူ၊ မွန်၊ မြန်မာ လေးဘာသာဖြင့် ရေးသားထားမှုသည် သက်သေ တစ်ရပ်ဖြစ်၏။ နောင်တွင်ပျူနှင့်မြန်မာတို့ကို ရောနှောကာ ပျူ များ တိမ်ကောပျောက်ကွယ်၍ မြန်မာတို့ထွန်းကားလာခဲ့၏။ မြန် မာတို့သည် ပုဂံတွင် မူလက မဟာယာန ဆန်သော အယူအဆ များ ရှိရာမှ ထေရဝါဒ ဗုဒ္ဓဘာသာ စစ်စစ်သို့ ပြောင်းလဲ ကိုးကွယ်ခဲ့ကြသည်။ ထို့ကြောင့် ရှေးတိဘက်၊ နီပေါ စသည်တို့ နှင့် ဆက်သွယ်စဉ်ကပင် ဗုဒ္ဓဘာသာနှင့် ရင်းနှီး ဆက်ဆံမှုရှိ၏။ ပုဂံတွင် ထေရဝါဒ ထွန်းကားလာသောအခါ မြန်မာတို့၏ ရင်ဝယ် ဗုဒ္ဓဘာသာ၏ အဆုံးအမများသည် ပို၍ စွဲမြဲလာ၏။

ဗုဒ္ဓဘာသာ၏ အခြေခံတရား နှစ်ပါးသည် ဟီရိဩတ္တပ္ပ ဖြစ်၏။ ဤတရားနှစ်ပါးကို ရှည်လျားဝေးလံသော ကာလကပင် သူတော်ကောင်းတရားအဖြစ် ဗုဒ္ဓဘာသာဝင်တို့သည် သတ်မှတ် လိုက်နာခဲ့ကြ၏။

ပုဂံကိုလွန်၍ အင်းဝသို့ရောက်သော အင်းဝခေတ် စာဆို အကျော်အမော် ရှင်မဟာ ရဋ္ဌသာရက ကိုးခန်းပျို့၏ နိဂုံးတွင်–

ဟီရိကျောငွေ၊ ဩတ္တပ်ရွှေနှင့်
နံ့မွှေကြာမုံ၊ ခက်ရုံ သဒ္ဓါ၊
သီလပုလဲ၊ စွန့်ကြဲဒါန၊ စာဂမဏိ၊

BURMESE CLASSIC .com

www.burmeseclassic.com



ဗုဒ္ဓိဝရဇိန်၊ တောက်ထိန် ခုနစ်ပါး၊
ဥစ္စာများကို၊ သူ့အားဝေငှ၊
ဉာဏသူငွေး၊ ဉာဏ်လှူပေး၍၊
ကံကျွေးဝတ္ထု၊ ဤကျမ်းပြု၏။

ဟု ရေးသားထားသည်။

ဟိရိသည် ငွေနှင့်တူ၏။
သြတ္တပ္ပသည် ရွှေနှင့် တူ၏။
သဒ္ဓါသည် မြနှင့်တူ၏။
သီလသည် ပုလဲနှင့်တူ၏။
စာဂသည် ပတ္တမြားနှင့် တူ၏။
ပညာသည် စိန်နှင့်တူ၏။
သုတသည် သန္တာနှင့် တူ၏။

ကျောက်မျက်ရတနာ ခုနစ်ပါးကို မိမိတို့ ကိုယ်ဝယ် အမြဲ ဆင်ထားကြသကဲ့သို့ သူတော်ကောင်း ဥစ္စာ ခုနစ်ပါးကို လည်း မိမိကိုယ်တိုင် အမြဲဆင်နွဲထားကြရမည်။ ဗုဒ္ဓဘာသာ တွင် သူတော်ကောင်း ဥစ္စာ ခုနစ်ပါးသည် အလွန်မှ အရေးကြီး လှ၏။ သူတော်ကောင်း ဥစ္စာခုနစ်ပါးတွင် အရက်နှင့် အကြောက် သည် ပါဝင်၏။

ဗုဒ္ဓဘာသာကို အခြေခံ၍ ပေါက်ဖွားလာသော မြန်မာ စာပေတွင် အရှက်အကြောက်တရား နှစ်ပါးနှင့် ပတ်သက်၍ ရေးသားဆုံးမထားမှုများ အမြောက်အမြားရှိ၏။

www.burmeseclassic.com



ဟီရိဩတ္တပ္ပ တရား နှစ်ပါးသည် မြန်မာတို့၏ နှလုံးသားပင် ဖြစ်၏။ ဟီရိဩတ္တပ္ပသည် မြန်မာတို့၏ သတ္တိ ဖြစ်၏။ မြန်မာဟူသော စကားရပ်ထဲတွင် ဟီရိနှင့် ဩတ္တပ္ပတရားသည် အလိုအလျောက် ပါဝင်ပြီးသား ဖြစ်၏။ ဟီရိဩတ္တပ္ပ တရားနှစ်ပါးကို မြန်မာတို့သည် ကြာရှည်လေးမြင့်သော ကာလကပင် မိမိတို့၏ ကိုယ်ခန္ဓာတွင် စွဲမြဲစွာ ထိန်းကျောင်းထားရမည့် တရားအဖြစ် လက်ခံလာခဲ့ကြ၏။

ဟီရိဩတ္တပ္ပတရား နှစ်ပါးသည် မြန်မာတို့၏ စိတ်ဓာတ် ဖြစ်၏။ ဘယ်နေရာသို့ရောက်ရောက်၊ မည်သည့်အသွင်နှင့်ပင် ရှိရှိ မြန်မာတို့သည် ဟီရိနှင့် ဩတ္တပ္ပ တရားနှစ်ပါးကို လက်စွဲ သဖွယ် ထားရှိရမည် ဖြစ်၏။ အရှက်အကြောက်မရှိသူသည် မြန်မာ မဟုတ်ဟုပင် ဆိုအပ်၏။ အရှက်အကြောက်တရားကို အထူးသဖြင့် မြန်မာအမျိုးသမီးတို့အတွက် ထာဝစဉ်ရှိအပ်သော ကိုယ်ကျင့် တရားအဖြစ် ထားရှိခဲ့၏။ မြန်မာစာပေသမိုင်းတွင် မြန်မာအမျိုးသမီးတို့အားဆုံးမရာ၌ ဟီရိဩတ္တပ္ပတရား နှစ်ပါးကို တန်ဆာဆင်၍ နည်းသွယ်သွယ်ဖြင့် ဆုံးမတတ် ကြ၏။

ဩဝါဒထူးပျို့သည် မြန်မာစာပေသမိုင်းတွင် ထင်ရှားသော ပျို့ တစ်ခုဖြစ်၏။ ထိုပျို့ကို ရေးသားသူမှာ စိန္တကျော်သူ ဦးဩ ဖြစ်၏။ ထိုပျို့ကို မင်းတုန်းမင်းကြီးနှင့် သီပေါမင်းကြီးတို့ လက်ထက်သို့တိုင် နန်းတွင်းသူ နန်းတွင်းသားတို့ သင်အံ့လေ့လာ မှတ်သားထား၍ လိုက်နာကြရ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ဦးဩသည် ယခု အလုံဟုတွင်သော ဗဒုံမြို့နယ် မောင်းထောင်ရွာ ဇာတိ ဖြစ်၏။ မိဘများမှာ ဦးဖေယျနှင့် ဒေါ်ပုတို့ဖြစ်၏။ ဦးဩသည် ကဝိလက္ခဏာ သံပေါက်သယ်ပုံကျမ်းကိုလည်း ရေးသားခဲ့၏။ စိန္တကျော်သူဟူသော ဘွဲ့သည် ရတနာသိင်္ဃမြို့ မုဆိုးဘိုတွင် အလောင်းမင်းတရားထံခစားစဉ်က မင်းတရားကြီး ကိုယ်တော်တိုင် ချီးမြှင့်ခဲ့သော ဘွဲ့ဖြစ်၏။

စိန္တကျော်သူ ဦးဩ၏ စာများကို ကျွန်တော်တို့ ငယ်စဉ်က ကျက်မှတ်ဖူး၏။ သူ၏စာများသည်အစီအကုံး အစပ်အဟပ် ရိုးစင်း၍ ဖတ်ရလွယ်၏။ ဩဝါဒထူးပျို့ တစ်အုပ်ကို ဖတ်ရှုရုံဖြင့် မြန်မာတို့၏ အတွေး၊ မြန်မာတို့၏ အဆုံးအမ၊ မြန်မာမှု မြန်မာ့ဟန် တို့နှင့် မြန်မာ့သဘောထားကို သိရှိနိုင်ပြီး လိုက်နာအပ်သော အဆုံးအမများဖြစ်၏။

စိန္တကျော်သူ ဦးဩက–

- မမေ့အပ်သည့် အရာဆယ်ပါး၊
- မပြုအပ်သည့် အရာဆယ်ပါး၊
- သိအောင်ပြုအပ်သည့် အရာဆယ်ပါး၊
- အချင်းသိရာ ဆယ်ပါး၊
- တန်ဆာဆင်ခြင်းအရာ တစ်ဆယ့်လေးပါး၊
- ပျက်စီးသည့်အရာ တစ်ဆယ့်သုံးပါး စသည်တို့ကို

ဖွဲ့ဆိုရာတွင် အချင်းသိအရာ ဆယ်ပါးကို ဖော်ပြရာ၌–

BURMESE CLASSIC .com

www.burmeseclassic.com



မိန်းမမူနည်း၊ အချင်းသည်ကား၊
တည်ကြည် သိပ်သည်း၊ စောင့်စည်း မွေ့သိမ်၊
ငြိမ်ဆိတ်ဆေးလေး၊ အရေးမြင်မှ၊
သိသာရ၏။
ဟု ဖွဲ့ဆိုထား၏။

ဆိုလိုသည်မှာ အမျိုးသမီးတို့သည် အမူအကျင့် အရည်အချင်းကို တည်ကြည်သိပ်သည်းခြင်း၊ သိမ်သိမ်မွေ့မွေ့ ဣန္ဒြေကို စောင့်စည်းခြင်း၊ ငြိမ်ဆိတ်အေးဆေးခြင်းတို့ကိုမြင်ရမှ သိနိုင်၏ဟုရေးသားထား၏။ မိန်းမတို့၏ အချင်းသည် တည်ကြည်ခြင်း၊ သိပ်သည်းခြင်း၊ ဣန္ဒြေရှိခြင်း တို့ဖြစ်၏။

တန်ဆာဆင်ခြင်းတရား တစ်ဆယ့်လေးပါးကို ဖော်ပြရာတွင်-

တစ်ဆယ့်လေးဖြာ၊ ဆင်တန်ဆာကား၊
ရာဇာဘုန်းရှိ၊ ပြည်လုံးမိကို၊
နီတိကျမ်းလျှင်၊ တန်ဆာဆင်၏၊
ဂုဏ်အင်အထူး၊ ကျေးဇူးရှိသူ၊
ထိုထိုလူကို၊ မပြု ဒေါသ၊
မာန်မထဘဲ၊ နိမ့်ချခြင်းလျှင်၊
တန်ဆာဆင်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ရုပ်သွင်ပျိုကား၊ မိန်းမအားမူ၊
တည်ကြားစောင့်ရှောက်၊ မယွင်းမဖောက်ဘဲ
ရှက်ကြောက်ခြင်းလျှင် တန်ဆာဆင်၏။
ဟု ရေးသားထားသည်။

တစ်ပြည်လုံးကို အမိအဖသဖွယ် အုပ်စိုးသောမင်းသား နီတိကျမ်းသည် တန်ဆာဆင်၏။ ဂုဏ်ကျေးဇူးရှိသော လူဟူ သမျှကို အမျက်မရှိဘဲ နိမ့်ချခြင်းသည် တန်ဆာဆင်ပါ၏။

ရုပ်ရည်အသွင်အပြင် ပျိုထားနုနယ်သော မိန်းမသားတို့ အား ကိုယ်အမူအရာ နှုတ်အမူအရာကို တည်ကြည်စွာ စောင့် ရှောက်၍ ဣန္ဒြေမပျက်စေဘဲ အရှက်အကြောက်ရှိခြင်းသည် တန်ဆာဆင်၏ဟု ဆိုပါ၏။ ဩဝါဒထူးပျို့၏ အလိုအရ မိန်းမ တို့၏ အဆင်တန်ဆာသည် အရှက်အကြောက်ဟု ဆို၏။ အမျိုး သမီးတို့၏ တန်ဖိုးသည် အရှက်အကြောက်ပင် ဖြစ်၏။ မည်မျှ လှပ တင့်တယ်သော ရုပ်အဆင်း ရှိသည့် အမျိုးသမီးပင် ဖြစ်စေ အရှက်အကြောက်မရှိပါက ထိုအမျိုးသမီးသည် တန်ဖိုး မရှိ။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ စောင့်ထိန်းခြင်းမရှိပါက တန်ဖိုး မရှိ။ ဣန္ဒြေသိက္ခာမရှိက အဖိုးမတန်ဟု ဩဝါဒထူးပျို့ဆရာက ဆိုပါ၏။

မြန်မာအမျိုးသမီးတို့သည် မိဘ မောင်ဖွားတို့ကို ထောက် ထား၍ မိမိတို့၏ ကာယိန္ဒြေကို စောင့်ထိန်းကြ၏။ တစ်စုံတစ်ရာ

www.burmeseclassic.com



မမှားအောင် နေကြ၏။ အမှားဖြစ်ပါက လူအပေါင်း၏ ကဲ့ရဲ့ သင်္ဂြိုဟ် သတင်းစကား ဆိုကြမည်ကို ရှက်၏။

ထို့ကြောင့် ရှေးမြန်မာ အမျိုးသမီးတို့သည် မိဘမောင်ဖွား တို့ရှေ့၌ပင် ဗိုင်းငင်ရင်း၊ ဝါးဖန်ရင်း၊ ချည်ချရင်း၊ သက် ငယ် ပျစ်ရင်း၊ မန်ကျည်းသီးထုရင်း လုလင်ပျိုတို့နှင့် စကားဝှက်ခြင်း၊ ပုံပြောခြင်း တို့ဖြင့် ရင်းနှီးမှုယူကာ အကဲခတ်ကြ၏။ ကွယ်ရာ၌ ချိန်းတွေ့ပြီး အမှား ဖြစ်မျိုးမရှိအောင် ဆင်ခြင်ကြ၏။

အိမ်ထောင်သည် ဖြစ်လာသော အခါတွင်လည်း အသွား အလာ၊ အနေအထိုင် ဆင်ခြင်ကြ၏။ ယောကျ်ား တစ်ပါးနှင့် အရောတဝင်မနေကြ။ သူစိမ်းယောကျ်ား၊ သူစိမ်း မိန်းကလေး များကို ရှက်ရမည်။ ကြောက်ရမည် ဟူသော အသိတရားကရှိ၏။

မြန်မာဗုဒ္ဓဘာသာ အမျိုးကောင်းသား–အမျိုးကောင်းသမီး တို့အတွက် သတ်မှတ်ထားသော လူ့ဝိနည်း၊လူ့စည်းကမ်း၊ လူမှု ရေးဆိုင်ရာ သတ်မှတ်ချက်များ ရှိ၏။ ထိုအရာများသည် မြန်မာ တို့၏ ယဉ်ကျေးမှု **Civilization** ပင် ဖြစ်၏။

သို့ရာတွင် ခေတ်သည် တစ်စတစ်စပြောင်းလဲလာခြင်း၊ အခြား ယဉ်ကျေးမှုများနှင့် ဆက်နွယ်လာခြင်း၊ အနောက်တိုင်း ယဉ်ကျေးမှု ဝင်ရောက်လွှမ်းမိုးလာခြင်းတို့သည် မြန်မာတို့၏ ယဉ်ကျေးမှုကို ထိခိုက်စေခဲ့၏။ အနောက်နိုင်ငံများတွင် လင်ရှိ မယား၊ မယားရှိလင်တို့သည် ဝတ်ချင်သလိုဝတ်၊ စားချင်သလို စားကာ အပျိုလူပျိုများသဖွယ် လွတ်လွတ်လပ်လပ် နှလုံးသား

BURMESE CLASSIC .com

www.burmeseclassic.com



ကို တံခါးဖွင့်၍ ပိုးကြ ပန်းကြ မြူကြ ကကြကာ အိမ်ထောင်ရေး ဖောက်ပြန်မှုများ ရှိကြ၏။ အကြင်လင်မယား မဟုတ်ပါဘဲလျက် အတူနေကြ၏။ ဤသည်မှာ အနောက်တိုင်း ယဉ်ကျေးမှုဖြစ်၏။ အနောက်တိုင်းယဉ်ကျေးမှုသည် အရှေ့နှင့် ဆန့်ကျင်မှု ရှိ၏။ အကြင်လင်မယား မဟုတ်ပါဘဲလျက် အတူနေမှုစသည့် အနောက်တိုင်းယဉ်ကျေးမှုကို မြန်မာစာဖြင့် ရေးသားဖွဲ့ဆိုမှုများ ရှိလာခဲ့သည်ဟု ဆို၏။ ထိုသို့သော ရေးသားမှုအတင့်ရဲခြင်းများ သည် ရှက်ဖွယ်ရာ ဖြစ်၏။ ဖတ်ရှုမှုသည်လည်း ရှက်ဖွယ်ရာ ဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၁၁)

# မြွတ်သူကေန်

ကျွန်တော်သည် ဆရာတော်ကြီး ညွှန်ကြားပေးအပ်သော စာအုပ်များကို ဖတ်ရှု၍ အရိယာအကြောင်းတရား နှစ်ပါးကို အလေးအနက် စဉ်းစားခဲ့၏။ ထိုင်းအမျိုးသမီးလေး ကစ္စနီသည် ဗုဒ္ဓအဆုံးအမကို ခံယူ၍ ဆရာတော်ကြီး ဘဒ္ဒန္တ ဒေါက်တာ အာသဖ၏ ခြေတော်ရင်းတွင် ဝပ်စင်းကာ ကြီးစွာသော ကုသိုလ်ကို စောင့်ထိန်း၍ အရိယာအကြောင်းတရားအပြည့်ဖြင့် အေးချမ်းမှုကို ရှာဖွေနေ၏။

အရိယာအကြောင်းတရားနှစ်ပါးကို ဒေဝဓမ္မဟုလည်းခေါ်၏။ လောကကိုစောင့်ရှောက်သောတရား။ လောကပါလ တရားဟု

BURMESE CLASSIC .com

www.burmeseclassic.com



လည်းခေါ်ပါ၏။ လောကတွင် အရှက်တရားကို မြင့်မြတ်သော တရားအဖြစ် ပြဋ္ဌာန်းထားပါ၏။ ဤတရား နှစ်ပါးကို ဖြူစင်သော တရားအဖြစ်လည်း ပြဆိုထား၏။

ကျွန်တော်သည် ကျွန်တော်တို့ငယ်ရွယ်စဉ်က ဥပစာ အပိုင်း(က)တွင် သင်ကြားရသည့် ပါမောက္ခ ဦးဖေမောင် တီးစဉ် ရွေးချယ်ထားသော အနုစာပေ ကောက်နှုတ်ချက်ဟူသော စာ အုပ်ကို သွား၍ သတိရ၏။

ထိုစာအုပ်တွင် ရှင်မဟာ ရဋ္ဌသာရ၏ စာ(၇)ပုဒ်ကို ကောက်နုတ်ဖော်ပြထားရာ **မြတ်သူကော** ဟု ဖွဲ့ဆိုထားသော စာတစ်ပုဒ်ပါဝင်၏။ ထိုစာသည် ၅၅၀ ဇာတ်တော်လာ ဇေဒသ က နိပါတ် သံဝရ ဇာတ်ကို ဆရာတော် ရှင်မဟာ ရဋ္ဌသာရက ပြည်သို့ရောက်မှ ပြည်ဘုရင်ထွေးကို သံဝရမင်းသား နှင့် နှိုင်းယှဉ် ဆုံးမရေးသားထားသော စာ ဖြစ်၏။

ထိုစာတွင် –

၁။ သိကြားမင်းကြီး၊ ချစ်မငြီးသည့်၊
သမီးအာသာ၊ သဒ္ဓါသီရို၊
ဟီရိဟူပြီ၊ တညီယောင်ကောင်း၊
လှချင်ပေါင်းလျက်၊ မြစ်လောင်းအိုင်မြတ်၊
နဝတတ်၌၊ သက်လတ်ပျော်ပါး၊
ရေကစားမှ၊ ညှံ့ထားမွှေ့စွာ၊
မြင်းသီလာဟု၊ ရွှေဝါရောင်အောက်၊
ဆေးဒန်းကျောက်ထက်၊ လေးယောက်တူကွ၊
နေကုန်ကြသည်၊ ရွှင်ပကြည်သန့်ရှင်းသတည်း။

BURMESE CLASSIC .com

www.burmeseclassic.com



တာဝတိံသာ နတ်ပြည်အား စိုးပိုင်အုပ်ချုပ်သော သိကြားမင်းကြီးတွင် အာသာ၊ သဒ္ဒါ၊ သီရိ နှင့် ဟီရိ ဟူသော သမီးတော်လေးပါးရှိ၏။ ထိုသမီးတော် လေးပါးသည် အနောဒတ္တရေအိုင်၌ ရေချိုးကြပြီးနောက် ဆေးဒန်း မြင်းသီလာကျောက်တို့ဖြင့် တင့်တယ်သောနေရာတွင် နား၍နေကြ၏။

၂။ ထိုရော်ခဏ၊ နာရဒဟု၊
တွင်ထမည်ခေါ်၊ ရသေ့ကျော်လျှင်၊
သာဝပျော်ဒေစိန်၊ တာဝတိံသို့၊
စျာန်ရှိန်ကိုယ်ရောက်၊ ပြန်လေမြောက်မှ၊
တထောက်တောစဉ်၊ နတ်ဥယျာဉ်၌၊
ဘော်ကြဉ်ဆိတ်ကွယ်၊ နေသပ္ပာယ်မှ၊
ပင်လယ်ကသစ်၊ နီချစ်ထွေးထွေး၊
ရောင်ပြေးညီးညီး၊ ပန်းပွင့်ကြီးကို၊
ဆောင်းထီးအတူ၊ ချမ်းရိပ်ယူလျက်၊
မပူမဆာ၊ ထိုကျောက်ဖြာ၏၊
လဟာထိပ်ပြင်၊ မိုးကောင်းကင်ဖြင့်၊
ရွှေစင်ဂူထဲ၊ ကျိန်းမြဲနေရာ၊
ရှေ့သို့လာသည်၊ ထွန်းဝါနေ့နှယ် လင်းသတည်း။

နာရဒ ရသေ့သည် စျာန်အဘိညာဉ်နှင့် တာဝတိံသာ နတ်ပြည်သို့ ပျံတက်၍ ထိုကျောက်ဖြာကြီး၏ ထိပ်၌ ထိုင်လျက် နီထွေးသော အဆင်းရှိသည့် ပန်းပွင့်ကြီးကို ထီးသဖွယ် ဆောင်းကာနေသည်ကို နတ်သမီးလေးယောက်တို့ တွေ့မြင်ကြ၏။

BURMESE CLASSIC .com

www.burmeseclassic.com



၃။ လေကြေယူဇနာ၊ တစ်ရာတိုင်တိုင်၊
ကြေိုင် ပျံ့လွင့်၊ ထိုပန်းပွင့်ကို၊
နတ်ရှင့်သမီး၊ အကြီးအလတ်၊
ငယ်ပျိုထွင့်တို့၊ မြင်လတ်ကုန်ထ၊
ထိုခဏဝယ်၊ တောင်းကြသောအခါ၊
ခြင်းရာမြတ်နွယ်၊ ရွေးချယ်ထိုက်တန်၊
ရသေ့မွန်လား၊ တသွန်သားချင်း၊
အရင်းဖြစ်ထ၊ ညီအစ်မတွင်၊
မြတ်လှသသူ၊ ယူလှည့်စွန်းစွန်း၊
ငါတိုက်တွန်း၏၊ မြတ်မှန်းမသိ၊
သကျာရှိမူ၊ မျက်စိတစ်ထောင်၊
အမြင်ဆောင်သား၊ မြတ်ခေါင်းမင်းဖျား၊
ဘသိကြားမှာ၊ သွား၍မေးလေ၊
ဆိုတံပေသည်၊ နှစ်ထွေ စိတ်မယွင်းသတည်း။

လေအောက်ယူဇနာ တစ်ရာတိုင် ကြေိုင်ပျံ့လွင့်သော ထိုပန်းပွင့်ကြီးကို နတ်သမီးများက ပေးသနားပါရန် ရသေ့မြတ်ထံ၌ တောင်းလေလျှင် ရသေ့မြတ်လည်း မင်းတို့လေးယောက်ထဲမှ မြတ်သောသူကိုပေးမည် ယူလှည့်ပါ ဆိုလေလျှင် မည်သူ မြတ်သည်ကို မသိလျှင် ဖခင်သိကြားမင်းထံသွား၍ မေးကြလေဟု အမိန့်ရှိလေ၏။

၄။ ဤသို့ဗြာဟ္မဏာ၊ နာရဒ၏၊
ထိုမှုစကား၊ တစ်ခွန်းကြားက၊

BURMESE CLASSIC .com

www.burmeseclassic.com



လေးပါးပေါင်းဆွေ၊ သွားကုန်လေ၍၊
ရှိသေတုပ်ကွေး၊ မေးကုန်ကြသော်၊
အဘစောထီး၊ နတ်မင်းကြီးသည်၊
သမီးနှင်နှင်၊ ဖြစ်လျက်ကိုပင်၊
သည်လျှင်မြတ်စွာ၊ ဆိုဘိရာကား၊
အားနာစလောက်၊ ဘော်သုံးယောက်တို့၊
ရှက်ကြောက်ပျက်ပါ၊ မသက်သာအံ့၊
ငါမှ တစ်ပါး၊ တရားတက်ပွန်၊
ဟိမဝန်၌၊ စောင့်မှန်သီလ၊
ကာသိယဟု၊ ခေါ်ထမည်မှတ်၊
ရသေ့မြတ်ကို၊ ဆုံးဖြတ်စိမ့်သော၊
ကြံလတ်ဆောသည်၊
သဘောမြားနှယ်ခင်းသတည်း။

ရသေ့မြတ်၏ စကားကို ကြားရလေလျှင် နတ်သမီးသည် အဘသိကြားမင်းထံသို့ လာ၍မေးကြလေ၏။ သိကြားမင်းလည်း အားလုံးသည် သမီးရင်းများ ဖြစ်သောကြောင့် ပြောရန် ဝန်လေးလှသဖြင့် သမီးတို့၊ ဟိမဝန္တာတောင်၌ တရားအားထုတ်နေသည့် ကောသိယ မည်သော ရသေ့သည် ရှိပါသည်။ ထိုရသေ့မြတ်ထံ သွား၍ အဆုံးအဖြတ်ခံယူစေပါဟု အကြံပေးလာ၏။

၅။ ထိုသည်ရသေ့၊ ကျင့်ခလေ့ကား၊
ညဉ့်နေ့မမှတ်၊ ရောက်လတ်သောအခါ၊
လူတကာတို့၊ မြတ်ရာလည်းရွေး စားဦးပေး၏။

BURMESE CLASSIC .com

www.burmeseclassic.com



ကြိုင်မွှေးနံ့သာ၊ ချိုစိမ့်စွာသည်၊
သုခါဒိဗ္ဗ၊ ဘောဇနကို၊
ငါက နှစ်လို့၊ ယခုပို့စိမ့်၊
မယ်တို့သွားလေ၊ တောင်းကြချေလော့၊
ရသေ့ရှေ့ဖျား၊ တတ်နိုင်ငြားမူ၊
ငြူစူ မျက်လို၊ မဆိုအပ်ရှောင်း၊
လက်ချကောင်းဟု၊ အကောင်းအတ၊
မဆွကလျှင်၊ ချစ်ဘသိကြား၊
အသာဖြား၍၊ နားပါးဝင်အောင်၊
သွင်းသတည်း။

သိကြားမင်းက ကောသိယရသေ့၏ အကျင့်ကား မိမိထံ ရောက်ရှိလာသော သူများအနက် အမြက်ဆုံးသူကို စားဦးစားဖျား ပေးတတ်၏။ ငါသည် နတ်သဒ္ဓါကို ကောသိယ ရသေ့ထံ ပို့နှင့်မည်။ သမီးတို့ သွားရောက်တောင်းယူကြဟုဆို၏။ရသေ့က စားဦးပေးခံရသူသည် အမြတ်ဆုံးဖြစ်၍ တစ်ဦးနှင့် တစ်ဦးငြူစူခြင်း မရှိအပ်။ ကောသိယ ရသေ့၏ အဆုံးအဖြတ်ကို လက်ခံကြလေ ဟု အသာအယာဖျောင်းဖျ၍ လွှတ်လိုက်၏။

၆။ နားပါးဝင်အောင်၊ သွင်းပြီးနောင်မှ၊
တထောင် သိန္ဓဝ၊ နတ်မြင်းကသား၊
မိုးဝပျံလွှား၊ နတ်ရထားနှင့်၊
နတ်သားမာတလိ၊ သာရထိကို၊
မိမိဆရာ၊ သူမြတ်စွာသို့၊

www.burmeseclassic.com



သုစာ ဆွမ်းဖြူ၊ လှူစိမ့်စေလိုက်၊
ထိုအကြိုက်တွင်၊ မှောင်မိုက်လင်းလင်း၊
ထွန်းဝင်းတညီ၊ ရွှေကြယ်စီသို့၊
သီရိရှေ့မှ၊ တောင်ကအာသာ၊
သဒ္ဒါအနောက်၊ မြောက်ကား ဟီရိ၊
လိုတူညီလျက်၊ တရိုတရွယ်၊
နေပြီးပယ်တည့်၊ တစ်ဆယ့်နှစ်ပါး၊
ကျေးဇူးများသည်၊ သိကြားအရသာ၊
နတ်သြဇာကို၊ ပေးပါစေကြောင်း၊
ပန်ထွာတောင်းသော်၊ ထွေနှောင်းဆုံးအား၊
ရသေ့ဖျားလျှင်၊ စကားမေးပြီး၊
ဖြေသီးချီချဉ်၊ အမည်လိုက်ဖက်၊
အရုက်စောင့်ထ၊ မြတ်ချင်းတကြောင့်၊
ကြည်လှအထူး၊ သဒ္ဒါနူး၍၊
စားဦးပေးတုံလျှင်သတည်း။

သိကြားမင်းသည် မာတလိကိုခေါ်၍ နတ်ရထားကိုပြင်စေကာ ရသေ့ထံသို့ နတ်သုဒ္ဓါ ထမင်းကို ပို့စေ၏။

ထိုစဉ် မိုးကောင်းကင်တွင် တောက်ပသော ကြယ်ပွင့်များအလား ကိုယ်ရောင်ကိုယ်ဝါ ထင်လင်းစွာဖြင့် အရှေ့မှ သီရိ၊ တောင်အရပ်မှ အာသာ၊ အနောက်မှ သဒ္ဒါနှင့် မြောက်ဘက်မှ ဟီရိတို့သည် ကောသိယ ရသေ့ထံသို့လာရောက်ကာ အရသာ တစ်ဆယ့်နှစ်ပါးနှင့် ပြည့်စုံသော နတ်သုဒ္ဓါထမင်းကို ပေးပါဟု

BURMESE CLASSIC .com

www.burmeseclassic.com



တောင်း ဆိုကြ၏။ ရသေ့လည်း နတ်သမီးလေးတို့၏ အမည်များကိုမေးကာ ဟီရိ အရှက်တရားရှိသူဟု အမည်တွင်သော အငယ်ဆုံး သမီးအား စားဦးကို ပေးလေ၏ဟု အရှင်မဟာရဋ္ဌသာရက မြတ်သူကေန် ကဗျာတွင် စပ်ဆိုထားသည်ကို အမှတ်ရ၏။

ထိုနေ့ကစ၍
မြတ်လှဟီရိ
ကျော်ခေါင်ထိ၏။

ဆရာတော် ရှင်မဟာ ရဋ္ဌသာရက ဆက်၍ ဖွဲ့စပ်၏။

ကျွန်တော်သည် အရှက်တရား၏ မြင့်မြတ်ပုံကို ပို၍ သဘောပေါက်လာ၏။ ဤလောက၌ မြတ်သူကေန်သည် ဟီရိဟူသော အရှက်တရားရှိသူပင် ဖြစ်ပါသည်။

(ကဗျာများသည် မူရင်းသတ်ပုံဖြစ်ပါသည်။)

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၁၂)

# ဖြူစင်သော တရားနှစ်ပါး

ရှက်ခြင်းဟူသည်မှာ ရှက်သည့်အမူအရာဖြစ်ခြင်းကိုဆိုခြင်းဖြစ်၏။ ကြောက်ခြင်းဆိုသည်မှာ ဘေးတစ်စုံတစ်ရာကို ကြောက်ခြင်းဖြစ်၏။ ဘေးဆိုရာတွင် အပါယ်ဘေး၊ တရားဥပဒေဘေး၊ သူတော်ကောင်းတို့က စွန့်ပစ်သောဘေးကို ဆိုလိုရင်းဖြစ်၏။

အရှက်တရားနှင့် အကြောက်တရား နှစ်ပါးစလုံးသည် မကောင်းမှုတို့မှ ရှောင်ကြဉ်ကြ၏။ အရှက်တရား အကြောက်တရားမရှိသူတို့သည် မကောင်းမှုကို ရဲရဲတင်းတင်း၊ ပယ်ပယ်နယ်နယ် ပြုလုပ်ကြ၏။ အရှက်တရား အကြောက်တရားရှိသူတိုင်း မကောင်းမှုကို မပြုလုပ်ဝံ့ကြ။ သိတ္တပ္ပရှိသော ပုဂ္ဂိုလ်တို့သည်

BURMESE CLASSIC .com

www.burmeseclassic.com



ငရဲကို ကျမှာစိုး၍ မကောင်းမှုကိုမပြု။ ငရဲကျမှာကို ကြောက်၏။ ထိုပုဂ္ဂိုလ်သည် တိရစ္ဆာန်ဖြစ်ရမည်ကို ကြောက်၏။ ပြိတ္တာ ဖြစ်ရမည်ကို စိုးရိမ်ကြောက်ရွံ့၏။ အသူရကာယ် (ပြိတ္တာ အကြီးစား) ဖြစ်ရမည်ကို ကြောက်သည့်အတွက် မကောင်းမှုကို မပြုလုပ်။ ပြုရမှာ ကြောက်၏။ ထိုသို့သော ကြောက်ခြင်းသည် ဩတ္တပ္ပ အစစ်ဖြစ်၏။

လောက၌ မကောင်းမှုမဟုတ်သောအရာများသည် ရှက်စရာမလို၊ ကြောက်စရာမလို၊ မကောင်းမှုအကုသိုလ်တရားတို့ကိုသာ ရှက်ရကြောက်ရမည် ဖြစ်၏။ အကုသိုလ်တရားတို့ကို မည်သို့မည်ပုံ ရှက်ရမည်နည်း ဆိုသောအချက်ကို ဥပမာပြရသော်– သံတွေခဲ နှစ်လုံး ရှိ၏။ ထိုသံတွေခဲ နှစ်လုံးအနက် တစ်ခုသော သံတွေခဲသည် မစင်ဘင်ပုပ်တို့နှင့် ပေကျံနေ၏။

အခြား တစ်ခုသော သံတွေခဲသည် အလျှံစွဲ၍ ရဲရဲပြောင်ပြောင် အရောင်ထွက်ကာ ပူပြင်းတောက်လောင်နေသည်။ ထိုသံတွေခဲ နှစ်ခုစလုံးအား အသိပညာ၊ ဆင်ခြင်ဉာဏ်ရှိသော ပုဂ္ဂိုလ်သည် အေးမြသော သံတွေခဲသည် ပူလောင်မှုမရှိသော်လည်း မစင်ဘင်ပုပ်များ ပေကျံနေ၍ ရွံ့ရှာသည့်အတွက် ကိုယ်တွယ်လိုခြင်းမရှိ။

ပူလောင်သော သံတွေခဲသည် မစင်ဘင်ပုပ်များ ပေကျံမှုမရှိသော်လည်း အလျှံစွဲ၍ ရဲရဲပြောင်ပြောင် တောက်လောင်နေသောကြောင့် မိမိကိုင်ပါက ပူလောင်မည်စိုး၍ မကိုင်ဘဲရှိ၏။

BURMESE CLASSIC .com

www.burmeseclassic.com



အေး၍ မစင်လိမ်းကျံနေသောသံတွေခဲကို စက်ဆုပ်ရွံ့ရှာသဖြင့် မကိုင်သကဲ့သို့ မိမိ၏အတွင်း အဇ္ဈတ္တသန္တာန်၌ အရှက်တရား၊ ဟီရိတရားရှိသူသည် မိမိကိုယ်မိမိ လေးစားသောအားဖြင့် ရှက်ခြင်းသဘာတရား သက်ဝင်ကာ မကောင်းမှုကို မပြု။

ပူလောင်နေသော သံတွေခဲကို လောင်မှာစိုး၍ မကိုင်သကဲ့သို့ အကြောက်တရား ဩတ္တပ္ပရှိသော ပုဂ္ဂိုလ်သည် အပါယ်ဘေး စသည်တို့ကို ကြောက်သည့်အတွက် မကောင်းမှုကိုမပြု။

လူတို့သည်–

- မိမိမျိုးရိုးကို ဆင်ခြင်၍၊
- မိမိ၏ ဆရာသမားကို ဆင်ခြင်၍၊
- မိမိကိုယ်တိုင်၏ အကျင့်စရဏကို ဆင်ခြင်၍၊
- မိမိ၏ မိတ်ဆွေသူငယ်ချင်းတို့အား ဆင်ခြင်၍

အရှက်တရားသည် ဖြစ်ပေါ်လာတတ်ပြီး မကောင်းသော အလုပ်ကို မလုပ်ဘဲ ရှိကြ၏။

အချို့သော ပုဂ္ဂိုလ်တို့ကလည်း–

- မိမိကိုယ်မိမိ စွပ်စွဲသော အတ္တာနုဝါဒဘေး၊
- တစ်ပါးသော သူတို့၏ စွပ်စွဲခံရသော ပရာနုဝါဒဘေး၊
- မင်းပြစ်မင်းဒဏ်ခံရမည့် ဒဏ္ဍဘေး၊

www.burmeseclassic.com



➪ နောင်တမလွန်၌ မကောင်းသော ဒုဂ္ဂတိဘုံသို့ ရောက်ရမည့် ဒုဂ္ဂတိဘေးတို့ကို ဆင်ခြင်၍လည်း အပြစ်ကို ကြောက်ရွံ့ကာ မကောင်းမှုတို့ကို မပြုလုပ်ဘဲ ရှိကြ၏။

သုံးဆယ့်တစ်ဘုံ၌ မြင့်မြတ်သော လူ့ဘဝကို ရရှိသောသူတို့သည် မိမိတို့ရရှိသော မြင့်မြတ်သည့်ဘဝတွင် ဖြူစင် သန့်ရှင်းသူများ ဖြစ်အောင် ကြိုးစားရန်လိုအပ်ပါ၏။ လူတိုင်းသည် ဖြူစင်သန့်ရှင်သော လူ့ဘဝကို ရရှိစေခြင်းအလို့ငှာ ဟီရိနှင့် ဩတ္တပ္ပတရားနှစ်ပါးကို စောင့်ထိန်းကြရမည် ဖြစ်ပါ၏။

ဟီရိဩတ္တပ္ပ တရားနှစ်ပါးကို မကောင်းမှုဒုစရိုက်ပြုလုပ်ရန် တွန့်ဆုတ်တတ်သောတရားများအဖြစ် ယောဂီတို့က ဆင်ခြင်ကြ၏။ အရှက်အကြောက်ရှိသူတို့သည် မကောင်းမှုပြုလုပ်ရန် တွန့်ဆုတ်ကြ၏။ ဝန်လေးကြ၏။ ထိုသို့ဝန်လေးခြင်း၊ တွန့်ဆုတ်ခြင်းတို့သည် ဟီရိ ဩတ္တပ္ပ တရားနှစ်ပါး၏ အသွင်အပြင်လက္ခဏာများဖြစ်၏။

အရှက်တရား ဖြစ်ပေါ်ရန် မိမိကိုယ်မိမိ အလေးအထားရန်လို၏။ မိမိကိုယ်မိမိလေးစားခြင်းသည် ဟီရိတရား ဖြစ်ပေါ်လာရန် အနီးကပ်ဆုံး တရား ဖြစ်၏။ ဩတ္တပ္ပတရားသည် သူတစ်ပါးကို လေးစားမှုရှိပါက အကြောက်တရားဖြစ်ပေါ်လာရန် နီးစပ်၏။ ထို့ကြောင့် သူတစ်ပါးအား လေးစားခြင်းသည် ဩတ္တပ္ပတရားဖြစ်ပေါ်လာရန် အနီးကပ်ဆုံး အကြောင်းအရာဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ထို့ကြောင့် ဟီရိဟူသော အရှက်တရားသည် အမျိုးကောင်းသမီးနှင့်တူ၍ ဩတ္တပ္ပဟူသော အကြောက်တရားသည် ပြည့်တန်ဆာ အမျိုးသမီးနှင့်တူ၏ ဆိုခြင်းခြင်းဖြစ်၏။

အမျိုးကောင်းသမီးသည် မိမိ၏မြင့်မြတ်သော မျိုးရိုးဇာတိကောင်းမွန်မှုကို လေးစားသောအားဖြင့် မိမိ၏အိမ်ရှင်ယောကျ်ားမှတစ်ပါး အခြားတစ်ပါးသော ယောကျ်ားတို့ဖြင့် ဖောက်ပြန်ရမည်ကို စက်ဆုပ်၏။

ပြည့်တန်ဆာအမျိုးသမီးသည် ကိုယ်ဝန်တည်ရှိပါက တစ်ပါးယောကျ်ားတို့က သူ့အပေါ် ရှောင်ကြဉ်ကြရမည် ဖြစ်ရကား ထိုတစ်ပါးယောကျ်ားတို့ မိမိအား မရှောင်ကြဉ်ရလိုကား ကိုယ်ဝန်ဆောင်သည့်ဘေးကို ထိတ်လန့်ကြောက်ရွံ့၏။

လောကတွင် မိမိကိုယ်ကို စောင့်သောနတ်၊ အဘိဉာဉ်ရသော တန်ခိုးရှင်တို့သည် တိတ်တဆိတ် မကောင်းမှုပြုသည်ကို သိမြင်ကြကုန်၏။ မိမိသည် လုံခြုံလှုပြီအထင်နှင့် မကောင်းမှုဒုစရိုက်ကို ပြုပါသော်လည်း ကိုယ်စောင့်နတ်အပါအဝင် တန်ခိုးရှင်တို့၏ မျက်စိအောက်တွင် မကောင်းမှုသည် ရှင်းရှင်းကြီးပေါ်နေ၏။ လုံခြုံလှုပြီအထင်နှင့်ပြုလုပ်သော မကောင်းမှုဒုစရိုက်ဟူသည် ပညာရှိသူတော်ကောင်းတို့ အလယ်တွင် ကဲ့ရဲ့ဖွယ်သာဖြစ်၏။ ထို့ကြောင့် ဩတ္တပ္ပဟူသော အကြောက်တရားရှိသူတို့သည် မိမိ၏ ကိုယ်စောင့်နတ်နှင့် တန်ခိုးရှင်တို့အား လေးစားသောအားဖြင့် မကောင်းမှု ဒုစရိုက်ပြုလုပ်ရမည်ကို ကြောက်ရွံ့ထိတ်လန့်ကြကုန်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ဤတရားနှစ်ပါးသည် မကောင်းမှုအကုသိုလ် ပြုလုပ်ရမည်မှ ရှက်ကြောက်သောကြောင့် မကောင်းမှုအကုသိုလ်တရားများကို မပြုလုပ်သောတရားများဟု ဆိုရ၏။ ထို့ကြောင့် ဟီရိနှင့် ဩတ္တပ္ပတရား နှစ်ပါးသည် ဖြူစင်သော သဘောရှိ၏။ ထို့ကြောင့် ယင်းတရား နှစ်ပါးကို ဖြူစင်သော တရားနှစ်ပါးဟုလည်း ခေါ်ကြ၏။

ဤတရား နှစ်ပါးသည် ဖြူစင်မှုရှိရုံသာမက လောကကိုလည်း စောင့်ရှောက်၏။ ထို့ကြောင့် မြတ်စွာဘုရားက ဒုက အင်္ဂုတ္တိုရ် ပါဠိတွင် ဤတရား နှစ်ပါးနှင့် ပတ်သက်၍-

> **ရဟန်းတို့ ဖြူစင်သန့်ရှင်းကုန်သော ဤတရားနှစ်ပါးတို့သည် လောကကို(လူအပေါင်းကို) စောင့်ရှောက်ကြကုန်၏။ ထိုတရား နှစ်ပါးတို့သည် အဘယ်တို့နည်းဟူမူ- ဟီရိတရားနှင့် ဩတ္တပ္ပတရားတို့ပင်တည်း။**
>
> **ရဟန်းတို့ အကယ်၍သာ ဤတရား နှစ်ပါးတို့က လောကကို မစောင့်ရှောက် မထိန်းမသိမ်းခဲ့သော် လောက၌ အမိဟူ၍လည်းကောင်း၊ မိထွေးဟူလည်းကောင်း၊ အရီးဟူ၍လည်းကောင်း၊ ဆရာ့မယားဟူ၍လည်းကောင်း၊ လက်စောင် ဆရာ့မယားဟူ၍ လည်းကောင်း၊ သို့မဟုတ် အလေးအမြတ်ပြုအပ်သော ဘကြီး၊ ဘထွေး၊ စသူတို့ မယား၍လည်းကောင်း၊ ကွဲပြားခြားနား ထင်ရှားမှု မဖြစ်ကုရာ။ ဆိတ်မြန်မာ၊ ဆိတ်**

BURMESE CLASSIC .com

www.burmeseclassic.com



ကုလား တို့ကဲ့သို့ လက်လည်း (သိုး ဆိတ် တို့ကဲ့သို့ လည်းကောင်း)၊ ကြက် ဝက်တို့ကဲ့သို့ လည်းကောင်း၊ ခွေး မြေခွေးတို့ကဲ့သို့လည်းကောင်း လူအားလုံးတို့သည် ရောယှက် ရှုပ်ထွေးခြင်းသို့ ရောက်ကြကုန်လိမ့်မည်။

ရဟန်းတို့ ယခုအခါတွင်မူ ဤ ဟိရိဩတ္တပ္ပဟူသော အရှက်တရား အကြောက်တရား နှစ်ပါးတို့က လောကကို (လူအပေါင်းကို) ထိန်းသိမ်း စောင့်ရှောက်ကြကုန်သောကြောင့်သာ လောက၌ အမိဟူ၍ လည်းကောင်း၊ မိထွေးဟူ၍လည်းကောင်း၊ အရီးဟူ၍ လည်းကောင်း၊ လက်စောင် ဆရာ့မယားဟူ၍လည်းကောင်း၊ သို့မဟုတ် လေးစား ရိုသေထိုက်သော ဘကြီးဘထွေးတို့၏ မယားဟူ၍ လည်းကောင်း ခြားနား ကွဲပြား ထင်ရှားနေရခြင်း ဖြစ်ပေ၏။

ဟူ၍ ဟောကြားခဲ့ပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၁၃)

## အကျင့်သီလကျိုးပျက်မှုသည် ရှက်စရာဖြစ်၏

အရှက်အကြောက်တရားနှစ်ပါးကို ပြဆိုရာတွင် မကောင်းမှုများကို ပြုလုပ်ရန် ရှက်ရမည်၊ ကြောက်ရမည်ဟုဆို၏။ မကောင်းမှု ဆိုသည်ကား

- သူ့အသက်သတ်ခြင်း၊
- သူ့ဥစ္စာခိုးခြင်း၊
- သူ့အိမ်ရာကျူးခြင်း၊

BURMESE CLASSIC .com

www.burmeseclassic.com



➪ မုသားပြောခြင်း၊

➪ သေရည်သောက်ခြင်း၊

တို့ ဖြစ်ရာ သီလတရား ချိုးဖောက်မှုသည် ရက်စရာ ဖြစ်၏။ သီလ ကင်းမဲ့ခြင်းသည် ရှက်စရာ ဖြစ်ပါ၏။ သီလကင်းမဲ့ခြင်း၊ သီလ မရှိခြင်း၊ သီလကို ချိုးဖောက်ခြင်းသည် ရှက်စရာ အကြောင်းတရားများ၊ ကြောက်စရာ အကြောင်းတရားများပင် ဖြစ်၏။

သီလ ဆိုသည်မှာ စောင့်ထိန်းခြင်း ဖြစ်၏။ ဘာကို စောင့် ထိန်းရမည်နည်းဟု ဆိုပါက ကိုယ်နှုတ်တို့ကို ကောင်းစွာ စောင့် ထိန်း ချုပ်တီးခြင်းဖြစ်၏။

သီလစောင့်ထိန်းသော ပုဂ္ဂိုလ်သည် ကာယကံမှုသဘော၊ ဝစီကံမှုသဘောတို့တွင် ဖရိုဖရဲမဖြစ် သိမ်မွေ့နူးညံ့၏။ သီလသည် ကာယကံမှု၊ ဝစီကံမှုတို့ကို ရုန့်ရင်းကြမ်းတမ်းစွာ ဖြစ်ခွင့် မပြုဘဲ သိမ်မွေ့နူးညံ့အောင် စောင့်ရှောက်ထိန်းချုပ်ထား၏။

သီလရှိသူ၏ သန္တာန်တွင် ကုသိုလ်တရားတို့သည် ကောင်း စွာ ဖြစ်ပွား၏။ ထို့ကြောင့် သီလရှိသူသည် သူတော်ကောင်းလည်း ဖြစ်၏။ သီလရှိသူသည် အရှက်တရား၊ အကြောက်တရား နှစ်ပါး စလုံးကို စောင့်ထိန်း၏။ သီလရှိသူသည် သမာဓိတရား၊ ပညာ တရားတို့ ပွားများ၏။

သီလ ဖြစ်ဖို့ရန် အနီးကပ်ဆုံး အကြောင်းတရားသည် ဟိရီ– မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်းနှင့် ဩတ္တပ္ပ–

BURMESE CLASSIC .com

www.burmeseclassic.com



မကောင်းမှုပြုရမည်ကို ကြောက်ခြင်း ဖြစ်၏။ အရှက်အကြောက် တရား နှစ်ပါးသည် သီလ ဖြစ်ဖို့ရန် အနီးစပ်ဆုံး တရား နှစ်ပါး ဖြစ်ပါ။ အရှက်တရားနှင့် အကြောက်တရား ရှိမှသာ သီလကို လုံခြုံအောင် ဆောက်တည်နိုင်၏။

သီလတွင်

- စာရိတ္တသီလနှင့်
- ဝါရိတ္တသီလဟူ၍ နှစ်မျိုး ရှိ၏။

စာရိတ္တသီလသည် ပြုကျင့်ရမည့် သီလ ဖြစ်၍ ဝါရိတ္တသီလ သည် ရှောင်ကြဉ်ရမည့် သီလဖြစ်၏။

ပြုကျင့်လုပ်ဆောင်အပ်သော အမှုတို့ကို လိုက်နာကျင့်သုံး ခြင်းသည် စာရိတ္တသီလ ဖြစ်၍ ဤအမှုကိစ္စကို မပြု မကျင့်ရဟု တားဖြစ်ထားသော အမှုကို ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလ ဖြစ်၏။ စာရိတ္တသီလတွင် လောက၌ ဆရာ့ဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ သားသမီးဝတ် စသည့်တို့ကို ရှိရာ ယင်း ဝတ္တရားများ ကို ကျေပွန်စွာ ပြုလုပ်ရ၏။ လောက လူ့ဘဝတွင် ပြုကျင့်ရမည့် သီလအမျိုးမျိုး ရှိ၏။ တိုင်းသူပြည်သား၊ အုပ်ချုပ် မင်းလုပ်သူ၊ မိဖုရား၊ သူဌေးသူကြွယ်၊ တောင်သူလယ်လုပ်၊ မင်းပုဏ္ဏား၊ ရဟန်း၊ ဝန်ထမ်း အစရှိသူတို့ရှိရာ ထိုပုဂ္ဂိုလ အသီးသီးတို့တွင် မိမိတို့၌ ပြုကျင့်ရမည့် သီလအသီးသီးရှိကြ၏။

အုပ်ချုပ်သူအစိုးရတို့သည် မိမိတို့၌ ထမ်းဆောင်ရမည့် တာဝန်များရှိ၏။ ထိုတာဝန်များကို မထမ်းဆောင်နိုင်ပါက

BURMESE CLASSIC .com

www.burmeseclassic.com



စောင့်ထိန်းရမည့် သီလ ပျက်ကွက်သည်မည်၏။ ထိုသို့ ပျက်ကွက်မှုကို ရှက်ရမည်ဖြစ်၏။

ပြည်သူတို့သည်လည်း မိမိတို့၌ လုပ်ဆောင်ကြရမည့် ဝတ္တရားများရှိ၏။ ထိုတာဝန်များ ပျက်ကွက်ပါက ပြည်သူတို့သည်လည်း စောင့်ထိန်းရမည့် သီလ ပျက်ကွက်သဖြင့် ရှက်ကြရမည်ဖြစ်၏။ ခင်ပွန်းသည်၌ ခင်ပွန်းသည်၏ တာဝန်၊ ဇနီးဖြစ်သူ၌ ဇနီးသည်၏ တာဝန်၊ တပည့်၌ တပည့်တာဝန်၊ ဆရာ၌ ဆရာ့တာဝန်များရှိကြ၏။

မိဘသည် သားသမီးတို့အား စောင့်ရှောက်ပြုစုကြရမည့် တာဝန်ရှိ၏။ တစ်ဖန် သားသမီးတို့သည် မိဘတို့အား အိုမင်းမစွမ်းရှိပါက ပြန်လည် စောင့်ရှောက်ရမည့် တာဝန်ရှိ၏။ မိဘသည် သားသမီးအပေါ် တာဝန်မကျေပါက ရှက်ဖွယ်ဖြစ်သလို သားသမီးတို့သည် မိဘအပေါ် တာဝန်မကျေပါလျှင်လည်း ရှက်ဖွယ်ဖြစ်၏။

ထို့အတူ ခင်ပွန်းသည်၌ တာဝန်များ ရှိသလို ဇနီးမယားတွင်လည်း တာဝန်များရှိ၏။ ဤတာဝန်များကို အပြန်အလှည့် ကျေပွန်ကြရမည် ဖြစ်၏။ မကျေပွန်ပါက မကျေပွန်သူသည် ရှက်စရာဖြစ်ပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာဝန်သည် ဆရာဝန်တစ်ဦးအနေနှင့် စောင့်ထိန်းရမည့် စည်းကမ်းများရှိ၏။ ထိုစည်းကမ်းများကို မလိုက်နာပါက ထို ဆရာဝန်သည် ရှက်စရာ ဖြစ်၏။

ဈေးသည်၌ ဈေးတာဝန်ရှိသလို ဈေးဝယ်တွင်လည်း ဈေးဝယ် တာဝန်ရှိ၏။ လမ်းပေါ်တွင် လျှောက်သူများသည် လမ်းစည်းကမ်းကို လိုက်နာရန် တာဝန်ရှိ၏။ ယာဉ်မောင်းသမားတို့သည် ယာဉ်စည်းကမ်းများကို လိုက်နာကြရ၏။ လမ်းပေါ်တွင် လမ်းသွားသူသည် လမ်းစည်းကမ်းများကို မလိုက်နာပါက ရှက်စရာကောင်းသလို ယာဉ်မောင်းသူတို့သည်လည်း ယာဉ်စည်းကမ်းများကို မလိုက်နာပါက ရှက်စရာဖြစ်၏။

နိုင်ငံတာဝန်ထမ်းဆောင်သူ ဝန်ထမ်းများသည် ဝန်ထမ်းစည်းကမ်းများရှိကြ၏။ ရုံးဝန်ထမ်းတစ်ဦးဆိုပါက ရုံး မည်သည့်အချိန်တက်ရမည်၊ မည်သည့်အချိန်ဆင်းရမည်၊ ရုံးအလုပ်ကို မည်သို့မည်ပုံလုပ်မည်။ မိမိတာဝန်ကို မည်သို့ကျေပွန်အောင် ဆောင်ရွက်ရမည် စသည်ဖြင့် ရုံးလုပ်ငန်းတာဝန်များရှိ၏။ ရုံးဝန်ထမ်း ဖြစ်ပါလျက် ထိုတာဝန်များကို မကျေပွန်ပါက ရှက်ဖွယ်လိလိ ဖြစ်၏။ အလားတူ ရုံးဌာနတို့တွင် အကြီးအကဲများ၊ အုပ်ချုပ်သူများသည် မည်သည့် တာဝန်များကို ထမ်းဆောင်ရမည်ဟူသော အချက်နှင့်ပတ်သက်၍ သတ်မှတ်ချက်များရှိ၏။ ထိုသတ်မှတ်ချက်များကို မလိုက်နာနိုင်ပါက ရှက်ဖွယ်ရာ ပို၍ဖြစ်၏။ လူငယ်များ တာဝန် မကျေပွန်သည်ထက် လူကြီးများ ဖြစ်ပါလျက် တာဝန်မကျေပွန်လျှင် ပို၍ပင် ရှက်စရာဖြစ်၏။ ထို

www.burmeseclassic.com



ဆိုခဲ့သော တာဝန်များ၊ ဝတ္တရားများ၊ စည်းကမ်းများသည် အကျင့်သီလတို့ချည်းသာ ဖြစ်ပါ၏။

အရေးကြီးသော အချက်မှာ ပြုကျင့်ရမည့် သီလကို ပြုကျင့်နိုင်ရန် လူတိုင်းတွင်–

သဒ္ဓါတရားနှင့် ဝီရိယတရားသည် လိုအပ်၏။

သဒ္ဓါတရားနှင့် ဝီရိယတရား ရှိမှသာ မိမိတာဝန်ကို မိမိ ကျေပွန်မည် ဖြစ်၏။ သဒ္ဓါဆိုသည်မှာ ယုံကြည်ခြင်း ဖြစ်သည်။ မိမိ၌ တာဝန်ရှိသည်ဟု ယုံကြည်ပါက ထိုတာဝန်ကို ပြည့်စုံကျေပွန်အောင် ထမ်းရွက်ရမည် ဖြစ်ပါ၏။ ထို့ကြောင့် မိမိ၏ တာဝန်အပေါ် သဒ္ဓါတရားရှိဖို့ ယုံကြည်မှုရှိဖို့ လို၏။ မိဘကို စောင့်ရှောက်ရမည်။ နိုင်ငံတော်အား ကျသင့်သည့် အခွန်ကို ပေးဆောင်ရမည်။ နိုင်ငံတော်ကလည်း တရားသဖြင့်သာ အခွန်တော်ကို ကောက်ခံရမည် စသည်ဖြင့် အပြန်အလှန်တာဝန်များ ရှိကြ၏။ ထိုတာဝန်များကို သဒ္ဓါတရားရှိဖို့ ယုံကြည်မှုရှိဖို့ လို၏။

လမ်းသွားသူများသည် လမ်းစည်းကမ်းကို လိုက်နာသင့်သည်ဟု ယုံကြည်ရမည် ဖြစ်၏။ ဆရာဝန်သည် လူနာအား ပျောက်ကင်းအောင် ကုသပေးမည်ဟူသော သဒ္ဓါတရားရှိရန် လို၏။ သားသမီးနှင့် တပည့်တို့သည် မိဘဝတ်၊ ဆရာဝတ်တို့ကို ပြုစုသင့်သည်ဟု ယုံကြည်ရမည် ဖြစ်၏။ ထိုသို့ ယုံကြည်မှလည်း အသီးသီး တာဝန်ကျေပွန်ကြမည်ဖြစ်ပါ၏။

www.burmeseclassic.com



စုပေါင်းလုပ်ဆောင်သော လုပ်ငန်းများတွင် တစ်ဦးတစ်ယောက်က သဒ္ဓါတရားမရှိ၊ သီလပျက်ရုံဖြင့် စုပေါင်းလုပ်ဆောင်သော လုပ်ငန်းကြီး ပျက်စီးနိုင်သည်။ တစ်ဦးတစ်ယောက်တွင် ယုံကြည်မှုမရှိခြင်းသည် အခြားသူများသို့ ကူးစက်ပြန့်ပွားစေနိုင်ပါ၏။

သဒ္ဓါတရားဟူသော ယုံကြည်မှုမရှိသော်လည်း ဝီရိယမရှိပါက တာဝန်မကျေပွန်နိုင်ပါ။ မိဘအပေါ်၊ ဆရာ့အပေါ်၊ သားသမီးအပေါ် တာဝန်ကျေပွန်ရန် သဒ္ဓါဟူသော ယုံကြည်မှုအပြင် ဝီရိယဟူသော အားထုတ်လုပ်ဆောင်မှုသည် လိုအပ်ပါ၏။ ဝီရိယဖြင့် မပျင်းမရိ၊ မခိုမကပ် လုပ်ဆောင်မှ တာဝန်ကျေပွန်နိုင်မည် ဖြစ်သည်။ ဝန်ထမ်းသည် မိမိတာဝန်ကို ကျေပွန်လိုပါက လုံ့လ ဝီရိယ ရှိရမည် ဖြစ်၏။ တာဝန်ကိုတော့ သိပါတယ်၊ ယုံကြည်ပါတယ်၊ ဒါပေမယ့် ထိုတာဝန်ကို ထမ်းဆောင်ရန် လုံ့လဝီရိယ အားနည်း၍ အပျင်းများ၍ တာဝန်မကျေပွန်ပါကလည်း ရှက်စရာပင်ဖြစ်၏။

ထို့ကြောင့် လူဟူ၍ ဖြစ်လာပါက မိမိတွင် တာဝန်များရှိလာ၏။ ထိုတာဝန်များကို မိမိသည် ထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ယုံကြည်မှု သဒ္ဓါတရား ရှိရမည်ဖြစ်၏။

ထိုယုံကြည်မှုသည် ယုံကြည်မှု သက်သက်ဖြင့် မည်သို့မျှ အကျိုးမရှိ။ ထိုယုံကြည်မှု အကောင်အထည် ဖြစ်ပေါ်လာစေရန် လုံ့လ ဝီရိယ အားထုတ်မှုသည် လိုအပ်၏။

www.burmeseclassic.com



ထို့ကြောင့် လူတိုင်းသည် တာဝန်ကျေရန် ဝီရိယလိုအပ်၏။ လူ ဖြစ်ပါလျက် လုံ့လ ဝီရိယ အားနည်းပါက ရှက်စရာသာ ဖြစ်ပါ၏။

စုပေါင်းလုပ်ဆောင်သော လုပ်ငန်းများတွင်လည်း တစ်ဦး တစ်ယောက်၏ လုံ့လ ဝီရိယဖြင့် မရ၊ စုပေါင်းလုပ်ဆောင်သူ အားလုံး လုံ့လဝီရိယရှိမှ အောင်မြင်ရာ၏။ စုပေါင်းလုပ်ဆောင် မည်ဟုဆိုပြီး ဝီရိယ မရှိပါကလည်း ရှက်ဖွယ်ရာဖြစ်၏။

ဝါရိတ္တသီလကား အမြဲထာဝရ ရှောင်ကြဉ်ရမည့် သီလ ဖြစ်၏။ ငါးပါးသော သီလသည် ဝါရိတ္တ သီလ ဖြစ်၏။ တားမြစ် ထားသော သီလ ဖြစ်၏။

လောကတွင် မည်သည့်ကိစ္စကို လုပ်ရမည်ဟု သတ်မှတ် ထားသလို မည်သည့်ကိစ္စကို မလုပ်ရဟု သတ်မှတ်ထားသည်။

ဥပမာ လျှပ်စစ်သုံးပါက ကျသင့်သော မီတာခပေးရမည်။

လျှပ်စစ်ကို ခိုး၍ မသွယ်ရ၊ ခိုးမသွယ်ရဟု သတ်မှတ်ထား ခြင်းကို ခိုးသွယ်ပါက ဝါရိတ္တ သီလ ပျက်ခြင်းဖြစ်၏။ ဒါမလုပ်ရ ဟု သတ်မှတ်ထားသည်ကို ဒါလုပ်ပါက ဝါရိတ္တသီလ ပျက်၏။ ရုံးများတွင် ဝတ္ထုမဖတ်ရ၊ ဈေးမရောင်းရ၊ ရုံးပစ္စည်းကို ကိုယ်ကျိုး မသုံးရ၊ ရုံးကားကို ရုံးအတွက်သာ သုံးရမည်ဟု သတ်မှတ်ထား လျှင် ထိုကိစ္စသည် ဝါရိတ္တသီလ ဖြစ်၏။ ထိုကိစ္စကို ရှောင်ရမည် ဖြစ်၏။ ရှောင်ရမည့် ကိစ္စကို မရှောင်ပါက ဝါရိတ္တသီလ ပျက်၏။

www.burmeseclassic.com



မြက်ခင်းပေါ်မနင်းရ၊ ငါးမမျှားရ၊ ကွမ်းတံတွေးမထွေးရ၊ ဆေးလိပ်မသောက်ရဟု သတ်မှတ်ထားသော နေရာများတွင် မြက်ခင်းပေါ်နင်းမည်၊ ငါးမျှားမည်၊ ကွမ်းတံတွေး ထွေးမည်၊ ဆေးလိပ်သောက်မည်ဟု ဆိုပါက ရှောင်ကြဉ်ရမည့်အရာကို မရှောင်းခြင်းဖြစ်၍ ဝါရိတ္တသီလ ပျက်ခြင်းဟု ဆိုရ၏။

ရုံးတွင် လာဘ်မယူရ၊ လက်ဖက်ရည်ဖိုး မတောင်းရ၊ မီးရထားလက်မှတ်၊ သင်္ဘောလက်မှတ်၊ လေယာဉ်ပျံလက်မှတ်ကို ဤမျှသော ခရီးအတွက် ဤမျှနှင့်သာ ရောင်းရမည်၊ ဈေးပိုပြီး မယူရ၊ ဈေးပိုယူခြင်းကို ရှောင်ရမည်ဟု သတ်မှတ်ထားသည်ကို ဈေးပို၍ ရောင်းပါက ဝါရိတ္တသီလ ပျက်သည် မည်ပါ၏။

အကျင့်သီလကို လိုက်နာကျင့်သုံးရာတွင် အားလုံးက လိုက်နာပါမှ တညီတညွတ်တည်း ကျင့်သုံးပါမှ အောင်မြင်မည် ဖြစ်ပါ၏။ တစ်စုံတစ်ယောက် ဈေးဖောက်ဖျက်ပါက ကျန်လူများကလည်း လိုက်၍ ဖောက်တတ်ကြ၏။

ရုံးအရာရှိကြီး တစ်ဦးသည် မိမိကတော့ ရုံးကားများကို သုံးလေးစီး သုံးပြီး စီးပွားရှာလာဘ်ယူမှုပြုပြီး မိမိ၏လက်အောက်ငယ်သားတို့အား စည်းကမ်းလိုက်နာခိုင်း၍ မရ။ အကြီးအကဲများသည် မိမိတို့ကိုယ်တိုင်က စာရိတ္တသီလနှင့် ဝါရိတ္တသီလတို့တွင် စံပြ ဖြစ်ရမည် ဖြစ်သည်။

မိမိလိုက်နာနိုင်သော ကျင့်သုံး၍ ဖြစ်နိုင်သော စည်းကမ်းမျိုးကိုသာ ပြဋ္ဌာန်းရမည်ဖြစ်၏။ လူကြီးက စပြီးဖောက်မှတော့ ငါ

BURMESE CLASSIC .com

www.burmeseclassic.com



တို့လည်း ဖောက်မှာပဲ။ လူကြီးအကျင့်ပျက်မှတော့ လူငယ်များ အကျင့်ပျက်တာ ဘာမှမဆန်းဟု ဆင်ခြေပေးကာ လူငယ်တို့လည်း အကျင့်ပျက်ကြ၏။

အိမ်ထောင် တစ်ခုတွင် မိခင်ဖခင်သည် စံနမူနာပြဖြစ်သလို ကျောင်းတွင် ဆရာသည် စံပြ ဖြစ်၏။ ရုံးဌာနတွင် အကြီးအကဲ တာဝန်ယူသူတို့သည် စံပြ ဖြစ်ကြရန် လို၏။ တိုင်းပြည် နိုင်ငံတို့တွင်လည်း အလားတူပင် တာဝန်ယူ အုပ်ချုပ်သူတို့သည် စာရိတ္တသီလ၊ ဝါရိတ္တသီလ ပြည့်စုံမှ နိုင်ငံသူ နိုင်ငံသားတို့သည် သီလ ရှိကြမည် ဖြစ်၏။

သီလ မရှိက ရှက်ဖွယ်ဖြစ်၏။

သီလ မစောင့်ထိန်းသူသည် ကုန္ဒြေမဲ့သူ အဟိရိက– အရှက်မရှိသူ မည်ပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၁၄)

# ဟီရိသြတ္တပ္ပ အတုများ

လောက၌ အချို့သော သူတို့သည် မကောင်းမှု ဒုစရိုက် မဟုတ်ဘဲ အချို့သော ကိစ္စများ၌ ရှက်တတ်၏။ ဥပမာ ဘုရားသွား ကျောင်းတက်၊ ဥပုသ်စောင့် တရားနာ စသော ကုသိုလ်ကောင်းမှုနှင့် ဆိုင်သော အရာတို့ကို ရှက်စနိုး ကြောက်ရွံ့တတ်ကြ၏။ မြန်မာယောကျ်ားလေးများသည် တိုက်ပုံ ဝတ်ရမည်ကို ရှက်တတ်ကြ၏။ အမျိုးသမီးတို့သည် ပဝါခြုံ၍ သွားရမည်ကို ရှက်တတ်ကြ၏။ ကျောင်းသားလူငယ်တို့သည် အတန်း၏ ရှေ့သို့ထွက်၍ မိမိသိရှိပြီးသော စာကို ထွက်၍ ဆိုပြရမည်ကို ရှက်ရွံ့၍ နောက်တွန့်တတ်ကြ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ဤအပြုအမူများသည် ဟီရိဩတ္တပ္ပ တရားများ မဟုတ်ကြပေ။ အကုသိုလ် မကောင်းမှုအရာ၌ ရှက်သော ကြောက်သော စိတ်သည်သာ ဟီရိဩတ္တပ္ပ အစစ်များ မည်ပါ၏။

အချို့သော ရှက်ကြောက်မှုများတွင် ဟန်ဆောင်မှုသဘော၊ မာယာသဘော သက်ဝင်သဖြင့် ယင်းတို့ကို ဟီရိဩတ္တပ္ပ ဟု မဆိုနိုင်။

မာယာသဘော ပါဝင်သော အမူအရာများသည် ကပ်ငြိသာယာတတ်သော တဏှာ တရားက ဦးဆောင်သောကြောင့် ဟီရိဩတ္တပ္ပမမည်။

တစ်ဖန် တစ်စုံ တစ်ယောက်သောသူသည် မကောင်းမှုဒုစရိုက်ကို ပြုမိ၏။ မိမိ ပြုမိသော မကောင်းမှုကို အများကသိသောအခါ ရှက်စိတ်ကြောက်စိတ်တို့ ဖြစ်ပေါ်လာတတ်၏။ ထိုရှက်စိတ် ကြောက်စိတ်တို့သည်လည်း ဟီရိဩတ္တပ္ပ အစစ်များ မဟုတ်ကြ။ ဒေါမနဿ ပြဋ္ဌာန်းသော အကုသိုလ် စိတ်များပင် ဖြစ်၏။

တစ်စုံတစ်ယောက်သည် မိမိ၏ အမျိုး၊ မိမိ၏ ဂုဏ်သိက္ခာ၊ အသက်အရွယ် စသည်တို့ကို မဆင်ခြင်ဘဲ လုံခြုံလုပြီဟု အထင်ရှိကာ မကောင်းမှု ဒုစရိုက်ကို ပြုလုပ်မိ၏။ ဤသို့ပြုလိုက်သည့်အဖြစ်ကို အများက သိသောအခါ နောင်တရမှု၊ စိတ်ပူပန်မှု၊ စိတ်မချမ်းမသာ ဖြစ်မှုဟူသော ဒေါမနဿတရားများက ဦးဆောင်ကာ ရှက်စိတ် ကြောက်စိတ်များ ဖြစ်ပေါ်လာ

BURMESE CLASSIC .com

www.burmeseclassic.com



တတ်၏။ ထိုရှက်စိတ်ကြောက်စိတ်တို့သည်လည်း ဟီရိသြတ္တပ္ပ များ မဟုတ်ကြ။ တစ်ခါက အရာရှိကြီး တစ်ဦးသည် အထက် မြန်မာပြည်မှ မြို့လေး တစ်မြို့တွင် လာဘ်ယူမှု ဖြစ်၏။ ထိုသို့ လာဘ်ပေး လာဘ်ယူမှုသည် မကြာမီ ပေါ်ပေါက်လာသောအခါ ထိုအရာရှိကြီးသည် မြို့မျက်နှာဖုံးလည်းဖြစ်၊ ရာထူးရာခံနှင့်လည်း ဖြစ်ပါလျက် လာဘ်ယူရလေသလောဟု အရှက်ရကာ အပြင်သို့ မထွက်ဘဲ ရှိရာမှ မိမိကိုယ် မိမိ သတ်သေသော ဖြစ်ရပ်တစ်ခု ရှိခဲ့ဖူး၏။

တစ်ခါကလည်း ဆရာဝန် တစ်ဦးသည် ဆရာဝန်ဟူသော မိမိ၏ ဂုဏ်သိက္ခာနှင့် မညီညွတ်သော အမှုကို ပြုမိရာမှ အရှက် ရကာ မိမိကိုယ်ကို မိမိ သတ်သေခဲ့၏။ ထိုကဲ့သို့ အရှက်ရခြင်း သည် ရှက်စိတ်မွန်ခြင်း၊ ကြောက်စိတ်မွန်ခြင်းများသာ ဖြစ်၏။ ထိုစိတ်များကို အခေါ်အဝေါ်အားဖြင့် ရှက်စိတ်ကြောက်စိတ်ဟု ခေါ်သော်လည်း ဟီရိသြတ္တပ္ပတရားများ မဟုတ်ကြ။ ဒေါမနဿ တရား၊ အကုသိုလ် စိတ်စေတသိက် တရားများသာ ဖြစ်၏။ ဒေါမနဿ ဆိုသည်မှာ စိတ်မချမ်းမသာ ဖြစ်ရခြင်း ဖြစ်ပြီး အကုသိုလ်စိတ်ဆိုသည်မှာအပြစ်နှင့် နှိုင်းယှဉ်၍ဖြစ်သောစိတ်ဖြစ်၏။

အချို့ ကိစ္စများတွင် ထိုကိစ္စသည် အကုသိုလ်လည်း မဟုတ်ပါဘဲလျက် မလုပ်ရဲ၊ မကိုင်ရဲဘဲ ရှက်ကြောက်ခြင်း တို့ ဖြစ်တတ်ကြ၏။ ထိုရှက်ခြင်းကြောက်ခြင်းတို့သည်လည်း ဟီရိတရား သြတ္တပ္ပတရားများ မဟုတ်ကြ။ ဤသို့ အကုသိုလ် မကောင်းမှု မဟုတ်ပါဘဲလျက် ရှက်ကြောက်ခြင်းသည် မိမိ

www.burmeseclassic.com



၏ သတ္တိနည်းမှု၊ အတွေးအခေါ် အယူအဆ မှားယွင်းမှုများသာ ဖြစ်၏။

ဤလောကကြီးသည် ဟိရိဩတ္တပ္ပ ဟူသော အရှက် အကြောက် တရားနှစ်ပါးတို့ စောင့်ကြပ်နေသောကြောင့်သာ လူတို့၏ စိတ်စေတနာများသည် စင်ကြယ်သန့်ရှင်း ဣန္ဒြေရရှိနေခြင်း ဖြစ်၏။ အကယ်၍ ယင်းတရားနှစ်ပါးမရှိပါက ကြီးနိုင်ငယ်ညှဉ်း၊ နိုင်ရာစား ဖြစ်ကာ တိရစ္ဆာန် ဘဝနှင့် မခြားတော့ဘဲ လောကအလုံးတွင် မကြားကောင်း မနာသာတို့သာ ဖြစ်ကုန်နိုင်စရာ ရှိ၏။

ထို့ကြောင့် ဤတရားနှစ်ပါးသည် လူ့လောကကြီး ဣန္ဒြေရရ သိက္ခာရှိရှိ တည်ရှိနေအောင် စောင့်ရှောက်ထားသောကြောင့် ၎င်းတရား နှစ်ပါးကို လောကပါလ တစ်ရားနှစ်ပါးဟုလည်း ခေါ်ကြ၏။

ဟိရိဩတ္တပ္ပ တရားနှစ်ပါးလည်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော တရားနှစ်ရပ်လည်း ရှိသေး၏။ ယင်းတို့ကား ဟိရိက–အရှက်မရှိ၊ မရှက်ခြင်းနှင့် အနောတ္တပ္ပ–အကြောက်မရှိခြင်း၊ မကြောက်ခြင်းတို့ဖြစ်၏။

အဟိရိကသည် မကောင်းမှု ပြုရမည်ကို မရှက်ခြင်း၊ မကောင်းမှုကို မစက်ဆုပ် မရွံရှာခြင်း ဖြစ်၏။ မကောင်းမှုကို မစက်ဆုပ် မရွံရှာရုံသာမက ထိုမကောင်းမှုတွင် လွန်စွာ နှစ်ခြိုက်ပျော်ပိုက်ခြင်း အဟိရိက၏ သဘောဖြစ်၏။

www.burmeseclassic.com



မကောင်းမှုဟူသည် သူတော်ကောင်းတို့၏ သဘောနှင့် စဉ်းစားလျှင် စက်ဆုပ်ဖွယ် ဖြစ်၏။ မကောင်းမှုတို့သည် မစင် ဘင်ပုပ် အလားရှိ၏။ သို့သော် ရွာဝက်ကြီးသည် ထိုမစင်ဖွက် တို့ကိုပင် မစက်ဆုပ် မရွံရှာရုံသာမက ထိုမစင်ဖွက်ထဲ၌ပင် လူးကာလိမ့်ကာနှင့် မစင်များကို စားလိုကစား၏။ အိပ်လိုက အိပ်၏။ မစင်ဖွက်အတွင်း၌ပင် အလွန်နှစ်ခြိုက်ပျော်မွေ့စွာနေ၏။

အလားတူပင် အဟိရိက မရှက်တရား ကိန်းအောင်းနေသူ တို့သည်လည်း စက်ဆုပ် ရွံရှာဖွယ်ရာဖြစ်သော ဒုစရိုက် မကောင်းမှုတို့ကို မလုပ်သင့် မလုပ်အပ်ဟု မမြင်ဘဲ ထို မကောင်းမှု ဒုစရိုက်တို့ကိုပင် ပျော်ရွှင်စွာ ပြုလုပ်တတ်ကြ၏။ ပတ္တာယာ၏ ညနေချမ်းသည် ထိုကဲ့သို့သော အဟိရိက တရားတို့ လွှမ်းမိုးရာ နေရာဟု ဆိုနိုင်သည်။

အနေတ္တာပ္ပ ဆိုသည် မကောင်းမှုဒုစရိုက်တို့ကို မကြောက် သည့် သဘောဖြစ်၏။

မကောင်းမှု ဒုစရိုက်တို့မည်သည် ကြောက်ရွံ့ထိတ်လန့် ဖွယ်ရာ ဖြစ်၏။ မကောင်းမှုတို့ကို ပြုလုပ်ပါက အန္တရာယ် အမျိုး မျိုးတို့နှင့် ရင်ဆိုင်တိုးနိုင်၏။ သူခိုးသည် ရပ်ရွာမှ ဝိုင်းဖမ်းခြင်းကို ခံရနိုင်၏။ ရဲပုလိပ်မှ ဖမ်းဆီးကာ ထောင်းသွင်းအကျဉ်းချထား ခြင်းကို ခံရနိုင်၏။ ယခုဘဝတွင်သာမက နောင်သံသရာတွင် လည်း သူတစ်ပါး ပစ္စည်းကို ခိုးယူသည့် အပြစ်ကြောင့် အပါယ်ငရဲသို့ ကျနိုင်၏။ ဤသည်ကို သူခိုးဓားပြကြီးတို့သည်

BURMESE CLASSIC .com

www.burmeseclassic.com



ခိုးကားခိုး၏။ တိုက်ကားတိုက်၏။ လုယက်မှုပြု၏။ သူတစ်ပါး သားမယားကို ပြစ်မှား၏။ သူတစ်ပါး အသက်ကို သတ်၏။ မကောင်းမှုပြုရမည်ကို မကြောက်ကြ။

ပိုးဖလံကောင်များသည် အလျှံပြောင်ပြောင် တောက်လောင်နေသော မီးတောက် မီးလျှံကြီးကို ရွှေတောင်ကြီးဟု ထင်ဘိ အလားသူ့ထက်ငါ အပြိုင်အဆိုင် အနိုင်ကြဲ၍ အတင်းအဓမ္မ တိုးဝှေ့၍ မီးရောင်၌ ပျော်ပိုက်နေကြ၏။ ထိုပိုးဖလံတို့သည် မီးနှင့် တွေ့သောအခါ လောင်ကျွမ်းခံရမည့်ဘေးကို ကြောက်ရမှန်း မသိဘဲ မီးရောင်တွင် ပျော်မွေ့ကာ ကစားမြူးတူး နေကြ၏။

ထို့အတူ အနောတပ္ပဟူသော မကြောက်တရား ကိန်းအောင်းနေသူတို့သည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ဒုစရိုက် အဖြာဖြာတို့ကို ထိတ်လန့်ရမှန်း ကြောက်ရွံ့ရမှန်း မသိဘဲ သူ့ထက်ငါ အပြိုင်ကြဲ၍ လုပ်ရဲကြခြင်းသည် အနောတ္တပ္ပပင် ဖြစ်၏။

အဟိရိကနှင့် အနောတ္တပ္ပ တရားနှစ်ပါး ဖြစ်ပေါ်ရန် နီးစပ်သည့် အကြောင်းတရားမှာ–

- မိမိကိုယ်၊ မိမိဘဝကို တန်ဖိုးမထား မလေးစားခြင်းနှင့်
- သူတစ်ပါးကိုလည်း လေးစားမှု မရှိခြင်းသည်

BURMESE CLASSIC .com

www.burmeseclassic.com



မရှက်တရား မကြောက်တရားတို့ ဖြစ်ပေါ်လာရန် အနီးစပ်ဆုံး အခြေအနေ ဖြစ်ပါ၏။ ထို့ကြောင့် လူတို့သည် မိမိကိုယ်မိမိ လေးစားရမည် ဖြစ်သကဲ့သို့ သူတစ်ပါးကိုလည်း တန်ဖိုးထား လေးစားကြရမည် ဖြစ်ပါ၏။

www.burmeseclassic.com

# အခန်း(၁၅)

## ရခိုင်မင်းထီး

အရှက်တရား ဖြစ်ပေါ်စေသည့် အကြောင်းတရားများကို ပြဆိုရာတွင် ရှက်ခြင်းသည် အမျိုးဇာတ်၊ အရွယ်၊ ရဲရင့်သတ္တိရှိမှု၊ အကြားအမြင် ဗဟုသုတတို့ကို မှီ၍ ဖြစ်ပေါ်တတ်ပေရာ အမျိုးဇာတ်ကြီးမြင့်၍ အသက်အရွယ်ကြီးသူ၊ ရဲရင့်သူ၊ ဗဟုသုတရှိသူတို့သည် အရှက်တရားကိုပို၍ စောင့်ရှောက်ရ၏။

မင်းမှာသစ္စာ လူမှာ ကတိဆိုသောစကားရှိ၏။ အချို့သောသူတို့သည် မိမိနစ်နာဆုံးရှုံးဖို့ရှိသည့်တိုင် ကတိစကား တစ်ခုကို မဖျက်ဘဲ ဆောင်ရွက်တတ်ကြ၏။

ဤကိစ္စမျိုးတွင် ရခိုင်ဘုရင်မင်းထီးသည် နမူနာယူဖွယ်ရာဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com



မှူးမတ်စသည်တို့သည် ကွမ်းစားပြီးပါက လက်ညှိုးတွင် ကပ်နေသောထုံးကို အမှတ်မဲ့ နန်းတော်တိုင်များကို သုတ်လေ့ ရှိကြ၏။ ထိုအခါ ဘုရင်မင်းထီးသည် နန်းတော်တိုင်ကို ထုံးတို့မိ ပါက ထိုသို့မိသော လက်ချောင်းကို ဖြတ်ရမည်ဟု အမိန့်တော် ထုတ်လေ၏။

တစ်နေ့တွင် ဘုရင်မင်းထီးကိုယ်တိုင် အမှတ်မဲ့ လက်ညှိုး ဖြင့် နန်းတော်တိုင်ကို ထုံးသုတ်မိလိုက်၏။ ထိုသို့ ဘုရင် ကိုယ်တိုင် ထုံးသုတ်မိသည်ကို အမတ်တစ်ဦးက မြင်လေလျှင် ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်က၊ ဘယ်နာရီက ဘုရင်ကိုယ် တိုင် ထုံးသုတ်သည်ကို စာဖြင့်ရေး၍ အသေအချာ မှတ်ထား၏။

နောက်နှစ်ပတ်ခန့် ကြာသောအခါ ညီလာခံကျင်းပစဉ် နိုင်ငံခြားသံတမန်များလည်း ရောက်နေခိုက် နန်းတော်တိုင်ကို ထုံးသုတ်ထားသည်ကို တွေ့ရာ ဘုရင်က ဤထုံးသည် မည်သူ သုတ် သနည်းဟု မေးလေ၏။ ထိုအခါ မှူးမတ်တို့လည်း မလျှောက်ဝံ့ဘဲ ရှိနေစဉ် မင်းကြီး ထုံးသုတ်သည်ကိုတွေ့သော အမတ်က ဤထုံးကို မင်းကြီးကိုယ်တိုင် သုတ်ထားသည် ဖြစ်ကြောင်းနှင့် ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်၊ ဘယ်နာရီက သုတ်သည်ကို ရေးမှတ်ထားသော စာကိုပါပြ၍ လျှောက်ထား၏။

ထိုအခါ ဘုရင်မင်းထီးလည်း ငါထုတ်သော အမိန့်ဥပဒေ စကားကို ငါကိုယ်တိုင် ကျူးလွန်သူဖြစ်သည်ဟုဆိုကာ ပရိသတ် အများရှေ့တွင် သံလျက်နှင့် မိမိ၏ လက်ညှိုးကို မိမိကိုယ်တိုင်

BURMESE CLASSIC .com

www.burmeseclassic.com



ပိုင်းဖြတ်တော်မူလေရာ လူအပေါင်းတို့သည် များစွာမှ ထိတ်လန့် အံ့ဩ ချီးကျူးကြ၏။ ဘုရင်မင်းထီးသည် အရှက်ရှိသော ဘုရင် ဖြစ်၏။

လောင်းကြက်မြို့အနီး နန်းကျအရပ်၌ ရပ်တုတစ်ခုရှိရာ ထို ရပ်တုတွင် လက်လေးချောင်းသာရှိပြီး လက်ညှိုးမပါသည်ကို တွေ့ရ၏။ ထိုရပ်တုမှာ ဘုရင်မင်းထီး၏ မြင့်မြတ်သောအပြုအမူ ကို အထိမ်းအမှတ် ဖြစ်စေသောငှာ တည်ထားခြင်းဖြစ်သည်ဟု ယူဆရန်ရှိကြောင်း ဆရာကြီး ဦးဖိုးကျားက မှတ်ချက်ရေးခဲ့ပါ ၏။ ဘုရင်မင်းထီး၏ အပြုအမူသည် များစွာဆင်ခြင်ဖွယ်ဖြစ်၏။ မိမိသည် အကြီးအကဲလည်းဖြစ်၊ ဘုရင်လည်း ဖြစ်လေရာ မိမိ ထုတ်သော အမိန့်ကို မိမိ မလိုက်နာပါက ရှက်ဖွယ်ရာ ဖြစ်၏။ ဘုရင်မင်းထီးသည် မိမိ ဥပဒေ၊ မိမိ စကားကို ရိုသေသူဟု ဆို ဖွယ်ရာ ဖြစ်၏။ ဤကိစ္စသည် ရှက်စရာ အကြောင်းဖြစ်ပေရာ မိမိ အမိန့်စကားအတိုင်း အတည် ဖြစ်စေရန် မိမိလက်ကို မိမိ ဖြတ်ခဲ့၏။ ထို့ကြောင့်ပင် အရှက်ရှိသော ဘုရင်တစ်ပါး ဒေဝဓမ္မ တရားနှင့် ပြည့်စုံသော မင်းတစ်ပါးအဖြစ် ယနေ့တိုင် ရာဇဝင် တွင် စာတင်ထားခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် လောကပါလတရား နှစ်ပါး ဖြစ်သော အရှက် တရားနှင့် အကြောက်တရား နှစ်ပါးကို အုပ်စိုးသူ၊ အသက် အရွယ်ကြီးသူနှင့် အကြီးအကဲတို့သည်ပို၍ လိုက်နာရန် လိုအပ် ၏။ အကြီးအကဲအုပ်စိုးသူတို့သည် စကားကို နှစ်ခွန်း မပြောအပ်။ ဆိုခဲစေမြဲစေဟု ဆိုသည့်အတိုင်း တစ်ခွန်းတည်းသော စကားကို

BURMESE CLASSIC .com

www.burmeseclassic.com



မြဲအောင် မိမိကိုယ်တိုင် လိုက်နာပြီးမှ မိမိထက်ငယ်သော အခြားသူများကိုလည်း လိုက်နာစေရမည်ဖြစ်၏။

ရုံးဌာနများ၊ မိသားစုများ၊ နိုင်ငံများတွင် ဦးစီးခေါင်းဆောင် အကြီးအကဲတို့သည် လောကပါလတရားနှစ်ပါးကို လက်အောက်ငယ်သားများ၊ မိသားစုဝင်များ၊ နိုင်ငံသားများထက် ပို၍ စောင့်ရှောက်ကြရန် လို၏။ အကြီးအကဲ ဦးစီးခေါင်းဆောင်တို့သည် ငါသည် အုပ်ချုပ်သူ ဖြစ်သည်။ အိမ်ထောင်ဦးစီး ဖြစ်သည်။ အကြီးအကဲ ဖြစ်သည်။ ငါ့၌ ရဲရင့် တည်ကြည်မှု ရှိသည်။ ငါသည် အကြားအမြင် ဗဟုသုတ ပြည့်စုံသူ ဖြစ်သည်။ ဤသို့ ဆင်ခြင်ပွားများ သတိထားရမည် ဖြစ်၏။ ထိုအရာများသည် အရှက်တရားများ ဖြစ်ပေါ်ရန် နီးစပ်သော အကြောင်းခြင်းရာတို့ ဖြစ်သည်။ ထို့ကြောင့် ငါသည် လက်အောက်ငယ်သားများထက် အရှက်တရားကို ပိုစောင့်ထိန်းရမည်။ ငါသည် သီလ မြဲသူဖြစ်ရမည်။ ငါသည် စာရိတ္တသီလနှင့် ဝါရိတ္တသီလနှစ်ပါးစလုံးကို လုံခြုံအောင် စောင့်ထိန်းနိုင်သူ ဖြစ်ရမည်။ ဤသို့ ခံယူအပ်၏။

အုပ်ချုပ်သူအကြီးအကဲခေါင်းဆောင်များ၊ အိမ်ထောင်ဦးစီး၊ လူကြီးသူကြီး အစရှိသူတို့ ကိုယ်တိုင်က သီလမရှိခဲ့သော် အောက်လက်ငယ်သား တို့သည်လည်း သီလရှိကြမည်မဟုတ်၊ အောက်လက်ငယ်သား အကြီးအကဲများသည် လာဘ်လာဘ ယူပါက အကြီးအကဲဖြစ်သူသည် လစာလည်းပို၍ အခွင့်အလမ်း ခံစားခွင့်တို့လည်း များပြားပါလျက် မိမိ၏ လောဘတရားကို မစောင့်ထိန်းလေလေ၊ သီလမစောင့်လေလေ လက်အောက်

BURMESE CLASSIC .com

www.burmeseclassic.com



ငယ်သားတို့သည်လည်း သီလပျက်လေလေ ရှိမည် ဧကန် ဖြစ်၏။ ထို့ကြောင့် မိသားစုအတွင်း၌ သီလပျက်သော် ထိုမိသားစု သည် ပျက်စီးရာ၏။ ရုံးဌာနများ၌ သီလပျက်သော် ထို ရုံးဌာန သည် ပျက်စီးရာ၏။ နိုင်ငံတစ်ခု၌ သီလပျက်သော် ထိုနိုင်ငံ သည် ပျက်စီးမည် ဧကန်ဖြစ်၏။

ကမ္ဘာပေါ်တွင် နိုင်ငံအကြီးအကဲများ လာဘ်ယူမှု၊ အဂတိ လိုက်စားမှု သတင်းများ မကြာခဏ ဖတ်ရှုရသည်။ ဘဏ်လုပ် ငန်းရှင်ကြီးများ၊ အချို့သော ဝန်ကြီးချုပ်၊ ဝန်ကြီးအစရှိသူတို့ သည် အဂတိ လိုက်စားကြသည်။ မတရား ပြုလုပ်ကြသည် ဟူသော သတင်းဆိုးကြီးများ သတင်းစာများတွင် မကြာခဏ ပါရှိတတ်၏။ ဤအရာသည် ရှက်ဖွယ်ရာ ကိစ္စကြီးများဖြစ်သည်။

လာဘ်ပေး လာဘ်ယူမှု၊ အဂတိ လိုက်စားမှုများသည် လောကကို ပျက်စီးစေသော အကြောင်းတရားများ ဖြစ်၏။ ဤကိစ္စတို့သည် သီလပျက်ခြင်းအကြောင်းတရားတို့ပင်ဖြစ်၏။

တရားရုံးများသည် ဥပဒေကို ထိန်းသိမ်းကာကွယ်ရန် ဥပဒေ စည်းကမ်းဟူသော ဝါရိတ္တသီလနှင့် အညီပြုလုပ်ရန် ရှိပါ လျက် ထိုရုံးဌာနများက သီလကို မစောင့်ပါက ရှက်ဖွယ်လိလိ ဖြစ်ပါ၏။ အများသူတကာတို့ကို သီလစောင့်ရန် တဖွဖွပြောပြီး မိမိကိုယ်တိုင်က သီလမစောင့်ပါက အရှက်မရှက်သူဟု ဆိုရမည် ဖြစ်၏။

သားသမီးတို့သည် အဖေ၏ဂုဏ်ကို လေးစားသော အား ဖြင့် အရှက်တရားရှိရန် လိုအပ်ကြ၏။ သားသမီးတို့သည် မိဘတို့

www.burmeseclassic.com



၏ သြဇာအာဏာ၊ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ထိန်းရမည့် အစား မိဘတို့၏ သြဇာကို အသုံးပြုကာ အကျင့်သီလ ပျက်ကြ၏။

အရှက်တရား ဖြစ်ပွားရန် အကြောင်းတရား တစ်ရပ်တွင် အမျိုးဇာတ်ဟူသော အချက်တစ်ရပ် ပါရှိ၏။ ငါ၏ ဖခင်သည် တရားသူကြီး ဖြစ်သည်။ ငါ၏အဖေသည် စာရေးဆရာဖြစ်သည်။ ငါ၏အဖေသည် စစ်ဗိုလ်မှူးကြီး တစ်ဦးဖြစ်သည်။ ငါ၏ဖခင်သည် ဂုဏ်သရေရှိ လူကြီးဖြစ်သည်။ ငါ၏အဖေသည် ဘုရားဒကာ ကျောင်းဒကာတစ်ဦးဖြစ်သည်။ ထို့ကြောင့် ငါသည် ငါ၏ အမျိုးဂုဏ်ကို ထောက်ထား၍ ရှက်ဖွယ်ကောင်းသော အရာတို့ကို မလုပ်အပ်ဟု ဆင်ခြင်သင့်၏။

ငါ၏ ဖခင်သည် ယခုလိုအခွင့်အခါသင့်တုန်း ငါသည် ထိုအခွင့်အခါကို ဖခင်အရှိန်ဖြင့်၊ ဘကြီးတော်သူ အရှိန်ဖြင့် ရယူမည်။ နောင်အခါ ထိုအခွင့်အရေးမျိုး ရချင်မှ ရမည်ဟု ဆိုကာ ရာထူးအပေါ်၌ မက်မောစွာ မောက်မာခြင်း၊ ငွေကြေးအပေါ်၌ မက်မောစွာ သုံးဖြုန်းခြင်း၊ ကျော်စောမှုအပေါ်၌ မက်မောစွာ ဂုဏ်ယူခြင်းတို့သည် ရှက်စရာများသာ ဖြစ်၏။ ရှက်စရာကို မရှက်ခြင်းသည် မကောင်းမှု ဒုစရိုက်၌ ပျော်မွေ့ခြင်း ဖြစ်၏။ ထိုသူတို့အား မိမိတို့ကျင့်သုံးသော အကုသိုလ် ဒုစရိုက်တရားတို့က မလွဲမသွေ ဖျက်ဆီးကြတော့မည် ဖြစ်၏။ ထိုကဲ့သို့ တရားသဖြင့် စီးပွားရှာမှု၊ တရားသဖြင့် အားထုတ် ကြိုးစားမှု မဟုတ်ဘဲ အခွင့်အခါနှင့် ရလာသော အရှိန်အဝါကို အသုံးပြု၍

BURMESE CLASSIC .com

www.burmeseclassic.com



ချမ်းသာခြင်းသည် မကြာမီ ပျက်စီးမည့် ချမ်းသာခြင်းမည်၏။ ဆရာတော်ကြီး အရှင်ဇနကာ ဘိဝံသပေးအပ်သော ဥပမာနှင့် အညီ ရွာဝက်ကြီးသည် မစင်ပုပ်တို့ကို နှစ်ခြိုက်စွာ စားသုံး၍ မစင်ပုပ်တို့ဖြင့် လူးပေနေသည်ကို ပျော်မွေ့သကဲ့သို့ မကောင်းမှု ဒုစရိုက်တို့၌ ပျော်ပိုက်သူတို့သည် ယခုဘဝတွင်ပင် အကုသိုလ် မကောင်းမှုသည် နည်းအမျိုးမျိုးဖြင့် လာရောက်ပြီး ထိုအကုသိုလ် မကောင်းမှု၏ အကျိုးပေး ဒုက္ခကို ကြီးစွာခံရဖို့ရှိ၏။ ထိုအခါယခု ဘဝတွင်ပင် လူတောမတိုးခြင်း၊ အများ၏ ကဲ့ရဲ့မှုကို ခံရခြင်း၊ နာတာရှည် ဝေဒနာ တစ်ခုကို ခံစားရခြင်း၊ ကံကြီးထိုက်ခြင်း စသည်တို့ ဖြစ်ရ၏။ ဤသည်မှာ အရှက်တရား အကြောက်တရား တို့ကို ပစ်ပယ်ထားသူတို့၏ ဓမ္မတာပင် ဖြစ်၏။

ထို့ကြောင့် အရှက်တရားနှင့် အကြောက်တရား နှစ်ပါး သည် လောကကြီးကို စောင့်ရှောက်ပေးထားသော တရား နှစ်ပါး ဖြစ်ရာ လူတိုင်းသည်၊ နိုင်ငံတိုင်းသည်၊ နိုင်ငံအကြီးအကဲများနှင့် ဦးစီးဦးဆောင်လုပ်သူတို့သည် လောကပါလတရား နှစ်ပါးတို့ ကို သူတကာထက်ပို၍ စောင့်ထိန်းကြရန် လိုအပ်ပါ၏။

အလားတူပင် တပည့်သည် ဆရာ၏ ဂုဏ်သိက္ခာ ကျော်ဇော မှုတို့ကို လေးစားသောအားဖြင့် အရှက်တရားသည် ရှိအပ်၏။ငါ ၏ ဆရာက မည်သူ မည်ဝါဖြစ်သည်ဟု ဆိုကာ ဆရာ့နာမည်ကို သုံး၍ မကောင်းမှုကို မပြုလုပ်ရဲသာမက ဤဆရာ၏ တပည့် ဖြစ်သဖြင့် ဆရာ၏မျက်နှာကိုထောက်သောအားဖြင့် သီလကို စောင့်အပ်၏။

www.burmeseclassic.com



အလားတူပင် မိမိသည် မြန်မာလူမျိုး ဖြစ်ပါက မြန်မာ ဟူသော အမည်နာမကိုလေးစား၍ အကျင့်သီလကို စောင့်သင့်၏။ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါ င်းများစွာကပင် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ အမရပူရ၊ ကုန်းဘောင်ဟူသော ခေတ်ကြီးများဖြင့် ကျန်စစ်သား၊ ဗန္ဓုလကဲ့သို့သော စစ်သားများ၊ အလောင်းဘုရားနှင့် ဘုရင့်နောင်ကဲ့သို့ နိုင်ငံတည်ဆောက်သူများအပြင် မြန်မာ့သမိုင်းဝယ် ကတိတည်သူများ၊ သစ္စာရှိသူများ ပေါများ၍ ကမ္ဘာတွင် မြန်မာဟု ခံ့ညားထည်ဝါစွာနေခဲ့သော လူမျိုးဖြစ်ပါလျက် သီလဟူသော အရှက်တရားမရှိပါက ရှက်ဖွယ်ရာဖြစ်၏။ ထို့ကြောင့် အမျိုးဂုဏ်ကို ထောက်သောအားဖြင့် မြန်မာဟူသမျှသည် သီလ ထိန်းသိမ်း စောင့်ရှောက်အပ်၏။ အရှက်တရားကို မြတ်နိုး တန်ဖိုးထားအပ်၏။ ဟီရိဩတ္တပ္ပ တရားလက်ကိုင်ထားသော လူမျိုးဟု ဂုဏ်ယူအပ်ပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း(၁၆)

# လောကပါလ တရားနှစ်ပါး

ဟိရီနှင့် ဩတ္တပ္ပ အရှက်တရား အကြောက်တရားနှစ်ပါး သည် လောကကို စောင့်ရှောက်သော တရား နှစ်ပါး ဖြစ်၏။ ဟိရီသည် အကုသိုလ် မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ ဩတ္တပ္ပ သည် အကုသိုလ် မကောင်းမပြုရမည်ကို ကြောက်ခြင်းဖြစ်၏။

ထိုတရား နှစ်ပါး ရှိပါမှ ယင်းတရားနှစ်ပါးကို အခြေခံရှိပါမှ ကုသိုလ် တရားတို့သည် ပွားများ စည်ပင်နိုင်၏။

အကယ်၍ အရှက်တရား အကြောက်တရား မရှိပါက လူတို့ သည်–

BURMESE CLASSIC .com

www.burmeseclassic.com



➪ သူ့အသက်သတ်ခြင်း၊
➪ သူ့ဥစ္စာခိုးခြင်း၊
➪ သူ့အိမ်ရာ ကျူးလွန်ခြင်း၊
➪ မုသာဝါဒ ပြောဆိုခြင်း၊
➪ သေရည်စသော မူးယစ်သော အရာများ သုံးစွဲခြင်းကို စိတ်ထင်တိုင်းပြု၍ ရှောင်ကြဉ်ရမည့် ဝါရိတ္တ သီလနှင့် လည်းကောင်း၊ ဆောင်ရမည့် စာရိတ္တ သီလနှင့် လည်းကောင်း၊ ကင်းကွာကာဒ သီလမဲ့သော အခြေအနေသို့ရောက်နိုင်၏။

သီလမဲ့ပါက မည်သည့် အရာများကို ရှောင်ရမည်၊ မည်သည့် အရာများကို ဆောင်ရမည်ဟုမသိဘဲ အမိဟူဝေသာ သူတို့ကို၊ မိကြီး မိထွေးဟူသော သူတို့ကို၊ အရီး အဒေါ်ဟူသော ကိုးကွယ် လေးစားထိုက်သော မိန်းမတို့ကို မယားပြုကျင့်လေသော် ခွေး၊ ဝက်၊ ကြက်၊ ငှက်တို့ကဲ့သို့ ဖြစ်ကာ လောကကြီး ပျက်စီးနိုင်၏။ တိရစ္ဆာန်များနှင့်မခြား ဖြစ်နိုင်၏။ ထိုအခါ ယဉ်ကျေးမှုဟူသမျှ ဆိတ်သုဉ်းပြီ ဖြစ်၏။ လူတို့သည်လည်း တိရစ္ဆာန်အဖြစ်သို့ ရောက်ပြီဖြစ်၏။

ဟီရိ ဩတ္တပ္ပတရားနှစ်ပါးရှိသောကြောင့်သာ ဤလောကကြီးသည် တိရစ္ဆာန်လောကနှင့် ခြားနားကွဲပြားနေရခြင်းဖြစ်၏။ ထို့ကြောင့် ဤတရားနှစ်ပါးကို **“လူတို့အကွပ်–ဟိရောတ္တပ်”**ဟု လူ့အကွပ်တရားနှစ်ပါးဟု ဆို၏။ လူအဝတ်၊ တောင်းအကွပ်ဆိုသကဲ့သို့ အကွပ်မဲ့သော တောင်းသည် ပျက်စီးရာ၏။ လူ့လောက

BURMESE CLASSIC .com

www.burmeseclassic.com



သည် ယင်းအကွပ်တရား နှစ်ပါးမရှိပါက ပျက်စီးနိုင်၏။ လောကကြီးအား အကွပ်အထိန်း ပြုစုထားသော ယင်းတရားနှစ်ပါး ဟူသည် ဟီရိနှင့် သြတ္တပ္ပပင် ဖြစ်ပါ၏။

လောကကြီး၌ ဟီရိနှင့် သြတ္တပ္ပဟူသော အချုပ်အကွပ်တရားနှစ်ပါးမရှိသော်–

အစည်းအကွပ်မရှိသော ဝါး၊ အချုပ်အကွပ်မရှိသော ကြမ်းကဲ့သို့ ဗရမ်းဗတာ ဖြစ်ရာ၏။ ဝါးသည် အစည်းမရှိက ဗရမ်းဗတာဖြစ်၍ ကြမ်းသည်လည်း အထိန်းအချည်အနှောင် အချုပ်အကွပ်မရှိပါက ဗရမ်းဗတာ ဖြစ်ပြီး ပျက်စီးနိုင်၏။ လောက လူ့အဖွဲ့အစည်းကြီး မပျက်မစီး တည်ရှိအောင် ထိန်းချုပ်ထားသော တရား နှစ်ပါးသည်လည်း လောကပါလတရား၊ အရှက်အကြောက်တရားနှစ်ပါးပင် ဖြစ်ပါ၏။

လောကပါလ တရားကြီးသည် လောကကြီးအသား ဘာနှင့်စောင့်ရှောက်ထားသနည်းဟု ဆိုပါက သီလကို အခြေခံ၍ လောကတွင် တာဝန်နှင့် ဝတ္တရားများကို ပြဋ္ဌာန်းကာ စောင့်ရှောက်ထားခြင်း ဖြစ်၏။ ဤလောကပါလ တရားကြီးနှစ်ပါး ထွန်းကားလိုပါက သီလအကျင့်ဟူသော ဒစည်းကမ်းများကို လိုက်နာရမည်။ လူ့ဘဝ တာဝန်နှင့် ဝတ္တရားကို ကျေပွန်ရမည်။ ထို့သို့ကျေပွန်ရန်သဒ္ဒါဟူသော ယုံကြည်ချက်နှင့် ဝီရိယဟူသော ထကြွလုံ့လ ရှိကြရမည် ဖြစ်၏။

လူဖြစ်လာပါက လူတွင် တာဝန်နှင့် ဝတ္တရားများ ရှိ၏။ ကိုယ့်တာဝန်ကိုယ် ကျေပွန်ကြရ၏။ ကိုယ့်တာဝန် သူ့တာဝန်

BURMESE CLASSIC .com

www.burmeseclassic.com



သတ်မှတ်ကာ လူ့ဘဝကြီးကို ထိန်းကျောင်းထားခြင်း ဖြစ်၏။ မီးရထားကြီး မန္တလေးသို့ ဆိုက်ရောက်ရန် မီးရထား ရုံးချုပ်မှ အစ လက်မှတ်ရောင်း၊ တွဲစောင့်၊ ရထားသန့်ရှင်းရေးများအထိ ရထားမောင်းသူအပါအဝင် ဝန်ထမ်းများသည် သူ့တာဝန်နှင့် သူ့အလုပ် ကျေပွန်ပါမှ ရထားသည် ရန်ကုန်မှ မန္တလေးသို့ ရောက်၏။ အလားတူပင် လေယာဉ်တစ်စီး ထွက်နိုင်ရန်၊ သစ်ထုတ်လုပ်ရေးဌာနမှ သစ်လုံး တစ်လုံး ထွက်လာရန်၊ ဆိပ်ကမ်းမှ သင်္ဘောတစ်စီး ထွက်သွားနိုင်ရန်၊ ဈေးကြီး တစ်ခု စည်ကားနေရန်၊ စက်ရုံကြီး တစ်ရုံမှ ပစ္စည်းများ ထွက်နေရန်၊ ကုန်တိုက်ကြီး တစ်ခုမှ ပစ္စည်းများ ရောင်းနေနိုင်ရန် အစိုးရ ယန္တရားကြီး တစ်ခု လည်ပတ်ရန်၊ ပုဂ္ဂလိက ကုမ္ပဏီ တစ်ခု လှုပ်ရှား အသက်ဝင်စေရန်မှ ထိုဌာန အသီးသီးတွင် တာဝန်ယူ ဆောင်ရွက်နေကြသော ဝန်ထမ်း အသီးသီး၊ စီမံခန့်ခွဲသူ အသီးသီးတို့တွင် တာဝန်နှင့် ဝတ္တရားများ အသီးသီးရှိကြ၏။ ထိုလုပ်ငန်းကို လုပ်ဆောင်ရန် လစာနှင့် ခံစားခွင့်များတို့ကို ကျေနပ်၍ တာဝန်ကို လက်ခံခဲ့ကြခြင်း ဖြစ်၏။ ထိုသို့ခံစားခွင့်တို့ကို ရယူပြီးခါမှ တစ်ဦးဦးက တာဝန်မကျေပွန်မှု ဖြစ်ပါခဲ့သော် လုပ်ငန်းများ ကြန့်ကြာခြင်း၊ အရှုံးပြခြင်း၊ နစ်နာခြင်းတို့နှင့် ရင်ဆိုင်ရမည် ဖြစ်၏။ ထို့သို့ ဖြစ်ပါက တာဝန်ထမ်းဆောင်သူတို့သည် တာဝန်မကျေပွန်မှုအတွက် ရှက်စရာ ဖြစ်၏။မိမိတို့ တာဝန် မကျေပွန်သည်ကို မိမိတို့ပင် ရှက်ရ ကြောက်ရမည် ဖြစ်၏။ ဤသို့တာဝန် မကျေပွန်ကို ရှက်စရာ ကြောက်စရာဟု သိမြင်ရမည် ဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com



မြန်မာစကားတွင် ဦးဆွေဆံမြည့် ဟူသော စကား တစ်ရပ်ရှိ၏။ ရှေးအခါက မြန်မာတို့သည် ပဒေသရာဇ် ခေတ်စနစ်တွင်ပင် အမှုတော်ကို ဦးဆွေးဆံမြည့် ထမ်းရွက်ကြရ၏။ ယခုခေတ်ယခုအခါသည် ပြည်သူ့ခေတ် ပြည်သူတို့အခါဟု ဆို၏။ ပြည်သူတို့သည် ယခင် ပဒေသရာဇ်စနစ်ကဲ့သို့ သက်ဦးဆံပိုင်ကာလများ မဟုတ်တော့သည့် အချိန်တွင် တာဝန်ကို ဦးဆွေးဆံမြည့် မကပင် ကျေပွန်ရန်လိုအပ်၏။

ကုန်းဘောင်ခေတ် ဘကြီးတော်လက်ထက်တွင် မဏိပူရအား မြန်မာတို့သိမ်းယူထားစဉ် မဏိပူရ စော်ဘွားသည် မြို့ကိုလာရောက် ဝိုင်းဝန်း ပိတ်ဆို့ထား၏။ ထိုအခါ မြန်မာတို့သည် မြို့တွင်း၌ ပိတ်မိစေစဉ် ငစနေ၊ ငပေ၊ ငနေ၊ ငဆန်း၊ ငလန်းပိုင် တို့သည် အသက်ကို စွန့်ကာ ကသည်းတပ်ကို ဖောက်ထွက်၍ ထိုသတင်းအား နေပြည်တော်သို့ အရောက်ပို့ခဲ့၏။

တစ်ခါက ဝန်ကြီး ဗညားကျန်းတောသည် စစ်ကိုင်းဘက်သို့ ကူး၍ ညဉ့်နက်မှ အင်းဝသို့ ပြန်လာရာ မြို့တံခါး ပိတ်နေနှင့်၏။ ထိုအခါ မာန်အောင် တံခါးမှူးအား "စစ်ကိုင်းဝန်ကြီး ရောက်လာသည် တံခါး ဖွင့်ပါ" ဟုဆိုလျှင် မာန်အောင်တံခါးမှူးက "ညဉ့်နက်အချိန် မြို့တံခါးကို မဖွင့်နိုင်" ဟု ဆို၏။ ထိုအခါ ဝန်ကြီး ဗညားကျန်းတောက "ဟဲ့–ငါဝန်ကြီးပါဟ" ဟု ဆိုလေလျှင် "ထွက်သွားစဉ်ကလည်း ငါဘယ်အချိန် ပြန်လာမည်ဟု အမှာမရှိ။ နောက်ကျပါကလည်း ကြိုတင်၍ လူလွှတ်ပြောဆိုခိုင်းခြင်းလည်းမရှိ။ ဝန်ကြီး အင်္ဂါနှင့်မညီ။ ဝန်ကြီးဟု တင်မှတ်စရာမရှိ စည်းကမ်းမဲ့ ဖွင့်ပေးပါက သူပုန်တို့ ဝန်ကြီးယောင်ဆောင်က

www.burmeseclassic.com



ခက်မည်။ ထို့ကြောင့် မဖွင့်ပေးနိုင်ပါ” ဟု ဆိုကာ တံခါးကို ပိတ် မြဲပိတ်ထားသော သမိုင်းအစဉ်အလာရှိ၏။ ပဒေသရာဇ်စနစ်မှာ ပင် တာဝန်ကို အသက်ပေး စွန့်စားဆောင်ရွက်မှုများရှိရာ ယခု ကဲ့သို့ ပြည်သူ့တို့၏ လက်ဝယ် အာဏာရှိသော ကာလတွင် တာဝန်မကျေမှုသည် ရှက်စရာကောင်းသောအရာ၊ အရှက်ရှိ ရမည့်အရာ ဖြစ်၏။ ဘာကြောင့် တာဝန်မကျေပွန်ကြသည်ကို သုတေသနပြုရန် လိုအပ်၏။ ထိုသုတေသနသည် အခြား အခြား သော သုတေသန လုပ်ငန်းများထက် အကျိုးရှိမည် ဖြစ်ပါ၏။

တစ်ခါက စကော့တလန် ပြည်တွင် မစ္စတာ စကော့ ဆိုသူ သည် ဘော်ဘီဆိုသော ခွေးလေး တစ်ကောင်ကို မွေးထား၏။ အိမ်နီးချင်း ဟင်နရီဆိုသော လူငယ်လေးသည် ဘော်ဘီအား ချစ်၏ မုန့်များကို လာ၍ ကျွေးတတ်၏။ တစ်နေ့တွင် ဟင်နရီ သည် ဘုရားရှိခိုးကျောင်း မီးလောင်နေ၍ ပိတ်မိနေစဉ် ဘော်ဘီ က ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းကို လက်နှင့်ပုတ်၍ တီးခက်ကာ ဟင်နရီ၏ အသက်ကို ကယ်ခဲ့ဖူး၏။ အစာပေး၍ မုန့်ကျွေး ထားသော ခွေးလေး ဘော်ဘီသည်ပင်လျှင် မိမိ၏ အိမ်နီးချင်း ဟင်နရီ အသက်ဘေးနှင့် ကြုံတွေ့နေရချိန်တွင် အသက်ကို ပေး၍ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကူညီခဲ့၏။

ယခုအခါ အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိက အလုပ်သမားများ၊ အဖွဲ့ အစည်းများသည် လစာများလည်း ရကြ၊ မိမိတို့လည်း ထိုအလုပ်ကို ကျေနပ်စွာဖြင့် လက်ခံဆောင်ရွက်နေကြသူများ မှန်ပါလျက်၊ ဘော်ဘီလောက်ပင် ဘာကြောင့် တာဝန်မသိတတ် ကြဘဲ ရှိကြပါသနည်း။ ထိုအချက်သည် အလွန်လေ့လာ စုံစမ်း

BURMESE CLASSIC .com

www.burmeseclassic.com



လေ့လာအပ်သော အရာဖြစ်၏။ ထိုသို့ အောက်လက်ငယ်သားတို့တာဝန်မကျေမှုကို အထက်မှ အကြီးအကဲပဂ္ဂလိုလ်တို့သည် မိမိတို့ကိုယ်တိုင်က တာဝန်ကျေပွန်စွာ စံနမူနာပြကာ နာယကဂုဏ်ခြောက်ပါးနှင့် အညီ စံနမူနာပြ လုပ်ဆောင်ကြရမည် ဖြစ်၏။ အိမ်တစ်အိမ်တွင် ခေါင်မှ မိုးယိုမှုသည် ပို၍ ဆိုးကာ ပို၍ ပြုပြင်ရခက်၏။ ပြောင်းဖူးချိုးစားသူ ဖိုးသူတော်က ပြောင်းဖူးမချိုးရကောင်းလားဟု အပြစ်တင်သော ပုံပြင်လည်း တစ်ခုရှိ၏။

မြန်မာတို့၏ ဓလေ့စရိုက်အရ ထိုသို့ တာဝန်မကျေပွန်မှုသည်ပင် ရှက်ဖွယ်ကြီး တစ်ခု ဖြစ်၏။ လုပ်ငန်း ကိစ္စ အဝဝတို့၌ လာဘ်ပေးလာဘ်ယူ ပြုခြင်း၊ အခွင့်အရေးယူခြင်း စသည့် ကိစ္စများသည် မြန်မာအမြင် မြန်မာ့ဂုဏ်သိက္ခာဖြင့် စံချိန်ထိုး၍ ကြည့်ရသော် ချက်ချင်းဆွဲကြိုးချ သေဖို့သာ ကောင်းသော ပြစ်မှုများဖြစ်၏။ လာဘ်ပေး လာဘ်ယူ ပြုခြင်း၊ မတရား ဆုံးဖြတ်ခြင်း၊ ကြီးသူကို အသာပေးခြင်း၊ လူကြီးသူကြီးထံ လာသော ကိစ္စဖြစ်၏ ဘက်လိုက် ဆောင်ရွက်ပေးခြင်း၊ အထူး အခွင့်အရေးပေး၍ ဆောင်ရွက်ခြင်း၊ တရားရုံးမှ အဂတိလေးပါးလိုက်စားခြင်း စသည့်ကိစ္စတို့သည် လောကပါလတရားအား ဖီလာပြုသောကြောင့် ထိုအပြုအမူများသည် လောကကြီး ပျက်စီးရာပျက်စီးကြောင်းကို လုပ်ဆောင်ခြင်းများ ဖြစ်ပါ၏။

လောကကြီးပျက်စီးတော့မည် ဆိုလျှင် အထက်ပါအတိုင်းပြုလုပ်ကျင့်ကြံသောသူတို့ရှိရာ ဌာန၊ အထက်ပါ လူတို့ လွှမ်းမိုးကြီးစိုးသော ပတ်ဝန်းကျင်သည် ပထမပျက်စီး၏။ ထိုသို့များပြားသော ဌာန၊ များပြားသော အဖွဲ့အစည်းတို့ပျက်စီးလေသော် ထို

www.burmeseclassic.com



အဖွဲ့အစည်းတို့ဖြင့် စုပေါင်း ဖွဲ့စည်းထားသော နိုင်ငံသည်လည်း ပျက်စီးလေ၏။

ထို့ကြောင့် အရှက်အကြောက်တရား နှစ်ပါး ဆိတ်သုဉ်းခြင်းသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ပျက်စီးရာပျက်စီးကြောင်း ဖြစ်နိုင်၏။ နိုင်ငံအများအပြားတို့၌ အရှက်အကြောက်တရား ကင်းမဲ့ကာ လောဘတက်ခြင်း၊ အခြားတစ်ပါးသောနိုင်ငံကို ကျူးကျော်ခြင်းများ တိုးပွားများပြားသော် ကမ္ဘာကြီးပါ ပျက်စီးနိုင်၏။ ပထမ ကမ္ဘာစစ်ကြီးနှင့် ဒုတိယ ကမ္ဘာစစ်ကြီး နှစ်ခုအား ပြန်၍ သုံးသပ်ပါက၊ ဤကမ္ဘာ စစ်ကြီး နှစ်ခုစလုံးသည် လောကပါလ တရား ဆိတ်သုဉ်း၍ အရှက်ကင်းမဲ့စွာ ပြုမူဆောင်ရွက်ကြ၍ ဖြစ်လာသော စစ်ပွဲများပင် ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့သည် မိမိဘဝ၊ မိမိလူမျိုး၊ မိမိနိုင်ငံ အပျက်ခံမလား၊ လောကပါလ တရားကို စောင့်ထိန်းကာ အေးချမ်းသာယာသော လူ့ဘောင် အဖွဲ့အစည်းကို တည်ဆောက်ကြမလားဟူသော လမ်းနှစ်သွယ်ကို ကျွန်တော်တို့ အလေးနက်ထား၍ ရွေးချယ်ကြရမည် ဖြစ်ပါ၏။

ဟိရိဩတ္တပ္ပတရား နှစ်ပါးသည် လောကကြီးအား စောင့်ရှောက်ထားပုံကို ဒုက အင်္ဂုတ္တိုလ် ပါဠိတော်တွင်–

ဟိရိဟူသော ရှက်ခြင်းတရားသည် မိမိကိုယ်ကို မိမိ ရိုသေလေးစားလျက် ရှက်တတ်သော သဘာဝ ဖြစ်သည်။ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မည်သူ၏ တိုက်တွန်းမှုမျှ မပါဘဲ၊ မည်သူ၏ ကဲ့ရဲ့ ပြစ်တင်မှုကိုမှ

BURMESE CLASSIC .com

www.burmeseclassic.com



စိုးရွံ့၍ မဟုတ်ဘဲ၊ မည်သည့်ဘေးဒဏ် ရန်မာန် အန္တရာယ် တစ်စုံတစ်ရာ ခံရမည်ကိုမှ ကြောက်ရွံ့၍ မဟုတ်ဘဲ မိမိ အလိုလိုသာလျှင် ရှက်တတ်သော စိတ်ဖြစ်နေခြင်း ဖြစ်သည်။

ထို့ကြောင့် ဤဟီရိ၏ ရှက်ခြင်း သဘောကို အမျိုးကောင်းသမီး၊ အမျိုးကောင်း ချွေးမတို့နှင့် ခိုင်းနှိုင်းထားခြင်း ဖြစ်သည်။

ထို့ပြင်လည်း ပင်ကို သဘာဝအားဖြင့် သန့်ရှင်းမှုကို ကြိုက်နှစ်သက်သူ တစ်ယောက်သည် မိမိအလိုလိုသာ သန့်သန့် ရှင်းရှင်း နေလေ့ရှိသည်။ မိမိတွင် ပေကျံ လိမ်းကပ်မှုများ မဖြစ်ရအောင် နေထိုင်သွားလာလေ့ရှိသည်။ စက်ဆုပ်ရွံရှာဖွယ်ရာ မစင်ဘင်ပုပ်များနှင့် ကြုံကြိုက်သည့် အခါတွင် မပါဘဲ မိမိအလိုလိုသာလျှင် ရွံရှာစက်ဆုပ်မှု ဖြစ်လေ့ရှိသည်။

ထို့နည်းတူ ဟီရိဟူသော အရှက်တရား ကိန်းအောင်း နေသူ တစ်ယောက်သည်လည်း အကုသိုလ် မကောင်းမှုကို မစင်ဘင်ပုပ်ကဲ့သို့ ရွံရှာစက်ဆုပ် မပြုလုပ်ခြင်း ဖြစ်သည်ဟု ပင်ကို အသန့်အရှင်းကြိုက်သူနှင့် ဥပမာပြုထားပြန်သည်။

ပင်ကို သဘောအားဖြင့် အရှက်အကြောက်ရှိသော အမျိုးကောင်းသား ယောကျ်ားတစ်ယောက်သည် ရှိ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုယောကျ်ားသည် အိမ်တွင်ခင်ပွန်း ဖြစ်သူ မရှိခိုက် ဖြစ်သော အမျိုးသမီးတစ်ယောက်နှင့် ထိုအမျိုးသမီး၏ အိမ်တွင် အကြောင်းအားလျော်စွာ ကြုံကြိုက်၏။

ထိုအမျိုးသမီးကား ထိုယောကျ်ားကို ရှေးမဆွကပင် သဘောကျ နှစ်ခြိုက်မှု ရှိနေ၏။ သို့အတွက် အမျိုးသမီး သည် ဤလိုအချိန်အခါမျိုးနှင့်ကြုံကြိုက်လာမှုကို လက် လွှတ်မခံဘဲ ထိုယောကျ်ားအား သူနှင့် ပျော်ပါးရန် အခွင့် ပေး၏။ ထိုယောကျ်ားကား ထိုအဖြစ်ကို သိသော်လည်း မသိဟန်ပြုနေ၏။

အမျိုးသမီးသည် ဤယောကျ်ားကား ရှင်းရှင်း ဖွင့်ပြော မှ ကိစ္စပြီးမည်ဟု တစ်ဆင့်တက်ကာ သူနှင့် ပျော်ပါးရန် နှုတ်မှ ဖွင့်ပြော၏။ ထိုအခါ ယောကျ်ားက သူသည် ဤကိစ္စ မျိုးကို ကိုယ်လက် သုတ်သင် သန့်စင်စေပြီးမှ ပြုလုပ်သည် ဟု ဆို၏။

ထိုအခါ အမျိုးသမီးက သူတို့ရေအိမ်တွင် ကိုယ်လက် သုတ်သင် သန့်စင်ပါ။ ရေနှင့် ရေခွက်များ အသင့်ရှိပါ သည်ဟု ဆို၏။

ထိုအခါယောကျ်ားက ကျွန်ုပ်၏ အင်္ဂါများသည် သူတစ် ပါးအိမ်က တစ်စိမ်းသူရှံဆံဖြစ်သော ရေအိုးရေခွက်များနှင့် အတွေ့မခံဝံ့ပါ။ ရှက်တတ်ပါသည်ဟု ပြောသော အခါမှ အမျိုးသမီးသည် ထိုယောကျ်ား မပျော်ပါးလိုကြောင်းကို ရိပ်မိသိရှိ၍ လက်လျှော့ နောက်ဆုတ်သွားသည် ဆို၏။

BURMESE CLASSIC .com

www.burmeseclassic.com



ဤဖြစ်ရပ်တွင် ပင်ကို သဘာဝ အတွင်းအဓ္ဈတ္တ၌ ဟီရိ ဟူသော အရှက်တရား ကိန်းတည်နေသည့် အတွက်ကြောင့်သာ အကုသိုလ်စု မကောင်းမှုကို ပြုလုပ်ရန် ကြုံကြိုက်တိုက်ဆိုင်လာသော်လည်း သူ့အလိုလို အရှက်တရား ဖြစ်ပေါ်လာပြီး ထိုမကောင်းမှုကို မပြုလုပ်လိုခြင်း၊ ထိုမကောင်းမှုမှ ရှောင်ကြဉ်နိုင်ခြင်းဖြစ်ပေ၏။

ဩတ္တပ္ပဟူသော အကြောက်တရားသည် အပြင်ဗဟိဒ္ဓမှ တစ်စုံတစ်ရာကြောင့် ဖြစ်ပေါ်တတ်သော သဘောရှိ၏။

ဩတ္တပ္ပ အကြောက်တရားဟူသည်ကပင် တစ်စုံတစ်ရာကို ကြောက်ခြင်း၊ ရွံ့ခြင်း၊ ထိတ်လန့်ခြင်းသဘော ပေါ်လွင်နေ၏။ တစ်စုံတစ်ရာသော အကျိုးအပြစ်ကို တိုင်းထွာဆင်ခြင်မြော်မြင်၍သာ ဖြစ်ပေါ်သော သဘာဝဖြစ်၏။

ထို့ကြောင့်ပင် ထိုဩတ္တပ္ပ အကြောက်တရားကို ပြည့်တန်ဆာမ၏ ကိုယ်ဝန်တည်မည်ကို ကြောက်ခြင်းနှင့် ခိုင်းနှိုင်းထားခြင်း ဖြစ်ပေ၏။

ပြည့်တန်ဆာမသည် သူ့တွင် ကိုယ်ဝန်ရှိလာသော အခါ သူ့ထံသို့ ယောကျ်ား တစ်ပါးတို့လာကြမည် မဟုတ်။ ထိုအခါ သူ၏ စီးပွားရေးအရ အကျိုးမဲ့တော့မည် ဧကန်ဖြစ်မည်။ ထို့ကြောင့် သူသည် ကိုယ်ဝန်တည်ရှိမှုကို မလိုလားနိုင်။ သူ့တွင် ကိုယ်ဝန်တည်ရှိမှု မဖြစ်စေရန်ကိုသာ များစွာ ဂရုထားနေရ၏။ ဤသို့လျှင် ပြည့်တန်ဆာမတစ်ယောက်သည် ကိုယ်ဝန်တည်ရှိမှုကို များစွာထိတ်လန့်ကြောက်ရွံ့ နေရခြင်းဖြစ်သည်။

ထို့အတူ ဩဝါဒပ္ပဟူသော အကြောက်တရားသည်လည်း တစ်စုံတစ်ရာသော အကျိုးအမြတ်ကို တိုင်းထွာဆင်ခြင် မြော်မြင်၍သာ ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

ထို့ကြောင့် ဤဩဝါဒပ္ပဟူသော အကြောက်တရားသည် အကုသိုလ်စု မကောင်းမှုတို့နှင့် ကြုံကြိုက် တိုက်ဆိုင်လာသည့်အခါ နောင်တမလွန်တွင် ခံရမည့် အပယ်ဘေး၊ ဒုဂ္ဂတိဘေး၊ ယခုဘဝတွင် အပြစ်ဒဏ်ခံရမည့် ဒဏ္ဍဘေး၊ သူတစ်ပါးတို့ ကဲ့ရဲ့စွပ်စွဲ ရှုတ်ချမှုခံရမည့် ပရာနုဝါဒဘေး၊ မိမိကိုယ်မိမိ နောင်အခါ နောင်တပူပန် အဖန်ဖန် နှလုံးမသာမယာ ဖြစ်စေမည့် သတ္တာနုဝါဒဘေး၊ ဤ ဘေးလေးဘေးမျိုးတို့ကို တွေးခေါ်မြော်မြင် ဆင်ခြင်တိုင်းထွာ၍သာ အကုသိုလ်စု မကောင်းမှုတို့မှ ကြောက်ရွံ့ ထိတ်လန့်ခြင်း ဖြစ်ပေသည်။ ။

www.burmeseclassic.com

## အခန်း(၁၇)

## ဒေဝဓမ္မကို ကိုယ်တိုင်ကျင့်သုံးခြင်း

ကျွန်တော်သည် ဆရာတော်ကြီး အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ အာသဖပေးသော စာအုပ်များထဲမှ အရုက်အကြောက် တရားနှစ်ပါး ဖြစ်သည့် မဟိသာသကုမာရမင်းသား က ရေစောင့်ဘီလူးအား ဟောကြားခဲ့သည့် ဒေဝဓမ္မကိုလေ့လာ၍ ရေစောင့်ဘီလူး၏ ဝတ္ထုဇာတ်လမ်းကို ဆက်၍ ဖတ်ကြည့်ခဲ့ပါ၏။

ဘုရားအလောင်း မဟိသာသကုမာရ မင်းသားသည် ရေစောင့်ဘီလူးအား ဒေဝဓမ္မကို အသေအချာ ကွဲကွဲပြားပြား ဟောကြားပြီးသောအခါ ရေစောင့်ဘီလူးလည်း ဘုရားအလောင်း

BURMESE CLASSIC .com

www.burmeseclassic.com



မင်းသားအား ကြည်ညိုစိတ် ဖြစ်ပေါ်လာ၏။ ကြည်ညိုလာသော ကြောင့် ရေစောင့်ဘီလူးသည် အရှင်မင်းသား၊ ကျွန်ုပ်သည် အသင်မင်းသားကို အကြောင်းပြု၍ ဒေဝဓမ္မကို သိခွင့်နာကြားခွင့် ရရှိခဲ့ပါ၏။ ထို့ကြောင့် ကျွန်ုပ်ပိုင်ဆိုင်သော မင်းသား၏ ညီနှစ်ဦး အနက် တစ်ဦးကို လွှတ်ပေးပါမည်၊ မည်သည့်ညီအား လွှတ်ပေး ရပါမည်နည်းဟု မေးလေ၏။

ထိုအခါ မဟိသာသကုမာရ မင်းသားလည်း အသင်ဘီလူး ငါ၏ ညီနှစ်ရောက်အနက် တစ်ယောက်ကိုသာ သင်လွှတ်ပေး မည်ဟုဆိုပါက ကျွန်ုပ်သည် ညီအငယ်ဆုံးကိုသာ ခေါ်ဆောင်လို ပါသည်ဟု ပြောလေ၏။ ထိုစကားကို ကြားလျှင် ဘီလူးလည်း အံ့အားသင့်စွာဖြင့် “အရှင်မင်းသား၊ မင်းသားသည် ဒေဝဓမ္မကို သိသူ ဖြစ်ပါလျက် မသိသူကဲ့သို့ ကျင့်၏။ ညီအလတ်ဖြစ်သူ အကြီးကို ဦးစားမပေးဘဲ ညီငယ်ကို ခေါ်ဆောင်လိုသည်ဟု ဆိုသည်မှာ မင်းသား၏ အဆုံးအဖြတ်သည် ဒေဝဓမ္မနှင့် မညီ။ ဒေဝဓမ္မကို မကျင့်သုံးဟု ကျွန်ုပ်ထင်ရပါ၏”ဟု ပြောလေ၏။

ထိုအခါ မင်းသားက ရေစောင့်ဘီလူးအား “အသင်ရေစောင့် ဘီလူး၊ ငါသည် ဒေဝဓမ္မကိုလည်း သိ၏။ ဒေဝဓမ္မတို့ကို လိုက် လည်း လိုက်နာကျင့်သုံး၏။ သင်သည် ငါတို့၏ အကြောင်းကို မသိ၍ ယခုကဲ့သို့ ပြောဆိုခြင်းဖြစ်၏။

ငါတို့ကဲ့သို့ ဤညီငယ်ကို အကြောင်းပြု၍ ဤတောအုပ် သို့ ဝင်လာခဲ့ကြခြင်း ဖြစ်ပါ၏။ ငါတို့၏ မိခင် မိဖုရားကြီးသည် ငါတို့သားနှစ်ဦးကို ဖွားမြင်ပြီးသောအခါ ကွယ်လွန်ခဲ့၏။ ထိုအခါ

BURMESE CLASSIC .com

www.burmeseclassic.com



ငါတို့၏ ဖခင်ဘုရင်ကြီးသည် တစ်ပါးသော မောင်းမတစ်ဦးကို မိဖုရားမြှောက်လေသော် ယခု ဤညီအငယ်ဆုံးကို မွေးဖွား၏။ ဖခင်ဘုရင်ကြီးသည် မိဖုရားငယ်မှ သားဦးဖွားလေလျှင် ချစ်မြတ်နိုးသော စိတ်ဖြင့် လိုရာ ဆုတစ်ခုကို တောင်းဟု ဆိုရာ သူ့မိခင်မိဖုရားက သားဖြစ်သူအား မင်းအဖြစ်ကို ပေးရန်တောင်း၏။

ဖခင်ဘုရင်ကြီးသည်လည်း အကြီးဖြစ်သော ကျွန်ုပ်တို့ညီအစ်ကို နှစ်ဦးကိုကျော်၍ ညီငယ်ကို နန်းမပေးလို။ သို့သော်လည်း မိဖုရားငယ်သည် ဤကိစ္စကိုပင် မကြာခဏလျှောက်ထားလေလျှင် ဖခင်ဘုရင်ကြီးက ဤကိစ္စသည် အန္တရာယ် ရှိနိုင်၏ဟု ဆုကာ ငါတို့ နှစ်ဦးအား တောသို့ဝင်ရန် စီစဉ်လေရာ ညီအငယ်ဆုံးကလည်း ငါတို့နှင့် မခွဲဘဲ ငါတို့နှင့်အတူ တောသို့လိုက်မည်ဟု ဆို၍ ခေါ်လာခြင်းဖြစ်၏။

ထို့ကြောင့် ငါတို့သည် ဤတောမှ ပြန်သွားသောအခါ တောအတွင်း၌ ညီအငယ်ဆုံးအား ရေစောင့်ဘီလူး စားပစ်လိုက်ပြီဟု ဆိုပါက ထိုစကားကို ဘယ်သူမှ ယုံကြည်မည်မဟုတ်။ ထိုစကားကို ဘယ်သူမှ လက်မခံဘဲ ငါတို့အား ကဲ့ရဲ့ ပြစ်တင်ရှုတ်ချကြမည်မှာ ဧကန်ဖြစ၏။ ထိုသို့သော ကဲ့ရဲ့ ပြစ်တင်ရှုတ်ချမည့်ဘေးကို ငါသည် ကြောက်၏။ တစ်ဦးက ညီအရင်းဖြစ်၍ တစ်ဦးက ဖအေတူ မအေကွဲဖြစ်ရာ ငါသည် ညီရင်းကို စွန့်၍ ညီအငယ်ဆုံးကို ကယ်ယူမှ သင့်မည် ဖြစ်၏။ လောက၌ ငါ့သားမှ ငါ့သား၊ ငါ့ညီမှ ငါ့ညီ၊ ငါ့လင်မှ ငါ့လင်၊ ငါ့မယားမှ ငါ့မယားဟူ၍ အခါတိုင်း အချိန်တိုင်း မပြုအပ်။ အရှည်ကို ကြည့်၍ တွေး

BURMESE CLASSIC .com

www.burmeseclassic.com



တောဆင်ခြင်ကာ ပြုသင့် ပြုထိုက်သည်ကိုသာ ပြုကျင့်ရာ၏ ဟု ဆိုလေ၏။

ထိုအခါ ရေစောင့်ဘီလူးသည် “ဟုတ်ပါလေစွ၊ ကောင်းပါလေစွ၊ အသင်မင်းသားသည် ပညာလည်း ရှိ၏။ ဒေဝဓမ္မကိုလည်း သိ၏။ လိုက်နာကျင့်သုံးမှုလည်းရှိပါ၏။ ထို့ကြောင့် အသင်မင်းအားသား ကြည်ညိုလှိုက်လှဲသောစိတ်ဖြင့် ညီများကို မစားတော့ဘဲ သင့်ညီနှစ်ဦးစလုံးကိုပင် ခေါ်ဆောင်၍ သွားပါတော့ဟုဆိုကာ ညီငယ် နှစ်ဦးကို ပေးအပ်၏။

ဘုရားအလောင်း မင်းသားကလည်း ရေစောင့်ဘီလူး ငါ့ညီနှစ်ဦးတို့ကို မသတ်စားတော့ဘဲ ပေးသဖြင့် သင်၏ ကျေးဇူးလည်းရှိ၏။ ထို့ကြောင့် ထိုကျေးဇူးတရားကို အခြေခံ၍ သင့်အား ငါပြောဆိုလို၏။ သင်သည် ရှေးက မိမိပြုလုပ်ခဲ့သော မကောင်းမှု ကံကြောင့် ယခုဘဝတွင် သူတစ်ပါး၏ အသွေးအသားကို စားသော ဘီလူး ဖြစ်နေရ၏။ ယခုဘဝတွင် တစ်ခါ ထပ်၍ မကောင်းမှု ပြုခဲ့သော် ဘဝသစ်တွင် သင်သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အဖြစ်တို့မှ လွတ်မြောက်နိုင်စရာ အကြောင်းမရှိ။

ထို့ကြောင့် ယနေ့မှစ၍ အကုသိုလ်စု မကောင်းမှုတို့ကို ပယ်၍ ကောင်းမှုတရားတို့ကိုသာ ပွားများပါဟု ဆုံးမ၏။ ရေစောင့် ဘီလူးသည် မင်းသား၏ အဆုံးအမတွင် တည်၍ မင်းသား ညီနောင်သုံးဦးတို့အားလည်း ဤတောအရပ်တွင် စောင့်ရှောက်ထားလေ၏။

www.burmeseclassic.com



ထိုနေရာမှ တစ်နေ့သော် မဟိသာသကုမာရ မင်းသား သည် ကောင်းကင်မှ နက္ခတ်တို့ကိုကြည့်၍ ဗာရာဏသီပြည်တွင် ဖခင်ဘုရင်ကြီး နတ်ရွာစံသည့်အဖြစ်ကို သိကာ ရေစောင့်ဘီလူး ကိုပါ ခေါ်၍ ဗာရာဏသီသို့ ပြန်ကာ မင်းအဖြစ်ကို ရယူ၏။ ညီ အလတ်ဖြစ်သူ စန္ဒကုမာရ မင်းသားအား အိမ်ရှေ့အရာပေး၏။

ဘီလူးအားလည်း တင့်တယ် လျောက်ပတ်သောအရပ်တွင် ဗိမာန်တည်ဆောက်လျက်ကောင်းစွာထားရှိပြီးလျှင် ထမင်းအာဟာရ အမွှေးနံ့သာ ပန်းမာလာ အဦးအဖျားတို့ကို ရရှိနိုင်ရန် စီစဉ်ပေး၏။

မြတ်စွာဘုရားရှင်သည် အတိတ်ကိုဆောင်၍ မဟိသာသ ကုမာရ ဇာတ်တော်ကို ဟောလေလျှင် သူကြွယ် ရဟန်းသည် တရားထူးကို နာရ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ကျွန်တော်သည် ဤဇာတ်ဝတ္ထုတွင် မဟိသာသ ကုမာရ မင်းသား၏ အဆုံးအဖြတ်ကို လေးစားမိ၏။ ညီအရင်းကို မတောင်း ဘဲ ညီအငယ်ဆုံးအား ဘီလူးထံမှ တောင်းယူသည်ကို နမူနာ စံပြထားဖွယ်ဖြစ်၏။

မြန်မာနိုင်ငံတွင် ကျွန်တော်သည် စီမံကိန်းကြီး တစ်ခု၌ ဖြစ်ရပ် တစ်ခုကို ကြုံဖူး၏။ ထိုစီမံကိန်းသည် အရေးကြီးသော စီမံကိန်းဖြစ်၏။ တတ်ကျွမ်းသူ အတွေ့အကြုံရှိသူကို စီမံကိန်း

BURMESE CLASSIC .com

www.burmeseclassic.com



မန်နေဂျာ ခန့်ရမည့်အစား မိမိ၏ ဆွေမျိုးမကင်းသူ၊ မတတ်ကျွမ်းသူ၊ စိတ်မဝင်စားသူလူညံ့ကို စီမံကိန်းမန်နေဂျာ ခန့်ထား၍ ထိုစီမံကိန်းသည် ပျက်ဖူး၏။

တစ်ခုကမူ ဌာနတစ်ခု၌ ဝန်ထမ်းခန့်ထားရာ လူငယ်အများအပြား ဝိုင်းဝန်းလျှောက်ထားကြ၏။ သို့သော် ထို ဌာနမှ ဝန်ထမ်းခန့်ထားရေးကို ဆောင်ရွက်ရာတွင် လာဘ်ယူထား၍ ခန့်ထားသည့်အတွက် အရည်အသွေးရှိသူ လူငယ်များသည် လူကြီးတို့အပေါ် အယုံအကြည်ကင်းသော ဖြစ်ရပ်တစ်ခု ကြုံခဲ့ဖူး၏။

ဤစာအုပ်ကို ရေးနေသည့်အချိန်တွင်ပင် ကျွန်တော်၏ သားများနေသော ကျောင်း၌ စားပွဲတင် တင်းနစ် လူရွေးပွဲ ပြုလုပ်ရာ အရပ်ထဲမှ ကျောင်းသားလူငယ်များသည် ပျော်ရွှင်တက်ကြွစွာဖြင့် လူရွေးပွဲတွင် သွားရောက် ယှဉ်ပြိုင်ကြ၏။ သို့သော် လူရွေးပွဲပြီးသောအခါ ကျွန်တော်တို့ရပ်ကွက်မှ လူငယ်များ စိတ်ပျက်စွာဖြင့် ပြန်လာကြ၏။ မိမိတို့လောက်မှ မတော်သော မိမိတို့နိုင်နေကျ လူများကိုရွေး၍ မိမိတို့ကိုတော့ မရွေးဟု ဆိုကာ လူငယ်များသည် စားပွဲတင်နစ်အားကစားလုပ်ငန်းကို စွန့်ပစ် လိုက်ကြ၏။ ကျောင်းမှ လူငယ်များ အားကစားဝါသနာပါအောင် အားကစားမှု ဖွံ့ဖြိုးအောင် ဆောင်ရွက်သည့် လုပ်ရပ်တွင် လူငယ်များအားလုံး အားကစားကို စိတ်ပျက်စွာဖြင့် စွန့်ခွာကြ သည့်အဖြစ်သို့ရောက်ခဲ့ပါ၏။

ဤသည်တို့မှာ လောကပါလ တရားကို မထိန်းသိမ်းကြ၍ ဖြစ်၏။ အရှက်အကြောက်တရားမရှိဘဲ လူ့လောကကို တိရစ္ဆာန်

www.burmeseclassic.com



လောကသဖွယ် ကျင့်ကြံကြ၍ ဖြစ်၏။ လူပင် ဖြစ်လင့်ကစား တိရစ္ဆာန်ကဲ့သို့ ပြုမူဆက်ဆံပါက ထိုလူများသည် တိရစ္ဆာန်များ ပင်ဖြစ်သွားကြ၏။

လောကပါလ အရှက်အကြောက် တရားနှစ်ပါးကား အလွန် မှ ကျယ်ပြန့်လှပါ၏။ လူ့လောက အထိန်းအကွပ်တရားနှစ်ပါးကို မင်းစိုးရာဇာများ၊ အစိုးရများ၊ အကြီးအကဲ ဆရာများ၊ နာယက လုပ်သူများ ပိုမိုတိကျစွာ လိုက်နာရန်လိုအပ်ပါ၏။

ကျွန်တော်သည် ချွန်ဘူရီဝိဝေကအာစုံတွင် သုံးလေးရက် ကြာနေခဲ့ပြီး ဗန်ကောက်သို့ ပြန်လာခဲ့၏။ ဆရာတော်ကြီးက လူမိုက်နှင့် မပေါင်းနှင့်ဟု ဆိုဆုံးမသည်ကို စွဲမြဲစွာ နာခံမှတ် သားခဲ့ပါ၏။ ထို့ပြင် ဝိဝေက အာစုံ ကျောင်းတော်ကြီးတွင် အရှက်အကြောက်တရား နှစ်ပါးနှင့် ပတ်သက်၍လည်း နက်နဲ စွာလေ့လာခဲ့ရပါ၏။ ။

# အခန်း(၁၈)

## ထိုင်းအမျိုးသမီးလေး ဝင်ဒီ၏ အပြုံး

ကျွန်တော်သည် ချွန်ဘူရီမှ ပြန်လာပြီးသော် ဗန်ကောက်တွင် သုံးလေးရက်နေ၍ ထိုင်းနိုင်ငံ အလယ်ပိုင်းရှိ ဖစ်စနိုလုပ်မြို့သို့ ထွက်လာခဲ့၏။ ဖစ်စနိုလုပ် Phitsanulok မြို့သည် မြန်မာတို့နှင့် ရင်းနှီးပြီး မြို့ ဖြစ်၏။ ဖစ်စနိုလုပ်ကို မြန်မာ့သမိုင်းတွင် ပိသလောက်ဟု တွေ့ရှိရ၏။ ပိသလောက်သည် တပင်ရွှေထီး လက်ထက်က မြန်မာတို့ လက်အောက်တွင် ရှိ၏။

ပိသလောက်မြို့စား ယိုးဒယားမင်း၏ သမက်တော် ဩယာထမ္မရာဂျာ (မဟာဓမ္မရာဇာ) သည် ဘုရင့်နောင် မင်းတရားကြီးအား သစ္စာခံကာ မင်းတရားကြီး၏ နောက်သို့ လိုက်လာခဲ့ဖူး၏။

BURMESE CLASSIC .com

www.burmeseclassic.com



သက္ကရာဇ် ၉၃၀ တွင် ယိုးဒယားမင်းက ပုန်ကန်လေလျှင် ပိသလောက် မြို့စား မဟာဓမ္မရာဇာသည် ပဲခူးသို့ လာ၍ လျှောက်ထားလျှင် ဘုရင့်နောင်မင်းတရားကြီးသည် အားရတော်မူ၍ ထိုမြို့စားအား စော်ဘွားသောင်ကျည်း (ချောဖ–ဆောင်ခွေ) ဟူသော ဘွဲ့ကို ပေးတော်မူခဲ့၏။ ဖစ်စနိုလုပ်၏ ရှေးအမည်မှာ– ဆောင်ခွေ ဖြစ်၏။

ဒုတိယအကြိမ် ယိုးဒယားကိုတိုက်စဉ် အောင်မြင်သောအခါ ဘုရင့်နောင် မင်းတရားကြီးသည် ပိသလောက်မြို့စားသောင်ကျည်းကိုပင် ယိုးဒယား ဘုရင်အဖြစ် ခန့်အပ်ခဲ့ဖူး၏။

ဖစ်စနိုလုပ်နှင့် မြန်မာတို့သည် ရှည်လျားသော အဆက်အသွယ်များရှိကြ၏။ ယခုလည်း ဖစ်စနိုလုပ်သည်လည်း တိုးတက် ဖွံ့ဖြိုးသော ထိုင်းနိုင်ငံအတွင်းမှ မြို့တစ်မြို့ ဖြစ်နေ၏။ တိုက်တာ အဆောက်အအုံများဖြင့် အတော်စည်ကားသော မြို့ကြီးတစ်မြို့ ဖြစ်သည်။ ဖစ်စနိုလုပ်၏ အလယ်တွင် နန်ဟူသော မြစ်သည် ကွေ့ကောက်စွာ စီးဆင်းနေ၏။ သို့သော် မြင်ရေတို့သည် များစွာမသန့်လှပါချေ။ နန်မြစ်ထိပ်၌ ဗုဒ္ဓ ရှင်နုရ ကျောင်းတော်ရာရှိ၍ ဘုရားဆင်းတုတော်မှာ အလွန်မှ သပ္ပါယ်လှပါသည်။ ထိုဘုရားကို သိကြားမင်းကိုယ်တိုင် လူယောင်ဆောင်၍ ထုသော ရုပ်ပွားတော်ဟု ထိုင်းတို့က ယုံကြည်ကိုးကွယ်ကြ၏။ ဆင်းတုတော်ရှိသော ဘုရားကျောင်းတော်ကြီးသည် ယွန်းကျောင်းဆောင်ကြီး ဖြစ်သည်။ ရွှေပိန်းချထား၍ ကျောင်းဆောင်ကြီးမှာ အလွန်မှ ခံ့ညားလှပသည်။ ဖစ်စနိုလုပ်သည်

BURMESE CLASSIC .com

www.burmeseclassic.com



ဗန်ကောက်မှ မြောက်ဘက် ကီလိုမီတာ ၃၀၀ အကွာတွင် ရှိသည်။ မီးရထားလမ်း၊ ကားလမ်းပေါ်တွင် ရှိ၏။ ကျွန်တော်သည် ဖစ်စနိုလုပ်သို့ လာခြင်းမှာ နော်အော့ရွာသို့ သွားရန်ဖြစ်သည်။ နော်အော့ရွာကို ဖစ်စနိုလုပ်မှ တစ်ဆင့် ဘာလကန်မြို့ကို ဖြစ်သွားရ၏။ နော်အော့တွင် အဘိုးဝိုင်၊ အဘွားချောက်တို့နှင့် ကျွန်တော့်မိတ်ဆွေ ဆွန်ဝ တို့ ရှိကြသည်။

ဖစ်စနိုလုပ်မှ ဘာလကန်သို့ ကားနှင့်လာ၍ ဘာလကန်မှ နော်အော့ရွာသို့ မော်တော်ဆိုင်ကယ် ငှား၍ လာရ၏။ ဘယ်လောက်ပေးရသည်ကို မမှတ်မိတော့။ နော်အော့ရွာကလေးသည် မြန်မာရွာကလေးလိုပင် ဖြစ်၍ ကျွန်တော်သည် အဘိုးဝိုင် လယ်တောထဲသို့ သွားသည်ဟုဆို၍ လယ်တောသို့လိုက်သွား၏။ ထိုင်းရွာများ သည် လယ်ကွင်းထဲအထိ ကတ္တရာလမ်း သို့မဟုတ် ဂဝံမြေနီလမ်း ပေါက်နေပြီ ဖြစ်၏။ ထိုင်းရွာတိုင်းတွင် လျှပ်စစ်မီးရ၍ အိမ်တိုင်းတွင် မော်တော်ဆိုင်ကယ် ရှိကြသည်။ အတော်အတန်ပြည့်စုံသော အိမ်တိုင်းတွင် လယ်ထွန်စက်တစ်စီး၊ လက်တွန်းထွန်စက်များပါ ရှိတတ်၍ မော်တော်ဆိုင်ကယ်ကတော့ လူတစ်ကိုယ် တစ်စီး ရှိကြ၏။ လယ်ထဲသို့လည်း ဆိုင်ကယ်နှင့် သွားကြ၏။

အဘိုးဝိုင်က ဘယ်လိုလာတုံး၊ ရွာမှာ ဘယ်လောက်နေမှာလဲ ဆိုတာကို မေးပြီး ရွာသားများကို ဧည့်သည် ရောက်နေကြောင်း စကားပါးရာ မကြာမီ ရွာသားများကလည်း စုရုံးရောက်ရှိလာကြ၏။ ရွာသားများ ရောက်လာကြတော့ ဝိုင်း၍ စကားပြော

BURMESE CLASSIC .com

www.burmeseclassic.com



ကြသည်။ ကျောင်းဆရာ ဆွန်ဝုက စကားပြန်လုပ်ပေး၏။ ခဏ ကြာတော့ အဘွားချောက်က ထမင်းစားကြမည်ဟုဆို၍ စားကြ၏။ ထိုင်းကျေးလက်တွင် ထမင်းကို စားပွဲမရှိဘဲနှင့် စားလေ့ရှိကြ၏။ အားလုံး သတင်းစာများခင်း၍ ဟင်းပန်းကန်များကို ထမင်းဝိုင်း အလယ်တွင်ချကာ ဝိုင်း၍ စားကြ၏။ ထမင်းစားပြီး ပါက သတင်းစာများ ကို လုံးထွေးကာ လွှင့်ပစ်တတ်ကြသည်။

ထမင်းစားပြီးတော့ ကျွန်တော်က အချိန်ရှိသေး၍ ဘုန်းကြီးကျောင်းသွားလိုပါသည်ဟု ဆိုတော့ ဆွန်ဝုလည်း ပြန်သွားပြီဖြစ်၍ လိုက်ပို့မည့်သူ မရှိ ဖြစ်နေသည်။ သည်တော့ အဘွားချောက်၏ မြေးငယ်က သူလိုက်ပို့မည်ဟု ဆိုပါ၏။ ဘုန်းကြီးကျောင်းတွင် မသိသည်များကို ရှင်းပြရန် တစ်ယောက်ယောက် ထည့်ပေးမှ ဖြစ်မည် ဖြစ်ရာ အဘွားက သူ့သမီးလေး ဝင်ဒီအား လိုက်သွားပါဟု ဆို၏။ သမီး ဝင်ဒီက နိုင်ငံခြားသား တစ်ဦးအား ဘုန်းကြီးကျောင်း လိုက်ပို့ရမည်ကို ရှက်၍နေ၏။ သူက ကျွန်တော့်အား လှမ်း၍ ကြည့်ရာ သူ့ဖခင် အရွယ်လောက်ရှိနေမှ မျက်လွှာလေးကို ချကာ လိုက်ပို့ပေးပါမည်ဟု ဆုံးဖြတ်ပါ၏။ ထို့နောက်တော့ တဘက်လေးတစ်ခု၊ ဦးထုပ်လေး တစ်လုံးကို ပါယူ၍ သူ့မောင်ငယ်လေးအား လက်ဆွဲကာ ကျောင်းသို့ လိုက်ပို့ပါ၏။

လမ်းထဲတွင် နိုင်ငံခြားသား တစ်ဦးအား ရွာမှ မိန်းကလေး တစ်ဦးက ဦးဆောင်၍ လိုက်ပို့သည်ကို ရှုံးတိုးရှုန့်တန့်နှင့် ကြည့်ကြပါ၏။ ကျွန်တော်ကတော့ ရွာဓလေ့ထုံးစံများကို သတိမထား

BURMESE CLASSIC .com

www.burmeseclassic.com



မိဘဲ ဆက်သွားသည်။ ဝင်ဒီသည် တက္ကသိုလ်ကျောင်းသူလေး ဖြစ်၍ ကျောင်းပိတ်ထားစဉ် အိမ်သို့ ပြန်လာခြင်း ဖြစ်သည်။ အင်္ဂလိပ်စကား နည်းနည်းပြောတတ်၏။ ကျောင်းရောက်တော့ ကျွန်တော့်အား ဝင်ဒီက ဘုန်းကြီးကျောင်းတွင် နေရာစုံ လိုက်ပြ၏။ သူအို သူနာ သူသေပုံများ၊ အနိစ္စ ဒုက္ခ အနတ္တ အဓိပ္ပာယ်ဖွင့်ဆိုမှုများ၊ ပန်းချီနှင့် ဘုရားပုံများကို တွေ့ရ၏။

ထိုင်းဘုန်းကြီးကျောင်းများတွင် အသုဘ သင်္ဂြိုဟ်သည့် စက်များလည်း ရှိ၏။ ထိုင်းတွင် ကွယ်လွန်ပါက ဘုန်းကြီးကျောင်းတွင်ပင် သင်္ဂြိုဟ်ပေး၏။ ထိုင်းလူမျိုးတို့သည် အသုဘအခမ်းအနားကို အတော်ကြီးကျယ်စွာ လုပ်တတ်၏။ ထိုင်းဘုန်းကြီးကျောင်းအတွင်း၌ ကျွန်တော်သည် ဓာတ်ပုံများရိုက်သည်။ နောက်တော့ ဝင်ဒီအား သိမ်နောက်ခံဖြင့် သူ့ပုံ တစ်ပုံ ရိုက်လို၍ ရပ်ပေးပါဟုဆိုတော့ ဝင်ဒီက ခေါင်းလေးငုံ့ကာ ရှက်သွေးဖြာပြီး မရိုက်ပါရန် တောင်းပန်ရှာပါ၏။ ဝင်ဒီက ရှက်နေသည်။ သူဘာကြောင့် ရှက်နေသည်ကို ကျွန်တော် ပထမတော့ မစဉ်းစားမိ။

ဝင်ဒီရှက်နေသည့်ပုံကို တွေ့ရတော့ ကျွန်တော်သည် ပက်ဂျိန်း ပုလဲတွင် မတင်တင်လှိုင်နှင့် ဆုံစည်းခဲ့ပုံကို ပြန်သတိရလာမိ၏။ ချွန်ဘူရီမှအပြန် ထိုင်းနိုင်ငံ တစ်ဝန်းလုံးတွင် ကျွန်တော် လိုက်လံရှာဖွေနေသော အပြုံးကို ကျွန်တော်သည် နော်အော့ရွာတွင် တွေ့ခဲ့ရခြင်း ဖြစ်၏။ ကျွန်တော်သည် ထိုင်းလူမျိုးတို့အား နားလည်လိုက်ပြီ ဖြစ်၏။ အကယ်၍ ကျွန်တော်

BURMESE CLASSIC .com

www.burmeseclassic.com



သည် နော်အော့ရွာသို့ မရောက်ခဲ့ပါက ထိုင်းတို့၏ ဘဝကို ပြည့်စုံစွာ မသိဘဲ ဤစာအုပ်ကို ရေးမိမည် ဖြစ်ပါ၏။ ထိုင်းနိုင်ငံ၏ ကျေးလက်ဝယ် အရှက်တရားသည် ရှိနေဆဲ ဖြစ်ပါသည်။ ထိုင်းတို့သည် မြန်မာနိုင်ငံနှင့် ရင်းနှီးဆက်ဆံမှုရှိ၍ ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများဖြစ်ရာ ဟီရိဩတ္တပ္ပတရားနှစ်ပါးကို လောကပါလတရား အဖြစ်လည်းကောင်း၊ ဒေဝဓမ္မ အဖြစ်လည်းကောင်း၊ ကမ္ဘာကြီးကို စောင့်ရှောက်သော ဖြူစင်သည့် တရားအဖြစ် လည်းကောင်း ရှေးအစဉ်အဆက်ကပင် လက်ခံပြီးဖြစ်သော လူမျိုးဖြစ်၏။

ထို့ကြောင့်လည်း ဝင်ဒီသည် သူ့အား အခြားနိုင်ငံခြားသားတစ်ဦးက ဓာတ်ပုံရိုက်မည်ကို အရှက်တရားနှင့် ငြင်းဆန်နေခြင်းဖြစ်၏။ ဝင်ဒီသည် ကျွန်တော့်အား ဘာသာစကားအခက်အခဲရှိ၍ အိမ်ရှင်အနေဖြင့် ဘုန်းကြီးကျောင်းသို့ လိုက်ပို့ပါသော်လည်း သူ့တွင် မည်မျှ အခက်အခဲရှိကြောင်း သိသာ၏။ ထို့ကြောင်းပင် ဝင်ဒီတို့မောင်နှမအား ပြန်နှင့်ပါ၊ ကျွန်တော်ဓာတ်ပုံရိုက်ပြီးမှ လိုက်ခဲ့ပါမည် ဟု ဆိုကာ ပြန်လွှတ်လိုက်ပါ၏။ ဝင်ဒီတို့မောင်နှမက ကိစ္စမရှိပါဘူးဟု ဆို၏။ ကျွန်တော်ကလည်း မသိတာများကို ဝင်ဒီအား ဆက်မေးကာ ကျောင်းရိပ်ကို ခို၍ ခေတ္တထိုင်ကြသေး၏။

ထိုင်းနိုင်ငံ၏ မြို့ကြီးများသည် အနောက်ယဉ်ကျေးမှု ဝင်ရောက်ကာ ပတ္တယာကမ်းခြေ၊ ဗန်ကောက် ပက်ပုန်ဗ၊ ဖူးခက်နှင့် ယဉ်ကျေးမှုမြို့တော် ဖြစ်သော ဇင်းမယ် အစရှိသော နေရာများ

BURMESE CLASSIC .com

www.burmeseclassic.com



တွင် အရှက်တရားသည် ခေါင်းပါးနေပြီ ဖြစ်၏။ အသွင်မတူသော စရိုက်၊ ဓလေ့မတူသော ယဉ်ကျေးမှုတို့ကို လက်ခံကျင့်သုံးကာ အရှက်တရား အကြောက်တရား တို့သည် ထိုအရပ်၊ ထိုဒေသတို့မှာ အနောက်လေတိုက်ခတ်မှုကြောင့် လွင့်စဉ်ပပျောက်ခဲ့ရသော်လည်း ထိုင်းကျေးလက်တွင်ကား ရိုးရာ ဓလေ့ထုံးစံများကို ထိန်းသိမ်းကာ အရှက်အကြောက် တရားတို့ လွှမ်းမိုးနေဆဲပင် ဖြစ်ပါ၏။ ထိုရွာ၌ ကျွန်တော်သည် ထိုင်းအဘွားတစ်ဦးကို တွေ့ခဲ့ရာ အဘွားအား ဗန်ကောက်ကို လိုက်မလားဟု ဆိုတော့ "အဘွားက မြဘုရားတော့ ဖူးချင်ပါသေးတယ်၊ ဒါပေမယ့် လူတွေကများ၊ ဒူပေါ်ပေါင်ပေါ်နဲ့ အဘွားတို့ရွာနဲ့ မတူဘူး။ ခေါက်ဆွဲ တစ်ထုပ်ဝယ်စားတာ ဘတ် ၅၀ တောင် ပေးရတာနဲ့ နောက်လည်းမစားတော့ပါဘူး၊ ကားတွေကကျပ်၊ မျက်စိရှက်စရာတွေများနဲ့ နောက်လည်း မသွားတော့ပါဘူး၊ အဲဒီတုန်းက အဘွားမြေးလေး ဘွဲ့ရလို့ မြေးကလိုက်ခဲ့ပါဆိုလို့ လိုက်သွားရတာ၊ အဲဒီတုန်းက အဘွား ဟိုတယ် တစ်ခုမှာ တည်းရတယ်။ နေလို့မတတ်ပါဘူး သားရယ်" ဟု ဆို၏။

နော်အော့တွင် ဗန်ကောက်မရောက်ဖူးသူများလည်း ရှိပါ၏။ နော်အော့နှင့် ဗန်ကောက်သည် ယခုလောက် ဆက်သွယ်မှု ကောင်းနေမှ ဗန်ကောက်ကို မရောက်ဖူးဘူး ဆို၍ ကျွန်တော်သည် အံ့သြရ၏။

ကျွန်တော်သည် နော်အော့ရွာ ဘုန်းကြီးကျောင်းမှ ဆရာတော်ကြီးကို ဝင်၍ ဖူးရ၏။ ဆရတော်ကြီးက ဘယ်က

BURMESE CLASSIC .com

www.burmeseclassic.com



လာတာတုံး ဘာလူမျိုးတုံး ဟု မေးတော ဝင်ဒီကတစ်ဆင့် ပြန်ဖြေပေးရသည်။ ဆရာတော်ကြီးသည် မြန်မာဟု ဆို၍ ဆွေမျိုးတွေပဲဟု ဆို၏။ ဆရာတော်ကြီးကိုယ်တိုင် မွန်သွေးပါ၏။ နောက်တော့ ကျွန်တော်တို့သည် သိမ်အတွင်းရှိ ဆင်းတုတော်အားဝတ်ပြုကာ ကျောင်းမှ ပြန်ခဲ့ကြ၏။ တကယ်တော့ ကျွန်တော်တို့ပုံက ထိုင်းရွာသားတို့နှင့် ဘာမှ မခြားနားပါ။ သို့သော် ထိုရွာတွင် ကျွန်တော့်ကို နိုင်ငံခြားသားမှန်း အလွယ်နှင့် သိကြ၏။ သိကြတော့ အမျိုးသမီးလေးများက အရှက်တရားနှင့် ခေါင်းလေး ငုံ့ထားကြ၏။ သူတို့သည် နိုင်ငံခြားသားအား ရှက်ရမည်ဟူသော အသိတရားသည် ရှိနေပါ၏။ ထိုင်းကျေးလက်၏ သမီးပျိုတို့သည် ပတ္တာယာသူတို့နှင့် များစွာ ခြားနားလှပါ၏။ ပတ္တာယာ ကမ်းခြေတွင်ကား ထိုင်းမလေးများသည် နိုင်ငံခြားသားများကို တွေ့လျှင် အမဲဖျက်တော့မည့်အတိုင်း ဝိုင်းဝိုင်းလည် လိုက်ဆွဲကြ၏။ ပိုက်ဆံရလျှင် ပြီးစတမ်း၊ ဒေါ်လာရှိလျှင် ပြီးစတမ်း ဖြစ်နေကြ၏။

ကျွန်တော်တို့နိုင်ငံသည် ဈေးကွက်စီးပွားရေးကို လက်ခံကျင့်သုံးလျက်ရှိရာ မကြာမီ နိုင်ငံခြားခရီးသည်များ၊ ကမ္ဘာလှည့်ခရီးသည်များ နှင့် စည်ကားလာနိုင်စရာ ရှိပါ၏။ နိုင်ငံခြားသားတို့အား လက်ခံရာတွင် ကျွန်တော်တို့သည် ဘလကန်လို၊ နော်အော့ရွာလို အရှေ့တိုင်းဟန်နှင့် ပြုမူ ဆက်ဆံ၍ ယဉ်ကျေးမှုတံတိုင်း အရှက်အကြောက်၊ ဟီရိ သြတ္တပ္ပတံတိုင်းကြီးကို ကာရံကြမည်လား။ ပတ္တာယာလို အနောက်လေသို့ လေလွင့် လိုက်ပါ၍ အနောက်ဆန်ပစ်ကြမည်လား ဟူသော အချက်ကို စဉ်းစား

BURMESE CLASSIC .com

www.burmeseclassic.com



ကြရမည်ဖြစ်ပါ၏။ ကျွန်တော်သည် မြန်မာနိုင်ငံတွင် ဟိုတယ်လေးတစ်ခု စုပေါင်းတည်ထောင်ထားရာ ထိုကိစ္စ သည်လည်း ဖြေရှင်းနေရသော ကိစ္စတစ်ရပ်ဖြစ်၏။

ထိုင်းနိုင်ငံသည် အမေရိကန် ရေတပ်သားများ စခန်းချရာမှ နောက်ဆုံးတားမရ ဆီးမရနိုင်သော ဘဝသို့ ရောက်ရှိလာ၏။ ထိုင်းနိုင်ငံသည် အစမှအဆုံး အားလုံး ချီးမွမ်းစရာချည်း ဖြစ်၏။ ထိုင်းတို့သည် ယခင်ကနှင့် မတူတော့ပေ။ သို့သော် ထိုင်းနိုင်ငံအား အရုပ်ဆိုးစေသော အရာမှာ ပတ္တယား၊ ပက်ပုန်း အစရှိသော နေရာများ တွေ့ရသော အရာများနှင့် သဘာဝပတ်ဝန်းကျင် ပျက်သုဉ်းလာမှု ဖြစ်ပါ၏။

ကျွန်တော်သည် ဘုန်းကြီးကျောင်းမှ ပြန်လာပြီး ရွာထိပ်ရှိ ကန်ပေါင်တစ်ခုပေါ်တွင် ထိုင်နေသေး၏။ ထိုကန်ကလေးက ကြာနီပန်းတွေနှင့် ဖြစ်သည်။ ကျွန်တော့်ရွာ ရစ်ကံကြီးနှင့် နော်အော့ရွာ ဘာမှ မခြားနား။ ရွာအနေအထား၊ ရာသီဥတု၊ ပေါက်ရောက်သည့် အပင်တို့မှာ မန်ကျီးပင်၊ ဝါးပင်စသည်တို့ ဖြစ်၏။ ခပ်လှမ်းလှမ်း တွင် ရွာသားတစ်ဦး ကြွက်ပေါက်နေ၏။ ကြွက်ဖလောင်းလေး များကို ကြော်စားရန် ပေါက်နေခြင်း ဖြစ်၏။ ကျွန်တော်တို့ရွာတွင်လည်း မြေပဲခင်းများ၌ မြေကြွက်ကြီးများကို ပေါက်၍ စားကြ၏။

ကျွန်တော့်ရွာကို သတိရလာ၏။ စိမ်းနေသော စပါးခင်းကြီးများက တစ်မျှော် တစ်ခေါ်ကြီး ဖြစ်သည်။ ပျံလာသော

BURMESE CLASSIC .com

www.burmeseclassic.com



စာကလေး တစ်အုပ်သည် နားစရာမရှိ၍ ဟိုပျံ၊ သည်ပျံ ဖြစ်နေသည်မှာ ကျွန်တော်တို့ရွာမှ စာကလေးများအတိုင်းပင် ဖြစ်၏။ လေတိုက်တိုင်း ယိမ်းနေသော စပါးပင်တို့က လှပသည်။ ရွာတွင် ကျွန်တော့်အဒေါက ဆွမ်းအုပ်ကြီးကို ရွက်ကာ ကျောင်းသို့ ဆွမ်းသွားပို့ရာ တူ၊ တူမများက ဆွမ်းချိုင့် ဆွမ်းဟင်းချိုင့်များကိုကိုင်၍ နောက်မှ လိုက်လာကြ၏။ နော်အော့ရွာလေးလို ကျွန်တော့် ရွာသည်လည်း ယဉ်ကျေးနေဆဲပင် ဖြစ်ပါ၏။

ဗန်ကောက်မြို့ကြီး ဘယ်လို ဖြစ်နေနေ နော်အော့ရွာလေးသည် အရုက်နှင့် အကြောက်နှင့် ဖြစ်၏။ ရန်ကုန်မြို့ကြီး ဘယ်လို ဖြစ်နေနေ ရစ်ကန်ကြီးရွာတွင် အရှက်နှင့် အကြောက်နှင့် ဖြစ်၏။ ကျွန်တော်သည် ကျေဇးလက်၏အလှ၊ ကျေးလက်၏သဘာဝများကို ဂုဏ်ယူနေစဉ် ကျွန်တော့်ရွာ၊ ကျွန်တော်တို့ အိမ်ဘေးမှ ဗီဒီယိုရုံကို သွား၍ သတိရ၏။ ကျွန်တော်တို့ရွာတွင် ဗီဒီယိုရုံ၄–ရုံ ရှိသည်ဟု ဆို၏။ ၎င်းတို့သည် ကျေးလက်၏ အနာဂတ်အတွက် စိတ်ဆင်းရဲစရာ ဖြစ်၏။ ရွာ၏ ပင်ကို စရိုက်များကို ဗီဒီယိုရုံများက ဖျက်ဆီးနိုင်၏။ ယခုပင် ဖျက်ဆီးလျက် ရှိနေပြီ။ နော်အော့တွင် ဗီဒီယိုရုံ ရှိလားဟု မေးတော့ အိမ်တိုင်းတွင် တီဗီ ရှိနေသည်။ တစ်ပြိုက်နက် လိုင်း ၆–လိုင်းလောက် ဖွင့်၍ ရသောကြောင့် ကျွန်တော်တို့ရွာများလို ဗွီဒီယိုရုံ ဖွင့်၍ ပြရန် မလိုဟု ဆိုပါ၏။

ကျွန်တော်သည် ရွားဈေးဆိုင်လေး တစ်ဆိုင်သို့ ဝင်ကာ ဈေးများကို စနည်းနာကြည့်၏။ အားလုံး ပစ္စည်းများသည် မြန်မာနိုင်ငံထက် သုံးဆမှ လေးဆအထိ မြင့်နေ၏။ သို့သော် ဗန်ကောက်

www.burmeseclassic.com



ဈေးနှင့် နော်အော့ရွာဈေးသည် ဘာမျှ ခြားနားမှုမရှိ။ ကျေးလက်နှင့် မြို့ကွာခြားချက်သည် သိပ်မရှိလှ။ ထိုရွာမှ လူရွယ်ပိုင်းများတွင် ဥရောပနှင့် အရှေ့ အလယ်ပိုင်း၊ ဂျပန်၊ ကိုရီးယား သို့ ရောက်ပြီး ပြန်၍လာသူများလည်း ရှိ၏။ သူတို့သည် နော်အော့ရောက်တော့လည်း နော်အော့ရွာသားလိုပင် ဖြစ်၍ နိုင်ငံခြားမှ ပြန်လာသူဟုပင် မထင်ရ။ ပြောပြ မိတ်ဆက်မှပင် သိရ၏။ ကျွန်တော်တို့ဆီမှာလို မိမိနိုင်ငံခြားမှ ပြန်လာသူဟု သိသာစေရန် ကိုးရိုးကားရား ဝတ်ပြ စားပြခြင်းမျိုးမရှိကြ။

နော်အော့သည် ထိုင်းလူမျိုးတို့၏ ရိုးရာဓလေ့ ထုံးတမ်းများကို ယနေ့တိုင် ထိန်းသိမ်းထားဆဲ ဖြစ်၏။ ထိုင်းကျေးလက်တွင် ဓာတ်မီး ဓာတ်တိုင်များ၊ တယ်လီဖုန်းနှင့် ကတ္တရာလမ်းများ၊ ကျေးရွာအရောက် ခရီးပေါက်နေသော်လည်း ကျေးလက်သူလေးများသည် ရှက်ရကောင်း ကြောက်ရကောင်းမှန်း သိနေဆဲဖြစ်၏။ ရှက်လျက်ကြောက်လျက်ပင် ရှိကြ၏။ ဝင်ဒီကို ဓာတ်ပုံရိုက်လို၍ ရပ်ပေးစမ်းပါဟု ဆိုတော့ ဝင်ဒီရှက်သွားပုံ၊ ငြင်းလိုက်ပါက ညှိသည်အပေါ် ညှိဝတ်မကျေမည်စိုးပုံ၊ ထိုခဏတွင် ဝင်ဒီဘာမျှ မဆုံးဖြတ်နိုင်ဘဲ ရှက်သွေးဖြာပုံတို့က နော်အော့ရွာ၏ ညနေခင်း တိမ်တောက်ချိန်တွင် ကျွန်တော် မတော်တဆ တွေ့လိုက်ရသော အလှများဖြစ်ပါ၏။ ထိုအလှသည် အရှေ့တိုင်း၏အလှဖြစ်ပါ၏။ ဝင်ဒီ၏ အလှ ဖြစ်ပါ၏။ ဝင်ဒီ၏အလှသည်ပင် အရှေ့တိုင်း အလှ ဖြစ်၏။ ဝင်ဒီ၏ ဒီလိုအလှမျိုးကို ပတ္တယာတွင် ယနေ့မတွေ့နိုင်တော့ပြီ။ ဝင်ဒီ၏ အလှတရား ပတ္တယာကမ်းခြေတွင် ပြန်လည်ဝင်စားနိုင်ပါစေ။

**ချစ်စံဝင်း**

BURMESE CLASSIC .com

www.burmeseclassic.com




BURMESE CLASSIC .com